http://www.cherrythitsar.org



# ခံစားသူအကြိုက်

## (၁၀ နှစ်တာ မဂ္ဂဇင်း ဘာသာပြန်ဝတ္ထုတိုများ)

မြသန်းတင့်၊ ဇေယျ၊ သိတ္တာလွင်၊ ဒေါက်တာ ဇော်သန်း၊ မောင်တင်မွန်၊ ကိုသော်ထွန်း (မုံရွာ)၊ ကြည်သာဦး
အောင်ခင်ဦး၊ ကောင်းဆက်နိုင်၊ နတ်နွယ်၊ ဝင်းမောင်ဦး၊ ဇေမြင့်၊ လင်းစေမြိုင်၊ နေမင်းမြတ်၊ ပါရဂူ
မောင်မောင်လှမြင့်၊ အောင် (ဆေး ၁)၊ မင်းကျော်ညွန့်ကြူ၊ ခင်မောင်တိုး (မိုးစိတ်)၊ မသော်ချမ်း
မောင်သက်ထွန်း၊ နီတာဦး (ဥက္ကာမျိုး)၊ ဇော်ဘွဲ့မြ

http://www.cherrythitsar.org

စာအုပ်အမှတ် (၁၈၃)

Quality Publishing House

အမှတ် ၁၅၃၊ ၅(က) 'လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၇၀၆၄၁၄၊ ၃၈၃၆၆၄၊ ၂၈၂၆၀၄

## -ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## -ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## -နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## -စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## -လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## –ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## –ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## –နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## –စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## –လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

# ခံစားသူအကြိုက်

# ၁၀ နှစ်တာ

# မဂ္ဂဇင်းဘာသာပြန်

# ဝတ္ထုများ

ခင်မောင်စိုး (ကျောက်ဆည်) နှင့်
မောင်သွေးသစ် စီစဉ်သည်။

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် – ၆၃၀/၂၀၀၃ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၆၀၃/၂၀၀၄ (၆)

ပုံနှိပ်ခြင်း
ပထမအကြိမ် – (၂၀၀၄၊ ဇူလိုင်လ)
အုပ်ရေ – (၅၀၀)

မျက်နှာဖုံး – ညီတော်မောင်မောင်
ကွန်ပျူတာစာစီ – Quality
အတွင်းဖလင် – Quality

ပုံနှိပ်သူ
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး ၁၂၀၀ ကျပ်

http://www.cherrythitsar.org

# မာတိကာ

အမှာစာ


| | | | |
|---|---|---|---|
| ၁။ | မြသန်းတင့် | ဘုရားသခင်သို့ပေးစာ | ၁ |
| ၂။ | စောလူ | အရှုံးမရှိတဲ့မြို့ အလိုရှိသည် | ၆ |
| ၃။ | သီတာလွင် | ကြိုးမဲ့ကြေးနန်း | ၁၄ |
| ၄။ | ဒေါက်တာဇော်သန်း | အမှန်တရား | ၂၀ |
| ၅။ | မောင်တင်မွန် | အဘိုးရဲ့ဆိုင်လေး | ၂၈ |
| ၆။ | ဖိုးသာဒွန်း (မုံရွာ) | အိမ်နီးနားချင်းများ | ၃၈ |
| ၇။ | ကြည်သာဦး | အမေ့နှလုံးသားတွင် ထင်သောအရိပ် | ၄၅ |
| ၈။ | အောင်ခင်စိုး | ဟော်မော်မီ၏ညတစ္ဆေ | ၅၂ |
| ၉။ | ကောင်းဆက်နိုင် | ဆံသသမားကွက်စိပ် | ၅၉ |
| ၁၀။ | နတ်နွယ် | ရန်သူများနှင့်မိတ်ဆွေများ | ၆၆ |
| ၁၁။ | ဝင်းမောင်စိုး | ချယ်ရီလက်ဆောင် | ၇၁ |
| ၁၂။ | ဖေမြင့် | ဗိုလ်လုပွဲ | ၈၀ |
| ၁၃။ | လင်းဝေမြိုင် | အပျော့စားသတ္တု | ၉၀ |
| ၁၄။ | နေမင်းမြတ် | ဘဝဟူသည် | ၉၄ |
| ၁၅။ | ပါရဂူ | မီးနူး | ၁၀၁ |
| ၁၆။ | မောင်မောင်လှမြင့် | ဤလောကီဘုံအနှမ်း | ၁၀၅ |
| ၁၇။ | အောင် (ဆေး ၁) | အကဝိဇ္ဇာ ဇနီးမောင်နှံ | ၁၁၉ |
| ၁၈။ | မင်းလှညွှန့်ကြူး | ခွေ | ၁၂၇ |
| ၁၉။ | ခင်မောင်တိုး(မိုးမိတ်) | ရင်ကွဲအသည်းကြေ | ၁၃၅ |
| ၂၀။ | မအေးချမ်း | အိပ်မက်ပုံရိပ် | ၁၇၁ |
| ၂၁။ | ဖေသက်ထွန်း | ပထမဆုံးကဗျာ | ၁၇၉ |
| ၂၂။ | နီတာဦး (ဥက္ကာမြေ) | ရှေးမှုကို မဖျက်ပါဘုအစဉ် | ၁၈၇ |
| ၂၃။ | စောကွန့်မြူး | ကြင်ယာတော်အမှတ်လေးဆယ့်တစ် | ၁၉၆ |

http://www.cherrythitsar.org

## ခံစားတင်ပြသူစကား

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၉ ခုနှစ်အတွင်း မဂ္ဂဇင်းများတွင် ဖော်ပြပါရှိခဲ့သော ဘာသာပြန်ဝတ္ထုတိုများမှ နှစ်သက်သောဝတ္ထုများကို စုစည်းတင်ဆက်ခြင်းဖြစ်ပါသည်။

အချို့ဝတ္ထုများမှာ ရွေးချယ်ထားပြီးမှ ပျောက်ဆုံးနေ၍ ထည့်သွင်းဖော်ပြနိုင်ခြင်းမရှိပါ။

မူလက မြစ်ကြီးနားမြို့မှ ဥတ္တရလမင်းစာချစ်သူများအဖွဲ့သည် မဂ္ဂဇင်းများမှ ဘာသာပြန်ဝတ္ထုများကို ရွေးချယ်ပြီး စာအုပ်ထုတ်ရန် စီစဉ်ခဲ့ပါသည်။ ထိုထက် ကျယ်ပြန့်စွာ မဂ္ဂဇင်းများမှသာမက ဘာသာပြန် ဝတ္ထုတိုပေါင်းချုပ်များ၊ အခြားစာစောင်များမှပါ ရွေးချယ်ရန် အစီအစဉ် ရှိနေပါသည်။

သို့ဖြစ်၍ ဥတ္တရလမင်းအဖွဲ့သို့ ကျွန်တော် တင်ပြခဲ့သော မဂ္ဂဇင်းဘာသာပြန်ဝတ္ထုတိုများကို ထုတ်ဝေခွင့်ပြုသည့်အပြင် ဝိုင်းဝန်းညွှန်းဆို အကြံပြုယုံသာမက ခံစားသူအကြိုက်အမည်ကိုပါ အသုံးပြုခွင့်ပေးခဲ့ပါသည်။

http://www.cherrythitsar.org

ယင်းတို့ကြောင့် ဥတ္တရလမင်းစာချစ်သူများနှင့် ဝတ္ထုတိုများကို စုဆောင်းပေးသော ဥတ္တရလမင်းက ဦးသန်းဆွေ (ဇရာထွန်း) တို့အား လည်းကောင်း၊ ဝတ္ထုတိုများ စုဆောင်းပေးသည့်အပြင် စာအုပ်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသော ဆရာမောင်သွေးသစ်အားလည်းကောင်း အထူး ကျေးဇူးတင်ရှိပါသည်။

**လေးစားစွာဖြင့်**

***ခင်မောင်စိုး (ကျောက်ဆည်)***

*ပေးပို့စာ*

**ခင်မောင်စိုး (ကျောက်ဆည်)**
**၄၇၀ ၊ ဧမာသီရိရပ်၊ မြစ်ကြီးနား။**
**အိမ်ဖုန်း ၀၇၄-၂၃၂၂၅**

http://www.cherrythitsar.org

မြသန်းတင့်

# ဘုပုးအခင်ဘျို့ပေးတ

တောင်ကြားထဲတွင် တစ်လုံးတည်းသာရှိသော အိမ်သည် ခပ်နိမ့်နိမ့် တောင်ကြောကလေးတစ်ခုထိပ်တွင် ရှိသည်။ တောင်ပေါ်မှ စီးကြည့်လိုက်လျှင် မြစ်၊ ထို့နောက် နွားခြံ၊ ထို့နောက် ပြောင်းပွင့်တွေ ဖွေးဖွေးလှုပ်အောင် ပွင့်နေသည့် ပြောင်းခင်းကို မြင်ရသည်။ ကြည့်လိုက်လျှင် အမြဲလိုလိုပင် အထွက်ကောင်းမည့်ပုံပေါ်နေသည်။

မြေကြီးက လိုနေသည့်အရာမှာ မိုးရေသာလျှင်ဖြစ်သည်။ အနည်းဆုံး တစ်ပြိုက်နှစ်ပြိုက်ကျလိုက်လျှင် လုံလောက်ပြီ။ သူ့ယာတောအကြောင်းကို ကောင်းကောင်းသိသည့် လင်းချိုသည် ဘာမျှမလုပ်။ အရှေ့မြောက်ဘက်မိုးကောင်းကင်ကိုသာ မျှော်ကြည့်နေသည်။

'မိန်းမရေ မိုးကတော့ တစ်မကြီး ရွာတော့မယ်ထင်တယ်ကွ'

ညစာစားရန် ခူးခပ်ပြင်ဆင်နေသော သူ့မိန်းမက

'ဟုတ်ပါ့တော်၊ ဘုရားမ,တာပေါ့'

သားကြီးများမှာ ယာထဲတွင် အလုပ်လုပ်နေကြပြီး သားငယ်များမှာ အိမ်အနီးတွင် ကစားနေကြသည်။

'ကဲ လာကြဟေ့၊ ထမင်းစားမယ်'

သူတို့ ထမင်းစားနေစဉ်တွင် လင်းချိုပြောသည့်အတိုင်း မိုးသီးမိုးပေါက်ကြီးများသည် တဖြုန်းဖြုန်းကျလာကြသည်။ အရှေ့မြောက်ထောင့်

http://www.cherrythitsar.org



ကောင်းကင်တွင်မူ တိမ်တောင်တိမ်လိပ်ကြီးများသည် တရွေ့ရွေ့လာနေကြလေပြီ။ လေသည် လန်းဆန်း၍ ချိုမွှေးနေသည်။

အိမ်ရှင်ယောက်ျားသည် နွားခြံဆီသို့ ကိစ္စတစ်ခုရှိပုံမျိုးဖြင့် ထွက်သွားသည်။ သို့ရာတွင် ဘာမျှ ကိစ္စမရှိပါ။ ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်တို့ ကျသည့် အရသာကို ခံရန်ဖြစ်ပါသည်။ ပြန်လာသည့်အခါတွင် သူက . . .

'မိုးပေါ်က ကျတာတွေက မိုးသီးမိုးပေါက်တွေ မဟုတ်ဘူးကွ၊ ရွှေမိုးငွေမိုးတွေ၊ မိုးစက်ကြီးကြီးတွေက ဆယ်ပြားစေ့လောက်ရှိပြီး မိုးစက်သေးသေးတွေက ငါးပြားစေ့လောက်ရှိတယ်'

သူသည် မိုးစက်ကန့်လန့်ကာကြီးထဲတွင် ပန်းတွေ တဝေဝေဖြစ်နေသော ပြောင်းခင်းများကို ကြည်နူးစွာ လှမ်းကြည့်နေသည်။ ထိုစဉ် လေခပ်ပြင်းပြင်းကျလာပြီး လေပြင်းနှင့်အတူ ကြီးမားသော မိုးသီးကြီးများ ကျလာသည်။ ထိုမိုးသီးကြီးများကမှ တကယ့် ရွှေစငွေစနှင့် တူခြင်းဖြစ်သည်။ ကလေးများသည် မိုးရေထဲတွင် ပြေးလွှားကာ မိုးသီးများကို ကောက်ကြသည်။

'မိုးသီးတွေက သိပ်များရင် မကောင်းဘူးဟေ့၊ တော်ဖို့ ကောင်းပြီထင်တယ်'

ဟု ယောက်ျားက မိုးသီးများကိုကြည့်ရင်း အလန့်တကြား ပြောသည်။

သို့ရာတွင် မိုးသီးများသည် ရပ်မသွားပါ။ အိမ်ခေါင်မိုးပေါ်၊ သစ်ပင်များပေါ်၊ ယာတောပေါ်၊ တောင်ကြောပေါ်၊ တောင်ကြားပေါ်သို့ တစ်နာရီခန့်မျှ ဆက်တိုက်ကျနေကြသည်။ ယာတောတစ်ခုလုံးသည် ဆားတွေ ပက်ထားသည့်နှယ် ဖွေးနေတော့သည်။

သစ်ပင်ပေါ်တွင် သစ်ရွက်တွေ မရှိတော့။ ပြောင်းနှံတွေ ပျက်ကုန်ပြီ။ ပြောင်းပွင့်တွေ ကြွေကျကုန်ကြပြီ။ လင်းချိုသည် ဝမ်းနည်း၍မဆုံး ဖြစ်နေသည်။ မိုးသီးမုန်တိုင်း စဲသွားသည့်အခါ၌ လင်းချိုသည် ယာတောလယ်တွင် ရပ်ရင်း သူ့သားများကို ပြောနေသည်။

'ကျိုင်းကောင်အုပ်ကျတာကမှ သက်သာဦးမယ်ကွာ၊ မိုးသီးကျလိုက်တာ ဘာမှ မကျန်တော့ဘူး၊ ဒီနှစ်တော့ တို့များ ပြောင်းလည်း ရမှာမဟုတ်ဘူး၊ ပဲလည်း ရမှာမဟုတ်တော့ဘူး'

ထိုညသည် စိတ်မကောင်းစရာညဖြစ်သည်။

'တစ်နှစ်လုံး လုပ်လိုက်ရတာကွာ၊ ဘာမှ မရလိုက်ဘူး'

'ဘယ်သူမှ မကယ်နိုင်တော့ဘူး ထင်ပါရဲ့'

http://www.cherrythitsar.org



'ဒီနှစ်တော့ ဝမ်းစာတောင် ရှိမှာမဟုတ်တော့ဘူး'

သို့ရာတွင် တောင်ကြားထဲရှိ တစ်လုံးတည်းသောအိမ်တွင် နေကြသူတို့၏ စိတ်ထဲ၌ကား မျှော်လင့်ချက်တစ်ခု ရှိနေသည်။ ယင်းမှာ ဘုရားသခင်၏ မှိုင်းမမှုဖြစ်သည်။

'ပျက်တော့ပျက်တာပေါ့လေ၊ ဒါပေမယ့် ဒီလောက်လည်း စိတ်ဓာတ်မကျကြပါနဲ့၊ ငတ်သေတဲ့ မသာရယ်လို့ မရှိပါဘူး'

'အင်း၊ ငတ်သေတဲ့မသာမရှိဘူးလို့တော့ ပြောကြတာပဲလေ'

ထိုနေ့ညတစ်ညလုံး လင်းချိုသည် မျှော်လင့်ချက်တစ်ခုကိုသာ တွေးမိ၏။ ယင်းမှာ ဘုရားသခင်၏ မှိုင်းမမှုဖြစ်သည်။ ဘုရားသခင်သည် လူသတ္တဝါအပေါင်းတို့၏ စိတ်ထဲတွင်ရှိသည့် ဆန္ဒကို သိမြင်တော်မူသည် မဟုတ်လော။

လင်းချိုသည် ယာတောတွင် နွားလိုရုန်းဖို့လောက်ကိုသာ သိသူဖြစ်၏။ မည်သို့ စာရေးရမည်ကို မသိ။ နောက်တစ်နေ့ မနက်လင်းသည်နှင့် လင်းချိုသည် စာတစ်စောင်ကို ကြိုးစား၍ရေးနေသည်။ သူ့ကို ဘုရားသခင်က မှိုင်းမတော်မူမည်ဟုလည်း သူ ယုံကြည်၏။

ထိုစာမှာ အခြားစာမဟုတ်ပါ။

ဘုရားသခင်ထံ ပေးစာဖြစ်ပါသည်။

' လျှောက်ထားအပ်ပါသည်ဘုရား၊ ယခုနှစ်တွင်  မိသားစု ငတ်ကြရတော့မည်သာဖြစ်ပါသည်။ လယ်ယာတောမှာ မိုးသီးကြောင့် ပျက်သွားသဖြင့် နောက်ထပ် ပြန်စိုက်ရန်နှင့် ကောက်သစ်မပေါ်မီ စားသောက်ရန်အတွက် ငွေတစ်ရာလောက် လိုပါသည်။'

သူသည် စာကို စာအိတ်ထဲတွင် ထည့်၊ စာအိတ်ပေါ်တွင် 'ဘုရားသခင်ထံပေးရန်' ဟု ရေးပြီး စာထည့်ရန် မြို့သို့ လာခဲ့သည်။ စာတိုက်မှ တံဆိပ်ခေါင်းတစ်လုံးဝယ်၍ ကပ်ပြီးနောက် စာကို စာတိုက်ပုံးထဲသို့ ထည့်ထားခဲ့သည်။

စာပို့သမားသည် ထိုစာကို တွေ့သည့်အခါတွင် ရယ်မောကာ စာတိုက်ဗိုလ်ကို သွားပြသည်။ သူ့တစ်သက်တွင် ဘုရားသခင်ထံ လိပ်စာတပ်ထားသော စာတစ်စောင်ကို တစ်ခါမျှ မတွေ့ဘူးခဲ့။ သဘောကောင်းသည့် ခပ်ဝဝ စာတိုက်ဗိုလ်သည်လည်း ထိုလိပ်စာကို မြင်သည့်အခါတွင် ခွက်ထိုးခွက်လန် ရယ်မိသည်။ ထို့နောက် ချက်ချင်း လေးနက်သွားကာ စာကို စားပွဲပေါ်တွင် တဖျတ်ဖျတ်ရိုက်ရင်း . . .

'သူ့ခမျာ သနားပါတယ်ကွာ၊ ဘုရားတရားကို တော်တော်ယုံကြည်ရှာတာပဲ၊ သူ့လို ယုံကြည်နိုင်တဲ့သူဖြစ်ရင် ဘယ်လောက်ကောင်းမလဲ မသိဘူး၊ သူ့လို ယုံကြည်ချင်လိုက်တာ၊ သူ့လို မျှော်လင့်ချက်မျိုး ရှိချင်လိုက်တာ၊ ကြည့်စမ်းပါဦး၊ ဘုရားသခင်ဆီကို အားကိုးတကြီးနဲ့ စာနဲ့ ပေနဲ့တောင် ဆက်သွယ်တယ်'

ဝေဖန်မဖြစ်သည့် စာတစ်စောင်ကို ဖတ်ရင်း ဘာသာတရားကိုင်းရှိုင်းပုံကို ကြည့်၍ စိတ်ပျက်အားငယ်ခြင်းမဖြစ်စေရန် တစ်ခုခု ကူညီသင့်သည်ဟု စာတိုက်မိုလ်ကြီး သဘောရသည်။ သို့ရာတွင် စာကိုဖွင့်၍ ဖတ်လိုက်သည့်အခါ၌ သူ့စာကို ပြန်လျှင် စိတ်စေတနာကောင်းရုံ၊ မင်ရှိရုံ၊ စာရွက်ရှိရုံဖြင့် မလုံလောက်ကြောင်းကို သူ သဘောပေါက်လာသည်။

သို့ရာတွင် သူ့ဆုံးဖြတ်ချက်ကို မပြောင်းပါ။ စာတိုက်မိုလ်ကြီးသည် စာတိုက်အမှုထမ်းများထံမှ ငွေကောက်သည်။ သူကိုယ်တိုင်လည်း သူ့လစာတစ်စိတ်တစ်ပိုင်းကို ထည့်သည်။ သူ့မိတ်ဆွေများကလည်း 'အလှူဒါန' အဖြစ် တတ်နိုင်သလောက် ထည့်ဝင်ကြသည်။

သို့ရာတွင် တစ်ချီတည်းဖြင့် ငွေတစ်ရာရဖို့ မလွယ်ပါ။ ထို့ကြောင့် စာတိုက်မိုလ်ကြီးသည် တစ်ဝက်ကျော်ကျော်ရှိသည့် ငွေစက္ကူများကို စာအိတ်တစ်အိတ်တွင် ထည့်ပြီး လင်းချိုထံ ပို့လိုက်သည်။ စာအိတ်ထဲတွင် 'ဘုရားသခင်' ဆိုသည့် စာလုံးတစ်လုံးကိုသာ ရေးထားသည့် စာတစ်ရွက်ကိုလည်း ထည့်ပေးလိုက်၏။

နောက်တစ်နေ့ တနင်္ဂနွေနေ့ မနက်စောစောတွင် လင်းချိုသည် သူကိုယ်တိုင် စာတိုက်သို့ပေါက်လာကာ သူ့အတွက် စာရောက်ခြင်းရှိမရှိကို လာ၍ စုံစမ်းသည်။ စာပို့သမားကိုယ်တိုင် ထိုစာကို လင်းချိုလက်သို့ ပေးလိုက်၏။ စာတိုက်မိုလ်ကြီးမှာကား ကုသိုလ်ကောင်းမှုတစ်ခုကို ပြုလိုက်ရသဖြင့် ပီတိဖြစ်နေသူတစ်ဦးအနေဖြင့် အတွင်းဘက်မှနေ၍ လင်းချိုကို လှမ်းကြည့်နေသည်။

လင်းချိုသည် စာအိတ်ကိုဖွင့်၍ ငွေစက္ကူများကို မြင်သည့်အခါတွင် နည်းနည်းမျှ အံ့အားသင့်ဟန်မပြပါ။ ထိုအရာများကို ရလိမ့်မည်ဟု သူ ယုံကြည်ပြီးသားဖြစ်ဟန်တူပါသည်။ သို့ရာတွင် ပိုက်ဆံကို ရေတွက်ပြီးသည့်အခါတွင် လင်းချိုသည် ဒေါပွ၍မဆုံးဖြစ်နေသည်။ ဘုရားသခင်သည် ငွေအရေမမှားနိုင်။ သူ တောင်းသည့်ငွေအရေအတွက်ကိုလည်း ငြင်းဆန်ခြင်းပြုမည်မဟုတ်။

http://www.cherrythitsar.org



လင်းချိုသည် စာတိုက်ပြတင်းဝနားသို့ ရောက်လာကာ စာရွက်တစ်ရွက်နှင့် မင်ကို တောင်းသည်။ ထို့နောက် စာတိုက်ကောင်တာတွင် ထိုင်ကာ သူရေးမည့်အကြောင်းအရာကို မျက်မှောင်ကြီးကုပ်၍ စဉ်းစားရင်း စာတစ်စောင်ကို ရေးနေသည်။ စာရေးပြီးသည့်အခါတွင် အပေါက်ဝသို့ သွားကာ တံဆိပ်ခေါင်းတစ်လုံးဝယ်၍ တံတွေးဖြင့်ကပ်ပြီးသော် လက်ဖြင့် တဒုန်းဒုန်း မြည်အောင် ထုသည်။

စာတိုက်ပုံးထဲသို့ စာရောက်သွားသည်နှင့် စာတိုက်ဖိုလ်ကြီးသည် စာတိုက်ပုံးထဲမှ စာကိုယူ၍ ဖတ်၏။

စာထဲတွင် အောက်ပါအတိုင်းပါရှိ၏။

'လျှောက်ထားတောင်းဆိုသည့် ပိုက်ဆံတို့အနက် ငွေ ၇၀ သာ လက်ထဲသို့ ရောက်လာပါသည်။ ကျန် ငွေများကို ဆက်လက်ပို့ပါဘုရား။ များစွာ အသုံးလိုနေပါသည်။ သို့ရာတွင် ယခုတစ်ခေါက်ပို့လျှင် စာတိုက်မှ မပို့ပါနှင့် ဘုရား။ စာတိုက်အမှုထမ်းများသည် လူလိမ်လူကောက်များဖြစ်ပါသည်ဘုရား လင်းချို'

ဟူ၍ ဖြစ်သည်။

**ပင်လယ် တွဲ – ၁၊ အမှတ် – ၁၊ ၁၉၉၆ ဖေဖော်ဝါရီလ။**

**မက္ကစီကိုစာရေးဆရာ Gregoria Lopezy ၏ A letter to God ကို ပြန်သည်။**

# အရူးပေါက်ပြီ
# အထိုက်အသင့်

ကျွန်တော့်အရွယ် လူတစ်ယောက် စားပွဲကို ခပ်ကိုင်းကိုင်းမှီလို့။ ဆံပင်က ဘုတ်သိုက်၊ မုတ်ဆိတ်မွေးက ဗရပျစ်နဲ့။ လက်ထဲက တံမြက်စည်းကို တစ်ခါတလေ ဂစ်တာလို တီးလိုက်၊ တစ်ခါတလေ မိုက်ကရိုဖုန်းလို ပါးစပ်မှာကပ်ထားပြီး သီချင်းဆိုလိုက်။ သူဆိုတာ ကတာကြည့်ပြီး ကော်ဖီဆိုင်ထဲက လူတွေဆိုတာ သေမလောက်ကို ရယ်နေကြတာ။

'အဲဒါ တို့မြို့က အရူးလေကွာ'

တဲ့။ ကျွန်တော့်ယောက်ဖက ရှင်းပြနေလေရဲ့။

အရူးက သီချင်းတစ်ပိုဒ်နဲ့ တစ်ပိုဒ်ကြား အမူအရာလည်း လုပ်ပြလိုက်သေးတယ်။ တံမြက်စည်းရိုးကို ရှေ့ထိုးနောက်ပြန် လုပ်လိုက်၊ ပြီးတော့ အရိုးကို ပါးစပ်နဲ့ ငုံထားလိုက်၊ တင်ပါးဆုံကို နိမ့်ချည်မြင့်ချည်လုပ်ရင်း ကလိုက်။

'ဒင် ဒယ်ရှူလား၊ ဒင် ဒယ်ရှူလား'

နဲ့ ပေါက်ကရ အော်ဆိုပြန်ရော။ လူအုပ်ကလည်း အရှိန်ရလာပြီး တစ်ခါတစ်ခါ . . .

'ငရူးကြီး ဟစ်လမီကွ'

လို့ အော်ဟစ်အားပေးကြသေးတယ်။

ဟဲ့ . . . ဟစ်လမီဆိုပါလား။ ငါသိတဲ့ ဟစ်လမီပဲလား။ မုတ်ဆိတ်မွေးဗရပျစ်နဲ့ပေမယ့် မျက်နှာက သူ့မျက်နှာနဲ့ တူတာပဲ။ မျက်စိက စွေစွေ၊ လက်သီးလောက် နဖူးက မောက်မောက်။ ပေါက်ပြားနားရွက်နဲ့။ ပြီးတော့ လက်မောင်းတွေကလည်း ရှည်လိုက်သမှ ဝက်ဝံလက်ကျနေတာပဲ။ သူမှသူပါ။

'ဒီမှာ ကျုပ် ဒီအရူးကို သိမယ်ဗျ'

ယောက်ဖကို လှည့်ပြောလိုက်မိတယ်။

'သိမှာ မဟုတ်ပါဘူးကွာ၊ မင်း ဒီမြို့ကို အခုမှ ရောက်ဖူးတာပဲ၊ ဘယ်လိုလုပ်တွေ့ဖူးမှာလဲ'

'ဒါထက် သူ ဒီနားတစ်ဝိုက်ကလား'

'ဟောဗျာ၊ ဒါတော့ ငါလည်း မသိဘူးကွ၊ သုံးနှစ်လောက်က ငါ ဒီမြို့ကို စရောက်လာတော့ သူရှိနေပြီ'

ဒီအချိန်မှာ ငရူးက အသုံးတော်ခံလို့ ပြီးသွားပြီ။ စားပွဲတစ်ခုပြီး တစ်ခု ကူးသွားရင်းက ပြားငါးဆယ်ယူလိုက်၊ တစ်လိုက်ရာယူလိုက် လုပ်နေတယ်။ တချို့စားပွဲတွေမှာတော့ 'သွားစမ်း' လို့ ငေါက်ထုတ်တာ ခံရတာပေါ့။

ပြီးတော့ ခေါင်းငိုက်စိုက်နဲ့ ထွက်သွားလေရဲ့။ ကျုပ်သိချင်လာတယ်။ ဒါကြောင့် ကုလားထိုင်က အမြန်ထလိုက်တယ်။ ဒီလူ့ကို သိတာမှ တော်ရုံတန်ရုံတောင် မဟုတ်ပါဘူး။ ခရိုင်ရုံးမှာ သူနဲ့တွဲပြီး အလုပ်လုပ်ခဲ့တာ ခုနစ်နှစ်တောင်ကြာတာပဲ။ ကျုပ် အဲဒီအလုပ်က ထွက်ပြီးကတည်းက ဟစ်လမီ အေး အကြောင်း ကြားမှမကြားခဲ့တာပဲ။ ဒါပေမဲ့ ကျုပ်သိတဲ့ ဟစ်လမီအေး ကတော့ တကယ့်တည်တည်ကြည်ကြည်ပါ။ သူ့နောက်က ကျုပ်လိုက်သွားတယ်။

ကုန်စုံဆိုင်တစ်ခုမှာ 'ဟစ်လမီအေး' လို့ ပြောရင်း အိတ်တစ်အိတ်ထဲက သီဟိုဠ်စေ့လက်တစ်ဆုပ်စာ သူ နှိုက်လိုက်တဲ့အချိန်မှာပဲ သူ့ကို ကျုပ် မီတယ်။

ကျုပ်ကို မလုံမလဲ လှမ်းကြည့်ရာက ကုန်စုံဆိုင်ပိုင်ရှင်ဘက် လှည့်သွားတယ်။ ကုန်စုံဆိုင်ရှင်က သူ့လက်ထဲကို သီဟိုဠ်စေ့ ဆယ့်ကိုးစေ့လောက် ထည့်ပေးတယ်။ ပြီးတော့ ကျုပ်ကိုတောင် ပြောသေးတယ်။

'ဒီလူက လာဘ်ကောင်းတယ်ဗျ၊ ဘယ်စတိုးဆိုင်ဖြစ်ဖြစ် သူတစ်ခုခု လာယူတဲ့နေ့ဆိုရင် တစ်နေ့လုံး ရောင်းကောင်းပြီသာမှတ်တော့'

http://www.cherrythitsar.org



ဟစ်လမီဘေး အဲဒီက သုတ်သုတ်သုတ်သုတ်နဲ့ ထွက်သွားတယ်။ ပြေးနေသလား အောက်မေ့ရတယ်။ ကျုပ်ကလည်း အပြေးလိုက်တော့တာပေါ့။ သူ ကျုပ်ဟစ်လမီလား၊ တခြား ဟစ်လမီလား သိချင်လို့ပါ။ သူက ပန်းခြံတွေဘက်ကို ဦးတည်ပြီး ပြေးနေတယ်။

အရှေးတစ်ယောက်ရဲ့ ခွန်အားက သာမန်လူထက် ပိုကြီးတယ်တော့ ပြောကြတာပဲ။ ဒါပေမဲ့ ဒီလူ့ကို မီလုမီခင်အထိ ကျုပ်လိုက်နိုင်ပါတယ်။ သူက အရှိန်မြှင့်ရင် ကျုပ်က ပိုတောင်မြှင့်နိုင်သေးတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ သစ်ပင်ထူထူနေရာမှာ သူ့ကို မျက်ခြည်ပြတ်သွားတယ်။

'ဟစ်လမီဘေး၊ ဟစ်လမီဘေး'

ကျုပ် အော်ခေါ်တော့တာပေါ့။

ဘာမှ ထူးသံမကြားဘူး၊ သစ်ပင်နောက်မှာ ကွယ်နေရင် ဘယ်လို မြင်မလဲ။ အခါခါခေါ်တော့မှ အနားလေးကပဲ ရှူးကြောင်ကြောင်ရယ်သံကြားရတယ်။ တွေ့ပြီလေ။ ချုံပုတ်နောက်က ပြုံးပြုံးကြီး ထွက်လာတာ။

'ဟစ်လမီဘေး'

'ဟင်'

ဟုတ်ပါပြီ။ သူပါပဲ။ ဒါပေမယ့် သံသယလေးကတော့ မစင်သေး။ ဒါကြောင့် အနားကပ်သွားတယ်။

'နေပါဦး ဟစ်လမီရဲ၊ ဘာတွေ ဘယ်လိုဖြစ်နေတာလဲ'

'ဟို ကျွန်တော်က မြို့အရှူးလေဗျာ'

'မင်းက တကယ်ကော ရူးလို့လားကွ'

သူက ရယ်ပြန်ပါရော။

'ကျုပ်ရယ်တာ ကြားတော့ ကြားကြားချင်း ကျုပ်ကို အရူးလို့ ခင်ဗျားထင်မှာပေါ့'

ပြောပြောဆိုဆိုနဲ့ သူ့အိတ်တွေထဲက ပစ္စည်းတွေ ကျုပ်ရှေ့မှာ ချပြတယ်။ ချော့ကလက်တွေ၊ သစ်ကြားသီးတွေ၊ အဖိုးတန် စီးကရက်တွေ၊ နိုင်လွန်ဖဲကြိုးတွေ၊ လိမ္မော်သီးက လေးလုံး။ ပြီးတော့ ခါးက အဝတ်ကို ဖြေဆန့်လိုက်တော့ သုံးမီတာလောက်ရှည်တဲ့ ကုတ်အင်္ကျီကြီး။ ဟစ်လမီ့အိတ်တွေက ကုန်ခြောက်ဆိုင် တစ်ဆိုင်လောက်တော့ အသာလေး ထည့်နိုင်တာပေါ့။

'ပြောစမ်းပါဦး၊ မင်း စိတ်မှ မှန်သေးရဲ့လား'

'စိတ်မှန်သေးရဲ့လား ဟုတ်လား၊ အလိုလေး၊ ကျွန်တော့်ခေါင်းကတော့ ဘာဆို ဘာမှ မဖြစ်သေးပေါင်ဗျာ'

http://www.cherrythitsar.org



'တကယ်ကောင်းပါတယ်နော်'

'တကယ်ပါ၊ အကောင်းပကတိပါ၊ ခင်ဗျားအလုပ်က ထွက်သွားတာ ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော်တို့အလုပ်က အလကားအလုပ် မဟုတ်လား၊ အိမ်လခပေးလိုက်ရင် စားစရာ မကျန်တော့ဘူး၊ ရတဲ့လခနဲ့ စားပစ်မယ်ဆိုရင်လည်း အိမ်လခ မပေးနိုင်တော့ဘူး။ ဒါနဲ့ ကျွန်တော်လည်း တစ်လ ခွင့်ယူတယ်။ နောက်တော့ အရူးမရှိတဲ့မြို့ကို မတွေ့တွေ့အောင် ရှာတော့တာပဲ။ ကုတ်အင်္ကျီထူထူကြီးဝတ်၊ မျက်မှန်အမည်းကြီး တပ်လို့ပေါ့။ လက်ထဲမှာ ခရီးဆောင်အိတ်ကြီးက ကိုင်ထားရသေးတယ်။ တစ်မြို့ပြီးတစ်မြို့ကို သွားတာ။ ရောက်လေသမျှ မြို့မှာ ပထမဆုံး စုံစမ်းတာကတော့ အရူးရှိမရှိပဲ၊ ရှိတယ်လို့ပြောတာနဲ့ အဲဒီမြို့က ချက်ချင်းခွာတာပဲ။ နှစ်ဆယ့်ငါးရက်အတွင်း မြို့တစ်ရာနီးနီးလောက်ကို ရောက်တာ၊ မြို့တိုင်းမှာက အရူးရှိကြတာချည်းပဲ။ ခြိုးခြိုးခြံခြံ သုံးတာတောင် ဒီမြို့ရောက်တော့ ဘိုင်ပြတ်တော့မယ်။ နောက်ဆုံး တစ်ပြားပဲ ကျန်တော့တယ်။ ကော်ဖီဆိုင် တစ်ဆိုင်ဝင်၊ လက်ဖက်ရည်တစ်ခွက်သောက်ပြီး စားပွဲထိုးကို ခေါ်မေးရတယ်။'

'အစ်ကိုရေ . . . ဒီမြို့မှာ အရူးတစ်ယောက်တလေများ ရှိသလားဗျ'

'ဒီမှာလားဗျာ၊ ရှစ်နှစ်လောက်က အရူးတစ်ယောက်တော့ ရှိဖူးပါတယ်။ ထရပ်ကားတစ်စီး ကြိတ်လို့ သူသေသွားကတည်းက တစ်မြို့လုံး သူ့ကို လွမ်းကျန်ရစ်ခဲ့ရတာပေါ့။ တကယ့်ကိုတော်တဲ့ အရူးဗျာ၊ ကော်ဖီဆိုင်ထဲမှာ သီချင်းဆိုလိုက်၊ အရပ်ထဲမှာ ဟိုအိမ်ဝင် ဒီအိမ်သွား။ အိမ်တံခါး အဝတ်ချည်လိုက်၊ မင်္ဂလာပွဲရှိတဲ့အခါ တီးလိုက်မှုတ်လိုက်နဲ့ပေါ့။ သူ့နှာခေါင်းက ပလွေ၊ သူ့ရင်ဘတ်က စည်လေဗျာ။ သောကြာတစ်ရက်မှာတော့ သူ့ကို ဆေဖာဆိုတဲ့လူမောင်းတဲ့ ထရပ်ကားက ကြိတ်မိတယ်လေဗျာ။ ကျုပ်တို့ တစ်မြို့လုံး ဘာလုပ်တယ်မှတ်သလဲ၊ သူ့အသုဘကို အကြီးအကျယ်ကို ဝိုင်းလုပ်ကြတာ၊ မြို့တော်ဝန်သေတုန်းကတောင် ဒီလောက် မသားနားဘူး'

စားပွဲထိုးက သက်ပြင်းကြီးများတောင် ချနေသေးတယ်ဗျ။

နောက်မှ . . .

'အဲဒီအရူး ဒါ၀တ်လည်း သေသွားရော ဒီမြို့ကလည်း ပျော်စရာ မကောင်းတော့ပေါင်ဗျာ။ သူ့လို အရူးမျိုး ဘယ်မှာမှ တွေ့မယ်မထင်ပေါင်' တဲ့။

ဒီစကားလည်း ကြားပြီးရော ကျွန်တော်လည်း အိမ်ပြန်၊ မိသားစုကို တွေ့တယ်။ နည်းနည်းပါးပါး ထုပ်ပိုးပြီးတော့ မိန်းမကို ပြောပြ ရတာပေါ့။

http://www.cherrythitsar.org



'သွားတော့မယ် ရှင်မရေ' ပေါ့။ ဒီတော့ သူက တအံ့တဩနဲ့ 'ဘယ်သွားမှာတုန်း' တဲ့။ 'အရှုးမရှိတဲ့မြို့ တွေ့ပြီ၊ ငါရှူးတော့မယ်' ဆိုတော့ 'တော့်ဟာက အခုကတည်းက ရှူးသလိုပါပဲ' တဲ့။ တွေ့တယ် မဟုတ်လား။

အဲဒီကတည်းက ကျွန်တော် ရူးနေပြီ။ မိန်းမက မေးတယ်။ 'ကျွန်မတို့က ဘာလုပ်ရမှာလဲ' တဲ့။ 'မင်းတို့က အရူးသားမယား ဖြစ်ရမှာပေါ့' လို့ ကျွန်တော်ပြောလိုက်တယ်။

'ဒီလိုနဲ့ မြို့ထဲဝင်တော့မယ်ဆိုတော့ အရူးရဲ့ ဂုဏ်အင်္ဂါနဲ့ လိုက်အောင် ကျုပ်အဝတ်တွေ ပြင်ရဆင်ရတော့တာပေါ့။ ပထမဆုံးကတော့ အနီရောင် ကုတ်အင်္ကျီရှည်ကြီးတစ်ထည် ချုပ်တယ်။ ဟောင်းသလို ထင်ရအောင် ရွှံ့ထဲနှစ်တယ်။ ဘယ်ဘက်ညာဘက်မှာ အပေါက်တွေ ဖောက်တယ်။ ပြီးတော့ ပျံကျဈေးသွားပြီး အဖိုးမတန်တော့တဲ့ ငွေစက္ကူအဟောင်းတွေ အထုပ်လိုက်ဝယ်တယ်။ ပေါက်ကရ တံဆိပ်တွေ ဝယ်တယ်။ ကုတ်အင်္ကျီပေါ်မှာ ဟိုတစ်ခု ဒီ တစ်ခု တပ်တယ်။ ခါးပတ်ကြီး ခါးမှာပတ်တယ်။

'တစ်ဖက်စွန်းကတော့ ဒယ်အိုးတစ်လုံးကို ချည်ထားတယ်။ ဒယ်အိုးက ကျွန်တော့်ဂစ်တာပေါ့။ ခါးပတ်မှာ ဆွဲထားတဲ့ ပစ္စည်းတွေဆိုတာ ပြည့်လို့။ သစ်သားဇွန်းတွေရော၊ ကိုးရိုးကားရား ဦးထုပ်ရော၊ နာရီဟောင်းရော၊ မိန်းမဆောင်းထီးရော။ ကျွန်တော်များ ဘတ်စကားပေါ် မတက်လိုက်နဲ့။ သံစုံကို မြည်လို့။

'ဘတ်စကားထဲက လူတွေဆိုတာ တဟားဟားနဲ့။ ဒီတော့ ကျွန်တော်က ကားထဲမှာ မတ်တပ်ရပ်ပြီး ဒယ်အိုးကို ဂစ်တာလုပ်ရင်း တတ်သမျှမှတ်သမျှ သီချင်းတွေ ဆိုတာပေါ့။ ရယ်ကြ၊ လက်ခုပ်တီးကြ ပျော်နေကြပုံများ ပြောမတတ်အောင်ပါပဲ။ လိမ္မော်သီးတွေ ပေးကြ၊ သကြားလုံးတွေ ပေးကြနဲ့။ ပိုက်ဆံလည်း ပါတာပေါ့။ ဒါတင် ဘယ်ဟုတ်မလဲ။ ဘတ်စကားဆရာကဆို ကားခမတောင်းတဲ့အပြင် သူ့အိမ်ကိုတောင် ခေါ်သွားသေးတယ်။

'ခုမှ တွေ့ရတယ်ဗျာ၊ အိမ်ကို နေ့တိုင်းလာစမ်းပါ။ အစားအသောက်က ကျုပ်တာဝန်' တဲ့။ မြို့ထဲရောက်လို့ ကားပေါ်က ဆင်းပြန်ရင်လည်း ရယ်ကြမောကြပြန်တာပါပဲ။ ကျွန်တော် ကားပေါ်က ဆင်းတာနဲ့ ကလေးရှစ်ယောက်ဆယ်ယောက်လောက်က တကောက်ကောက်လိုက်တော့တာ။ နောက်တော့ ငါးဆယ်တစ်ရာအထိ တိုးလာတာပေါ့။

'ကလေးတွေအကြောင်း ခင်ဗျားလည်း သိမှာပေါ့။ သူတို့က သူတို့မိဘတွေကို ပြောပြတော့ ကျွန်တော်လည်း စစချင်းနေ့ကတည်းက တစ်မြို့လုံး

http://www.cherrythitsar.org



ဟိုးဟိုးကျော်တော့တာပဲ။ 'တို့မြို့ကို အရူးတစ်ယောက် ရောက်နေတာ ကြားပြီးပလား' ဘာညာနဲ့ပေါ့။

'မောင်မင်းကြီးသားများ ကျေးဇူးကြီးပါပေတယ်ဗျာ။ ရောက်တဲ့နေ့ကတည်းက လက်ဖက်ရည်၊ ကော်ဖီဆို အလကား။ စားသောက်ဆိုင်တွေမှာ အကောင်းဆုံး အစားအသောက်တွေ အလကား။ ပြီးတော့ သုံးရစ္စဲရအောင် ပိုက်ဆံက ထည့်ပေးသေးတာ။ ဒါတွေ တွေးလိုက်တော့ လွတ်သွားတဲ့ရက်တွေ နှမြောလိုက်တာ သေချင်စော်တောင် နံတယ်။ ဒီမြို့က လူတွေမှာ အရူးလေးတစ်ယောက်မရှိလို့ နှစ်ပေါင်းများစွာ မအီမလည်ဖြစ်နေတဲ့အချိန်မှာ ကျွန်တော်က ရုံးမှတ်တမ်းတွေမှာ စာမျက်နှာနံပါတ်တွေ တပ်လို့။ ဒါရိုက်တာ အခန်းထဲ ဝင်တဲ့အခါများ ခါးကလေး ကုန်းလို့။ လခလေး တစ်ထောင်လောက်အတွက် အချိန်တွေ ကုန်နေပုံ ပြောပါတယ်။ သိများသိခဲ့ရင် ဒီမြို့ကို ကျွန်တော် စောစောကတည်းက လာပါရဲ့'

'အရူးတစ်ယောက် တွေ့ရင်ကိုပဲ လူတွေက သိပ်ပျော်တာ။ ဘယ်သူလဲ၊ ဘယ်ကလာသလဲဆိုတာတောင် မေးမနေတော့ဘူး၊ အခုဆို မြို့တော်ဝန်ရုံးခန်းများသွားရင် ဆလံပေးစရာလည်း မလိုတော့ဘူး။ ကုန်ကုန်ပြောရရင် တံခါးခေါက်စရာတောင် မလိုတော့ဘူး။ တန်းဝင်သွား။ မြို့တော်ဝန် လက်မောင်းပေါ်ကိုမှီ။ ပြီးတော့ ပက်လက်ကုလားထိုင်ပေါ်မှာ တက်ထိုင်ရုံပဲ။ လက်ထဲမှာ အဖိုးတန် စီးကရက်တစ်လိပ် ညှပ်လိုက်တာနဲ့ သူ့မီးခြစ်နဲ့ ကိုယ်တိုင်ညှိပေးတာ။ ကော်ဖီတစ်ခွက်လည်း မှာပေးလိုက်သေး'

'ကျွန်တော် ကော်ဖီသောက်နေတဲ့အခါ 'ခင်ဗျားမှာ ပြဿနာတစ်ခုခုများ ရှိသလား' ဆိုပြီး မေးနေသေးတာ။ ကျွန်တော်က ပြုံးနေရုံးပါပဲ။ ဘာပြဿနာမှ မရှိဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ကျွန်တော် သူ့အခန်းက ထွက်ဖို့ပြင်တာနဲ့ မြို့တော်ဝန်က ငါးရာတန် တစ်ရွက် အိတ်ထဲကို ထည့်ပေးသေးတယ်။ အဲဒီကနေ ဘဏ္ဍာရေးဌာန ညွှန်မှူးဆီ။ အဲဒီက တစ်ခါ ဆရာဝန်ဆီ။ ကျန်းမာချမ်းသာကြပါစေဗျာ။ သူတို့က ငါးလိုင်ရာတွေ ဆယ်လိုင်ရာတွေ ကျွန်တော့်အိတ်ထဲ ထည့်ပေးကြတယ်လေ။ ပြီးတော့ ကျွန်တော်က ကုန်သည်တွေဆီ သွားပြန်ရော။ ဆိုင်တွေထဲ ပြုံးပြုံးကြီး ဝင်သွား။ နောက်တော့ ဆိုင်ရှင် အကျီလက်ကို ဆွဲလိုက်တာနဲ့ သူတို့ အံဆွဲဖွင့်တော့တာ'

'ဘုရားသခင်အလိုတော်အရ မင်းမှာ စည်းစိမ်ချမ်းသာ ကြွယ်ဝပါစေ' လို့ ဆုတောင်းပြီး ငါးလိုင်ရာတန်၊ တစ်ဆယ်လိုင်ရာတန်တွေ ကျွန်တော့်ကို ပေးကြတယ်။ အထည်အလိပ် တစ်လိပ်များ ကျွန်တော် ပွတ်မိပြုမိသွားရင်

http://www.cherrythitsar.org



ကျွန်တော့်အတွက် နှစ်မီတာလောက် ဖြတ်ပေးဖို့ ဆိုင်က အလုပ်သမားတွေကို ခိုင်းတော့တာ။ အဲဒီ နှစ်မီတာအစကို ခါးမှာပတ်ပြီး နောက်တစ်ဆိုင်ဝင်။ နောက်တော့ ကျန်းမာရေးဌာနသွား။ တလောကပဲ ကျွန်တော်နာလွန်းလို့ လမ်းလယ်မှာ လဲနေတာပေါ့။ အမယ်လေးဗျာ။ ချက်ချင်းကိုပဲ ရုတ်ရုတ်သဲသဲ ဖြစ်သွားလိုက်တာများ။

'တချို့ လူတွေဆို ငိုပြီး အပြေးအလွှားရောက်လာတာ။ 'ဒို့အရှုးကြီး နေမကောင်းဘူးဟေ့' လို့လည်း အော်ကြသေး။ ပြောရင် ယုံမှာတောင် မဟုတ်ဘူး။ ဆရာဝန်ရော၊ မြို့တော်ဝန်ရော ရောက်လာကြတာ။ လူတွေဆို ဘေးမှာ ဝိုင်းဝိုင်းလည်လို့။ 'ဆရာရယ်၊ ရောဂါရှာလို့ မရသေးရင် တက္ကစီနဲ့ မြို့ထဲ ခေါ်သွားရအောင်ပါ။ တို့မှာ အရှုးကောင်းတစ်ယောက်ရထားတာ။ တုံ့ပြန် လေးစားရမှာပေါ့။ ဘုရားကယ်တော်မူပါ' လို့ ပြောနေတာလည်း ကြားရသေးတယ်'

'ဆေးရုံမှာ တစ်ပတ်လောက် ဘုရင်တစ်ပါးလိုပါပဲ။ မြို့တော်ဝန်က သုံးခါ လာကြည့်တယ်။ မြို့သူမြို့သားတွေ ဆိုတာကတော့ နေ့တိုင်း'

'ထားပါတော့။ မင်းမိန်းမနဲ့ ကလေးတွေရော။ ဘယ်လိုလဲ'

'တစ်လ နှစ်ရက် သုံးရက်လောက်တော့ ကျွန်တော် ဒီမြို့က ပျောက်ပျောက်သွားတာပေါ့။ ဒီကလူတွေအတွက် ရိုးနေပါပြီ။ ဒီအရှုးတော့ အရင် တစ်ခါလို အကြောတက်ပြန်ပြီထင်ပါရဲ့။ မြို့ကလူတွေကို အန္တရာယ်မဖြစ်စေ ချင်တာနဲ့ တစ်နေရာ ရှောင်နေတာ နေမှာပါလို့တောင် သူတို့ ပြောကြသေး တာ။ တကယ်တော့ ပိုက်ဆံတချို့နဲ့ စုလို့ ဆောင်းလို့ရတာတွေကိုတော့ စာ တိုက်က ပို့တတ်ပါတယ်။ တခြားဟာတွေကိုတော့ မိန်းမနဲ့ ပြောထားတဲ့နေရာ ကို ပို့လိုက်တာပေါ့။ ကျွန်တော့်မိသားစုလည်း အဆင်ကိုပြေလို့။ သားတစ် ယောက်က တက္ကသိုလ်တက်နေပြီ။ သမီးက အထက်တန်းပြီးပြီ။ အိမ်ရာတစ်ခု မှာ အိမ်ခန်းလည်း ဝယ်ထားပြီးပြီ။ မိန်းမက သူ့စိတ်တိုင်းကျ ပရိဘောဂ တွေ ဖြည့်ဆည်းပြင်ဆင်နေတုန်း'

'ကောင်းပါ့ဗျာ၊ ဒါထက် ခင်ဗျားအရှုးဘဝကြီးက ဘယ်တော့ စခန်း သိမ်းမှာလဲ'

သူက ပြုံးတယ်။

'ခင်ဗျားဟာက ကြောင်လှချည့်လား။ ဒီက ကျွန်တော် ထွက်တာနဲ့ တစ်ယောက်ယောက်က ကျွန်တော့်နေရာ ဝင်ယူတော့မှာပေါ့။ ဘယ်လိုလုပ် ဒီက ခွာလို့ဖြစ်မလဲ ဗျာ။ ပြီးတော့ ရှုးတာလည်း ကျင့်သားရသလို ဖြစ်နေပြီဗျ'

http://www.cherrythitsar.org



ဟစ်လမီ ရုတ်တရက် ခုန်တဲ့ပြီး ခုန်ဆွခုန်ဆွ ပြေးရင်းက လှမ်းပြော သွားသေးတယ်။

'ဒါတွေ ဘယ်သူ့မှ သွားမပြောနဲ့နော်။ ခင်ဗျားပြောလည်း ဘယ်သူမှ ယုံမှာမဟုတ်ဘူး'

မြားနတ်မောင်မဂ္ဂဇင်း၊ အမှတ် – ၈၁၊ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလ။

**၁၉၉၃ ဖေဖော်ဝါရီထုတ် Short Story International အမှတ် ၉၆ က တူရကီစာရေးဆရာ Muzaffer Izgu ရေးတဲ့ "Wanted: a Town without a Crazy" ကို ဘာသာပြန်ပါတယ်။**

သီတာလှိုင်

# ပြုံးမဲ့ကြေးမှုန်း

ရွှံ့တွေ၊ ခလုတ်ကန်သင်းတွေ ပြည့်နေတဲ့ လမ်းပေါ်မှာ အမိုးဖွင့် မြင်းလှည်းကလေးက ခပ်သွက်သွက် သွားနေတယ်။ စိုထိုင်းကျယ်ပြန့်တဲ့ မြက်ခင်းပြင်တွေကြားမှာ လမ်းက ကွေ့ကာဝိုက်ကာ ရှိနေတယ်။ ဒီမြက်ခင်းပြင်တွေရဲ့ စိမ်းလန်းမှုကို ဟိုတစ်ကွက် သည်တစ်ကွက်ဖြစ်နေတဲ့ ရိုးပြတ်တွေက ပိုင်းခြားထားပေးသလိုပဲ။ မျက်စိတဆုံး မျှော်ကြည့်လိုက်မယ်ဆိုရင်တော့ မြင်းလှည်းဆွဲနေတဲ့ မြင်းများရဲ့ နားရွက်တွေနဲ့ တစ်ပြေးတည်းကျနေတဲ့ တောအုပ်တစ်ခုဟာ သူ့ရဲ့ပြာလဲ့လဲ့ အရေးအကြောင်း တစ်ခုကို မိုးကုပ်စက်ဝိုင်းဆီ ဆန့်တန်းပေးနေသလို ဖြစ်နေတယ်။ ဒီအချိန်၊ ဒီရာသီမျိုးမှာတော့ ဒီလိုလမ်းပေါ်မှာ သက်ရှိတစ်ဦးတစ်ယောက်မှ ရှိနေမှာ မဟုတ်ဘူးဆိုတာ ခန့်မှန်းပြီးသား။

တော်တော်ကြာကြာလေး ခရီးနှင်ပြီးခါမှ ပထမဦးဆုံး သက်ရှိလူသတ္တဝါတစ်ဦးကို တွေ့လိုက်ရတယ်။ တဖြည်းဖြည်း နီးကပ်လာတော့ ဒီလူရဲ့ မျက်နှာပုံပန်းက ပိုပြတ်သားလာပါတယ်။ ဒီလူက ဘာမှ မထူးခြားတဲ့ မျက်နှာပိုင်ရှင်ပါ။ စာပို့ဌာနဝတ်စုံကိုတော့ ဝတ်ထားတယ်။ လမ်းဘေးမှာ ပကတိငြိမ်သက်စွာ မတ်တပ်ရပ်နေရင်းက ကျွန်တော်တို့ မြင်းလှည်း သူ့ရှေ့က ဖြတ်သွားတာကို စိတ်မဝင်စားတဲ့ ပုံစံမျိုးနဲ့ လှမ်းကြည့်တယ်။

http://www.cherrythitsar.org



ဒီလူရဲ့ရှေ့က ဖြတ်လာပြီး ဘာမှ မကြာခင်မှာပဲ အလားတူ လူတစ်ယောက် စာပို့ဌာနဝတ်စုံနဲ့ လမ်းဘေးမှာ တောင့်တောင့်ကြီး ရပ်နေတာ တွေ့ရပြန်တယ်။ ဒီတစ်ယောက်ကိုတော့ ကျွန်တော် သေသေချာချာကို ကြည့်လိုက်တယ်။ ကြည့်လို့မှ မဆုံးသေးဘူး။ တတိယလူကို မြင်နေရပြန်တယ်။ ဟော စတုတ္ထပုံစံတူ တစ်ယောက်။ လမ်းဘေးမှာ ရပ်တုကြီးတစ်ခု ငြိမ်သက်တာထက် ပိုသေးတယ်။ ဒီလူတွေအားလုံးရဲ့ မျက်လုံးတွေဟာ စိတ်ဝင်စားမှုကင်းမဲ့စွာနဲ့ နေရာတစ်ခုတည်းကိုသာ စူးစိုက်ကြည့်နေကြတာ။ သူတို့ ဝတ်ထားတဲ့ ဝတ်စုံတွေဟာလည်း အရောင်အဆင်း ကင်းမဲ့လွန်းနေတယ်။

အင်မတန်မှ ထူးဆန်းတဲ့ မြင်ကွင်းက ဆွဲဆောင်နေတာမို့ ကျွန်တော် မြင်းလှည်းထိုင်ခုံပေါ်မှာ မတ်တတ်ရပ်ပြီး လှမ်းကြည့်လိုက်တယ်။ ဒါမှလည်း မြင်းလှည်းဆရာရဲ့ ပခုံးပေါ်ကကျော်ပြီး ရှေ့ကို ရှင်းရှင်းလင်းလင်း မြင်ရမှာကိုး။ ကျွန်တော် ထင်တဲ့အတိုင်းပါပဲ။ ရှေ့လှမ်းလှမ်းမှာ ရပ်တုဆန်ဆန် လူသားတစ်ယောက် ရပ်နေပြန်တယ်။ ဒီလိုလူမျိုးနှစ်ယောက်ကို ထပ်ပြီး တွေ့ခဲ့ရချိန်မှာတော့ ကျွန်တော့်ရဲ့ သိလို၊ စူးစမ်းလိုစိတ်တွေဟာ ချုပ်နှိမ်လို့ မရနိုင်လောက်အောင် ဖြစ်လာတယ်။

ဒီလူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ခပ်လှမ်းလှမ်း အကွာအဝေးမှာ ရပ်နေကြပေမဲ့ အပြန်အလှန်မြင်သာတဲ့ မလှမ်းမကမ်းလေးလည်း ဖြစ်နေပြန်တယ်။ တစ်ပုံစံတည်း တောင့်တောင့်ကြီး ရပ်နေကြတာကိုက လမ်းညွှန်မှတ်တိုင်တွေက ဖြတ်သွားဖြတ်လာ ခရီးသွားတွေကို အလေးဂရုပြုနေတဲ့ ပုံစံမျိုးပေါ့ဗျာ။

တစ်ယောက်ရှေ့က ဖြတ်လာပြီးတာနဲ့ နောက်တစ်ယောက်က မြင်ကွင်းထဲ ရောက်လာပြန်တယ်။ ဒီလူတွေ ဘာသဘောနဲ့ ဒီလို ရပ်နေကြတာလဲ မေးမလို့ ပါးစပ်ပြင်ခါရှိသေး မြင်းလှည်းဆရာက နောက်လှည့်မကြည့်ဘဲ အလိုအလျောက် အဖြေပေးလိုက်တယ်။

'တာဝန်ကျနေကြတာ'

တဲ့။

ပြောပြောဆိုဆိုနဲ့ပဲ နောက်ထပ် လူတစ်ယောက်ကို ဖြတ်ကျော်ခဲ့ရပြန်တယ်။ ဒီလူ့မျက်လုံးတွေကလည်း စိတ်ဝင်စားမှုကင်းစွာနဲ့ စိုက်ကြည့်နေတာပါပဲ။ ကျွန်တော်က မရှင်းစွာနဲ့ မေးလိုက်တယ်။

'ဘယ်လို၊ ဘယ်လို'

'ရိုးရိုးလေးပါဗျာ၊ တာဝန်ကိုယ်စီနဲ့ မတ်တတ်ရပ်နေကြတာ'

http://www.cherrythitsar.org



မြင်းလှည်းဆရာက သူ့မြင်းများကို တပ်လှန့်လိုက်တယ်။ သူက နောက်ထပ် ဘာမှ ရှင်းလင်းပြောပြချင်ပုံ မရတော့ဘူး။ သူပြောခဲ့ပြီးသမျှတွေကိုတောင် လိုတာထက် ပိုပြောခဲ့မိသယောင် ဖြစ်သွားတယ်။ ကြာပွတ်ကြီး တရှမ်းရှမ်းနဲ့ မြင်းတွေကို အော်ရင်း၊ ငေါက်ရင်း ဆက်မောင်းနေတယ်။

လမ်းဘေးက ဆူးချုံပုတ်တွေ၊ နတ်စင်တွေနဲ့ အထီးကျန်မိုးမခပင်တွေဟာ ကျွန်တော်တို့ကို ဆုံတွေ့ပြီး ဝေဝါးစွာ ကျန်ရစ်ခဲ့ကြတယ်။ သူတို့ရဲ့အကြားမှာတော့ ကျွန်တော်နဲ့ တော်တော်လေး အကျွမ်းတဝင်ဖြစ်လာတဲ့ ပုံရိပ်တွေကို အကွာအဝေး ညီညီမှာ တွေ့နေရဆဲပါ။

'ဘယ်လိုတာဝန်မျိုး ထမ်းဆောင်နေကြတာလဲဗျာ'

ကျွန်တော်က မေးမိပြန်တယ်။

'နိုင်ငံတော်တာဝန်ပေါ့ဗျ၊ ကြေးနန်းလိုင်းတွေလေ'

'ဘာကိုဆိုလိုတာလဲ၊ ကြေးနန်းလိုင်းတစ်ခုအတွက် လိုအပ်တာမျိုးက သစ်သားတိုင်တွေ၊ ဝါယာကြိုးတွေပဲဗျ'

မြင်းလှည်းသမားက ကျွန်တော့်ကို လှည့်ကြည့်လိုက်တယ်။ ပြီးတော့ သူ့ပခုံးများကို တွန့်လိုက်တယ်။

'ခင်ဗျားဟာ ဒီဒေသနဲ့ တော်တော့်ကို လှမ်းနေတဲ့ နေရာမျိုးက ရောက်လာတယ်ဆိုတာ သိသာတယ်'

'ဟုတ်တယ်လေ၊ ကြေးနန်းလိုင်းအတွက် တိုင်တွေ၊ ဝါယာကြိုးတွေ လိုအပ်တယ်ဆိုတာ ကျုပ်တို့ သိတာပေါ့ဗျာ။ ဒါပေမဲ့ အခုဟာက ကြိုးမဲ့ကြေးနန်းဗျ၊ ကျုပ်တို့ ဝါယာကြိုးတွေနဲ့ ကြေးနန်းတိုင်တွေကတော့ ရတော့မလို့ပါပဲ။ ဒါပေမဲ့ တိုင်တွေက အခိုးခံရတယ်။ ဝါယာကြိုးက ရှိကိုမရှိဘူး'

'ဝါယာကြိုး ရှိကိုမရှိဘူးဆိုတာ ဘာကိုဆိုလိုတာလဲ'

'ဘာကြိုးမှကို မရှိတာလေ'

မြင်းလှည်းဆရာက မြင်းတွေကို အော်ငေါက်ရင်း ဖြေလိုက်တယ်။

အံ့ဩလွန်းမှုက ကျွန်တော့်နှုတ်ကို တဒင်္ဂ ဆိတ်စေတယ်။ ဒါပေမဲ့ ကျွန်တော် သိချင်တာတွေကို စုံစမ်းရမယ့် ကိစ္စကိုတော့ ပယ်ဖျက်ဖို့ စိတ်ကူးလုံးဝမရှိဘူး။

'ဒါဖြင့်ရင် ကြိုးမရှိဘဲ ဒီလုပ်ငန်း ဘယ်လိုလုပ် လည်ပတ်သလဲဟင် . . .'

'လွယ်လွယ်လေး၊ ပထမဦးဆုံး တစ်ယောက်က ပို့ရမယ့် ကြေးနန်းစာအတိုင်း ဒုတိယတစ်ယောက်ဆီ လှမ်းအော်တယ်။ ဒုတိယလူက တတိယ

http://www.cherrythitsar.org



လူဆီ ဆက်အော်တယ်။ တတိယလူက စတုတ္ထလူ ဒီလိုနဲ့ ကြေးနန်းစာရောက်ရမယ့် နေရာတိုင်အောင် ဆက်စပ်ပြီး အော်ပေးသွားရတာပဲ။ လောလောဆယ်သူတို့ဆီမှာ ဘာကြေးနန်းမှ ဝင်ပုံမရဘူး။ နို့မဟုတ်ရင် ခင်ဗျားကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားရမှာ'

'အဲ-အလုပ်ကော ဖြစ်ရဲ့လားဗျာ၊ ခင်ဗျားတို့ ကြေးနန်းရိုက်ပုံကြီးကလည်း'

'ဘာလို့ မဖြစ်ရမှာလဲဗျ၊ ဖြစ်လိုက်တာမှ သိပ်ဖြစ်။ ဒါပေမဲ့ မကြာခဏ ဆိုသလိုပေါ့ဗျာ၊ ပို့တဲ့သတင်းက တလွဲတချော်လေး ဖြစ်သွားတတ်တယ်။ ကြေးနန်းသမားထဲက တစ်ယောက်ယောက်များ ရေချိန်လွန်သွားခဲ့ရင်တော့ ပိုဆိုးတာပေါ့ဗျာ။ ရေချိန်လွန်တယ်ဆိုရင်ပဲ သူ့စိတ်ကူးတွေကလည်း အမျိုးမျိုး ကွန့်မြူးလာတော့တာပေါ့။ မူရင်း ကြေးနန်းစာမှာ ဖြည့်စွက်စကားလုံး အသစ်အသစ်ကလေးတွေနဲ့ ဝေဆာသွားတတ်တယ်။ ဒီကိစ္စမျိုးလေးတွေကလည်း အခု ကြေးနန်းစနစ်က တိုင်တွေ၊ ဝါယာကြိုးတွေနဲ့ ပို့တဲ့စနစ်ထက် အများကြီး ပိုကောင်းတာပေါ့ဗျာ'

'သက်ရှိလူဆိုတာက တတ်၊ သိ၊ နားလည်မှု ကွယ်ဝတဲ့သူတွေ မဟုတ်လား။ ပြီးတော့ မုန်တိုင်းကြောင့် လိုင်းပြတ်တာကို ပြင်ရတာတို့ ဘာတို့ မရှိဘူးလေ။ သစ်သားချွေတာရာလည်း ရောက်တယ်။ သစ်ဆိုတာက ရှားပါးပစ္စည်းပဲ။ အဲ-ဆောင်းတွင်းတစ်ရာသီမှာတော့ လိုင်းအပြတ်အတောက်ကလေး တစ်ခါတစ်ရံဖြစ်တတ်တယ်။ ဝံပုလွေတွေ လက်ချက်ပေါ့ဗျာ။ သိတယ်မဟုတ်လား။ ဒါကတော့ ဘယ်တတ်နိုင်မလဲ'

'ဒါဆို ဒီလူတွေကကော သူတို့အလုပ်ကို သူတို့ ကျေနပ်ကြရဲ့လား'

ကျွန်တော် မေးလိုက်ပြန်တယ်။

'ဘာလို့ မကျေနပ်ရမှာလဲဗျာ။ အလုပ်က သိပ်ပင်ပင်ပန်းပန်း လုပ်ရတာမျိုးမှ မဟုတ်ဘဲ။ ဘာသာခြားစကားလုံး နည်းနည်းပါးပါး တီးမိခေါက်မိထားဖို့သာ လိုတာပါ။ အမယ် ဒီအလုပ်က ဒ့ီထက်ပို အဆင်ပြေလာဦးမှာဗျ။ စာတိုက်မှူးကြီးကိုယ်တိုင် 'ဝါဆော' မြို့ပေါ်တက်ပြီး ဒီလူတွေအတွက် အော်လံ (အသံချဲ့စက်) ကြီးတွေ အမြန်ဆုံး ပို့ပေးဖို့ သွားတောင်းဆိုထားတယ်။ ဒါမှ ဒီလူတွေ အသံကုန် မအော်ရမှာ'

'အဲ-ဒီလူတစ်ယောက်ယောက်က နားလေးနေရင်ကောဗျာ'

'ဟာ ဒါမျိုးတော့ ဘယ်လက်ခံမလဲ ဆရာရဲ့၊ စကားမပီတဲ့လူတွေကိုလည်း အလုပ်မခန့်ပါဘူးဗျာ၊ တစ်ခါတုန်းကပေါ့ စကားထစ်တဲ့ လူတစ်

http://www.cherrythitsar.org



ယောက်ကို အလုပ်ခန့်လိုက်မိတယ်။ ဒီလူက အဆက်အသွယ်နဲ့ ဝင်လာတာ။ ကြာကြာမလုပ်လိုက်ရရှာပါဘူး။ ဒီလူဝင်လာကတည်းက လိုင်းပိတ်ဆို့မှုတွေ ဖြစ်ပြီး ကြေးနန်းတွေ ကြာလို့ ပြုတ်သွားတာ။ ကီလိုမီတာ ၂၀ မှတ်တိုင်မှာ တာဝန်ကျတဲ့ ချာတိတ်တစ်ယောက်က အနုပညာကျောင်းဆင်းဆိုပဲ။ အားလုံး ထဲမှာတော့ သူက အပီသဆုံး၊ အရှင်းလင်းဆုံး အော်နိုင်တယ်တဲ့'

မြင်းလှည်းဆရာနဲ့ အချီအချ ပြောနေရတာ ကျွန်တော် နည်းနည်း စိတ်ရှုပ်သွားမိတယ်။ အတွေးနက်နေတာမို့ လမ်းဘေးမှာ ငြိမ်သက်စွာ ရပ် နေကြတဲ့ မနုဿကြေးနန်းတိုင်တွေကိုတောင် ဂရုမထားနိုင်တော့ဘူး။ မြင်း လှည်းကတော့ ဂယ်ပေါက်တွေ၊ ခဲလုံးတွေကို အသော့ကလေးကျော်ရင်း၊ နင်း ရင်း မိုးကုပ်စက်ဝိုင်းပြည့်လုနီးပါး နေရာယူနေတဲ့ တောအုပ်ဆီကို ဦးတည်နေ လေရဲ့။

'ထားပါတော့လေ'

ကျွန်တော် သတိထားပြီး ဆက်မေးမိတယ်။

'နောင်ကြီးတို့အနေနဲ့ ကြေးနန်းတိုင်တွေ၊ ဝါယာကြိုးတွေ ပြည့်ပြည့် စုံစုံနဲ့ ကြေးနန်းပို့စနစ်ကို ပိုပြီး မလိုလားဘူးလား'

'အလိုလေးလေး၊ မလိုချင်ပါဘူးဗျာ'

မြင်းလှည်းဆရာ အထိတ်တလန့်ဖြစ်သွားတယ်။

'ဘာလို့လဲဆိုတော့ ပထမဆုံးအနေနဲ့ ကျုပ်တို့ခရိုင်ရဲ့ ကြေးနန်း ဌာနမှာ အလုပ်ရဖို့က လွယ်တယ်။ နောက်ပြီး ကြေးနန်းအလုပ်သမားတိုင်း ဟာ သူတို့ရဲ့ လစာကလေးအပေါ်မှာပဲ မှီခိုနေဖို့ မလိုတော့ဘူး။ တစ်ယောက် ယောက်ပေါ့ဗျာ၊ သူ့ဆီကို ကြေးနန်းစာရောက်လာဖို့ ရှိတယ်။ သူ့ကြေးနန်း စာကို အပိုအလိုမရှိဘဲလည်း လက်ခံချင်တယ်ဆိုပါတော့။ သူ့မြင်းလှည်း ကလေးကို လမ်းဘေးတစ်လျှောက်မှာ ရပ်နေကြတဲ့ ကြေးနန်းလိုင်းသမားတွေ ဆီကို မောင်းသွား။ ပြီးတော့ လိုင်းသမားတစ်ဦးစီရဲ့ အိတ်ကပ်ထဲကို တစ်စုံ တစ်ခုလေး ထည့်ပေးလိုက်ရုံပဲ'

'ဟုတ်တယ်လေ၊ ကြိုးမဲ့ကြေးနန်းက ဝါယာသုံးကြေးနန်းထက် ကွာ ခြားမှုတစ်ခုခုတော့ ရှိရမှာပေါ့။ ပိုပြီး ခေတ်မီတယ်လေ'

မြင်းလှည်း ဘီးလိမ့်သံတွေ ကြားထဲမှာပဲ ခပ်လှမ်းလှမ်းမှ အသံတစ် မျိုးကို ကျွန်တော်ကြားရတယ်။

ငိုသံလည်း မမည်၊ အော်ဟစ်သံလည်း မကျ။ သို့သော်လည်း အသံ ရှည်ဆွဲပြီး အဆက်မပြတ်အော်သံ။

http://www.cherrythitsar.org



'အား . . . အီး . . . အား . . . အူး . . . အီး . . . အား . . . အီး . . . အာ . . . ယား . . . ရေး'

မြင်းလှည်းဆရာက သူ့ထိုင်ခုံဆီမှ လှည့်ကြည့်လိုက်ပြီး လက်တစ်ဖက်ကို နားရွက်မှာကာရင်း ပြောလိုက်တယ်။

'သူတို့ ကြေးနန်းပို့နေပြီ။ မြင်းလှည်း ခဏရပ်လိုက်ဦးမယ်။ ဒါမှ ကျုပ်တို့ ကောင်းကောင်းကြားရမှာ'

သံစဉ်မပြောင်းလဲတဲ့ မြင်းလှည်းဘီးလိမ့်သံတွေ ရပ်သွားတဲ့အခါကျတော့ တိတ်ဆိတ်မှုက ကွင်းပြင်အားလုံးကို လွှမ်းခြုံသွားတယ်။ ဒီတိတ်ဆိတ်မှုထဲမှာကိုပဲ ခုနက နွံတောထဲက ငှက်တွေအော်သံနဲ့တူတဲ့ သံရှည်ဆွဲအော်သံကြီးက ကျွန်တော်တို့နဲ့ တဖြည်းဖြည်း နီးကပ်လာတယ်။ ကျွန်တော်တို့နဲ့ အနီးဆုံး လမ်းဘေးမှာရပ်နေတဲ့ လိုင်းသမားဟာ သူ့လက်တစ်ဖက်ကို နားရွက်မှာ ကာပြီး ကြေးနန်းလက်ခံဖို့ အသင့်ပြင်နေတယ်။

မြင်းလှည်းဆရာက လေသံကလေးနဲ့ ပြောလိုက်တယ်။

'ကျုပ်တို့နေရာကို ခဏလေးနေရင် ရောက်လာတော့မယ်'

အတိအကျပဲခင်ဗျ။

'အာ . . . ယား . . . ရေး'

ဆိုတဲ့ အော်မြည်သံ တဖြည်းဖြည်း တိမ်ဝင်အဆုံးသတ်သွားချိန်မှာပဲ သစ်ပင်အုပ်စုကလေးတစ်စုရဲ့ နောက်ကွယ်မှ အော်သံရှည်တစ်ခုက ရောက်လာပြန်တော့တယ်။

'အာ . . . ဖေ . . . ဟေ . . . သေ . . . ဟေ . . . ဘီ . . . ဟီ . . . ဟီ . . . အင် . . . ဟင် . . . ဂါ . . . ဟာ . . . နေ့ဟော့ . . . ဟော့ . . . ချ . . . ဟ . . . ဟ . . . ဟ . . . မြည် . . . ဟီ . . . ဟီ . . . ဟီ . . . ဟီ'

'ကောင်းရာသုဂတိ လားပါစေဗျာ'

မြင်းလှည်းဆရာဟာ သက်ပြင်းကြီးတစ်ချက်ချပြီး မနုဿကြေးနန်းစာထဲမှ သွားလေသူကို မေတ္တာပို့သလိုက်ရင်း ကြာပွတ်ကို ရှမ်းလိုက်တယ်။ ကျွန်တော်တို့ သစ်တောထဲကို စပြီး ဝင်ရောက်နေပါပြီ။

ဆောင်းပြောင်းမွေ့လောမဂ္ဂဇင်း၊ ၁၉၉၆ ခု၊ ဇန်နဝါရီလ။

**Imaginative Literature. (Moris, Walker, Bradshaw) မှ Slawomir Mrozek ၏ On A Journey ဝတ္ထုတိုကို ပြန်ဆိုပါသည်။**

# အမုန့်တရား

တကယ်တော့ 'အမုန်တရား' ဆိုသည်မှာ 'နေမင်း' နှင့် အလား သဏ္ဍာန်တူသည်ဟု 'ကိုကျော်စွာ' ၏ စိတ်ထဲမှာ အောက်မေ့လိုက်မိသည်။ မည်သူတစ်ဦးတစ်ယောက်ကမှ မျက်တောင်မခတ်၊ မျက်စိတွေ ပြာဝေမသွားဘဲနှင့်တော့ ကောင်းကင်က နေမင်းကြီး၏ မျက်နှာကို တည့်တည့်စိုက်၍ မကြည့်နိုင်။ တစ်စစ သူသဘောပေါက်လာခဲ့သည်ကတော့ နေ့စဉ် နေဝင်မှ မိုးချုပ်သည့်တိုင် မုသားမပါ လက်္ာမချော ဆိုသလို လူတို့၏ ကူးလူးဆက်ဆံရေးတွင် အမုန်တရားအချို့ကို ဖုံးကွယ်၍ လှုပ်ရှားရုန်းကန်နေကြသည် ဟူ၍ပင်။

မည်သို့ပင်ဖြစ်စေ 'သည်တစ်နေ့' ကိုတော့ သူ့ဘဝမှာ စံပြဖြစ်စေရမည်။ တစ်နှစ်ပတ်လုံး နေလာခဲ့သည့်အနက် သည်တစ်နေ့ကိုတော့ မှန်တာကိုပဲ ပြော၊ မှန်တာကိုပဲ လုပ်တော့မည်ဟု သူက ဆုံးဖြတ်ချက် ချလိုက်သည်။ လူ့ဘဝတွင် တစ်နှစ်နေလို့မှ တစ်ရက်လောက်မှာ အမုန်တရားကို မခံယူ၊ မကျင့်ကြံနိုင်ဘူးဆိုလျှင် ဘာအဓိပ္ပာယ်ရှိတော့မှာလဲဟု စိတ်ထဲက အတွေး ပေါက်မိသည်။

ယခု အိပ်ရာမှ နိုးလာပြီး နောက်ပိုင်း ရှေ့လျှောက် ကြုံတွေ့ရတော့မည့် တစ်နေ့တာသည် အမုန်တရားအတွက် သူ့မှာ လေးလေးနက်နက် တာ

ဝန်ရှိသည်ဟု ခံယူလိုက်ပြီးသားပါ။ ဒါကိုတော့ သူ မည်သူ့ကိုမှ ဖွင့်မပြောဘဲ လျှို့ဝှက်ထားလိုက်သည်။ ထာဝရအမှန်တရားနှင့် သူ၏ အကြားတွင် လျှို့ဝှက်စမ်းသပ်မှုတစ်ခုပြုလုပ်ရန် စာချုပ် ချုပ်ဆိုထားပြီးသကဲ့သို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်၏။

ပထမဆုံး စမ်းသပ်မှုကတော့ သူ၏ ဇနီးက သူ့အတွက် နံနက်စာပြင်ပေးချိန်မှာပဲ ဖြစ်သည်။ သူမက သူ့အတွက် ကောင်းနိုးရာရာ အကောင်းဆုံး ချက်ပြုတ်ထားသော နံနက်စာကို ချကျွေးချိန်၌ ပါးစပ်ထဲ၌ ကောင်းကောင်းအရသာမတွေ့လှဘဲ တုံ့ဆိုင်းဆိုင်း ဖြစ်နေခဲ့မိသည်။

သူ၏ဇနီးက

'ဘာဖြစ်လို့လဲမောင် . . . ကျွန်မချက်ထားတာ မကောင်းလို့လားဟင်'

ဟု မေးခွန်းထုတ်လာခဲ့သည်။ တခြားအချိန်မှာဆိုလျှင်တော့ သူ့ဇနီးစိတ်မကောင်းဖြစ်သွားမှာကို ကိုယ်ချင်းစာပြီး 'ကောင်းပါတယ်၊ မောင်ဗိုက်ထဲက မအီမသာဖြစ်နေလို့ သိပ်မစားနိုင်တာပါ' ဘာညာ စသဖြင့် ညာဝါးဖြီးဖြန်း ဖြေလိုက်မိသည်သာ။

ဒါပေမဲ့ ဒီနေ့ကတော့ သည်လိုနှင့်မရ၊

'ဟုတ်တယ်၊ စားလို့မကောင်းဘူး၊ ငါမျိုမကျဘူး'

ဟုသာ မှန်မှန်နှင့် တုံးတိတိအဖြေပေးလိုက်မိတော့သည်။ သူ့ဇနီး၏ မျက်နှာ ကွက်ခနဲပျက်သွားတာ မြင်လိုက်တော့ စိတ်ထဲက

'မတတ်နိုင်ဘူးလေ၊ အမှန်တရားဆိုတာ နေမင်းလိုပဲ' ဟုသာ အောက်မေ့လိုက်ရတော့သည်။

ထိုနေ့ နံနက် ကျောင်းကို ရောက်တော့ လုပ်ဖော်ကိုင်ဖက် ဆရာတစ်ဦးက သူတို့ အသိတစ်ယောက် ဆုံးသွားသည့်သတင်း ကြားပြီးပြီလားဟု မေးသည်။

ပြီးတော့ ထိုဆရာက

'ခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားတာ သနားစရာနော်'

ဟု မှတ်ချက်ပြုရာ ကိုကျော်စွာက

'ကျုပ်တော့ မသနားပေါင်'

ဟု ပြန်ပြောလိုက်သည်။ ထိုဆရာကပင်

'ဒီလူက လူကောင်းပါဗျ'

ဟု ရှေ့နေလိုက်ပြန်သဖြင့် ကိုကျော်စွာကပင် . . .

'အလကားပါဗျာ၊ ကျုပ်ကို အမြဲတမ်း ချိုးနှိမ်ဆက်ဆံပြီး တစ်ကိုယ်ကောင်းလည်း ဆန်တတ်တဲ့လူ'

ဟု စကားရှည်နေမည်ကိုစိုး၍ ပိတ်ပြောလိုက်တော့သည်။

ကျောင်းမဆင်းမီ နောက်ဆုံးအချိန်၊ အတန်းထဲတွင် ပထဝီဘာသာရပ်ကို သင်နေချိန် သူက ကျောင်းအုပ်ဆရာကြီးထံမှ အကြောင်းကြားချက်တစ်ခုကို လက်ခံရရှိလိုက်သည်။

'ခင်ဗျား အိမ်မပြန်မီ ကျွန်တော်နဲ့ လာတွေ့ပါ'

ဟူ၍ ဖြစ်၏။ ကိုကျော်စွာ့ စိတ်ထဲကတော့ . . .

'အင်း ဒီစိတ်ပျက်စရာ စာမေးပွဲအဖြေလွှာတွေ စစ်ဖို့ကိစ္စပဲ နေမှာပဲ' ဟု ကောက်ချက်ချလိုက်မိသည်။ တောင်ခြစ်မြောက်ခြစ်၊ လက်ရေးပေါင်းစုံ ရာနှင့်ချီပြီး ရှိသည့် အဖြေလွှာတွေကို အပတ်စဉ် စစ်ဆေးလာခဲ့ရသည်မှာ ဦးခေါင်းပေါ် ဓားတစ်ချောင်းချိတ်ဆွဲထားသလို ခေါင်းကြိမ်းရသည်မှာ အမှန်။

ကျောင်းဆင်းခေါင်းလောင်းသံထိုးသည်နှင့် ကျောင်းသားလူရွယ်များက အတန်းထဲက ပြေးထွက်သွားကြသည်။

ကိုကျော်စွာက ကျောင်းအုပ်ကြီး၏ အခန်းရှေ့မှောက်တွင် သူ့အင်္ကျီကြယ်သီးများကို သေချာစွာတပ်ပြီး အပေါ်က တိုက်ပုံအင်္ကျီကို ဝတ်လိုက်သည်။ ဒါကလည်း ကျောင်းအုပ်ဆရာကြီးက ဆရာတွေကို ချမှတ်ထားသော စည်းကမ်း။ သူက အခန်းထဲသို့ အလွန်ယဉ်ကျေးသော အမူအရာဖြင့် ဝင်ရောက်သွားခဲ့ကာ

'မင်္ဂလာပါဆရာကြီး'

ဟု နှုတ်ခွန်းဆက်လိုက်သည်။

ကျောင်းအုပ်ဆရာကြီးက သူ့ကို အလွန်ရင်းနှီးခင်မင်ဟန်ဖြင့် မော့ကြည့်ကာ

'ခင်ဗျား ဒီညနေအားသလားဗျ'

ဟု မေးလိုက်သည်။ ကိုကျော်စွာက . . .

'အင်း . . . ကလေးတွေကို အပြင်လိုက်ပို့မယ်လို့ ကတိပေးထားခဲ့တာတော့ ရှိတယ်'

ဟု ပြန်ဖြေလိုက်သည်။

'ခင်ဗျားကလေးတွေကို နောက်နေ့မှ ပို့ဗျာ၊ အခု ကျွန်တော်နဲ့ အိမ်ကိုလိုက်ခဲ့ဗျာ'

ဟု ခေါ်လိုက်သည်။

http://www.cherrythitsar.org



'ဟုတ် . . . ဟုတ်ကဲ့ပါခင်ဗျာ၊ ဒါနဲ့ ကိစ္စအထူးအထွေများ ရှိပါ သလား ဆရာကြီးခင်ဗျာ'

ဟု ယဉ်ကျေးစွာ မေးလိုက်သည်။ ဆရာကြီးက ခပ်ပြုံးပြုံးဖြင့် သူ့ကိုကြည့်ကာ . . .

'ရှိတယ်ဗျာ၊ ဒါနဲ့ ကျွန်တော် ဂီတကို တော်တော်ဝါသနာပါတာ ဆရာကျော်စွာ သိတယ်နော်'

ဟု မေးခွန်းထုတ်လိုက်သည်။

'ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်သိပါတယ်'

'ကျုပ် ဂီတပညာကို ကျိတ်ပြီး လေ့လာလိုက်စားခဲ့တာ ကြာလှပေါ့။ ဒီညနေတော့ ကျုပ်ရဲ့အနုပညာကို ခင်ဗျား အကဲဖြတ်စေချင်တယ်လေ။ ကျုပ်အိမ်မှာလည်း ဒီညနေပဲ စန္ဒရားဆရာတစ်ယောက်နဲ့ တယောဆရာတစ်ယောက်ကို ချိန်းထားပြီးပါပြီ။ ဒါဟာ ပထမဆုံးအကြိမ် ဝတ်စုံပြည့် လေ့ကျင့်တဲ့သဘောပဲ။ ခင်ဗျားရဲ့ အကြံဉာဏ်ကိုလည်း လိုချင်တယ်လေ။ ကျုပ်က ခင်ဗျားရဲ့ ဝေဖန်ချက်ကို တန်ဖိုးထားမှာပါ'

ဟု ဆရာကြီးက ရှင်းပြလိုက်သည်။

ကိုကျော်စွာ ဂီတပညာတွင် တော်တော်လေး တီးမိခေါက်မိသည်ကိုတော့ လူတိုင်းအသိပင်။ ဒီမြို့လေးမှာဆိုလျှင် ကိုကျော်စွာ၏ ဂီတဝေဖန်ချက်များကို တော်တော်လေး အလေးထားတတ်ကြသည်။ ဒါပေမဲ့ ဒီနေ့ လိုနဖူးတွေ့ဒူးတွေ့ သူ၏ ဂီတဝေဖန်ချက်ကို အစမ်းသပ်ခံရလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်လင့်မိခဲ့။

ဆရာကြီးက . . .

'ဘယ့်နှယ်လဲ၊ ခင်ဗျား အံ့သြနေပြီလား'

ဟု မေးရင်း ဆက်ပြောသည်က

'ကျုပ်မှာ ဒီဂီတကိစ္စတွေအတွက် အိမ်ထဲမှာ ပိတ်ပြီး လေ့ကျင့်ခဲ့ရတာ တော်တော်ပိုက်ဆံကုန်သွားတယ်ဗျာ . . .'

သူတို့နှစ်ယောက် ဆရာကြီးအိမ်ရှိရာသို့ ထွက်လာခဲ့ကြသည်။ လမ်းလျှောက်ရင်း ဆရာကြီးက . . .

'ကျုပ်တို့လင်မယားမှာ သားသမီးကလည်း မရှိတော့ ဒီ 'ဂီတ' ဟာ ကျုပ်အတွက် အဖော်ပဲဗျာ'

ဟု စကားတွေ ဆက်နေခဲ့ရာက သူ မည်သို့မည်ပုံ ဂီတဘက် စိတ်ရောက်လာခဲ့ပုံ၊ တစ်ကိုယ်တည်း အထီးကျန် ပျင်းရိမှုကို မခံနိုင်တော့သည့်

အဆုံး ပထမအကြိမ် ဂီတဆရာတစ်ဦးထံတွင် တပည့်ခံခဲ့စဉ်က အရယ်အမော ခံခဲ့ရပုံ၊ သို့သော် စိတ်ဓာတ်မကျဘဲ ဆက်ကြိုးစားခဲ့ရာမှ သူ့ဘဝတစ်ခုလုံး လိုလို ဂီတလောကထဲမှာ နစ်မြုပ်ထားခဲ့ရပုံ စသဖြင့် လမ်းလျှောက်ရင်းကို ကျော်စွာကို ရှင်းပြလာခဲ့လေသည်။

ဆရာကြီးအိမ်ရောက်တော့ ကိုကျော်စွာမှာ အရေးတယူ နေရာပေး ခြင်းခံရသည်ဟု ဆိုရမည်။ ဆရာကြီးက သူ့ကို ဧည့်ခန်းထဲရှိ အနီရောင် ကတ္တီပါစ ခင်းထားသော ဆိုဖာပေါ်မှာ ထိုင်စေသည်။ အမူအရာကလည်း သူ့သမီးကို လက်ထပ်ယူထားသည့် သမက်ကို အရေးတယူ ဂရုစိုက်ပုံမျိုး။ ရှေ့က စားပွဲပေါ်မှာလည်း သပျစ်သီး၊ ပန်းသီးတွေ အလျှံပယ်နှင့်။ နောက်ပြီး ကိုကျော်စွာကို ပြောလိုက်သေးသည်။

'ခင်ဗျား စိတ်အေးချမ်းသာစွာနဲ့သာ နားဆင်ပေရော့။ ဟိုအဖြေလွှာ တွေ ကိစ္စလည်း ခေါင်းထဲမှာ ထားမနေနဲ့။ ခင်ဗျားကို ကျုပ် နောက်ထပ် တစ်ပတ်တိတိ အချိန်ပေးလိုက်ဦးမယ်'

ဟူ၏။ ကိုကျော်စွာက

'ဆယ်ရက်ထားပါ ဆရာရယ်'

ဟု ဈေးဆစ်လိုက်ပြန်ရာ ဆရာကြီးက သဘောကောင်း ရက်ရော စွာဖြင့် . . .

'ကောင်းပြီလေ၊ ကျုပ် ခွင့်ပြုပါတယ်'

ဟု ပြောလိုက်သဖြင့် ကိုကျော်စွာမှာ ယခုမှ ရင်ထဲမှ အလုံးကြီး ကျသွားခဲ့ကာ စိတ်ထဲမှလည်း

'အင်း . . . ငါတစ်နေ့ကို အဖြေလွှာ (၁၀) ခုစစ်ရင် ဒီ စိတ်ရှုပ်စရာ ကောင်းလှတဲ့ အလုပ်တော့ ပြီးပါတယ်လေ'

ဟု အောက်မေ့လိုက်မိသည်။

ဆရာကြီးက ဧည့်ခန်းထဲကို အမွှေးနံ့သာများ ပက်ဖြန်းလိုက်ကာ

'ဒါမှ ပိုပြီး ကျက်သရေမင်္ဂလာရှိသွားတာပေါ့ဗျာ'

ဟုလည်း ကိုကျော်စွာကို ရှင်းပြလိုက်သေးသည်။

ဧည့်ခန်းထဲမှာတော့ စန္ဒရားဆရာနှင့် တယောဆရာက ရောက်နှင့် နေကြပြီ။ မကြာမီ စန္ဒရားဆရာက ဧည့်ခန်းထဲရှိ စန္ဒရားခုံတွင် ထိုင်၍ ဆရာ ကြီးက စည်းဝါးကို လက်က ကိုင်ကာ စန္ဒရားနံဘေးတွင် နေရာယူလိုက် သည်။ တယောဆရာကလည်း အသင့်အနေအထားဖြင့် စန္ဒရားဆရာနှင့် မလှမ်းမကမ်းမှာ။

http://www.cherrythitsar.org



ဆရာကြီး၏ ဟန်ပန်မှာ တကယ့်ကပွဲကြီးများတွင် သီဆိုတော့မည့် အဆိုတော်တစ်ဦး၏ ပုံစံဖြင့် လည်ချောင်းရှင်းလိုက်ပြီး 'ချစ်သမျှကို' ပတ်ပျိုးကို စ,ဆိုတော့သည်။ ပထမ သီချင်းကြီးတစ်ပုဒ် ဆိုပြီးသွားသည်နှင့် ဆရာကြီးက ကိုကျော်စွာကို လှမ်းမေးလိုက်သည်။

'ဘယ့်နှယ်လဲ၊ ကျုပ်ဆိုတာ ကောင်းရဲ့လား ကိုကျော်စွာ'

ကိုကျော်စွာက ထိုမေးခွန်းကို မကြားချင်ယောင်ဆောင်နေလိုက်သည်။

ထို့နောက် ဆရာကြီးက ရေဒီယိုသီချင်းတွေထဲက စန္ဒရားလှထွန်း၏ 'တိမ်တမန်' ကိုသန်းလှိုင်၏ 'သည်နွေမိုးဆောင်းပြောင်းသော်လည်း' စသည့် နာမည်ကြီး သီချင်းကောင်းများကိုချည်း ရွေး၍ ဆိုသည်။ ဆရာကြီးသီချင်းဆိုနေသည့် တစ်ချိန်လုံးမှာ ကိုကျော်စွာက နားထောင်နေခဲ့ပြီး စိတ်ထဲက မှတ်ချက်ချမိသည်ကတော့ 'အင်း တစ်ခါတစ်ခါလည်း ဖားတွေအော်နေတဲ့ အသံလိုလို၊ တစ်ခါတစ်ခါလည်း နွားသိုးကြီးအော်သလို အော်ရဲ့။ ဟော . . . အခုတော့ လေမုန်တိုင်းတိုက်နေတုန်း ပြုတ်နေတဲ့ တံခါးရွက်တွေ မြည်နေသံမျိုးပါလား' ဟူ၍ပင်။

ကိုကျော်စွာမှာ အခန်းထဲတွင် ပက်ဖြန်းထားသော အမွှေးနံ့တွေကို ရှူရင်း သူ၏နားထဲသို့ မိနစ်ပေါင်းများစွာ စဉ်ဆက်မပြတ် ဝင်ရောက်ရိုက်ခတ်လာခဲ့သော မညီမညာ ဂီတသံစဉ်တွေကြောင့် ခေါင်းတစ်ခုလုံး နောက်ကျို၍ လာခဲ့သည်။ ဆရာကြီးမှာလည်း သီဆိုရလွန်း၍ အသံပင် ပြာနေချေပြီ။ ဆရာကြီးက သီချင်းတစ်ပုဒ်အပြီးတွင် ရပ်၍

'ဆက်ပြီး နားထောင်ဦးမလား ကိုကျော်စွာ'

ဟု မေးလိုက်ရာ

'ကျေးဇူးပြုပြီး တော်ပါတော့ဗျာ၊ ဒီလောက်ဆိုရင် လုံလောက်ပါပြီ'

ဟု ပြန်ဖြေလိုက်ရာ ဆရာကြီးမှာ လုံးဝအံ့သြသွားဟန်မျက်နှာဖြင့် ချွေးသီးချွေးပေါက်များကလည်း ကျလာသည်။ ကိုကျော်စွာမှာ ဆရာကြီးကို ကြည့်ပြီး သနားသွားမိသည်။ ဒါပေမဲ့ သူ ဘာမှ မတတ်နိုင်။ မီးဖိုချောင် အဝင်ဝ လိုက်ကာများအကြားမှ ဆရာကြီး၏ ဇနီးဖြစ်သူမှာ သိလိုစိတ်အပြည့်ဖြင့် ချောင်းကြည့်နေခဲ့သည်ကို ကိုကျော်စွာ သတိပြုလိုက်မိသည်။

စန္ဒရားဆရာနှင့် တယောဆရာတို့မှာလည်း ယခုမှ စိတ်သက်သာရာရသွားဟန်ဖြင့် ခေတ္တအနားယူလိုက်ကြသည်။ ဆရာကြီးက သူ၏ မျက်မှန်ကို ချွတ်၊ လက်များဖြင့် သူ၏ မျက်စိများကို ပွတ်သပ်လိုက်ပြီး . . .

http://www.cherrythitsar.org



'ကဲ . . . ဆရာကျော်စွာ ခင်ဗျားထင်မြင်ချက်လေး ပေးပါဦးဗျာ'

ဟု တောင်းဆိုလိုက်သည်။ ကိုကျော်စွာ တုံ့ဆိုင်းစွာဖြင့်

'ထင်မြင်ချက်ကို မနက်ဖြန်မှ ပေးလို့မရဘူးလားဆရာ'

ဟု ပြန်မေးလိုက်သည်။

'ဟင့်အင်း . . . အခု ချက်ချင်း ခင်ဗျားရဲ့ထင်မြင်ချက်ကို သိချင်တယ်။ ပွင့်ပွင့်လင်းလင်းသာ ဝေဖန်ပါလေ။ ကောင်းရင်ကောင်းတယ်။ မကောင်းရင်လည်း မကောင်းဘူးပေါ့'

ဟု ဆရာကြီးက ပြန်ပြောလိုက်ပြီး ကိုကျော်စွာ၏ မျက်နှာကို မျှော်လင့်ချက်ကြီးစွာဖြင့် ကြည့်နေခဲ့သည်။ ကိုကျော်စွာက

'အဲ . . . အဲ . . . သိပ်မကောင်းလှဘူးခင်ဗျာ'

ဟု မှတ်ချက်ပေးလိုက်ရတော့သည်။

'အို . . . ဒီလိုဆိုရင် ကျုပ် ဒီဂီတသင်ခန်းစာတွေကို ဆက်လေ့လာနေဖို့ မလိုတော့ဘူးပေါ့'

'ဟုတ်ပါတယ် ဆရာ၊ လုံးဝ မလိုတော့ပါဘူး'

ဟု ကိုကျော်စွာက အသံတုန်တုန်ယင်ယင်ဖြင့် အဖြေပေးလိုက်ရင်းက သူ့စိတ်ထဲမှာ တော်တော်လေး မကောင်းဖြစ်သွားခဲ့ရသည်။ ဒီထက်လည်း သူက ပိုမိုသာယာညင်းပျောင်းစွာဖြင့် မပြောနိုင်။ 'အမှန်တရား' ပဲလေ။ အမှန်တရားဆိုတာ ခံယူဖို့တင် မကဘဲ ပေးအပ်နိုင်ဖို့အတွက်လည်း ခွန်အားသတ္တိဆိုတာ ရှိရမည်ဟု ကိုယ့်ကိုကိုယ် မဲတင်းလိုက်ရသည်။

အိမ်အပြန် လမ်းတစ်လျှောက်မှာတော့ သူ့ရင်ထဲမှာ စိုးရိမ်သောကအပြည့်။ ဒီနောက်ပိုင်း သူ့ရဲ့ ဝန်ထမ်းဘဝကတော့ အဆင်ချောပါ့မလား ဟူ၍ စိုးရိမ်နေခဲ့မိသည်။ နောက်ပိုင်း လခတိုးဖို့ ကိစ္စတွေ၊ ရာထူးတိုးဖို့ကိစ္စတွေမှာ ထောက်ခံဖို့ရာက ကျောင်းအုပ်ဆရာကြီး၏ အပေါ်မှာ လုံးလုံးလျားလျားတည်နေခဲ့သည်။

ဒီသောကတွေအားလုံးက သူ့ရင်ထဲမှာ စုပြုံ၍နေခဲ့သည်။ သူဖတ်ဖူးသည့် နိုင်ငံခြားပုံဝတ္ထုတစ်ခုထဲကလို ဘာပဲဖြစ်ဖြစ် အမှန်တွေကိုပဲ ပြောသည့်အတွက် ထီးနန်းတွေ၊ စည်းစိမ်တွေ၊ ဇနီးနှင့် သားသမီးများကိုပါ စွန့်ခဲ့ရသည့် ရှင်ဘုရင်တစ်ပါးအကြောင်းကို သတိရနေခဲ့မိသည်။

အိမ်ပြန်ရောက်တော့လည်း မျက်နှာသုန်သုန်မှုန်မှုန်နှင့် ဇနီးမယား၏ ဆီးကြိုမှုကို ခံရပြန်သည်။ ဒီနေ့မနက်က သူ့ရဲ့ မှတ်ချက်အတွက် စိတ်ဆိုးနေတုန်းပဲ ဆိုသည်ကို သူရိပ်မိသည်။ ဒီနေ့အတွက်တော့ ထိခိုက်နစ်နာ

http://www.cherrythitsar.org



ဆုံးရှုံးရတာ ၂ ခုရှိသည်ဟု ကောက်ချက်ချမိသည်။ ငါ ဒီအတိုင်းသာ တစ်ပတ်လောက် ဆက်လုပ်လိုက်လို့ကတော့ မိတ်ဆွေသူငယ်ချင်းတောင် တစ်ယောက်မှ ကျန်မှာမဟုတ်ဟု တွေးလိုက်မိသည်။

နောက်တစ်နေ့ ရောက်တော့ ကျောင်းအုပ်ဆရာကြီးက သူ့ကို လာတွေ့ပါဦးဟု အကြောင်းကြားသည်။ သူက စိုးရိမ်ကြီးစွာဖြင့် သွားတွေ့ခဲ့သည်။

ဆရာကြီးက

'ခင်ဗျားရဲ့ အကြံပေးချက်ဟာ သိပ်ကို အသုံးဝင်ပါတယ်။ ကျုပ်ဂီတဆရာကို ကျသင့်တာပေးပြီး အဆက်ဖြတ်လိုက်ပြီ။ ကျုပ်ရဲ့ ဂီတနဲ့ ပတ်သက်လို့ ခင်ဗျားလို ဘယ်သူကမှ အမှန်ကို ပြောခဲ့မှာ မဟုတ်ဘူးဗျ။ ကျုပ်ကလည်း ဒီအသက်အရွယ်ကြီးကျမှပဲ အရူးထမိတာကိုး။ ခင်ဗျားကို ကျေးဇူးတင်ပါတယ်။ ဩော် . . . ဒါနဲ့ ဟို . . . အဖြေလွှာတွေကိစ္စရော ပြောပါဦး'

'ဆရာကြီးပဲ ကျွန်တော့်ကို အဖြေလွှာတွေ စစ်ဖို့ ၁၀ ရက် အချိန်ပေးထားတယ် မဟုတ်လား'

'အိုး . . . အဲဒါ ကျုပ်ပြန်စဉ်းစားရလိမ့်မယ်။ ကျုပ် အဲဒီအဖြေလွှာတွေအားလုံး စစ်ပြီး မနက်ဖြန် မနက်ပဲ လိုချင်တယ်'

'အဖြေလွှာတစ်ရာလုံး တစ်ရက်အတွင်း လိုချင်တယ်ဟုတ်လား။ ဒါဆို ကျွန်တော် ဒီနေ့တစ်ညလုံး အိပ်ရမှာတောင် မဟုတ်ဘူး။ နောက်ထပ် ၂ ရက်လောက်တော့ အချိန်ပေးပါဦးဆရာ . . .'

'မဖြစ်ဘူး၊ ကျုပ် အဲဒါတွေအားလုံး မနက်ဖြန်မနက်ရမှဖြစ်မယ်။ အဖြေလွှာတိုင်းကိုလည်း သေသေချာချာစစ်ဆေး အမှတ်ပေးထားရမှာနော်'

ကိုကျော်စွာကတော့ နောက်ဆုံး . . .

'ဟုတ်ကဲ့ပါ'

ဟု ကတိပေးလိုက်ရင်းက 'အမှန်တရား' ကို ဦးစားပေးလေ့ကျင့်ခဲ့မှုအတွက် တစ်ညလုံးမအိပ်ဘဲ အဖြေလွှာများကို စစ်ဆေးခြင်းဖြင့် ပေးဆပ်ရတော့မည်ဟု စိတ်ထဲက အောက်မေ့ခံစားလိုက်ရတော့သည်။

မြားနတ်မောင်မဂ္ဂဇင်း၊ အမှတ် – ၇၇၊ ၁၉၉၈ ခု၊ အောက်တိုဘာလ။

**ဝန်ခံချက်။ R.K Narayan ၏ Like The Sun ကို မှီငြမ်းပါသည်။**

http://www.cherrythitsar.org



# အဘိုးရဲ့ဆိုင်ဘေး

## [ ၁ ]

ကျွန်တော် အသက်အရွယ်ကြီးလာတာနဲ့အမျှ အဘိုးရဲ့အကြောင်းကို ပိုပိုပြီး နားလည်လာတယ်လို့ ထင်ပါတယ်။

အဘိုးဟာ အရပ်ပုပုနဲ့ ထိပ်ပြောင်နေပြီး မေးစေ့တစ်ဝိုက်မှာ မုတ်ဆိတ်တွေနဲ့ ဖြစ်ပါတယ်။ အဘိုးရဲ့ မျက်နှာဟာ တည်ကြည်ရှင်းသန့်နေပြီး၊ အင်မတန်မှ ပြုံးခဲရယ်ခဲပါတယ်။ အဘိုးဟာ လူတွေကို စိတ်ဝင်စားပြီး လူတွေအပေါ်မှာ နားလည်ခဲ့သူတစ်ယောက်ဖြစ်ပါတယ်။

ကျွန်တော် ငယ်ငယ်က အဘိုးဆီမှာ တစ်ပတ်လောက် သွားနေခဲ့ချိန်ကတည်းက အဘိုးအကြောင်းကို နားလည်လာခဲ့ရတယ်လို့ ဆိုနိုင်ပါတယ်။

တစ်နှစ် နွေရာသီမှာ အဖေက ကျွန်တော့်ကို အဘိုးဆီ လိုက်ပို့ပေးခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်အသက်ဟာ ဆယ်နှစ်ပဲ ရှိပါသေးတယ်။ အဖေရဲ့ ရည်ရွယ်ချက်က အဘိုးနဲ့ တစ်ပတ်လောက်အတူနေပြီး အဘိုးဆိုင်မှာ အကူညီပေးဖို့ပါပဲ။ အမှန်တိုင်းပြောရရင် အဘိုးနဲ့ အတူမနေချင်ပါဘူး။ ကျွန်တော့်ကို သိပ်ပြီးချစ်တဲ့ အန်တီဟယ်လင်တို့ အိမ်မှာပဲ သွားနေချင်ပါတယ်။ အဖေရဲ့ ညီအစ်ကိုမောင်နှမတွေဟာ အဘိုးနဲ့အတူ တစ်မြို့တည်းမှာ

http://www.cherrythitsar.org



နေထိုင်ကြပါတယ်။ အဖေတစ်ယောက်သာ တစ်ခြားမြို့ကို ပြောင်းပြီး နေထိုင်တာဖြစ်ပါတယ်။ ကျောင်းပိတ်ထားချိန်ဆိုတော့ အဖေက ဆွေမျိုးတွေဆီ ကျွန်တော့်ကို ပို့လိုက်ခြင်းပဲဖြစ်ပါတယ်။

'သူ့ကို အဖေ့ဆိုင်မှာ အဖော်ရအောင် ခေါ်ထားလိုက်ပါ . . . ခိုင်းလည်း ခိုင်းပေါ့ . . . ဒီကောင်က မပျင်းတတ်ပါဘူး . . . ဒါပေမဲ့ ဒီကောင်ကို . . . သကြားလုံးတွေ အများကြီး မကျွေးပါနဲ့ . . .'

အမေပြန်သွားတာနဲ့ အဘိုးဟာ ကျွန်တော့်ကို သကြားလုံး တစ်လုံး ပေးပါတယ်။

'ဒါဟာ . . . မင်းအတွက် လုပ်ခပေါ့ . . .'

အဘိုးဟာ ပြောပြီးတာနဲ့ ကျွန်တော့်ကို ဘာခိုင်းရမလဲဆိုတဲ့သဘောနဲ့ ဆိုင်ထဲမျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်တယ်။ နောက်တော့ တံမြက်စည်း ယူလာပြီး . . .

'ကဲ . . . ဆိုင်ထဲက အမှိုက်တွေ . . . လှည်းပေတော့ . . .'

အဘိုးဆိုင်ရဲ့ နံဘေးမှာ မြင်းစောင်းတစ်ခု ရှိပါတယ်။ လေတိုက်လိုက်ရင် အဲဒီမြင်းစောင်းက ချဉ်စူးစူးအနံ့အသက်တွေဟာ ဆိုင်ထဲဝေ့ပြီး ရောက်လာတတ်ပါတယ်။

ဆိုင်ရဲ့ပတ်လည်မှာ သစ်သားစင်များ ရိုက်ထားပြီး စည်သွပ်ဗူး အမျိုးမျိုးနဲ့ မုန့်ဘူးအမျိုးမျိုးကို စီတန်းထားပါတယ်။ ချိုချဉ်သကြားလုံးတွေ၊ ချောကလက်တွေကို ဖန်ဗူးထဲထည့်ပြီး သီးသန့်ထားပါတယ်။ အဘိုးဆိုင်ဟာ ကြီးကြီးမားမား မဟုတ်ပါဘူး။ ဆိုင်မှာ သကြား၊ နို့ဆီ၊ ကော်ဖီမှုန့်နဲ့ တခြား လူစားသုံးကုန်များကို ရောင်းချတဲ့ ဆိုင်လေးပဲဖြစ်ပါတယ်။ အဘိုးဟာ သူ့ဆိုင်ကို သန့်သန့်ရှင်းရှင်းဖြစ်အောင် ထားတတ်ကြောင်းကို ဆိုင်ရဲ့ အခင်းအကျင်း အနေအထားကို ကြည့်ရင် သိသာပါတယ်။

ကျွန်တော်ဟာ တံမြက်စည်းလှည်းနေပေမယ့်၊ စိတ်ကတော့ အန်တီဟယ်လင်တို့ရဲ့ အိမ်ကိုပဲ ရောက်နေပါတယ်။ အဲဒီအချိန်မှာ ဆိုင်ထဲကို လူတစ်ယောက် ဝင်လာပါတယ်။ သူဟာ ကျွန်တော့်ကို ကြည့်ပြီး . . .

'သူက . . . ဘယ်သူလဲ . . . မစ္စတာကလွန်းပတ်(စ်) . . .'

အဘိုးဟာ ကျွန်တော့်ပခုံးကို ဖက်လိုက်ပြီးတော့ . . .

'ကျုပ်ရဲ့မြေးလေးပါ . . . သူ့နာမည်က 'ဘတ်ကလွန်းပတ်(စ်)' တဲ့ . . . အခုမှ ဆယ်နှစ်ပဲရှိသေးတယ် . . . အတော်အားကိုးရတဲ့ကောင်လေး ပေါ့'

http://www.cherrythitsar.org



အဘိုးက ခပ်ကြွားကြွားကလေး ပြန်ပြောလိုက်တော့၊ ထိုသူက သဘောကျပြီး ရယ်လိုက်တယ်။ နောက် သူလိုချင်တဲ့ ပစ္စည်းတွေကို ရွေးပြီး ကောင်တာပေါ် သွားတင်လိုက်ပါတယ်။ အဘိုးက သူဝယ်တဲ့ ပစ္စည်းတွေအတွက် ကျသင့်ငွေကို တွက်လိုက်ပါတယ်။

'မစ္စတာကလွန်းပတ်(စ်) . . . ဒီတစ်ခါလည်း အကြွေးပဲ မှတ်ထားလိုက်ပါဦးနော် . . . အိမ်မှာ ကလေးတစ်ယောက်လည်း တိုးလာပြန်ပြီ . . . ဈေးတွေလည်း အကုန်တက်နေတော့ . . . ကျွန်တော်တို့လည်း . . . အတော်ပဲ ဒုက္ခရောက်ပါတယ် . . .'

အဘိုးဟာ ဒီလူရဲ့မျက်နှာကို တစ်ချက်မော့ကြည့်ပြီး ကောင်တာအံဆွဲထဲက စာအုပ်တစ်အုပ်ထုတ်လိုက်ပြီး လှန်လိုက်ပါတယ်။ ကျွန်တော် စာအုပ်ကို လှမ်းကြည့်လိုက်တော့ စာရင်းစာအုပ်ဖြစ်နေပြီး အထဲမှာ နာမည်နဲ့ ငွေစာရင်းတွေ တသီကြီး မှတ်ထားတာကို တွေ့လိုက်ရပါတယ်။ အဘိုးဟာ ခဲတံကို တံတွေးဆွတ်လိုက်ပြီး ဒီလူရဲ့ အခုယူလိုက်တဲ့ အကြွေးစာရင်းကို ရေးမှတ်ပါတော့တယ်။

'စိတ်ချပါ မစ္စတာကလွန်းပတ်(စ်) . . . ဒီအကြွေးတွေအားလုံး ကျွန်တော် ပြန်ဆပ်ပါ့မယ် . . .'

အဘိုးဟာ ဘာမှပြန်မပြောဘဲ ပစ္စည်းတွေကို ထုပ်ပြီး အဲဒီလူရဲ့ လက်ထဲကို ပေးလိုက်ပါတယ်။

နောက်တော့ အဘိုးဟာ ကုလားထိုင်ပေါ်တက်ရပ်ပြီး ကောင်တာနောက်မှာရှိတဲ့ ဘီရိုရဲ့မှန်ကို အဝတ်နဲ့ ဖုန်သုတ်နေတော့တယ်။ အဲဒီ ဘီရိုထဲမှာလည်း စာအုပ်နှစ်အုပ်သုံးအုပ်လောက် တွေ့ရတယ်။ ဒီစာအုပ်တွေလည်း အကြွေးစာရင်း စာအုပ်တွေဖြစ်မှာပဲလို့ ကျွန်တော် ထင်လိုက်ပါတယ်။

ညကျတော့ ၊ လက်ငင်းမရောင်းပဲ ဘာဖြစ်လို့ အကြွေးရောင်းရတာလဲလို့ အဘိုးကို မေးမိပါတယ်။

'အကြွေးလုံးဝမပေးဘဲ လက်ငင်းရောင်းတာဟာ ဆိုင်ကြီးတွေရဲ့ အကျင့်ပဲ၊ သူတို့က လူတစ်ယောက် လတ်တလောရင်ဆိုင်နေရတဲ့ အခက်အခဲဒုက္ခတွေကို လုံးဝဂရုမစိုက်ကြဘူး'

'အဘိုးကသာ အကြွေးပေးနေ တော်ကြာ ဒီလူတွေက အဘိုးရဲ့ အကြွေးတွေ ပြန်မဆပ်ရင် ဘယ်လိုလုပ်မလဲ'

'မစိုးရိမ်ပါနဲ့ ငါ့မြေးရယ်၊ သူတို့ ပြန်ဆပ်မှာပါ . . . သူတို့ကို အချိန်နည်းနည်းသာ ပေးဖို့ပဲ လိုပါတယ်'

http://www.cherrythitsar.org



ကျွန်တော့်အတွက်လည်း အချိန်နည်းနည်းလိုသေးတယ်လို့ ဆိုရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ အဘိုး ကျွန်တော့်ကို ဘယ်လောက်ချစ်သလဲဆိုတာ သိရဖို့ စောင့်ကြည့်ရမယ်မဟုတ်လား။

ဒါပေမဲ့ မနက်ကျတော့ ကျွန်တော် သကြားလုံးတစ်လုံးယူပြီး ပါးစပ်ထဲ ထည့်လိုက်တာကို အဘိုး တွေ့သွားပါတယ်။ အဘိုးဟာ ဒေါသတွေ ထွက်ပြီး မျက်လုံးတွေလည်း နီရဲလာပါတော့တယ်။

'မင်း . . . ဘာလုပ်တာလဲ . . .'

'မနေ့ကလို . . . ကျွန်တော့်ရဲ့လုပ်ခအတွက် ယူလိုက်တာပါ အဘိုး'

အဘိုးဟာ ဒေါသတကြီးနဲ့ အော်ပြီး . . .

'ပြန်ထွေးထုတ်လိုက်စမ်း . . .'

ကျွန်တော်ဟာ လန့်ဖြန့်သွားပြီး အမှိုက်တောင်းထဲ ထွေးထုတ်လိုက်ပါတယ်။

'ဒီဟာ ငါ့ဆိုင် . . . ငါ့ရဲ့ ခွင့်ပြုချက်မရဘဲ မင်း ဘာမှလုပ်လို့မရဘူး သိရဲ့လား'

အဘိုးရဲ့ ကြိမ်းမောင်းတာကို ခံရလို့ ကျွန်တော့်မျက်နှာ နီရဲလာလိမ့်မယ်ဆိုတာ ကျွန်တော် သိလိုက်ပါတယ်။ ကျွန်တော်ဟာ တံမြက်စည်းကို ယူပြီး ဆိုင်ထဲက အမှိုက်တွေကိုသာ ခပ်မြန်မြန်လေး လှည်းနေမိပါတော့တယ်။

ခဏကြာတော့ ကျွန်တော့်ပခုံးပုတ်လိုက်လို့ လှည့်ကြည့်လိုက်ပါတယ်။

'ရော့ . . . ဒါဟာ မင်းရဲ့ မနက်ဖြန်အတွက် လုပ်အားခ'

အဘိုးဟာ လေသံခပ်မာမာနဲ့ ပြောပြီး ကျွန်တော့်ကို သကြားလုံးတစ်လုံးပေးပါတယ်။ နောက်တော့ အဘိုးဟာ ကောင်တာနောက်က ကုလားထိုင်မှာထိုင်ပြီး သတင်းစာ ဖတ်နေပါတော့တယ်။

* * *

## [ ၂ ]

တစ်ပတ်တစ်ခါ ပစ္စည်းလိုက်ပို့တဲ့ ထရပ်ကားဟာ ဆိုင်ရှေ့မှာ ထိုးရပ်လိုက်ပါတယ်။ ဒရိုင်ဘာဟာ ဆိုင်ထဲဝင်လာပြီး အဘိုးရှေ့မှာ ရပ်လိုက်ပါတယ်။

'ခင်ဗျားမှာ . . . အကြွေးတွေများနေပြီလို့ ကျွန်တော့်ဆရာက ပြော လိုက်တယ်၊ ဒီတစ်ပတ် ခင်ဗျားအကြွေးမဆပ်ရင် . . . ခင်ဗျားကို ဘာပစ္စည်း မှ မပေးနဲ့လို့လည်း မှာထားတယ် . . .'

ဒရိုင်ဘာရဲ့ စကားကို ကြားတာနဲ့ အဘိုးဟာ တယ်လီဖုန်းဆီ လျှောက်သွားပါတယ်။ ဖုန်းနားရောက်တော့ ခဏမျှ ငြိမ်ပြီး ရပ်နေလိုက်ပါ သေးတယ်။ ပြီးမှ ဖုန်းကို ကိုင်ပြီး တစ်နေရာကို ဖုန်းဆက်ပါတော့တယ်။ အဘိုးရဲ့ အသံကတိုးလွန်းတော့ ဘာစကားမျှ မကြားရပါဘူး။

ဖုန်းဆက်ပြီးတော့ အဘိုးဟာ ဒရိုင်ဘာဆီ ပြန်လှည့်လာပါတယ်။

'ခဏလေးစောင့်ပါ မောင်ရင်တို့ရဲ့ အကြွေးတွေကို ပေးပါ့မယ်'

ဒရိုင်ဘာဟာ ခေါင်းငြိမ့်ပြပြီး သူ့ကားဆီ သွားပြီးတော့ ထိုင်စောင့် နေလိုက်တယ်။

ဆယ်မိနစ်လောက်ကြာတော့ အဖိုးရဲ့ သမက်ဖြစ်သူ 'အန်ကယ် လောင်း' ရောက်လာပါတယ်။ အန်ကယ်လောင်းဟာ အရပ်မြင့်မြင့်နဲ့ ဖြစ်ပြီး မျက်မှန်ကို ကြိုးသိုင်းတပ်ထားပါတယ်။ သူဟာ အဘိုးဆီ လျှောက်သွားပြီး စာအိတ်တစ်အိတ်လှမ်းပေးလိုက်ရင်း . . .

'ဒါဟာ နောက်ဆုံးအကြိမ်ပဲ'

အဘိုးက ကျေးဇူးတင်စကား ပြောတာတောင်မှ ပြန်မပြောဘဲ ဆိုင် ထဲက ထွက်သွားပါတော့တယ်။

အဘိုးဟာ ဒရိုင်ဘာကို အကြွေးဆပ်လိုက်တော့၊ ဒရိုင်ဘာလည်း မှာထားတဲ့ ပစ္စည်းတွေ ကားပေါ်က ချပေးပြီး ထွက်သွားပါတယ်။

အဘိုးနဲ့ ကျွန်တော်ဟာ ပစ္စည်းတွေကို နေရာတကျ သပ်သပ်ရပ်ရပ် ဖြစ်အောင် စင်တွေပေါ်မှာ စီပြီး တင်ထားလိုက်ပါတယ်။

ညကျတော့ ကျွန်တော် အိပ်မပျော်နိုင်ဘဲ ဖြစ်နေပါတယ်။ ကျွန်တော့် နားထဲမှာ အန်ကယ်လောင်းရဲ့ သတိပေးစကားကိုသာ ကြားယောင်နေမိ တယ်။

နောက်တစ်ကြိမ်ဆို အဘိုးအနေနဲ့ ပစ္စည်းအကြွေးတွေ ဘယ်လိုဆပ် ပါ့မလဲလို့ တွေးပြီး စိုးရိမ်နေပါတယ်။ အဘိုးအနေနဲ့ ဒီလိုသာဖြစ်နေရင် ဆိုင်ကို ရေရှည် ဘယ်လိုဖွင့်ထားနိုင်ပါ့မလဲလို့ တွေးမိပြီး အဘိုးအတွက် စိတ်မကောင်း ဖြစ်နေမိပါတယ်။

မနေနိုင်တော့တာနဲ့ ကျွန်တော်ဟာ အဘိုးရဲ့ အခန်းထဲ ဝင်လာမိ တယ်။ အဘိုးဟာ မအိပ်သေးပါဘူး။ ခုတင်ပေါ်မှာ ထိုင်နေပါတယ်။

http://www.cherrythitsar.org



'အဘိုး . . . အဘိုးဟာ အန်ကယ်လောင်းလို မချမ်းသာဘဲနဲ့ ဆိုင်ကို ဘယ်လိုလုပ်ဆက်ဖွင့်ထားမလဲ . . .'

ကျွန်တော်ဟာ အဘိုးရဲ့ပခုံးကို ကိုင်လှုပ်ပြီး တိုးတိုးလေး မေးမိပါတယ်။ အဘိုးဟာ တစ်ချက်သမ်းလိုက်ပြီး သူ့ခေါင်းကို ကုတ်နေလိုက်တယ်။ ပြီးမှ . . .

'ငါ့မြေးက အဘိုးမချမ်းသာတာကို တွေးပြီး ဘာဖြစ်လို့ စိုးရိမ်နေရတာလဲ . . .'

'အဘိုးဟာ ဒီဆိုင်က ရတဲ့ငွေကို အဘိုးကိုယ်တိုင် ဘယ်တော့မှ မသုံးရဘူးလို့ အဖေ တစ်ခါက ပြောဖူးတယ် . . .'

အဘိုးဟာ သူ့အိပ်ရာကို လက်နဲ့အသာပုတ်ပြီး . . .

'ကဲ ဒီမှာခဏထိုင်ဦး အဘိုးပြောပြမယ် . . .'

ကျွန်တော်ဟာ အဘိုးရဲ့နံဘေးမှာ ဝင်ထိုင်လိုက်ပါတယ်။ အဘိုးဟာ ကျွန်တော့်အနားကို တိုးကပ်လိုက်ပြီးတော့ လေသံတိုးတိုးဖြင့် ပြောပါတော့တယ်။

'ဒီစကားကို ဘယ်သူ့ကိုမှ ပြန်မပြောနဲ့နော် . . . အဘိုးဟာ တကယ်ချမ်းသာနေတဲ့ လူတစ်ယောက်ပါ ငါ့မြေးရယ် . . .'

'ဒါဆို ဒရိုင်ဘာအကြွေးတောင်းတုန်းက ဘာဖြစ်လို့ အဘိုးမပေးနိုင်တာလဲ'

'ဘာဖြစ်လို့ မပေးနိုင်တာလဲ ဆိုတော့ အဘိုးရဲ့ချမ်းသာမှုတွေက ဒီလိုနေရာမျိုးမှာ သုံးလို့မဖြစ်ဘူး . . .'

ဘာဖြစ်လို့လဲလို့ ကျွန်တော်မမေးခင်မှာ အဘိုးဟာ ကျွန်တော့်ကို ကလိထိုးပါတော့တယ်။ ကျွန်တော်လည်း ယားလို့ မနေနိုင်ဘဲ အားပါးတရ ရယ်မိပြီး အဘိုးကို သိုင်းဖက်လိုက်ပါတယ်။ ကျွန်တော့်ဘဝမှာ ပထမဆုံးအကြိမ် အဘိုးကို သိုင်းဖက်လိုက်မိခြင်းပါပဲ။

'အန်ကယ်လောင်း လာကူညီလိုက်တာ အဘိုးအတွက် အများကြီးကောင်းသွားတာပေါ့ . . . မဟုတ်ဘူးလား အဘိုး'

အဘိုးဟာ သူ့ခေါင်းကို ယမ်းခါလိုက်ပြီး . . .

'ဒါဟာ . . . ဘုရားသခင်က ကူညီလိုက်တာ ငါ့မြေး . . . အဘိုးသူ့ဆီ ဖုန်းမဆက်ခင် ဘုရားသခင်ဆီမှာ အကူအညီ အရင်တောင်းလိုက်တာ'

'ဒါပေမဲ့ အဘိုးရာ . . . အန်ကယ်လောင်းပဲ အဘိုးဆီကို ပိုက်ဆံတွေနဲ့ ရောက်လာတာမဟုတ်လား'

http://www.cherrythitsar.org



'ဘုရားသခင်က သူ့ကို တစ်ဆင့် တိုက်တွန်းလိုက်တာ . . . ဒီတော့ ငါ့မြေးရဲ့ အန်ကယ်လောင်းလည်း မနေနိုင်ဘဲ အဘိုးဆီ ရောက်လာရတာပေါ့'

ဘုရားသခင်က အန်ကယ်လောင်းကို တိုက်တွန်းလိုက်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ယုံကြည်ဖို့ရာ သိပ်မသေချာပါ။

ဒါပေမဲ့ ဒီညက ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာတော့ အမှန်ပင်။

* * *

# [၃]

မနက်ကျတော့ အန်ကယ်လောင်းဦးဆောင်ပြီး အဘိုးရဲ့ သားသမီးတွေ ဆိုင်ကို ရောက်လာကြပါတယ်။ သူတို့မျက်နှာတွေဟာ ခပ်တည်တည်ကြီးတွေဖြစ်နေပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ တစ်ခုခု ဖြစ်လာတော့မယ်လို့ တွေးမိပြီး စိုးရိမ်စိတ် ဝင်လာပါတယ်။

'ကဲ ပြောတော့ . . .'

'အန်တီရေး'က အန်ကယ်လောင်းကို လေသံခပ်မာမာနဲ့ အမိန့်ပေးသလို ပြောလိုက်တယ်။

'အဖေ့ရဲ့ သားသမီးတွေနဲ့ ကျွန်တော် ညက တစ်ညလုံး ဒီဆိုင်နဲ့ ပတ်သက်ပြီး ဆွေးနွေးကြတယ် . . . ကျွန်တော်တို့အားလုံးရဲ့ ဆန္ဒကတော့ ဒီဆိုင်ပြုတ်မသွားခင်မှာ ဒီဆိုင်ကို တစ်ယောက်ယောက်ဆီ ရောင်းပစ်လိုက်စေချင်တယ်'

အန်ကယ်လောင်းရဲ့ စကားအဆုံးမှာ အဘိုးဟာ ကောင်တာနောက်က ကုလားထိုင်မှာ အေးအေးဆေးဆေးပဲ ထိုင်ချလိုက်ပါတယ်။

'မင်းတို့က ငါ့ဆိုင်ကို ဘာဖြစ်လို့ ပြုတ်သွားမယ်လို့ ထင်နေရတာလဲ'

အန်ကယ်လောင်းက စားပွဲပေါ်က စာရင်းစာအုပ်ကို ဆွဲယူလိုက်ပြီး လှန်လိုက်ပါတယ်။ နောက် အကြွေးမှတ်ထားတဲ့စာရင်းကို သူနဲ့ပါလာတဲ့ သူတွေကို လှည့်ပြလိုက်ပါတယ်။

'ဒီမှာ တွေ့လား . . . ခင်ဗျားတို့ရဲ့ အဖေ့ဆိုင်ကို ပြုတ်သွားအောင် လုပ်နေတဲ့ တရားခံတွေလေ . . .'

http://www.cherrythitsar.org



အဘိုးဟာ ခြေဆောင့်ပြီး ထရပ်လိုက်ပါတယ်။

'ဒါဟာ . . . ငါ့အလုပ်ကွ'

'အဖေ့ရဲ့သွေးတွေကို ဒီစာရင်းစာအုပ်တွေက စုပ်ယူနေရုံသာမက ဘူး ... ကျွန်တော့်ဆီက သွေးတွေကိုလည်း တဖြည်းဖြည်း စုပ်ယူနေတာ...'

အန်ကယ်လောင်းရဲ့ စကားအဆုံးမှာ အဘိုးဟာ စာရင်းစာအုပ်ကို အတင်းဆွဲယူလိုက်ပြီး သူ့ရင်ဘတ်မှာ အပ်ထားလိုက်ပါတယ်။ အဘိုးရဲ့ လက်တွေတုန်လှုပ်နေတာကို ကျွန်တော် သတိထားမိပါတယ်။

'ဒီမှာ ငါပြောမယ် လောင်း . . . ဒီစာအုပ်တွေဟာ ငါ့ဖောက်သည်တွေရဲ့ ပြဿနာတွေ ဒုက္ခတွေကို စုစည်းပြီး မှတ်ထားတဲ့ မှတ်တမ်းစာအုပ်လို့ ပြောရင် ရတယ်ကွ . . . ဒါဟာ သူတို့ရဲ့ အတွင်းရေးတွေ . . . ငါ့အနေနဲ့ လျှို့ဝှက်ပေးထားရမယ့် ကိစ္စကွ . . . ငါတစ်ခုပဲ မင်းကို မေးချင်တယ် . . . ငါ့အနေနဲ့ သူတို့ကို တတ်နိုင်သလောက် ကြိုးစားပြီး အကူအညီပေးနေတာကို မင်းအနေနဲ့ မလိုလားဘူးလား . . .'

အဘိုးဟာ အန်ကယ်လောင်းရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး တည်ငြိမ်တဲ့လေသံနဲ့ ပြောချလိုက်ပါတယ်။

'ဒါပေမဲ့ အဖေရာ . . . ကမ္ဘာကြီးတစ်ခုလုံးကို အဖေ ဘယ်လိုလုပ် အကူအညီပေးနိုင်မှာလဲ . . .'

'ငါ ကြိုးစားမယ် လောင်း . . . ကူညီနိုင်အောင် ငါ အတတ်နိုင်ဆုံး ကြိုးစားမယ် . . .'

အဘိုးရဲ့စကားဟာ ယုံကြည်မှုအပြည့်နဲ့ ခိုင်မာပြတ်သားစွာ ပြောလိုက်တဲ့စကားဖြစ်တယ်လို့ ကျွန်တော်ကတော့ ယုံကြည်လိုက်ပါတယ်။

ဆိုင်အတွင်းမှာ ခဏမျှ ငြိမ်သွားကြပါတယ်။ အဘိုးကို ကြည့်နေကြတဲ့ သားသမီးတွေရဲ့ မျက်လုံးတွေဟာ အရောင်ပြောင်းလာတယ်လို့ ကျွန်တော်ထင်လိုက်တယ်။

သူတို့ရဲ့ အကြည့်တွေဟာ လေးစားချစ်ခင်ရတဲ့ ကြင်နာမှုတွေ အပြည့်ရှိနေတဲ့ အဘိုးကြီးတစ်ယောက်ကို တွေ့လိုက်ရလို့ ကြည့်နေတဲ့ အကြည့်မျိုးဖြစ်လာပါတယ်။ သူတို့ဟာ သူတို့အဖေရဲ့ နှလုံးသားဆီရောက်အောင် ထိုးဖောက်မြင်နိုင်သွားတဲ့အထိ ကြည့်နေကြတယ်လို့ ထင်မှတ်ရပါတယ်။

နောက်ဆုံးတော့ သူတို့ဟာ အဘိုးရဲ့နဖူးကို ညင်သာစွာ နမ်းပြီး ဆိုင်ထဲက အေးအေးဆေးဆေး ထွက်သွားကြပါတယ်။ အန်ကယ်လောင်း

http://www.cherrythitsar.org



ကတော့ နောက်ဆုံးမှ ထွက်သွားပါတယ်။ ဆိုင်ဝရောက်တော့ အန်ကယ် လောင်းက အဘိုးဆီ ပြန်လှည့်ကြည့်ပြီး . . .

'အဖေ့မှာ နောက်ထပ် အကူအညီလိုရင် ကျွန်တော့်ဆီကို ဖုန်းဆက်လိုက်ပါ'

* * *

## [၄]

အဘိုးဟာ သူ့ဘဝကို နေထွက်က နေဝင် ဒီဆိုင်လေးထဲမှာပဲ ကုန်ဆုံးလာစေခဲ့တာ ကြာပါပြီ။

အဘိုးရယ်၊ ဒီဆိုင်လေးရယ်၊ အဘိုးရဲ့ ဖောက်သည်တွေရယ် အဲဒါတွေဟာ သွေးကြောတစ်ခုတည်းက လှည့်ပတ်စီးဆင်းနေကြတဲ့ သွေးတွေလို ရောနှောနေတာလည်း ကြာခဲ့ပါပြီ။

ညနေ ဆိုင်ပိတ်ချိန်သို့ ရောက်တော့ အဘိုးက ကျွန်တော့်ကို မြစ်ကမ်းနံဘေးမှာ လမ်းလျှောက်ဖို့ ခေါ်ပါတယ်။

ဆိုင်ကို သော့ပိတ်ပြီး ကျွန်တော်တို့နှစ်ယောက် မြစ်ကမ်းနံဘေးကို လက်တွဲပြီး လျှောက်လာကြပါတယ်။

မြစ်ကမ်းနံဘေးရောက်တော့ တငြိမ့်ငြိမ့်စီးဆင်းနေတဲ့ မြစ်ပြင်ကို နှစ်ယောက်သား ငေးကြည့်နေမိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ဘာစကားမျှ မပြောဖြစ်ကြ။ တိတ်ဆိတ်မှုတွေသာ လွှမ်းနေပြီး အတွေးကိုယ်စီနဲ့ ဖြစ်နေကြပါတယ်။

နောက်ဆုံးတော့ ကျွန်တော့်ရဲ့ သိချင်စိတ်ပြင်းပြခဲ့တဲ့ အကြောင်းတစ်ခုကို အဘိုးဆီက ကြားချင်လာပါတယ်။

'အဘိုး . . . အဘိုးဟာ ချမ်းသာတဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတဲ့အကြောင်း . . . ကျွန်တော့်ကို ပြောပြပါလား'

အဘိုးဟာ ကျွန်တော့်ကို ကြင်နာမှုတွေ ဖုံးနေတဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး ပြုံးလိုက်ပါတယ်။ အဘိုးရဲ့ အပြုံးဟာ အင်မတန်မှ တွေ့ရခဲတဲ့ အပြုံးတစ်ခုဖြစ်ကြောင်း ကျွန်တော် သိလိုက်ပါတယ်။

'အဘိုးရဲ့ ချမ်းသာမှုတွေကတော့ ဘုရားသခင်ကို နားလည် လက်ခံထားတဲ့ ယုံကြည်မှုတွေပါပဲ . . . နောက်ပြီး အဘိုးဟာ စိတ်ရင်းစေတနာ

ကောင်းတဲ့ မိသားစုတစ်စုကိုလည်း ပိုင်ဆိုင်ထားတယ် . . . ငါ့မြေးဟာလည်း အဘိုးပိုင်ဆိုင်ထားတဲ့ ချမ်းသာကြွယ်ဝမှုထဲက အစိတ်အပိုင်းတစ်ခုပေါ့ကွယ်'

အဘိုးရဲ့ စကားအဆုံးမှာ ကျွန်တော်ဟာ အဘိုးရဲ့လက်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်မိတယ်။

ကျွန်တော့်ရင်ထဲမှာတော့ ကြည်နူးမှုလိုလို၊ ဝမ်းနည်းမှုလိုလို ကျွန်တော်နားမလည်နိုင်တဲ့ ခံစားမှုတစ်မျိုး ဖြစ်လာပါတော့တယ်။

**စံပယ်ဖြူမဂ္ဂဇင်း၊ ၁၉၉၈၊ စက်တင်ဘာလ။**

**"Bert Clompus" ရဲ့ "Little Store on Calder Street" ကို ဆီလျော်အောင် ပြန်ဆိုပါသည်။**

http://www.cherrythitsar.org

ဝိုးသာခွန်း [မုံရွာ]

# ဆပ်ပိုးရှားချင်းများ

ဂျီရိုနီနိုမီယာ (JIRO NINOMIYA) သည် ဂျပန်ပြည်မှ အမေရိကန်ပြည်ထောင်စုသို့ ရာစုနှစ်အကူးအပြောင်းတွင် ပြောင်းရွှေ့လာပြီး မြေကေအနည်းငယ်ကို ဆန်ဖရန်စစ္စကို၏ အရှေ့မြောက်ပိုင်းတွင် ဝယ်ယူလိုက်သည်။ ဤမြေတွင် ပေါက်ရောက်နေသော ထန်းပင်၏ အလွန်တွင် သူတို့မိသားစု နေထိုင်ရန် အိမ်တစ်ဆောင် ဆောက်လိုက်ပါသည်။ အိမ်၏နောက်ဘက်တွင် နှင်းဆီပင်များကို စိုက်ပျိုးပြုစုပြီး နှင်းဆီပန်းများကို ထရပ်ကားဖြင့် သယ်ယူ၍ ဆန်ဖရန်စစ္စကို မြို့သို့ တစ်ပတ်လျှင် သုံးကြိမ် နံနက်တိုင်း တင်ပို့သည်။

သူတို့နေထိုင်ရာမှ လမ်းကို ကျော်ဖြတ်လျှင် လမ်းတစ်ဖက်တွင် ဖရက်ဒရစ်အာဘီး နေထိုင်ပါသည်။ သူသည် ဆွစ်ဇာလန်နိုင်ငံမှ လာရောက်နေထိုင်သူဖြစ်သည်။ ဂျီရိုနီနိုမီယာကဲ့သို့ပင် ဖရက်ဒရစ်သည်လည်း သူ၏ အိမ်နောက်ဖေးမြေကွက်လပ်ငယ်တစ်ကွက်တွင် နှင်းဆီပင်များကို စိုက်ပျိုးသည်။

မကြာမီ အချိန်အတွင်းမှာပင် မိသားစုသည် ချစ်ချစ်ခင်ခင်ရှိလာကြပြီး စီးပွားရေးလည်း အောင်မြင်ကြသည်။ ၎င်းတို့၏ နှင်းဆီပန်းများသည် ပန်းအိုးထဲတွင် တာရှည်အထားခံသဖြင့် ဆန်ဖရန်စစ္စကိုမြို့ ဈေးကွက်တွင် နာမည်ကောင်းသည်။ နောက်ပိုင်းတွင် သူတို့၏သားနှစ်ယောက်ဖြစ်သော တမာကိနီမိုမီယာနှင့် ဖရန့်စစ်အာဘီးတို့သည် သူတို့မိသားစု၏ အိမ်ခြံမြေများကို သိမ်းယူပြီး တာဝန်ယူကြသည်။

http://www.cherrythitsar.org



နှစ်ဖက်မိသားစုများသည် ပို၍ ညီညွတ်ကြရန် အလုပ်ကို ပင်ပင်ပန်းပန်း ကြိုးစားလုပ်ကိုင်ကြသည်။ ၁၀ စုနှစ် လေးခု၊ နှစ်လေးဆယ်နီးပါး နီနိုမီယာနှင့် အာဘီးတို့သည် အိမ်နီးချင်းကောင်းများ ဖြစ်ခဲ့ကြသည်။ ဤသည်မှာ တစ်ဦး၏ယဉ်ကျေးမှုကို တစ်ဦးက ပျော်ပျော်ရွှင်ရွှင် လိုက်နာကြ၍လည်း ဖြစ်သည်။

ထို့နောက်မှာကား ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဂျပန်သည် ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ပါတော့သည်။ ထို့ကြောင့် အမေရိကန်ပြည်တွင် နေထိုင်လျက်ရှိကြသော ဂျပန်တိုင်းရင်းသား ဂျပန်လူမျိုးများကို ခြေချုပ်စခန်းများသို့ ပို့မည်ဟု ကာလီဖိုးနီးယားတွင် အရပ်သတင်း ပျံ့လွင့်လျက်ရှိသည်။ တမာကီ၏ ဇနီး ဟာယာနီသည် အမေရိကန်နိုင်ငံသူ ဖြစ်သည်။ သူတို့၏ကလေးများသည်လည်း အမေရိကန်နိုင်ငံသားများ ဖြစ်ကြသည်။ တမာကီသည် ဂျပန်ပြည်တွင် မွေးဖွားသူဖြစ်သည်။ သူသည် မည့်သည့်အခါကမျှ အမေရိကန်တိုင်းရင်းသားအဖြစ် ခံယူခဲ့ခြင်းမပြုခဲ့ပေ။

ဖရန့်စစ်အာဘီး၏ ဇနီး ကာရီနှင့် သူတို့၏ ကလေးနှစ်ယောက်သည် လမ်းကို ဖြတ်ကူးသွားပြီး တမာကီ၏ အိမ်တံခါးကို ခေါက်ကြသည်။ အသက် ကိုးနှစ်အရွယ် သမီး လီနာအာဘီးသည် အိမ်အတွင်းသို့ စိုက်ကြည့်နေသည်။ ထိုအခါ ဖခင်ဖြစ်သူက

'တို့လမ်းကို ဖြတ်ပြီး တစ်ယောက်နဲ့တစ်ယောက်၊ တစ်အိမ်နဲ့တစ် အိမ် အတူနေထိုင်ခဲ့ကြတာ အချိန်ကာလကြာပါပြီ'

ဟု ပြောပြသည်။

'မျိုးဆက်သုံးဆက်'

ဟု တမာကီက ပြောသည်။ သူ၏ ကလေးငါးယောက်ကိုလည်း ခေါင်းငဲ့၍ ကြည့်လိုက်သေးသည်။

ဖရန့်စစ်အာဘီးသည် သူ၏ သူငယ်ချင်း စိတ်အေးချမ်းစေရန်အတွက် အကယ်၍ လိုအပ်ပါလျှင် နီနိုမီယာ၏ ပန်းခြံကို ကြည့်ရှုစောင့်ရှောက်ပေးပါမည်ဟု ပြောသည်။ ဤသည်မှာ ရှင်းရှင်းရိုးရိုး ပြောခြင်းဖြစ်ပါသည်။ ၎င်းတို့မိသားစုနှစ်ခုစလုံးသည် ဘုရားကျောင်း အတူတက်ကြစဉ်က အသိပညာ ရရှိခဲ့ကြပြီးဖြစ်သည်။

'အိမ်နီးချင်းအား မိမိကိုယ်ကို ချစ်သကဲ့သို့ ချစ်ခင်ပါ'

'မင်းကလည်း တို့အပေါ်ကို အဲဒီနည်းအတိုင်း ချစ်ခင်ပါ၊ ဆောင်ရွက်ပါ'

http://www.cherrythitsar.org



ဟု ဖရန့်စစ်က ပြောသည်။

၁၉၄၂ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်။

သမ္မတ ဖရင့်ကလင်ဒီ ရုဗက် (Franklin D. Roosevelt) သည် တရားဝင်အမိန့်ကို လက်မှတ်ရေးထိုးလိုက်သည်။ ယင်းအမိန့်သည် တစ်စုံတစ်ဦး သို့မဟုတ် လူအများကိုဖြစ်စေ၊ စစ်နယ်မြေဒေသဟု သတ်မှတ်ထားသည့် နေရာဒေသတွင် နေခွင့်မပြုကြောင်း။

ဤသည်ကို ပြည်သူအများ သုံးသပ်ထင်မြင်ကြသည်မှာ ဂျပန်လူမျိုးများအား ယူနိုက်တက်စတိတ်၏ အနောက်ဘက်ကမ်းရိုးတန်းမှ ထွက်ခွာသွားကြရန် ရည်ရွယ်ရင်းဖြစ်သည်ဟု ဆိုသည်။

ချက်ချင်းဆိုသလိုပင် အခြေအနေ ရုတ်တရက် ပြောင်းလဲသွားသည်။ ဂျပန်လူမျိုးများအား ခဲ၊ ကျောက်ခဲများနှင့် ပစ်ကြ၊ ပေါက်ကြသည်။ ထို့ပြင် ဂျပန်လူမျိုးများနှင့် အပေါင်းအသင်းလုပ်သူများကိုပင် သပိတ်မှောက်ကြသည်။

တရားဝင် အမိန့်ကို အသံလွှင့်ဌာန သတင်းအခန်းမှ ကြေညာလိုက်သည့်အခါ တမာကီနှင့် ဟာယာနီတို့ အရေးတကြီးပင် ဖရန့်စစ်အာဘီး အိမ်သို့ ကူးလာကြပြီး တစ်မုဟုတ်ချင်း ပြောင်းလဲသွားသည့် အခြေအနေများကို ဆွေးနွေးကြသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး နီနိုမီယာ၏ အစိမ်းရောင်အိမ်အတွင်းသို့ ရေပေးစနစ်ကို ဆွေးနွေးတိုင်ပင်ကြသည်။

ဖရန့်စစ်အာဘီးက သူ၏သူငယ်ချင်းအား

'စိတ်ချပါ၊ ငါတို့ အစိမ်းရောင်အိမ်ကို အရာအားလုံး မူလအခြေအနေ ပြန်ရောက်သည်အထိ လုံခြုံအောင် စောင့်ရှောက်ပါမည်'

ဟု ပြောသည်။

ဖေဖော်ဝါရီလ ကုန်ခါနီး တစ်နေ့သော မွန်းလွဲချိန်တွင် မော်တော်ကားအနက်ရောင် တစ်စီးသည် နီနိုမီယာ၏ အိမ်ဝင်းအတွင်း ထိုးရပ်လိုက်သည်။

အာဘီးကြည့်နေဆဲမှာပင် တမာကီအား အစောင့်အကြပ်များက ကားပေါ်တင်ပြီး ချက်ချင်း တင်သွားသည်။

နောက် မကြာမီကာလအတွင်း စီစဉ်ထားသည့် ပြောင်းရွှေ့စခန်း (ခြေချုပ်စခန်း) သို့ ဂျပန်လူမျိုး ဂျပန်အဆက်အနွယ်များကို ပို့လိုက်သည်။ ထို့ပြင် အမေရိကန်ပြည်သားအဖြစ် ခံယူထားသည့် အမေရိကန်တွင် မွေးသည့် ဂျပန်များလည်း ပါဝင်သည်ဟု ကြေညာသည်။

http://www.cherrythitsar.org



ဩဂုတ်လတွင် ကျန်ရှိနေသော နီနိုမီယာ၏ မိသားစုများကို ကိုလိုရာဒိုနယ်မြေ သစ်ပင်ဝါးပင်ကြီးများ ပေါက်ရောက်ပြီး ခြောက်သွေ့သောဒေသသို့ ပို့လိုက်သည်။

ပြန်လည်သတ်မှတ်သည့် စုစည်းထိန်းသိမ်းထားသည့် ခြေချုပ်စခန်းတွင် ဂျပန်များနေရန် တန်းလျားများ ဆောက်လုပ်ထားပါသည်။

ယင်းတန်းလျားများကို ကတ္တရာစေး သုတ်ထားသော စက္ကူများဖြင့် မိုးအုပ်ထားပြီး သံဆူးကြိုးများ ပတ်လည်ကာရံထားပါသည်။ လက်နက်ကိုင်အစောင့်အကြပ်များကို လုံလုံလောက်လောက် ချထားပါသည်။ နောက်ပိုင်းမှာတော့ ကာလီဖိုးနီးယားတွင် ဖရန့်စစ်အာဘီးသည် သူ၏ နှင်းဆီပင်များကို အမြစ်မှတူး၍ နှုတ်ပစ်သည်။ ၎င်းနောက် ဟင်းသီးဟင်းရွက်ပင်များကို စိုက်ပျိုးသည်။

ထိုသို့ ပြောင်းလွဲစိုက်ပျိုးလိုက်သဖြင့် ယာသမားအား ရိက္ခာဖူလုံမှု ရရှိစေသည်။ နီနိုမီယာ၏ 'အစိမ်းရောင်အိမ်' အတွင်းတွင် အာဘီးသည် သခွားပင်များနှင့် ခရမ်းချဉ်ပင်များကို နီနိုမီယာပိုင်အဖြစ် စိုက်ပျိုးသည်။ အိမ်ဝင်းခြံနှစ်ခြံစလုံးတွင် နှင်းဆီပင်များ စိုက်ပျိုးရန်အတွက် မြေကွက်အတော်အသင့်ချန်ထားပါသည်။

မနက်ဖြန်ဆိုလျှင် သူ၏ကလေးများကို ရှင်းလင်းပြောပြမည်။ အာဘီး၏ မိသားစုအားလုံးသည် ဖရစ်စစ်၏ ဘေးတွင် အလုပ်လုပ်လျက်ရှိနေကြသည်။ ကလေးများသည် ကျောင်းသို့မသွားမီနှင့် စနေနေ့ ကျောင်းအားရက်များတင် 'အစိမ်းရောင်အိမ်' တွင် အလုပ်လုပ်ကြရသည်။ သူတို့၏ အကူအညီဖြင့် ဖရန့်စစ်သည် တစ်နေ့လျှင် ၁၆ နာရီနှင့် ၁၇ နာရီအထိ တစ်ဆက်တည်း မနားဘဲ အလုပ်လုပ်သည်။

တစ်နှစ်ပြည့်သွားခဲ့ပြီ။

ထို့နောက် နှစ်နှစ်၊ ထို့နောက် သုံးနှစ်။

အခါအခွင့်ကြုံ၍ စာတစ်စောင်တော့ ခြေချုပ်စခန်းမှ ရောက်ရှိ ဖတ်ရှုရပါသည်။ အကောင်းဆုံးသတင်းကတော့ တမာကီအား ခြေချုပ်စခန်းမှ လွှတ်ပေးရတော့မည်ဖြစ်၍ သူတို့၏ မိသားစုသည် ပြန်လည်ပေါင်းစည်းပြီး သူတို့၏ ယခင် ခြံမြေနေရာတွင် ပြန်၍ နေရတော့မည်ဖြစ်သည်။ နီနိုမီယာ၏ တစ်ဦးတည်းသော သား ဒေးဗစ်သည် သူစိမ်းတစ်ရံဆံ တစ်ယောက်ထံမှ အားရှိစရာသတင်းကို ကြားသိရသောအခါ ဝမ်းသာလွန်းအားကြီး၍ ဝမ်းနည်းဝမ်းသာဖြစ်ကာ အော်ငိုပါလေတော့သည်။

http://www.cherrythitsar.org



ဟာယာနီလည်း လွတ်တော့မည်ဟု သတင်းကြားကတည်းက အာဘီးတို့မိသားစုအတွက် သိုးမွေးခြေအိတ်များနှင့် သိုးမွေးဆွယ်တာများကို လက်ထိုး ထိုးပါတော့သည်။ နီနိုမီယာသည် ရင်သွေးငယ်တစ်ယောက်ကိုပင် စခန်းတွင် မွေးဖွားခဲ့ပါသေးသည်။

တစ်နေ့တွင် အများပြည်သူများအတွက် ထုတ်ပြန်သည့် သတင်းကို ကြားသိရပါသည်။ သတင်းကို ကြေညာသည့်စနစ်မှာ ပြန်လည်အခြေစိုက်ထားသည့်စခန်းတွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်မှ အစအဆုံး ကြေညာပေးခြင်းဖြစ်သည်။

ဤသတင်းတွင် ချုပ်နှောင်ခံနေရသူများအား ၎င်းတို့၏ နေအိမ်များသို့ ပို့ပေးတော့မည်ဖြစ်ကြောင်း၊ ဥရောပတွင် ဖြစ်ပွားသော စစ်ပွဲသည်လည်း အဆုံးသတ်သွားပြီဖြစ်ကြောင်း။

နီနိုမီယာမိသားစုသည် ပစ္စည်းများကို ထုပ်ပိုးသယ်ယူပြီး မီးရထားပေါ်သို့ တက်ကြတော့သည်။

ငါတို့တစ်တွေ ဘာတွေကိုများ တွေ့ရမလဲနော်။ အံ့သြစရာတွေများလားဟု တွေးမိသည်။

မီးရထားဘူတာအတွင်းသို့ ရထားဆိုက်ပြီ။ ဘူတာစင်္ကြံပေါ်မှ ဦးထုပ်အနားအပြားကြီးကို ဖော့ရမ်း၍ ကြိုဆိုနေသူတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုသူသည် စိုးရိမ်စိတ်များနေပုံရပြီး ပိန်လှီနေသည်။ ပိန်သမှ မေးရိုးများပင် ငေါ်နေပါသည်။

နီနိုမီယာ၏ အကြီးဆုံးသမီး အဲလစ်သည် သူ၏မောင်ငယ် အသက် ၆ နှစ်သား ဒေးဗစ်ကို လေသံဖြင့် ပြောလိုက်သည်ကတော့

'သိပ်ပြီး ကြည်ညိုလေးစားဖို့ ကောင်းတယ်။ သူကတော့ မစ္စတာ အာဘီးပဲ၊ တို့အိမ်နီးချင်းပေါ့'

ဖရန့်စစ်နှင့် တမာကိနှစ်ယောက်သား အားရပါးရ လက်ဆွဲနှုတ်ဆက်လိုက်သည်မှာ အချိန်အတော်ကြာသွားသည်။ ဖက်ရမ်းနှုတ်ဆက်လိုသော်လည်း မဖက်နိုင်တော့ပေ။

နီနိုမီယာသည် တောပိုင်းဒေသသို့ မော်တော်ကား ဝင်လာသည့်အခါ ကားမှန်တံခါးအတွင်းမှ စိုးရိမ်စိတ်ကြီးစွာဖြင့် အပြင်ဘက်သို့ ကြည့်နေသည်။ နောက်ဆုံး သူတို့သည် ကျောက်ခဲများဖြင့် အကြမ်းဖောက်ထားသည့် လမ်းအတွင်းသို့ ကားကို လှည့်မောင်းပြီး ထန်းပင်အောက်မှ ဖြတ်ကာ အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။

http://www.cherrythitsar.org



တမာကီနှင့် ဟာယာနီ ကားပေါ်မှ ဆင်းလိုက်ကြသည်။ ဂျီရိုနှင့် ကလေးများနောက်မှ ဆက်၍ ဆင်းကြသည်။ သူတို့သည် ပြုံးတုံးပြတဲ ကြည့်ကြသည်။ ဒီမှာ သူတို့၏ နှင်းဆီခြံကို နဂိုအတိုင်း ခြေရာလက်ရာမပျက်။

ပေါင်းသင်ရေလောင်းထားသဖြင့် နှင်းဆီပင်များသည် နေရောင်အောက်တွင် တောက်ပနေကြသည်။ သန့်ရှင်းသည်။ ထွားကျိုင်းပြီး သန်စွမ်းကြသည်။ ဝင်ငွေကောင်းသည်။

ထို့ကြောင့်လည်း ဘဏ်တွင် အပ်ထားသော လက်ကျန်ငွေစာအုပ် Pass Book ကို ဖရန်စစ်သည် တမာကီ၏လက်သို့ လွှဲအပ်လိုက်သည်။ 'CARRIE AEBI' သည် လမ်းကို ဖြတ်၍ကူးလာသည်။ သားနှင့်သမီးလည်း ခြံရုံလိုက်ပါလာကြသည်။ သားသမီးများနှင့်အတူတကွ နီနိုမီယာ၏ အိမ်အတွင်းသို့ ဝင်လိုက်ကြသည်။

အိမ်သည် များစွာ သန့်ရှင်းလှပေသည်။ နှင်းဆီခြံကဲ့သို့ပင် တောက်ပြောင်စွာ ကြို့ဆိုလျက်ရှိပေသည်။

ဒီမှာ ညစာစားခန်းအတွင်းရှိ စားပွဲပေါ်တွင် ရဲရဲနီနေသော နှင်းဆီဖူးနှင့် နှင်းဆီပွင့်ကြီးများကို စုပြီး စီရရီထားသည့် ပန်းစည်းကြီးတစ်စည်း ရှိနေပါသည်။

ယင်းသည် ပန်းစည်းဖြေပေးမည့်သူကို စောင့်မျှော်လျက်ရှိပါသည်။ အိမ်နီးချင်းတစ်ဦးမှ တစ်ဦးသို့ပေးသော လက်ဆောင်ဖြစ်ပါသည်။

ယနေ့ဆိုလျှင် ရာစုနှစ်တစ်ဝက် ကုန်ဆုံးသွားပါပြီ။ နီနိုမီယာနှင့် အာဘီးတို့သည် လမ်းဟိုဘက်ဒီဘက် နေထိုင်ဆဲပင် ဖြစ်ပါသည်။ မျက်နှာချင်းဆိုင်အိမ်တွင် နေကြဆဲ။ ချစ်ခင်ကြဆဲပင်။

သူတို့သည် နှင်းဆီပန်းများကို အစုစပ်ဖြင့် မင်္ဂလာဆောင်များ၊ ဘွဲ့ယူသူများနှင့် အသုဘများသို့ ဖြန့်ဖြူးရောင်းချသည်။

၎င်းအပြင် တမာကီ၏ အထိမ်းအမှတ် ဝတ်ပြုပွဲသို့လည်း နှင်းဆီပန်းများကို ပေးပို့ရပါသည်။

တမာကီသည် အသက် ၉၂ နှစ်၊ ၁၉၄၂ ခုနှစ်၊ ဇူလိုင်လတွင် အနိစ္စရောက်ခဲ့ပါသည်။ မိသားစုများသည် အစုစပ်ဖြင့် စီးပွားရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လျက်ရှိကြသည်။

အချိန်ကာလ မကြာသေးခင်က 'LINA' (လီနာ) သည် အာဘီး နှင်းဆီခြံကို တူးမြောင်းစနစ်သစ်ဖြင့် ရေပေးစိုက်ပျိုးခြင်းကို သူမ၏ အိမ်နီးချင်းများက ချီးမွမ်းအံ့သြကြပါသည်။

http://www.cherrythitsar.org



နောက်နေ့တွင် နီနိုမီယာ မိသားစုဝယ် အလုပ်ကြီးကြပ်သူသည် လီနာ၏အိမ်သို့ ရောက်ရှိလာပါသည်။ ၎င်း၏ လက်ထဲတွင် စနစ်သစ်အတွက် ပုံဆွဲရန် ပုံဆွဲပစ္စည်း တစ်စုံပါရှိလာပါသည်။

မိသားစုနှစ်စုစလုံးသည် (SALINAS) မြစ်အနီးတွင် လုပ်ငန်းတိုးချဲ့လိုက်ပါသည်။ 'DAVID NINOMIYA' သည် နည်းသစ်တစ်ခုကို အသုံးပြုလုပ်ကိုင်လျက်ရှိသလို ဖရန့်စစ်အာဘီး ဂျူနီယာကလည်း အခြားနည်းသစ်တစ်ခုဖြင့် လုပ်ကိုင်လျက်ရှိပါသည်။

ပင်ကိုယ်မူလကပင် ဆာလီနတ်(စ်)မြစ်၏ အနီးအနားတွင် စိုက်ပျိုးထားသည့် လမ်း၏ တစ်ဖက်စီတွင် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်တွင် ဆောက်လုပ်နေထိုင်ကြသဖြင့် အာဘီးနှင့် နီနိုမီယာတို့သည် ဆက်လက်ပြီး အိမ်နီးချင်းကောင်းများအဖြစ် နေထိုင်သွားကြပေလိမ့်မည်။

(အိမ်နီးချင်းကောင်းများ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ ပွားများနိုင်ကြပါစေသတည်း။)

**တေးကဗျာမဂ္ဂဇင်း ၊ တွဲ - ၁၃ ၊ အမှတ် - ၉ ၊ ၁၉၉၇ ။**

**၁၉၉၃ ခုနှစ်၊ ရီးဒါးဒိုင်ဂျက်မှ စာရေးဆရာ 'JOHN SHERRIUL' ၏ NEIGHBOURS ကို ဆီလျော်အောင် ပြန်ဆိုပါသည်။**

ကြည်သာဦး

# အမေ့နှလုံးသားတွင် ထင်သောအရိပ်

ကျွန်မ သူ့ကို ပထမဆုံး သိရှိအာရုံပြုမိသည်မှာ သူ့လက်များကို ဖြစ်သည်။ ကျွန်မ မည်သည့်အသက်အရွယ်ဆိုသည်ကို ကျွန်မ မမှတ်မိပါ။ သို့သော် ကျွန်မဘဝဖြစ်တည်မှုတစ်ခုလုံးနှင့် ရှင်သန်ရပ်တည်မှုတို့သည် ထိုလက်များနှင့် ဆက်နွှယ်နေသည်။ ထိုလက်များမှာ ကျွန်မ မိခင်၏ လက်များ ဖြစ်ပြီး ကျွန်မမိခင်မှာ မျက်မမြင်ဖြစ်လေသည်။

မီးဖိုဆောင်စားပွဲတွင် ထိုင်ကာ ပုံကားချပ်တစ်ခုအား အရောင်ခြယ်ခဲ့သည်ကို ကျွန်မ မှတ်မိနေသည်။

'ကြည့်ပါဦး မေမေ၊ သမီးအားလုံးခြယ်ပြီးသွားပြီ'

'အို . . . ပုံလေးက လှတယ်'

ဟု ပြောပြီးလျှင် ကျွန်မမိခင်က သူ့လုပ်လက်စကို ဆက်လုပ်နေသည်။

'မဟုတ်ဘူးမေမေ၊ သမီးပုံကို မေမေ့လက်ချောင်းတွေနဲ့ ကြည့်ပါဦး'

ဟု ကျွန်မက မရမက ပူဆာသဖြင့် မေမေက ကျွန်မဆီ လျှောက်လာကာ ကျွန်မပုံကားချပ်ကို လက်နှင့်လိုက်စမ်းသည်။ ပုံကလေးလှသည်ဟု မေမေ စိတ်လှုပ်ရှားစွာ တုံ့ပြန်ပုံကို ကျွန်မ အမြဲပင် သဘောကျခဲ့သည်။

http://www.cherrythitsar.org



မေမေက ပစ္စည်းများကို လက်နှင့်စမ်းပုံမှာ ထူးဆန်းသည်ဟူသော အတွေးမျိုး ကျွန်မ မည်သည့်အခါမှ မတွေးမိပေ။ ကျွန်မ မျက်နှာကို ကိုင်တွယ်စမ်းသပ်ပုံ၊ ကျွန်မက ပြသည့်ပစ္စည်းများကို စမ်းသပ်ပုံတို့ကိုလည်း ထူးဆန်းသည်မထင်မိပေ။ ကျွန်မကိုလည်းကောင်း၊ ကျွန်မပြသည့်ပစ္စည်းများကိုလည်းကောင်း ကျွန်မဖေဖေက မျက်စိနှင့်ကြည့်သည်ကို ကျွန်မသိသည်။ ဘွားဘွားသို့မဟုတ် ကျွန်မတို့အိမ်သို့ ရောက်လာကြသူ မည်သူမဆိုတို့ကလည်း မျက်လုံးနှင့်ပင် ကြည့်ကြောင်း ကျွန်မသိသည်။ သို့သော် မေမေက မျက်စိအသုံးမပြုသည်မှာ ထူးဆန်းသည်ဟု ကျွန်မ မည်သည့်အခါမှ မတွေးပေ။

ကျွန်မ၏ ဆံပင်ရှည်ကြီးအား မေမေဖြီးပေးပုံကို ကျွန်မ သတိရဆဲဖြစ်သည်။ မေမေက သူ့လက်မကို ကျွန်မ၏ မျက်ခုံးနှစ်ခုကြား နှာရောင်ထိပ်တွင် ထောက်သည်။ လက်ညှိုးကို ကျွန်မငယ်ထိပ်တွင် ထောက်ထားသည်။

ဤအမှတ်နှစ်ခုကို ချိန်သားကိုက်နေခြင်း ဖြစ်ကောင်းဖြစ်မည်။ ထို့နောက် ဘီးကို လက်ညှိုးဆီမှနေ၍ လက်မဆီသို့ ဆွဲချသည်။ ဤနည်းဖြင့် ဆံပင်အခွဲသည် ကျွန်မခေါင်း၏ အလယ်တည့်တည့်တွင်ရှိသည်ဟု မေမေမျှော်လင့်ထားသည်။ မေမေ ဆံပင်ဖြီးပေးနိုင်သည့် အရည်အချင်းနှင့် စပ်လျဉ်း၍ ကျွန်မ မည်သည့်အခါမျှ စောကြောခြင်း မရှိခဲ့ပါ။

ကျွန်မ ကစားရင်း အကြိမ်ပေါင်းများစွာ လဲကျခဲ့ရာတွင် ကျွန်မက ငိုယို၍ပြန်လာပြီး ကျွန်မဒူးခေါင်း ပေါက်ပြဲသွေးထွက်နေကြောင်း၊ မေမေ့ကို ပြောလျှင် မေမေ၏ ညင်သာသည့် လက်များဖြင့် အနာကို ဆေးကြောပေးပြီး ပတ်တီးတစ်ခုကို ကျွမ်းကျင်စွာ စည်းပေးတတ်သည်။

ကံမကောင်း အကြောင်းမလှစွာပင် တစ်နေ့တွင် ကျွန်မမေမေ မထိမကိုင်လိုသည့် အချို့အရာဝတ္ထုများ ရှိကြောင်း ကျွန်မ သိလိုက်ရသည်။ ကျွန်မတို့ အိမ်ရှေ့စင်္ကြံလမ်းပေါ်တွင် ငှက်သေးသေးကလေးတစ်ကောင် သေနေသည်ကို တွေ့သဖြင့် ကျွန်မ မေမေ့ကို ပြရန် ကောက်ယူ၍ အိမ်ထဲယူခဲ့သည်။ ငှက်ကိုစမ်းမိစေရန် မေမေ့လက်ကို ကျွန်မက ဆွဲကိုင်ရင်း

'သမီး ဘာတွေ့ခဲ့လည်း ကြည့်စမ်းပါဦး မေမေ'

ဟု ပြောလိုက်ရာ မေမေက

'အဲဒါ ဘာလဲ'

ဟု မေးသည်။

ကျွန်မ လက်ဝါးဖြန့်၍ တင်ထားသော ငှက်အသေကောင်လေးကို အသာအယာစမ်းကြည့်ရင်း . . .

'ဒါ ဘာလဲ'

ဟု မေးသည့် မေမေ့အသံတွင် အထိတ်တလန့်သံပါနေသည်ကို ကျွန်မ ကြားရသည်။

'ငှက်အသေလေး'

ဟု ကျွန်မက ဖြေလိုက်သည်။ ထိုအခါ မေမေက ကြောက်လန့်တကြားအော်ပြီး လက်ကို အမြန်ရုပ်လိုက်ကာ ကျွန်မရော ငှက်ပါ အိမ်ပြင်ထွက်ခိုင်းသည်။

ထို့နောက် ယင်းကဲ့သို့ ပစ္စည်းမျိုးကို နောက်နောင်တွင် မည်သည့်အခါမှ ကိုင်မခိုင်းစေရဟုလည်း ကျွန်မကို ဆုံးမသည်။

အနံ့ရခြင်း၊ အသံကြားခြင်း၊ ထိတွေ့စမ်းသပ်ခြင်းနှင့် စပ်လျဉ်းသော မေမေ့စွမ်းအားကို ကျွန်မ မခန့်မှန်းတတ်ခဲ့ပါ။ တစ်နေ့တွင် မေမေစားပွဲပေါ်တင်ထားခါစ ကွတ်ကီးမုန့်တစ်ပန်းကန်ကို ကျွန်မတွေ့သည်။ ကျွန်မက မုန့်တစ်ခုကို အသာနှိုက်ကာ မေမေ ဘာပြောလေမည်နည်းဟု တွေးရင်း သူ့မျက်နှာကို လှမ်းကြည့်လိုက်သည်။

မေမေ ဘာတစ်ခွန်းမှ မပြောပါ။ စင်စစ် ကျွန်မလုပ်သမျှကို လက်နှင့်စမ်းမကြည့်သမျှ မေမေ ဘာမှမသိဟု ကျွန်မက တွေးသည်။ ကျွန်မ မုန့်ဝါးသည်ကို မေမေကြားနိုင်ကြောင်း ကျွန်မ မသိပေ။ ကျွန်မက မုန့်ကိုဝါးရင်း သူ့နားမှဖြတ်လျှောက်စဉ် မေမေက ကျွန်မလက်ကို ဖမ်းဆွဲလိုက်သည်။

'ကယ်ရီ နောက်တစ်ခါကျရင် ဒီအတိုင်းနှိုက်ယူမယ့်အစား အမေ့ဆီမှာ တောင်းပါကွယ်။ သမီးစားချင်သလောက် စားရမယ်။ နောက်တစ်ခါ တောင်းသာတောင်း'

ဟု မေမေက ပြောသည်။

ကျွန်မတွင် အစ်ကိုတစ်ယောက်နှင့် မောင်လေးတစ်ယောက်ရှိသည်။ ကျွန်မတို့ထဲမှ ဘယ်သူဘာလုပ်သည်အား မေမေမည်သို့ သိသနည်းဆိုသည်ကို ကျွန်မတို့ ဘယ်သူမှ မှန်းဆမရကြပါ။ တစ်နေ့တွင် ကျွန်မအစ်ကိုက ခွေးလေခွေးလွင့်တစ်ကောင်ကို ခေါ်လာပြီး အပေါ်ထပ် သူ့အခန်းထဲ တိတ်တဆိတ် ခေါ်သွင်းသွားသည်။

ခေတ္တအကြာတွင် မေမေ အပေါ်ထပ်သို့ တက်သွားကာ အစ်ကို့အိပ်ခန်းတံခါးကို ဖွင့်ပြီး ခွေးကို အိမ်အပြင်ထုတ်ခိုင်းလိုက်သည်။ အိမ်ထဲတွင် ခွေးတစ်ကောင်ရောက်နေကြောင်း မေမေမှန်းဆသိသည့်အဖြစ်ကို ကျွန်မတို့ တအံ့တဩဖြစ်ကြရသည်။

http://www.cherrythitsar.org



ကျွန်မ အသက်ပိုကြီးလာသည့်အခါကျမှ မေမေသည် ကျွန်မတို့ကို စိတ်ဓာတ်ရေးရာအရ ထိန်းကျောင်းမွေးမြူခြင်းဖြစ်ကြောင်း သိလာသည်။ ပါးလျှပ်သည့် နားများနှင့် အနံ့အာရုံခံကောင်းသည့် နှာခေါင်းတို့ဖြင့် တွက်ဆပြီး အများအားဖြင့် အဖြေမှန်ထွက်တတ်သည်။ အိပ်ခန်းကြမ်းပြင်တွင် ခွေး၏ ခြေသည်းခြစ်မိသည့်အသံကို မေမေကြားခြင်းဖြစ်သည်။

နှာခေါင်းကလည်း ရှိသေးသည်။ နှာခေါင်းက သိသည်တို့ကလည်း များလှပါဘိ။ တစ်နေ့တွင် ကျွန်မနှင့် ကျွန်မသူငယ်ချင်းတို့ ကျွန်မအိပ်ခန်းထဲတွင် အရုပ်များနှင့် ကစားနေကြသည်။ ကျွန်မက မေမေ့အခန်းထဲသို့ လစ်ခနဲဝင်သွားပြီး မေမေ့ရေမွှေးများဖြင့် အရုပ်များကို ဆွတ်လိုက်သည်။

ထို့နောက်တွင် ကျွန်မက အောက်ထပ်ပြေးဆင်းပြီး မေမေ့ကို မေးခွန်းတစ်ခု သွားမေးသည်။ ဤသည်မှာ ကျွန်မအမှားပင်ဖြစ်သည်။ ကျွန်မ သူ့အခန်းတွင်းဝင်ပြီး သူ့ရေမွှေးများကို သုံးသည်ကို သူသိကြောင်း မေမေက ချက်ချင်းပင် ပြောလေသည်။

နားများကလည်း ကျွန်မတို့ လုပ်သမျှကို သိသည်။ တစ်ညတွင် ကျွန်မ ရုပ်မြင်သံကြားကို တိုးတိုးဖွင့်ကာ အိမ်စာလုပ်ရင်း ဧည့်ခန်းထဲတွင် တစ်ယောက်တည်းရှိနေသည်။ မေမေက အခန်းထဲဝင်လာပြီးလျှင်

'ကယ်ရီ သမီးက အိမ်စာလုပ်တာလား၊ တီဗီကြည့်နေတာလား'

ဟု မေးပါသည်။ ကျွန်မ အနည်းငယ် အံ့သြသွားသည်။ သို့သော် မေမေ့ မေးခွန်းကို ပြန်ဖြေပြီးနောက် ကျွန်မက အိမ်စာဆက်လုပ်သည်။ နောင်ကျမှ ကျွန်မ တွေးမိသည်မှာ ဧည့်ခန်းထဲတွင် ကျွန်မအစ်ကိုနှင့် မောင် သို့မဟုတ် အစ်မတစ်ယောက်ယောက်မဟုတ်ဘဲ ကျွန်မတစ်ယောက်တည်းရှိနေသည်ကို မေမေ မည်သို့သိသနည်းဆိုသည့် အချက်ပင်။ ကျွန်မက မေမေ့ကို မေးသည်။

'စိတ်မကောင်းပါဘူး သမီးရယ်။ သမီး လည်ချောင်းထဲဆို့နေတဲ့ အလုံး ပျောက်သွားပြီဖြစ်ပေမဲ့ သမီးဟာ ပါးစပ်နဲ့ အသက်ရှူနေတုန်းပဲလေ။ အမေကြားတာပေါ့'

ဟု ပြန်ဖြေသည်။

အရုပ်မျက်နှာနှင့် စပ်လျဉ်း၍လည်း မေမေ ကောင်းကောင်းသိသည်။ မေမေ့တွင် နှစ်ယောက်တွဲစီး (ထိုင်ခုံနှစ်ခုံ၊ ခြေနင်းနှစ်စုံ) စက်ဘီးတစ်စီးရှိရာ ကျွန်မတို့ မောင်နှမများက မေမေနှင့် အလှည့်ကျ တွဲစီးကြသည်။ ကျွန်မက ရှေ့ထိုင်ခုံတွင် ထိုင်၊ လက်ကိုင်ကိုထိန်း၊ ခြေနင်းကိုနင်း၊ မေမေက အနောက်

http://www.cherrythitsar.org



ထိုင်ခုံတွင် ထိုင်။ ကျွန်မတို့ မည်သည့်နေရာရောက်နေသည်ကို မေမေ အမြဲ သိနေသလိုပင်။ ပြီး ဘယ်ဆီဘယ်ဘက် စသည်တို့ကိုလည်း မှန်မှန်ကန်ကန် ညွှန်နိုင်သည်။

ကျွန်မတို့ လမ်းဆုံတစ်ခုနှင့် နီးလာလျှင် သို့မဟုတ် အမြန်မောင်း နှင်လာသည့် မော်တော်ကားတစ်စီး ယာဘက်မှလာနေလျှင် မေမေက အမြဲသိသည်။

ကျွန်မ ကိုးနှစ်သမီးအရွယ်လောက်က တစ်ညတွင် ကျွန်မ ရေချိုး သည့်အခါ ကျွန်မခန္ဓာကိုယ် မည်သည့်နေရာကို ရေမစိုသေးဆိုသည်ကို မေမေ မည်သို့ သိပါသနည်း။ ကျွန်မက ရေထဲတွင် (ရေချိုးကန်) အရုပ်များနှင့် ကစားရင်း အကြီးအကျယ်ပျော်နေသည်။

'ကယ်ရီ သမီးမျက်နှာနဲ့ နားရွက်တွေ ဘာမှမလုပ်ရသေးဘူး မဟုတ် လား'

ဟု လှမ်းအော်ပါသည်။

ကျွန်မ မလုပ်ရသေးပါ။ သို့သော် မေမေ မည်သို့သိပါသနည်း။ ရေချိုးကန်ထဲတွင် အရုပ်နှင့် ကစားနေသူ မိန်းကလေးတစ်ယောက်သည် သူ့ ကိုယ်သူ တိုက်ချွတ်ဆေးကြောရန် အဆော့ရပ်လိမ့်မည်မဟုတ်ကြောင်းကို မေမေသိခြင်းဖြစ်သည်။ ကျွန်မတို့ကို ပြုစုပျိုးထောင်ရာတွင် မေမေသည် သူ၏ စိတ်မျက်စိကိုလည်း အသုံးပြုကြောင်း ကျွန်မ သိလာရသည်။

ကျွန်မတို့ စိတ်မကောင်းဖြစ်ရသည့် အကြောင်းတစ်ခုမှာမူ ကျွန်မ တို့ အဘယ်ရုပ်ရည်မျိုးရှိကြောင်း မေမေမသိဆိုသည့် အချက်ပင်။ ကျွန်မ ၁၇ နှစ်အရွယ်နီးပါး တစ်နေ့တွင် ကျွန်မရေချိုးခန်းမှန်ရှေ့ရပ်ပြီး ဆံပင်ဖြီးနေ သည်။ ကျွန်မ ဆံပင်အရှည် မည်မျှရှိကြောင်းသိရန် မေမေက လက်နှင့် စမ်း ကြည့်နေသည်။

'ကျွန်မတို့တွေ ဘယ်သူက ဘယ်ရုပ်မျိုးဆိုတာ မေမေ တကယ် မသိဘူးမဟုတ်လား ဟင်'

ဟု ကျွန်မက မေးမိသည်။

'သိတာပေါ့ကွယ်'

ဟု မေမေက ပြောသည်။

'သမီးရဲ့ ခန္ဓာကိုယ်သေးသေးကလေးကို အမေ့လက်ထဲ ပထမဆုံး အကြိမ် ထည့်ပေးတဲ့နေ့ကတည်းက သမီးရုပ်ရည်ဘယ်လိုရှိတယ်ဆိုတာ အမေ သိတယ်။ သမီးတစ်ကိုယ်လုံး တစ်လက်မ မကျန် အမေ လက်နဲ့စမ်းကြည့်

http://www.cherrythitsar.org



တယ်။ သမီးခေါင်းပေါ်က ဆံပင်ထွေးပျော့ပျော့ကိုလည်း စမ်းကြည့်တယ်။ သမီးအဖေက ပြောထားလို့ သမီးဆံပင် ရွှေဝါရောင်ဆိုတာ အမေသိတယ်လေ၊ သမီးမျက်လုံးတွေ အပြာရောင်ဆိုတာလည်း သူတို့တွေပြောပြထားလို့ သိနေတယ်။ သမီး သိပ်လှတယ်ဆိုတာလည်း သူများတွေ ပြောကြလို့ အမေသိနေတယ်။ ဒါပေမဲ့ သမီး ဘာနဲ့တူတယ်၊ အတွင်းသန္တာန်က ဘယ်လိုဆိုတာ အမေတကယ်သိပါတယ် သမီး’

ကျွန်မမျက်လုံးများတွင် မျက်ရည်များဝဲနေသည်။

‘သမီးဟာ ကျန်းမာသန်စွမ်းတယ်ဆိုတာ အမေသိတယ်။ တင်းနစ်ကစားကွင်းမှာ သမီးပျော်နေတာကြောင့်ပေါ့။ သမီးမှာ စိတ်ကောင်းရှိမှန်း အမေသိတယ်။ သမီးက ကြောင်ကိုစကားပြောတာ၊ ကလေးလေးတွေနဲ့ စကားပြောတာကို အမေကြားနေရလို့ပဲ။ သမီး ကြင်နာတတ်တဲ့ နှလုံးသားရှိမှန်း အမေသိတယ်။ သမီးဟာ စိတ်ထိခိုက်လွယ်မှန်း အမေသိတယ်။ ဘာကြောင့်လည်းဆိုတော့ တစ်ယောက်ယောက်ရဲ့ အပြောအဆို ခံရတဲ့အခါ သမီး နာနာကြည်းကြည်း တုံ့ပြန်တာတွေ အမေ တွေ့ဖူးကြုံဖူးလို့ပဲ။ သမီးဟာ စိတ်ဓာတ်ကြံ့ခိုင်မှန်း အမေသိတယ်။ သမီးလုပ်သမျှတွေအတွက် ရင်ဆိုင်ခုခံရဲတဲ့ သတ္တိသမီးမှာ ရှိနေတယ်လေ။ သမီးဟာ လူသားတွေကို လေးစားတတ်ကြောင်း အမေသိတယ်။ သမီး အမေ့ကို ပြုမူဆက်ဆံပုံတွေက ပြနေတယ်။ သမီးအသက်အရွယ်နဲ့ သမီးကိုယ်ကို သမီး ထိန်းကျောင်းနိုင်တယ်ဆိုတော့ သမီးမှာ ဉာဏ်ပညာအမြော်အမြင်ရှိတယ်ဆိုတယ်ဆိုတာ အမေသိတယ်။ ပြီးတော့ သမီးဟာ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ဖြစ်ပြီးတော့ စိတ်မရှည်တာလေး အရိပ်အငွေ့လောက် တွေ့ရတယ်။ ဒါက ဘာကိုပြသလဲဆိုတော့ သမီးမှန်တာကို လုပ်တဲ့အခါ ဘယ်သူမှ တားလို့မရဘူးဆိုတာပဲ။ သမီးဟာ မိသားစုအပေါ် ချစ်ခင်တယ်။ အစ်မတွေ၊ အစ်ကိုတွေ၊ မောင်တွေကို သမီး ကာကွယ်ပြောဆိုပေးနေတာတွေ အမေကြားနေရလို့ပဲ။ သမီးဟာ မေတ္တာတရားကြီးမားတယ်ဆိုတာ အမေသိတယ်။ အမေနဲ့ အဖေကို သမီး မေတ္တာကြီးမားကြောင်း အကြိမ်ကြိမ်ပြခဲ့ပြီးပြီလေ။ သမီးအမေဟာ မျက်မမြင်တစ်ယောက်ဖြစ်နေတယ်ဆိုတာကြောင့် စိတ်ထဲ ကသိကအောင့်ဖြစ်တာကို ဘယ်တုန်းကမှ ဘယ်လိုနည်းနဲ့မှ မဖော်ပြခဲ့ဘူး။ အဲဒီတော့ သမီးလေးရယ် သမီးကို အမေမြင်ပါတယ်။ သမီးဘယ်လိုပုံပန်းဆိုတာလည်း အမေအတိအကျသိပါတယ်။ ပြီးတော့ အမေ့အနေနဲ့တော့ သမီးဟာ အချောအလှလေးပါ’

ဟု ပြောပြီး ကျွန်မကို အမေက သူ့ဘက်သို့ ဆွဲဖက်လိုက်သည်။

http://www.cherrythitsar.org



ထိုအဖြစ်မှာ လွန်ခဲ့သော ၁၀ နှစ်ကဖြစ်ပြီး ယခု မကြာသေးမီကာလက ကျွန်မသည် မိခင်အဖြစ်သို့ ရောက်ခဲ့ပေပြီ။ ကျွန်မ၏ အဖိုးတန်သားကလေးကို ကျွန်မလက်ထဲ ထည့်ပေးကြသည့်အခါ ကျွန်မ မိခင်နည်းတူပင် ကျွန်မသည်လည်း ကျွန်မ ကလေး ကြည့်ရှုနိုင်ပြီး အဘယ်မျှ ချောမောလှပကြောင်း သိရပါသည်။

တစ်ခုတည်းသော ခြားနားချက်မှာ ကျွန်မက ကလေးကို ကျွန်မမျက်စိများဖြင့် ကြည့်နိုင်ခြင်းဖြစ်သည်။ သို့သော် တစ်ခါတစ်ရံတွင် မီးများကို မှိတ်၊ ကလေးကို ပွေ့ချီစမ်းသပ်ရင်း ကျွန်မမိခင် ခံစားသိရှိခဲ့သည်များအားလုံးကို ခံစားသိရှိနိုင်ပါမည်လားဟု စမ်းကြည့်ချင်စိတ် ပေါ်မိလေသည်။

မဟေသီမဂ္ဂဇင်း ၊ ၁၉၉၉ ခု၊ ဧပြီလ။

**(My Own Experience) by Karrey Janvrin Lindenberg.**

**ဖြစ်ရပ်မှန်ဇာတ်လမ်း။**

http://www.cherrythitsar.org

အောင်သင်းမိုး

# ယော်ဟော်ပ်၏
# ညတရွေ

စစ်ပြေးဒုက္ခသည်စခန်းတွင် ဝင်ရောက်ခိုလှုံနေသူ 'အဘူဆေး' သည် သမီးငယ်ကို ပွေ့ချီလျက် ကားလမ်းမိုင်တိုင် တစ်ခုပေါ်တွင် ထိုင်နေသည်။ သူတို့သည် ညဥ့်၏ အမှောင်ထုကို ခုခံတိုက်ခိုက်နေသည်နှင့် တူတော့သည်။ အဘူဆေးသည် ချောင်းငယ်ကလေးတစ်ခုမှ ညင်သာစွာ စီးဆင်းနေသည့် ရေစီးသံကို နားထောင်နေလျက် သမီးငယ်၏ တွန့်လိမ်ပြီး ရွှေရောင်တောက်ပနေသော ဆံစလေးများကို ပွတ်သပ်နေမိသည်။ သူ၏မျက်လုံးအစုံသည် အဝေးမှ တဖြည်းဖြည်း နီး၍နီး၍ လာနေသော ကားတစ်စီး၏ မီးရောင်များ ရွေ့လျားရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်နေမိသည်။

'ငါလုပ်ရဲရမယ် . . .' သူသည် တစ်ကိုယ်တည်း အားပေးနေသည်။ 'ဟုတ်တယ်၊ ဒီညအဖို့ ဒီကားတစ်စင်းပဲ ဖြတ်သွားမှာ . . .'

သမီးငယ်၏ မျက်နှာကို အသာမော့ယူ၍ ကလေးမ၏ မျက်လုံးပြာကလေးများကို စေ့စေ့စပ်စပ် စိုက်ကြည့်နေမိ၏။ ကလေးမ၏ မျက်ဝန်းအစုံသည် ကြေးမုံပြင်ကဲ့သို့ အတိတ်၏ဖြစ်ရပ်များကို ဝိုးတဝါး ထင်ဟပ်နေသည် ဟူ၍ . . .

http://www.cherrythitsar.org



ယခုအချိန်ထိ သူ့မိသားစုသည် အခြားဒုက္ခသည်များကဲ့သို့ပင် အသင်းအဖွဲ့များမှ ပေးကမ်းလှူဒါန်းသော အစားရေစာများဖြင့် အသက်ရှင်နေရဆဲ။

သမီးငယ်သည် မိုးကောင်းကင်ကို မော့ကြည့်နေရင်းမှ ရုတ်တရက်မေးလိုက်သော အမေးကြောင့် အဘူဆေး အတွေးနယ်မှ လှန့်နိုးလိုက်သကဲ့သို့ ဖြစ်သွား၏။

'ဖေဖေ . . . သမီး ကြယ်ကလေးတွေကို ရေတွက်ကြည့်ရင် သမီးရဲ့ လက်တွေနဲ့ မျက်နှာပေါ်မှာ ဝက်ခြံတွေ၊ ကြွက်နို့တွေ ပေါက်တတ်တယ်ဆို၊ ဟုတ်လားဖေဖေ . . .'

သူသည် သမီးလေးနှင့် ရော၍

'ကဲ . . . ကဲ . . . ဒါဖြင့် သမီးနဲ့ ဖေဖေတို့နှစ်ယောက်စလုံး ရေကြည့်ရအောင်၊ ပြီးတော့မှ ဝက်ခြံတွေ ပေါက်သလားဆိုတာ ကြည့်တာပေါ့ ဟုတ်လား သမီး'

သူသည် ကောင်းကင်ပြင်မှ ကြယ်များကို လက်ညှိုးညွှန်၍

'တစ်၊ နှစ်၊ သုံး၊ ဟိုမှာ လေး . . .'

'ဒါကို မေမေက ပြောထားတာ ဖေဖေရဲ့၊ သမီးတို့တော့ ဝက်ခြံတွေ ပေါက်ကုန်တော့မှာပဲနော်'

'သမီးကို မေမေက ကျီစားတာပါ သမီးရယ်'

သမီးလေးသည် ခဏမျှ ငြိမ်နေပြီးနောက် တစ်ခုခုကို သတိရလာသကဲ့သို့ ခေါင်းမော့လာပြီး . . .

'မေမေက ပြောတယ်၊ အစ်မကြီးရဲ့ မျက်နှာပေါ်က ဝက်ခြံတွေဟာ အစ်မကြီး ငယ်ငယ်က ကြယ်ကလေးတွေကို ရေကြည့်မိလို့ ဘုရားသခင်က ဒဏ်ခတ်လိုက်တာတဲ့ ဖေဖေ'

အဘူဆေးသည် မည်သို့ ပြန်ဖြေရမှန်းပင် မသိ။ မိန်းကလေးတွေဟာ အပျိုဖော်ဝင်စဖြစ်လာရင် ဝက်ခြံပေါက်လာတတ်တယ်ဆိုတာ သမီးလေးနားလည်အောင် ဘယ်လိုမှ မရှင်းပြတတ်။

သို့သော် . . . သမီးလေးသည် ကြောက်ရွံ့စွာ သူ၏ အင်္ကျီစများကို ဆွဲ၍ ရင်ခွင်ထဲသို့ အတင်းပူးကပ်လာသဖြင့် သူသည် အကျပ်အတည်းမှ ထွက်ပေါက်ရသွားတော့သည်။

ကား၏မီးရောင်သည် တောင်စောင်းမှ နှေးကွေးစွာ တက်လာသည်ကို မြင်နိုင်ရန် သူသည် ရှေ့သို့ အနည်းငယ်ကုန်း၍ ကြည့်လိုက်သဖြင့် သမီး

http://www.cherrythitsar.org



လေး၏ လက်များသည် သူ၏ အင်္ကျီစများမှ အလိုလို ပြေကျသွားတော့၏။

သူသည် တစ်ကိုယ်တည်း စဉ်းစားနေမိပြန်သည်။

'အဘူမိုဟာမက်ရဲ့ ဆုံးရှုံးမှုအတွက် သူ့ကို ပေါင် ၅၀၀ ပေးတယ်၊ ဟုတ်တယ်၊ ပေါင် ၅၀၀ ပဲမဟုတ်လား'

သူနှင့်အတူ အခြားဒုက္ခသည်တွေ ရုတ်ချည်းဆိုသလို ငွေရဲ့ တန်ဖိုးကြီးမှုကို တအံ့တဩ မြင်လာရသည်။ အဘူမိုဟာမက်၏ ကလေးများ ဝတ်ဆင်ထားသည့် အဝတ်အစား၊ သူတို့အတွက် အာဟာရဖြစ်စေမယ့် အစားအစာများ၊ အခြားဒုက္ခသည်တွေလို မခံစားရတော့ပေ။ ဒါကို အဘူဆေး ကြည့်၍ အားကျနေမိသည်။

ခွေးအူသံကြီးသည် လေးလေးတွဲ့တွဲ့ဖြင့် ည၏တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းလိုက်ပြန်သည်။ သမီးငယ်သည် စိတ်ဂနာမငြိမ် ဖြစ်နေသည်။ အဘူဆေးဆီသို့ အတင်းကပ်ကာ ဖက်တွယ်ထားလိုက်ပြန်သည်။ အဘူဆေးသည် သမီးငယ်၏ ကျောပြင်ကို ပုတ်ပေးနေလျက်

'ကြောက်စရာ မလိုပါဘူး သမီးရယ် . . . ခွေးအူသံပဲဟာ'

'ဆွဲဆွဲငင်ငင်နဲ့ အူနေတာ ဖေဖေရဲ့'

'အို . . . ဘယ်လိုပဲအူအူပေါ့၊ ဘာဖြစ်တာမှတ်လို့'

'မေမေက ပြောတယ်၊ တစ်ယောက်ယောက် သေတော့မယ်ဆိုရင် ဒီလိုပဲ ဆွဲဆွဲငင်ငင် ခွေးအူတတ်တယ်တဲ့'

'မဟုတ်ပါဘူး သမီးလေးရယ်၊ သမီးအမေက အလကားပြောတာကွဲ့'

သည့်နောက် သူသည် အတွေး၏ဆန္ဒနောက်သို့ တကောက်ကောက်လိုက်သွားမိပြန်သည်။ အဘူမိုဟာမက်ရဲ့အမှုကို ဘာလို့ စိတ်ဝင်စားနေမိပါလိမ့်။

တကယ်တမ်းဆိုရပါမူ မိမိ၏ အိမ်ထောင်စုကြီးအတွက် သူ အခုချိန်၌ တစ်စုံတစ်ခုကို အောင်မြင်စွာ လုပ်ကိုင်နိုင်မည်ဆိုပါက သမီးကြီး ဖာတမာသည်လည်း မောင်တစ်ဝမ်းကွဲနှင့် အောင်မြင်စွာ လက်ထပ်နိုင်ပေမည်။ ကျန်မိသားစုတစ်စုလည်း ကောင်းစားနိုင်သလို သူကိုယ်တိုင်လည်း ခေါင်းထောင်နိုင်လာစရာ ရှိသည်။

အဘူဆေးသည် နောက်ဆုံး တစ်ကွေ့လောက်ထိ ရောက်လုနီးနေသော ကားသံကို နားစွင့်ရင်းက စဉ်းစားနေမိပြန်သည်။ သည်ကားသည်ပင်

http://www.cherrythitsar.org



သူ၏ နောက်ဆုံးလုပ်ဆောင်ရန် တာဝန်ဖြစ်တော့၏။ အဘူမိုဟာမက်၏ အမူသည် အဘူဆေးအား ပြင်းစွာသောခံစားမှုကို ပေးနေသည်။

'ပေါင် ၅၀၀၊ နည်းတဲ့ငွေတွေလား။ ကလေးတစ်ယောက် အဆုံးရှုံးခံလိုက်ရယုံနဲ့တင်'

ဒုက္ခသည်စခန်းမှ လူများသည် တီးတိုး တီးတိုးဖြင့် သားကို သတ်တာ အဘူမိုဟာမက်ပဲလို့ အတင်းပြောကြ၏။ ခုထိ ဘယ်သူတွေကမှ သက်သေထုတ်မပြနိုင်။ မည်သို့ပင်ဆိုစေ၊ ဒီအမှုအတွက် လျော်ကြေးရလိုက်စေ၊ ဒီအမှုအတွက် လျော်ကြေးရလိုက်သူကား အဘူမိုဟာမက်ပင် မဟုတ်ပါလား။

ကားသည် နောက်ဆုံးကွေ့ကို ကွေ့လာပြီးနောက် လမ်းမကြီးတစ်ခုလုံးကို ကား၏ မီးရောင်များဖြင့် ထိန်လင်းသွား၏။ အဘူဆေးသည် ခွေးကဲ့သို့ လိုက်အော်နေသော သမီးငယ်ကို အကဲခတ်လိုက်ပြီး တုန်ရီလှိုက်မောစွာ ပွေ့ဖက်လိုက်ပြီး အကြိမ်ကြိမ် နမ်းနေမိသည်။ သမီးငယ်၏ စကားကို ကြားလိုက်ရသောအခါ သူသည် ကြောက်ရွံ့တုန်လှုပ်သွားပြန်သည်။

'ဖေဖေ သမီးကို ဘောလုံးကလေးတစ်လုံး ဝယ်ပေးပါလားဟင်'

အဘူဆေးသည် သမီးလေးအား ဖက်ထားပြီးလျှင် ထစ်ငေါ့စွာဖြင့်

'တစ်လုံးမဟုတ်ဘူး၊ နှစ်လုံးဝယ်ပေးမယ်သမီးရယ် . . . နော်'

'နှစ်လုံးတောင် ဝယ်ပေးမယ်၊ ဟုတ်လား ဖေဖေ၊ အို ကောင်းလိုက်တာ၊ သမီးလေ . . . ဖေဖေ့ကို မေမေ့ထက်ပိုပြီးချစ်တယ်'

အဘူဆေးသည် သမီးလေးရဲ့ ထပ်ပြန်တလဲလဲ ပြောနေသောစကားများကို ကြားနေရသဖြင့် နဖူးမှ ချွေးပေါက်ကြီးများ ကျလာပြီး သူ့မျက်ဝန်းသည် ရီဝေ၍ လာတော့၏။

'အဘူမိုဟာမက်တစ်ယောက် သူ့ကိစ္စကို ဘယ်လိုများ အောင်မြင်အောင် ဆောင်ရွက်သွားပါလိမ့်'

အဘူဆေးသည် တုန်လှုပ်ချောက်ချားလာတိုင်း သည်မေးခွန်းကို ထပ်ပြန်တလဲလဲ မေးနေမိသည်။

လူ့ဘဝရဲ့ ကြမ္မာမုန်တိုင်းဒဏ်ကို သမီးငယ်ဟာ သူ့ရဲ့အစ်ကို၊ အစ်မတွေလို ထုသားပေသား မကျသေး။ သားကြီး ဆေးမှလွဲ၍ ကျန် သားသမီးများ၏ ညည်းညူသံကို တစ်ခါဘူးမျှ မကြားမိခဲ့။ ဆေးတစ်ယောက်သာပဲ အရာရာ ညည်းညူတတ်သည်။ ဆေးဟာ သူကြီးပြင်းလာရတဲ့ နေရာဒေသဝန်းကျင်၊ ဒါတွေအားလုံး သူ၏ မှတ်ဉာဏ်ထဲမှာ သိုမှီးထားနိုင်သူဖြစ်သည်။

http://www.cherrythitsar.org



အင်း . . . ခုချိန်ဆိုရင် ဆေးတစ်ယောက် ဘယ်ဆီများ ရောက်နေပါလိမ့်။ လွန်ခဲ့သည့်နှစ်က သူ ထွက်ပြေးသွားပြီးသည့်နောက်ပိုင်း သူ့သားကြီးအကြောင်း ဘာသံမျှ မကြားရတော့ချေ။

ဘဝရဲ့ ခံပြင်းမှုကို သူကိုယ်တိုင်ပင် မုန်တိုင်းအလယ်မှာ အလူးအလဲခံနေရဆဲ။ သူ့အတွက် ဘဝရဲ့ ခံစားချက်များ စုံလင်လောက်ပေပြီ။ သူ့ဘဝတစ်လျှောက်လုံးတွင် အကြိမ်ပေါင်းများစွာ ရယ်မောနိုင်ခဲ့သလို ငိုကြွေးခဲ့ရသည်မှာလည်း အကြိမ်ကြိမ်။ သည်သို့သော ဘဝကိုပင် မက်မောစွာ ခင်တွယ်နေမိ၏။ သည်လိုတွယ်တာနေခြင်းသည် သူ့တစ်ယောက်အတွက်ထက် သူ့မိသားစုကြီး တစ်ခုလုံးအကျိုးအတွက်ဟူ၍ . . .။

မိန်းမတစ်ယောက်က ထိန်းထားရတဲ့ သူ့အိမ်ထောင်။ သူ့အပြုံးသည် မဲ့ပြုံးသာ။

အဘူဆေးသည် သမီးငယ်အား ကရုဏာဒေါသနှင့် အားကုန်ဖက်လိုက်မိသည့်အတွက်

'နာတယ်ဖေဖေ၊ နာတယ်'

ဟု သမီးသည် ရှုံ့မဲ့၍ ညည်းတွားယူရသည်။

အို . . . သူ့ကြောင့် သမီးငယ်အား နာကျင်သွားရသည်။ သမီးလေး၏ ဘဝသည် တိုတောင်းလှစွာသော အချိန်အတွင်းဝယ် သည့်ထက်ပြင်းထန်သည့် ခံစားမှုကို ခံစားသွားရပေဦးမည်။

လော်လီကား၏ မီးရောင်များသည် အရှိန်ပြင်းစွာဖြင့် နီး၍လာပေပြီ။ ကတ္တရာလမ်းမကြီးပေါ်သို့လည်း အရိပ်များ တရိပ်ရိပ်ပြေးနေလေသည်။ ကား၏ မီးရောင်ဖြင့် သမီးငယ် ခေါင်းမှ ရွှေရောင်ဆံပင်များကို တောက်ပစေသည်။

အဘူဆေးတစ်ကိုယ်လုံးသည် ချွေးသီးချွေးပေါက်များဖြင့် ချောင်းစီးနေ၏။ သူ့တစ်ကိုယ်လုံးသည် တဆတ်ဆတ်တုန်နေ၍ တည့်မတ်စွာ ရပ်တည်ခြင်းငှာ အင်အားမရှိတော့။

တုန်ရီအေးစက်နေသည့် လက်များဖြင့် သမီးငယ်၏ လက်မောင်းရင်းကို ဖျစ်ညှစ်ထားမိသည့်အတွက် သမီးလေး ဟော်မော်မီသည် သူ့ဖခင်အား ကြောက်ရွံ့၍ လာတော့၏။

'ဖေဖေ ချမ်းနေသလားဟင်၊ သမီးပြန်ချင်ပြီ'

အဘူဆေးသည် အဖြေမပေး။ သမီးလက်မောင်းကို မြဲမြံစွာ ဆုပ်ထားရင်း အားယူ၍ ရပ်လိုက်သည်။ အဘူဆေးသည် အခုမှ ဘီလူးကြီးတစ်

http://www.cherrythitsar.org



ကောင်နှင့်ပင် တူချေတော့သည်။ သူ့အဖို့ သည်အကြံကို အောင်မြင်စွာ လုပ်ဆောင်သွားရန်မှတစ်ပါး အခြားမရှိပြီ။ အသိတရားများ ခေါင်းပါးနေပါဘိအလား။

ကား၏စက်သံသည် သူ၏နားထဲတွင် မြည်ဟည်းနေပေသည်။ မီးရောင်များသည်လည်း ရှေ့သို့ တိုး၍တိုး၍ လာတိုင်း စက်သံသည်လည်း ပို၍ ကျယ်လာတော့၏။ သူ့တစ်ကိုယ်လုံးသည် အေးစက်၍ တုန်ရီလှိုက်မောနေဆဲ။

'တစ်ချက်တွန်းလိုက်ရုံနဲ့ အရာရာပြီးသွားမှာပါပဲ'

အဘူဆေးနှုတ်မှ ရေရွတ်လိုက်သည်။

လော်လီကားကြီးသည် ကိုက်တစ်ရာအကွာအဝေးအတွင်းသို့ ရောက်လာနေပေပြီ။ အဘူဆေး၏ အာရုံများသည် ဒုက္ခသည်စခန်းမှ ရောင်းရင်းများဆီသို့ လွင့်ပါးသွားပြန်သည်။ ကားမောင်းသူသည် ကိုရန်ကျမ်းကို ကိုင်ကာ ကျိန်ဆိုပြီးနောက် အဘူမိုဟာမက်သည် သူ့သားငယ်ကို မိမိကိုယ်တိုင် မောင်းနှင်လာသော ကားဘီးအောက်သို့ တွန်းထည့်လိုက်ပါသည်ဟု ထွက်ဆိုသွား၏။

'ကျွန်တော် . . . ကျွန်တော့်ရဲ့ သားကို ကားဘီးအောက် ထိုးသွင်းလိုက်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား၊ စဉ်းစားကြည့်ကြပါခင်ဗျာ'

ဟူ၍ အဘူမိုဟာမက်က ပြန်၍ လျှောက်လဲတော့သည်။

ကျမ်းကိုင်ကျိန်ဆို၍ လျှောက်လဲသည့်အတွက် တရားသူကြီးသည် အဘူမိုဟာမက်ကို တရားအနိုင်ပေးလိုက်တော့၏။ အဘူမိုဟာမက်သည် ရာဇဝတ်မှု မကျူးလွန်ပါ။ သူသည် လျော်ကြေးငွေလည်း ရထိုက်ပေသည် ဟူ၍ . . .။

အဘူဆေးသည် သမီးငယ်အား ငုံ့ကြည့်လိုက်၏။ ငါ့သမီးလေးဟာ အလွန်ငယ်ပါသေးတယ်။ သမီးဟာ လောကအကြောင်းကို ဘာဆို ဘာမှ မသိရှာသေးဘူးနော်။ ငါ့မိန်းမလည်း တစ်အိမ်ထောင်လုံး လိုအပ်သမျှ ပြုစုစောင့်ရှောက်နေသလို သည်သားသမီးတွေနှင့် တစ်အိမ်ထောင်လုံးဟာလည်း မိခင်၏ အင်အားပြည့်မှုအတွက် ရုန်းကန်နေကြခြင်းဖြစ်သော်လည်း သူကိုယ်တိုင်ကမူ သူ့မိန်းမအတွက် ဘာမျှ လုပ်မပေးနိုင်။ ဟုတ်ပေသည်။ ငါဟာ မိန်းမအား စိတ်ညစ်ညူးမှုကိုသာ ပေးနေတဲ့ လူပိုတစ်ယောက်အဖြစ်နှင့်သာ။

လော်လီကားကြီးသည် ကိုက်အနည်းငယ်သာ လိုတော့သည်။ သူသည် ချောက်ချားတုန်လှုပ်စွာ ပြုံးလိုက်ပြီး အလုပ်ကို စရန် အားယူလိုက်

http://www.cherrythitsar.org



သည်။ သည်တွင် သူ၏ နှလုံးသားသည် သမီးငယ်အား ချစ်ခင်ကြင်နာမှုများ အရှိန်တွင် နစ်မွန်းသွားပြန်သည်။

မျှော်လင့်ချက်ကြီးစွာဖြင့် ထိတ်လန့်မှုများသည် လွင့်ပါးပျောက်ကွယ်သွားပြီးဖြစ်၏။ ဟုတ်ပေသည်။ သမီးငယ်သည် ထိတ်လန့်ကြောက်ရွံ့စွာဖြင့် အဘူဆေး၏ လက်ကို လိမ်ဖွဲ့၍ ရုတ်တရက် ထွက်ပြေးသွားတော့၏။ သမီးငယ်သည် ကား၏ရှေ့မှ လမ်းကို ဖြတ်ကျော်ရန် အပြေးကလေး သွားနေပေပြီ။

အဘူဆေးသည် ယောင်ယမ်း၍ အော်လိုက်၏။ သည့်နောက် ဖခင်ပီသသော စိတ်ဓာတ်များသည် သူ့နှလုံးသားဆီသို့ အလျင်အမြန် စိမ့်ဝင်လာကာ သမီးငယ်အား ကားရှေ့မှ ဖြတ်မကူးနိုင်ရန်အတွက် အပြေးလိုက်ဆွဲနိုင်ရန် ကြိုးစားနေမိသည်။

ကားဟွန်းသံသည် ဆင့်ကာဆင့်ကာ မြည်ဟည်းနေ၏။ အဘူဆေးအဖို့ သမီးဖော်ဖြင့် အပြေးလိုက်နေရသော်လည်း လူငယ်များကဲ့သို့ ဖျတ်လတ်သွက်လက်မှုမရှိတော့။ ဇရာက စကားပြောနေပြီဖြစ်သည်။ ကြောက်ရွံ့ခြင်းသည် သူ့ရင်တွင်းသို့ ထိုးဖောက်ကာ ဝင်ရောက်လာ၏။ အဘူဆေးသည် ကားကြီးကို စိုက်ကြည့်လိုက်ရင်း ကား၏မီးရောင်များမှ အကာအကွယ်ရနိုင်ရန် လက်များကို မြှောက်ထားလိုက်သည်။

သူ၏တစ်ကိုယ်လုံးသည် တုန်လှုပ်သွား၏။ အကြားအာရုံတွင် ကား၏ စူးရှ၍ ဆက်တိုက်မြည်နေသော ကားဟွန်းသံများ . . .။ 'ကျွီ . . .' ခနဲ ကားကို ဘရိတ်ဆောင့်နင်းလိုက်သည့် အသံရှည်ကြီးများ . . .။

လမ်းတစ်ဖက်တွင် ရပ်ကာ အော်ငိုနေသော သမီးလေး ဟော်မော်မီ၏ အသံလှိုင်းများကို ကြားနေရသည်။ အဘူဆေးသည် သူ၏ ရင်ဘတ်ဆီသို့ အရှိန်ပြင်းစွာ ဆောင့်ထိုးခြင်းခံလိုက်ရသဖြင့် ဆယ်ကိုက်အကွာအဝေးသို့ လွင့်ထွက်သွားပေသည်။ လွန်မင်းစွာ နာကျင်လှသဖြင့် သူ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေတော့၏။ သည့်နောက်တွင် အဘူဆေး၏ အသိတရားများသည်ကား . . .။ ။

စပယ်ဖြူမဂ္ဂဇင်း ၊ အောက်တိုဘာ ၊ ၁၉၉၅ ။

**ဆီးရီးယားလူမျိုး စာရေးဆရာ 'HAKAOCUATI' ရေးသားသော 'HOUMOME IN THE NIGHT' ကို ဆီလျော်အောင် ပြန်ဆိုပါသည်။**

http://www.cherrythitsar.org

တောင်းဆက်နိုင်

# ဆံသသမား ကျွက်စိပ်

စာပို့သမားက အားတောင့်အားနာဟန်ဖြင့် ထိုင်ခုံပေါ်သို့ ခပ်လျှိုလျှိုလေး ဝင်ထိုင်လိုက်သည်။ အဖြစ်က မည်သည့်အတွက်ကြောင့်ပါနည်း။ ဆံသသမားက ကိုယ့်ကိုယ်ကို ဘဝင်မြင့်ပြီး တစ်လောကလုံးအား အထင်သေးသည့် 'မိုက်ဂိုက်' ကြီးဖြင့် စိုက်ကြည့်နေ၍ ဖြစ်ပါသည်။

သူသည် ဆံပင်ညှပ်ဖောက်သည် အပေါင်းတို့အား ဤသို့ တထေရာတည်းသော မထီမဲ့မြင်ပုံဖြင့်ပင် ဆက်ဆံ၏။ သူကား စက်ဆုပ်စရာကောင်းလှသည့်အပြင် အေးစက်ထုံထိုင်းသော ခံစားမှုမျိုးနှင့် လူစား။

စာပို့သမား၏ ဆံပင်မှာ မနေ့ကတည်းကပင် စက်ကတ်ကြေးဖြင့် ခပ်တိုတို ညှပ်ပြီးသားဖြစ်သည်။

'ဆံပင်လားဟေ့'

ဆံသသမား၏လေသံက မကြားတကြားဖြစ်သော်လည်း အန္တရာယ်မှာ အပြည့်ရှိနေ၏။

'မုတ်ဆိတ်ပါခင်ဗျ'

စာပို့သမားက ပြော၏။

ဆံသသမားက မျက်ခုံးများကို ပင့်လိုက်ပြီး သူ၏သားကောင်ကို လွန်စွာ အထင်သေးနှိမ့်ချသည့်ဟန်ဖြင့် ပြောင်ကြည့်လိုက်သည်။ ထို့နောက်

http://www.cherrythitsar.org



တတောက်တောက် မြည်သံကြီးပေါ်လာအောင် ခုံကို တအားပစ်လှန်၍ ပက်လက်အနေအထားသို့ ဖြုတ်ချပစ်လိုက်၏။

ထို့နောက် ထပ်၍ မတ်ခွက်နှင့် ဝက်မှင်ဘီးကို အရမ်းကာရော ဆွဲယူလိုက်ပြန်၏။ ဆုံးအုံ့မထင်သော မောက်မောက်မာမာအကြည့်ဖြင့် စာပို့သမားအား လှမ်းခြုံကြည့်ခြင်းဖြင့် ဂုဏ်ပြုလိုက်ပါလေ၏။ ပြီးမှ ကိုယ်ကို လှည့်လိုက်ကာ အထင်သေးလှသော သရော်တော်တော်အပြုံးဖြင့် ရေဖြန်းဘူးဆီ လှမ်းလိုက်၏။

ထိုမှတဖန် ပြန်လှည့်လာကာ လည်စင်း၍ ပေးနေရှာသော သားကောင်အား ကြီးမားထူထဲသော ပိတ်စဖြင့် ဖုံးလွှမ်းရစ်ပတ်ပါလေတော့သည်။ ထိုမှုမက အညှာအတာ ကင်းမဲ့သော လက်က ဇရာမဘရပ်ချ်နှင့် အပြည့်ဖြစ်သော ချိုတိုတိုဆပ်ပြာအမြှုပ်များကို စာပို့သမား၏ ပါးစပ်သို့ လိမ်းကျံပါသေး၏။

ထိုသည့်နောက်၌ သူ၏ 'ကွက်စိပ်' ကို စတင်ပါလေတော့သည်။

'မင်း 'ဝါရှင်တန် တာရစ်ထရီး' က 'ဆီတယ်လ်' ဘက် ရောက်ဖူးလား'

'ဘလောက် ဖရူး ဖရူး . . .'

စာပို့သမားက ဆပ်ပြာများကို အကြောက်အကန်ရှောင်ရင်း ပြောလိုက်သည်။ နောက်ပြီးမှ ခေါင်းကို ကြိုးစားပမ်းစား ချိန်နဲ့စွာဖြင့် ခါပြလိုက်သည်။

'ငါလည်း မရောက်ဖူးဘူး'

ဆံသသမားက ဆို၏။

'ဒါပေမယ့် ငါ့မှာ 'ဘီလ်' ဆိုတဲ့ ညီတစ်ယောက်ရှိတယ်၊ 'စိမ့်ဂျွန်ဖလာ' နဲ့ ကိုးမိုင်လောက်ဝေးတာပေါ့။ အဲဒီမှာ ဥယျာဉ်စိုက်စားတယ်၊ မင်းလည်ပင်းမှာ ခွဲကြောင်းလေးတစ်ခုဟော့ အဲဒါ မှတ်ဆိတ်မွေးတစ်ချို့ လှန်ပေါက်နေတာ။ လည်ပင်းကို ရိတ်တဲ့အခါ ဓားဦးအလှည့်မှားလို့ဖြစ်တာ။ တစ်ခါတလေကျတော့ ဝီစကီကြောင့်လည်း ဖြစ်တတ်တယ်။ ကြောက်စရာ ကောင်းတဲ့ အရက်ပဲ။ မင်း ဝီစကီသောက်တတ်လား'

စာပို့သမား၏ မျက်နှာပေါ်တွင် ဆပ်ပြာမြှုပ်များ ဖုံးလျက်ရှိရာ လွတ်နေသော နေရာဟူ၍ မျက်လုံးတစ်ဘက်သာ ကျန်၏။ ဝီစကီမသောက်ကြောင်းလည်း သိစေလိုသည်။ ဆံသသမားလည်း သူ့ကို မငြိုငြင်စေလို။ ထိုဆန္ဒနှစ်ခုကို ကျန်ရှိမျက်လုံးမှတစ်ဆင့် အဓိပ္ပာယ် ပေါ်အောင် အားထုတ်၏။ ဆံသ

http://www.cherrythitsar.org



သမားက သူ့ထက်လျှင်လှ၏။ လွတ်နေသော မျက်လုံးတစ်ဘက်ကိုပါ ကျွမ်းကျင်စွာ ဖတ်ခနဲ ဘရပ်ချ်မှ ဆပ်ပြာဖြင့် သုတ်လိုက်၏။

'ငါ့ညီဘီလ်ကတော့ အသောက်သမား'

ဆံသသမားက ဆက်ပြော၏။

'ဘယ် 'ဟူစတန်' မြို့သားထက်မဆို အဲဒီကောင်က ဝီစကီ ပိုသောက်နိုင်တယ်။ ဒါပေမဲ့ ဘယ်တော့မှ မူးတယ်လို့ မရှိဘူး။ ငါ့ဆိုင်မှာ သူတစ်ခုံယူပြီး ညှပ်ဖူးတယ်လေ။ ဒါပေမဲ့ ငါ သူ့ကို နှင်ရတော့တာပဲ။ 'ဘီလ်' မှာ အလွန်အံ့သြစရာကောင်းတဲ့ မူတစ်ခုရှိတယ်။ သူနိုင်သလောက် အာဏာကုန် သောက်ပြီးပြီလား၊ အေး ဒါဆို သူ ဆက်မသောက်တော့ဘူး။

'သူ ရေချိန်ကိုက်တာကို သူ့မျက်စေ့နှစ်လုံးက လွဲလို့ ဘာကို ကြည့်လို့မှ မသိနိုင်ဘူး။ ငါးမျက်စေ့လို အေးစက်စက် ကြောင်တောင်တောင် ဖြစ်သွားပြီး မျက်စေ့နှစ်လုံးစလုံး ခေါင်းထဲမှာ ဘယ်မှ မရွေ့တော့ဘူး။ တကယ်လို့ ဘေးတစ်ဘက်ဘက်ကို ကြည့်ချင်ရင် မျက်လုံးကို လက်နဲ့ကိုင်ပြီးမှ ကြည့်ချင်တဲ့ဆီ ရွှေ့ပေးလေ့ရှိတယ်။ ဘာနဲ့တူသလဲဆိုတော့ တို့စာတိုက် ခေါင်မိုးလုံးလုံးကြီးမှ တပ်ထားတဲ့ ပြတင်းပေါက် အဝိုင်းလေးတွေနဲ့ ချွတ်စွပ်ပဲ။ ရေချိန်ကိုက်လာပြီဆိုရင်တော့ သူ့ရဲ့ အသက်ရှူသံကို လမ်းတစ်ဘက်ကတောင် ကြားနိုင်တယ်၊ သောက်ထားထား မထားထား မှတ်ဆိတ်တွေ ဘာတွေတောင် ကောင်းကောင်းရိတ်ပေးနိုင်တယ်။ ဟေ့ မင်းကို ဓားထိသွားသလား'

စာပို့သမားက နာကျင်မှုတစ်ချက်မှ မခံစားရကြောင်း လက်တစ်ဘက်ဖြင့် အရိပ်အမြွက်ပြရန် အားထုတ်၏။

သို့သော် ဆံသသမား၏ လျင်လွန်းသော မျက်လုံးက လှုပ်ရှားမှုကို ရိပ်စားမိသွားလျက် သူ့ကိုယ်ဖြင့် ကိုင်းကာ ထိုလက်ကို ထိုင်ခုံတွင် ဖိညှပ်ထားလိုက်၏။

'ငါ စောင့်ကြည့် အကဲခတ်လို့ သိလာရတာက . . .'

ဆံသသမားက စကားကိုဆက်၏။

'သူ ဘယ်လောက်သောက်သောက် ငါတစ်ယောက်ရိတ်ရရင် သူက လေးယောက်နှုန်းပဲ။ သုံးလေးယောက်တောင် ပြုပြီး ရောက်လာကြလိမ့်မယ်။ 'ဘီလ်' ဆီမှာ ရိတ်ရဖို့အရေး ငါ့ခုံမှာ လွတ်နေတာတောင် သူတို့မှာ ကိုယ့်အလှည့်ကို ငုတ်တုတ် ထိုင်စောင့်နေကြတယ်။ အဲဒါကို ငါတောင် ဦးနှောက်ခြောက်ရတယ်။ 'ဘီလ်' မလုပ်နိုင်တာ မရှိဘူးဆရာ၊ ဒီလိုနဲ့ လူတွေ ပြည့်ပြည့်လာလိုက်တာ အရက်ဆိုင်သွားဖို့ အချိန်တောင် သူ့မှာ မရတော့ဘူး။ ဘာရ

http://www.cherrythitsar.org



မလဲ၊ နောက်ခန်းထဲမှာ ခရားအိုးကြီးနဲ့ တစ်လုံး ထည့်ထားတာပေါ့။ အဲဒီနေရာကို ခဏပြီးခဏ လစ်သွားပြီး ဝင်သောက်တာပဲ။

'တစ်နေ့မှာ လူတစ်ယောက်ကို ငါ သတိထားမိလိုက်တယ်။ ဘယ်ကွာ 'ဘီလ်' ရဲ့ ခုံက ထလိုက်တော့ သူ့ရဲ့ အမူအယာက ပုံမှန်မှမဟုတ်ပဲ။ ယိုင်ထိုးယိုင်ထိုးနဲ့ ထွက်သွားတာ။ ဒီလိုဖြစ်ပြီး တစ်ရက်နှစ်ရက်လည်း ကြာရော ဆိုင်မှာ မိုးလင်းက မိုးချုပ်ထိအောင် လူတွေအပြည့်ပဲ၊ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ မနက်ပိုင်းလေးတင် လူတစ်ယောက်တည်းက သုံးကြိမ်သုံးခါ အချိန်ခြားပြီး လာရိတ်တယ်။

'နောက် နှစ်ရက် အကြာမှာပေါ့။ ဆိုင်ထဲမှာ လူတွေပြည့်သွားတဲ့ အပြင်နေစရာမရှိလို့ ကျောက်လမ်းမဘေး ခြေသွားလမ်းကလေးအတိုင်း တန်းစီပြီးစောင့်ကြတာ ဘေးနှစ်အိမ်သုံးအိမ်အထိတောင် ရောက်တယ်။ တစ်နေ့တည်းနဲ့ 'ဘီလ်' ပေါ့၊ ကိုးဒေါ်လာတောင် ရတယ်။ ညနေကျတော့ ရဲတစ်ယောက် ရောက်လာပြီး လိုင်စင်မဲ့ ဆိုင်ဖွင့်စားမှုနဲ့ ငါ့ကို ဆွဲတော့တာပဲ'

'ငါ့အထင်တော့ 'ဘီလ်' ရဲ့ အဆုပ်က ရှူထုတ်လိုက်တဲ့ လေထဲမှာ ဝီစကီအနံ့တွေ ဘယ်လောက်တောင် ထောင်းထောင်းထနေသလဲဆိုတော့ သူ့ဆီ ရိတ်တဲ့လူတိုင်း မြူးတူးတူးလေး ခံစားသွားရပြီး သူတို့ အပေါင်းအသင်းတွေကိုလည်း 'ဘီလ်' ဆီ သွားရိတ်ကြဖို့ လက်တို့ကြတာနေမှာ။ ငါ့အဖို့တော့ အဲဒီအနံ့ပျောက်ဖို့ ဒေါ်လာသုံးရာကုန်သွားရတဲ့သဘောပေါ့။ နောက်ပြီးတော့ တစ်ဆက်တည်းလိုလိုမှာပဲ 'ဘီလ်' ကို ဖလော်ရီဒါ သွားမယ့် သင်္ဘောပေါ် တင်လွှတ်လိုက်ရတယ်။

'တစ်ခါတုန်းကပေါ့'

ဆံသသမားက သူ့သားကောင်၏ ခေါင်းကို နားရွက်မှ ဖမ်းကိုင်လိုက်ပြီး ဆတ်ခနဲ တစ်ဘက်လှည့်လိုက်ရင်း ဆက်ပြောလိုက်၏။

'ဝိုင်နီလမ်းထဲကို သွားပြီးတော့ လူသေအလောင်းကို ရိတ်ပေးရသေးတယ်၊ ငါးဒေါ်လာနဲ့ ဆယ်ဒေါ်လာကြားရတာတောင် ဆံသသမားတွေက ဒါမျိုး အလုပ်ကျတော့ သိပ်မနှစ်မြို့ကြဘူး။ 'ဝိုင်နီ' လမ်း၊ အိမ်နံပါတ် '၁၉၀၈' ပေါ့။

'ညဆယ့်တစ်နာရီမှာ အိမ်က စထွက်တယ်။ လမ်းကိုလည်း ချောချောမောမောတွေ့ပြီ။ လမ်းထောင့်ကနေပြီး နံပါတ်တွေ ရေတွက်လာလိုက်တာ '၁၉၀၈' တွေ့တဲ့အထိပဲ။ ဒီလိုကိစ္စမျိုးမှာ သပ်သပ်သုံးဖို့ထားတဲ့ သင်ဓုန်းဓားရယ်၊ ဆပ်ပြာရယ်၊ သေတ္တာလေးထဲမှာ ထည့်လို့ပေါ့'

http://www.cherrythitsar.org



'ငါဝင်သွားပြီး တံခါးခေါက်လိုက်တယ်။ အဘိုးအိုတစ်ယောက်က ဖွင့်ပေးပြီး ငါ့လက်ထဲက သေတ္တာလေးကို တွေ့သွားတယ်'

'မင်းရောက်လာပြီကိုး၊ ဟုတ်ရဲ့မဟုတ်လားတဲ့ အဘိုးအိုက မေးတယ်။ ကောင်းပြီလေ၊ လေ့ကားအတိုင်း တက်သွားပေတော့၊ ညာဘက်က အိမ်ရှေ့ခန်းထဲမှာ 'သူ' ရှိတယ်။ 'သူ' ကလွဲပြီး ဘယ်သူမှ မရှိဘူး။ ဒီမြို့မှာ ဆွေမရှိ မျိုးမရှိ၊ အပေါင်းအသင်းမရှိ၊ 'သူ' က တစ်ကောင်ကြွက် ဒီမှာ လခ ပေးပြီးနေခဲ့တာမှ တစ်ပတ်လောက်ပဲ ရှိသေးတယ်တဲ့'

'သူ ဘယ်လောက်ကြာ အဲလေ ပျက်စီးသွားတာ ဘယ်အချိန်လောက်ကလဲလို့ ငါက မေးကြည့်တယ်။ မှန်းကြည့်ရတာတော့ တစ်နာရီလောက်ပဲ ရှိဦးမယ်တဲ့။ အဘိုးအိုက ဖြေတယ်။ ဒီတစ်ချက်တော့ ငါ ဝမ်းသာမိတယ်။ ဘာလို့လဲဆိုတော့ အေးစက်မသွားခင် သားသားနားနား မပြင်သေးတုန်းမှာ ရိတ်ရတာ အကောင်းဆုံးဖြစ်လို့ပဲ။

'ငါက အခန်းထဲကို ဝင်ပြီး မီးအိမ်ကို မြှင့်လိုက်တယ်။ လူကြီးမင်းက အိပ်ရာပေါ်မှာ လျောင်းစက်လို့ပေါ့ကွာ။ နွေးနေတုန်းပဲဟေ့။ တစ်ပတ်စာလောက် မရိတ်ရသေးတဲ့ မုတ်ဆိတ်မွေးတွေကလည်း ထိုးထိုးထောင်ထောင်နဲ့ပေါ့ကွာ။ အလုပ်စလိုက်ပြီး နာရီဝက်အကြာမှာ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ရိတ်ပေးလိုက်တာ သူ ပြန်ရှင်လာရင်တောင် မှန်ထဲကြည့်ပြီး ပျော်သွားရလောက်အောင်ပဲ။ ပြီးတော့မှ အောက်ထပ် ပြန်ဆင်းပြီး အဘိုးအိုဆီ သွားတွေ့တယ်။

'ဘယ်လို အဆင်ပြေအောင် လုပ်ခဲ့လဲ၊ ပြောပါဦး တဲ့။ အဘိုးအိုက မေးတယ်။

'ကောင်းကောင်းမွန်မွန်ပေါ့ဗျာ၊ ကြည့်လို့ သိပ်ကို ကောင်းသွားပြီ၊ ဒါထက် ရိတ်ခကို ဘယ်သူပေးမှာလဲလို့ ငါက မေးလိုက်တယ်။

'မနေ့က သူ ငါ့ကို 'အလာဘားမား' က ဆွေမျိုးတွေဆီပို့ဖို့ ဒေါ်လာသုံးဆယ်ပေးထားတာရှိတယ်တဲ့။ အဘိုးအိုက ပြောတယ်။ငါထင်တယ် လေ၊ မင်းရဲ့လုပ်ခကို အဲဒီကထုတ်ပေးရမှာပဲတဲ့'

'ငါးဒေါ်လာကျတယ်လို့ ငါက ပြောလိုက်တယ်'

'အဘိုးအိုက ငါးဒေါ်လာတန်တစ်ရွက် ငါ့ကို လှမ်းပေးတယ်။ ဒါနဲ့ ငါလည်း ပျော်သွားပြီး အိမ်ပြန်လာတာပေါ့'

ဤနေရာအရောက်တွင် ဆံသသမားသည် ထိုင်ခုံကို တအားပင့်လိုက်သည်။ ပတ်ထားသောပိတ်စကို ဖြုတ်ခနဲ ဆွဲလိုက်သည်။ ဆံပင်ကို လက်

http://www.cherrythitsar.org



ထိုးသွင်းပြီး ဆုပ်နယ်ကာ ဖွချေလိုက်သည်။ ခေါင်းကိုလည်း လက်သီးနှင့် တဒုတ်ဒုတ် ထုသည်။ ဇက်ကိုလည်း တဂွျတ်ဂွျတ်ချိုးသည်။ ဆံသသမား၏ အသက်ရှူသံ 'ရှူးရှူးရှဲရှဲ' ကလည်း ထွေသလိုလို၊ လှောင်သလိုလို။

'ပုံသွင်းဆေးဖျန်းဦးမလား'

စာပို့သမားက မိုက်မဲစွာ ခေါင်းညိတ်ပြမိပြီးမှ မျက်စိမှိတ်လိုက်၍ ပြန်ငြင်းပယ်ရန် မအောင်မြင်သော အားထုတ်မှုကို ပြုသည်။

'နောက်တစ်နေ့မှာ သတင်းကြားရတာက . . .'

ဆံသသမားက ဆက်ပြောသည်။

'ဝိုင်နီလမ်း အိမ်နံပါတ် ၁၉၀၈ က လူမသေခင်ကလေးတင်ပဲ၊ ကပ်လျက်အိမ်က လူတစ်ယောက်အဆိပ်မိတယ်ဆိုပဲ၊ အိမ်တစ်အိမ်က သူ့အမျိုးတွေက ဆရာဝန်သွားခေါ်၊ တခြားအိမ်က ဆွေမျိုးတွေက ဆံသသမားကို ခေါ်ကြတာ။ ရယ်စရာကောင်းတာက ဆရာဝန်ရော ငါရော အိမ်တစ်အိမ်ကို အတူမှားဝင်မိကြတာပဲ'

'သေတဲ့လူဆီ ရောက်သွားတော့ ငါ့ဆရာဝန်ခများ ပြန်ဖို့ပြင်နေတဲ့ မိသားစု ဆရာဝန်နဲ့ သွားတိုးတော့တာပဲ။ ငါ့ဆရာဝန်က ဘာမမေး ညာမမေးနဲ့ သူ့မှာပါလာတဲ့ အစာအိမ်ထည့်တဲ့ ပိုက်ကို ထုတ်လိုက်တယ်။ နောက်ပြီး လူသေထဲ ထိုးထည့်ပြီး အဆိပ်တွေ စုပ်ထုတ်တယ်။ အဲဒီအချိန်မှာ ငါကလည်း လူသေရိတ်ဖို့နဲ့ အလုပ်ရှုပ်နေတာပေါ့။ ရယ်စရာအကောင်းဆုံးအပိုင်းက ဒီအပိုင်းပဲ။ ဆရာဝန်က သူ့ရှေ့က ဆရာဝန်ရဲ့ ဆေးတွေအားလုံးကို လူသေရဲ့ ကိုယ်ထဲကလည်း စုပ်ထုတ်လိုက်ရော၊ လူသေက မျက်လုံးဖွင့်ကြည့်တယ်။ အိပ်ရာထဲကနေ ငုတ်တုတ်ထထိုင်ပြီး အသားနဲ့ အာလူး တောင်းတော့တာပဲ။

'ဒါကိုလည်းမြင်ရော၊ မိသားစုဆရာဝန်ခများ အရူးတစ်ပိုင်း ဖြစ်သွားရှာတယ်။ ဒီလိုနဲ့ ဆရာဝန်နှစ်ယောက် ထိုးကြကြိတ်ကြတော့တာပဲ။ လေ့ကားအတိုင်း ဒလိမ့်ခေါက်ကွေးကျပြီး ဦးထုပ်ချိတ်တဲ့စင်လည်း တစ်ခါတည်းကို အပိုင်းပိုင်းကျိုးကုန်ရော။

'အဆိပ်မိတဲ့လူ ဘယ်လိုဖြစ်သွားသေးလဲဟင်'

စာပို့သမားက မရဲတရဲ မေးလိုက်သည်။

'သူလား'

ဆံသသမားက ပြော၏။

'ဘာဖြစ်ရမလဲ၊ သေတာပေါ့ကွ၊ ဒါပေမဲ့ ဘယ်သူမှ မကြုံဖူးအောင် အလှဆုံးရိတ်ထားတဲ့ မုတ်ဆိတ်ကလေးနဲ့မှ သေတာကွ။'

http://www.cherrythitsar.org



'အမွှေးတွေ ခါမယ်'

ကြောက်မက်ဖွယ် အသားစားလူရိုင်းကြီးက စာပို့သမားအား နိုင့်ထက်စီးနင်း ပြင်းစွာရိုက်ပါလေတော့သည်။ လက်တစ်ဘက်က ဆံပင်မွှေးခါသည့် တံမြက်စည်းလိုလို 'ဘရပ်ချ်' ကို ကိုင်လျက်၊ ကျန်တစ်ဘက်က ကုတ်အင်္ကျီကို ကော်လံမှ ဆွဲခွာပြီး ကိုင်ထားလျက်။

'နောက်လာရိတ်လှည့်ဦး'

စာပို့သမား တံခါးဆီသို့ ဒရောသောပါး ထွက်ပြေးလွတ်မြောက်သွားသည့်အခိုက် ဆံသသမားက အရက်စက်ဆုံးသော ခြိမ်းခြောက်သံအပြည့်ဖြင့် ဟိန်းဟောက်လိုက်လေသတည်း။

**ဟန်သစ်မဂ္ဂဇင်း ၊ ၁၉၉၄။**

**The Barber Talks' by O. Henry (ဝတ္ထု 'သရော်စာ' ) ကို ပြန်ဆိုသည်။**

http://www.cherrythitsar.org



# ရန်သူများနှင့် မိတ်ဆွေများ

[ ၁ ]

ဇူလိုင်လ အနောင်းပိုင်း တစ်နံနက်ခင်းဖြစ်သည်။ လေယာဉ်ဆင်းသက်ရာ ဟောတာဒေသအနီးတွင် ကျွန်တော်တို့ ကင်းလှည့်နေကြစဉ် လီစထရန့်နှင့် ဒေ့ဗ်ဂျင်ဆင်တို့ ရန်ပွဲဖြစ်ကာ လက်သီးချင်း ထိုးကြသည်။ ပြဿနာက ဘာမှမဟုတ်၊ မောင်းချစားတစ်ချောင်း ပျောက်သည့်ကိစ္စ၊ သို့သော် ရန်ပွဲကမူ အသေအကြေ အကြိတ်အနယ်၊ ပထမပိုင်းမှာတော့ ဘတစ်ပြန် ကျားတစ်ပြန်၊ သို့သော် ဒေ့ဗ်ဂျင်ဆင်က လူကောင်ကြီးပြီး ဗလကောင်းသည်။

နောက်ဆုံးတွင် သူက စထရန့်၏ လည်ပင်းကို လက်တစ်ဖက်ဖြင့် ရစ်ပတ်ပြီး သိုင်းချုပ်ထားလိုက်ပြီး နှာခေါင်းကို ထိုးကြိတ်သည်။ တစ်အားကုန် ထိုးသည်။ တစ်ချက်ပြီးတစ်ချက် ဆက်ထိုးသည်၊ စထရန့်၏ နှာခေါင်းမှ ကွဲထွက်သွားသော အသံတစ်ခု ထွက်ပေါ်လာသည်။ ဗျောက်အိုးတစ်လုံး ဖောက်လိုက်သည့်အလားဖြစ်သည်။ ဒီအထိလည်း ဂျင်ဆင်က ဆက်ပြီး ထိုးနေဆဲဖြစ်သည်။

တစ်ချက်ပြီးတစ်ချက် သွက်လည်း သွက်သည်၊ ထိလည်းထိသည်၊ ကျွန်တော်တို့ သုံးယောက်လောက် သူ့ကို ဝိုင်းပြီး ဆွဲကြရသည်။ ပွဲပြီးသောအခါ စထရန့်ကို ရဟတ်ယာဉ်ဖြင့် နောက်တန်းသို့ ပို့လိုက်ရသည်။ သူ၏နှာ

http://www.cherrythitsar.org



ခေါင်းကို ကုသရသည်။ နှစ်ရက်သာကြာ၍ သူပြန်လာသည်။ နှာခေါင်းမှာ သတ္တုပြားတစ်ခုနှင့် ကျပ်စည်းထားသည်။

သာမန်အားဖြင့်ဆိုလျှင်တော့ သည်ကိစ္စ သည်မှာ ပြီးဆုံးသွားရမည်။ သို့သော် ယခုဟာက ဗီယက်နမ်ဖြစ်သည်။ လူတိုင်းမှာ သေနတ်ကိုယ်စီနှင့်ဖြစ်၏။ ဒေ့ဂျင်ဆင်မှာ စိုးရိမ်စိတ်တွေ ဝင်ရတော့သည်။ သူ့ဖာသူ စိုးရိမ်စိတ်တွေ ဝင်နေခြင်းဖြစ်သည်။ တစ်ဖက်က ဘာခြိမ်းခြောက်မှုမှ မရှိ၊ လက်စားချေမည်ဟု ကြုံးဝါးခြင်းမရှိ၊ သူတို့နှစ်ယောက်ကြားတွင် တိတ်ဆိတ်သော တင်းမာမှုများ ဖြစ်နေခြင်းဖြစ်သည်။

သို့ဖြင့် ဂျင်ဆင်သည် အထူးဆင်ခြင်မှုတွေ ပြုလုပ်နေတော့သည်။ ကင်းလှည့်ကြပြီဆိုလျှင် စထရန့် ဘယ်မှာ ရောက်နေသည်ကို ဂရုပြုနေရသည်။ သူ၏ ကတုတ်ကျင်းကို စည်းကြောင်း၏ အစွန်ဆုံးမှာ တူးသည်။ သူ့ကျောဘက်ကို အမြဲသတိထားသည်။ သူတို့နှစ်ယောက်တည်း ရှိနေသည့် အဖြစ်ကို အမြဲတမ်း ရှောင်ရှားသည်။

သည်ပုံစံအတိုင်း တစ်ပတ်ခန့် ကြာသောအခါ ပြဿနာ ရင့်ကျက်လာရတော့သည်။ ဂျင်ဆင် စိတ်အေးချမ်းသာစွာ နေ၍မရတော့ပါ။ သူက စစ်ပွဲနှစ်ပွဲကို ဆင်နွှဲနေရသကဲ့သို့ ရှိသည်။ လုံခြုံစိတ်ချရသည့် အရပ်ဟူ၍ မရှိတော့ပါ။ ရန်သူတွေက နေရာတိုင်းမှာ ရှိနေတော့သည်။ ရှေ့တန်းရယ် နောက်တန်းရယ်ဟူ၍ မရှိတော့ပါ။

ညဘက်ဆိုလျှင် သူ အိပ်၍မရပါ။ ထိတ်လန့်နေသည်။ အမြဲတမ်းသတိထားနေရသည်။ အမှောင်တွင်းမှ ထူးဆန်းသည့်အသံများ ကြားနေရသည်။ သူက ကတုတ်ကျင်းဆီသို့ လက်ပစ်ဗုံးတစ်လုံး လိမ့်လာသည်ဟု ထင်မိသည်။ မောင်းချခြားဖွင့်သံ ကြားရသည်ဟု ထင်မိသည်။ သူ့အဖို့ လူဆိုးရယ် လူကောင်းရယ် ခွဲခြားမှု မရှိတော့ပါ။

အတော်ကလေး လုံခြုံစိတ်ချရသောအချိန်များတွင် ကျွန်တော်တို့တစ်တွေ အေးအေးလူလူ နေထိုင်ကြစဉ်မှာပင် သူက ကျောက်တုံးတစ်တုံးကို ကျောမှီပြီး ထိုင်နေသည်။ သေနတ်ကို ပေါင်ပေါ်မှာ တင်ထားသည်။ လီစထရန့်ကို တုန်လှုပ်ချောက်ချားသော မျက်လုံးများဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။

နောက်ဆုံး၌ သူ့စိတ်သူ မည်သို့မျှ မထိန်းနိုင်တော့ပါ။ တစ်ခုခုလုပ်မှ ဖြစ်ပေတော့မည်။ တစ်ညနေတွင် သူသည် စထရန့်အမည်ကို ဟစ်အော်ရင်း သေနတ်ကို မိုးပေါ်ထောင်ပြီး ပစ်တော့သည်။ အော်လိုက်ပစ်လိုက်နှင့် ကျည်

http://www.cherrythitsar.org



တစ်ကပ်လုံး ကုန်သွားသည်အထိပင် ဖြစ်သည်။ ကျွန်တော်တို့အားလုံး မြေကြီးပေါ်မှာ မှောက်နေကြရသည်။ မည်သူမျှ သူ့အနားသို့ မသွားရဲပါ။

ဂျင်ဆင်က သေနတ်ကို ကျည်ကပ်ထည့်သည်။ သို့သော် ရုတ်ချည်းဆိုသလိုပင် သူ ထိုင်ချလိုက်၏။ သူ၏ခေါင်းကို သူ၏လက်နှစ်ဖက်ထဲတွင် မြှုပ်ထားလိုက်သည်။ သူနည်းနည်းလေးမှ မလှုပ်ရှားတော့ပါ။ ဤအတိုင်းပင် နှစ်နာရီ သုံးနာရီခန့်ကြာအောင် ထိုင်နေတော့သည်။

သို့သော် ယင်းအဖြစ်က အဆိုးဝါးဆုံး မဟုတ်သေးပါ။

အကြောင်းမှာ သူသည် ထိုညမှာပင် ရဲဘော်တစ်ယောက်ထံမှ ပစ္စတိုသေနတ်တစ်လက် ငှားရမ်းသည်။ သေနတ်ကို ပြောင်းကနေ ကိုင်ပြီး သူ၏နှာခေါင်းကို ထု၊ နောက် စည်းကြောင်းကို ဖြတ်ပြီး စထရန့်၏ ကတုတ်ကျင်းသို့ သွားရောက်သည်။ သူ့နှာခေါင်းအား ထုနက်ထားသည်ကို ပြပြီး သူတို့နှစ်ယောက် ရည်တူတန်းတူဖြစ်သွားပလားဟု မေးသည်။

စထရန့်က ခေါင်းညိတ်ပြီး အားလုံးအတူတူဖြစ်သွားပြီဟု ပြော၏။

နောက်တစ်နေ့ နံနက်ကျတော့ လီစထရန့် ရယ်မောလျက်ရှိသည်။

'ဒီလူ အရူးပဲ၊ သူ့မောင်းချစားကို ကျုပ်ခိုးထားတာပဲ'

ဟု သူက ပြောသည်။

## [ ၂ ]

ဒေ့ဗ်ဂျင်ဆင်နှင့် လီစထရန့်တို့ သူငယ်ချင်း ဖြစ်မသွားကြပါ။ သို့သော် တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်မှု ရှိသွားကြသည်။ နောက်လထဲတွင် သူတို့နှစ်ယောက် အတူလက်တွဲပြီး ချုံခိုတိုက်ခိုက်ကြသည်။ အတူလက်တွဲပြီး တိုက်ကင်းလှည့်ကြသည်။ ကတုတ်ကျင်းတစ်ခုထဲတွင် နေရာယူကြသည်။ ညအချိန်တွင် တစ်ယောက်တစ်လှည့်စီ ကင်းစောင့်ကြသည်။

ဩဂုတ်လကုန်ပိုင်းတွင် သူတို့နှစ်ယောက် သဘောတူညီမှု တစ်ခုရှိကြ၏။ အကယ်၍ တစ်ယောက်ယောက် တွန်းလှည်းနှင့် နေရသည့်အဖြစ်မျိုး ဒဏ်ရာရရှိခဲ့လျှင် အခြားတစ်ယောက်က ယင်းအဖြစ်ကို ဇာတ်သိမ်းပေးလိုက်ရန် ဖြစ်သည်။ ဤအချက်ကို သူတို့တကယ်ပင် အလေးအနက်ထားကြသည်။

ယင်းကို သူတို့က စာရွက်ပေါ်မှာ ရေးပြီး လက်မှတ်ရေးထိုးကြသည်။ အခြားနှစ်ယောက်ကိုလည်း အသိသက်သေအဖြစ် လက်မှတ်ရေးထိုးစေသည်။

http://www.cherrythitsar.org



ယင်းသို့ဖြင့် အောက်တိုဘာလတွင် လီစထရန့် မော်တာကျည်ဆံ ထိမှန်သည်။ ဒူးဆစ်နေရာမှ နေပြီး ခြေထောက်ပြတ်ထွက်သွားသည်။ သူ တစ်လှမ်းသာ ခုန်ဆွဆွလှမ်းနိုင်ပြီး ယိမ်းယိုင်ကာ လဲကျသွားသည်။

'အား . . . တောက်'

သူ ရွတ်ဆိုလိုက်သည်။

'တောက် . . . အား . . . တောက်'

အတော်ကလေးကြာအောင် ရေရွတ်နေသည်။

ထို့နောက် သူ တုန်လှုပ်ချောက်ချားသွားဟန်ရှိသည်။ သူ ဆင်းပြေးရန် ကြိုးစားသည်။ သို့သော် သူ့မှာ ပြေးရန် ခြေထောက်မရှိတော့ပါ။ ဘိုင်းခနဲ လဲကျသွားသည်။ ပြတ်သွားသော ယာဘက်ခြေထောက်ကို ရုန်းတွန်းနေသည်။ အရိုးအရေပြားကြီးတွေ ပေါ်ထွက်နေသည်။ ရေဘုံဘိုင်မှ ရေတွေကျသလို သွေးတွေ ဒလဟော သွန်ကျနေသည်။

သူ ကုန်းငုံ့လိုက်သည်။ မရှိတော့သော သူ့ခြေထောက်ကို နှိပ်နယ်မည့်အသွင်မျိုး ဖြစ်သည်။ ထို့နောက် သူ သတိမေ့သွားသည်။ ရက်ကယ်လီက သွေးတိတ်ကွင်းစည်းပေးပြီး မော်ဖင်းထိုးပေးလိုက်သည်။

သည့်အပြင်ကား ဘယ်သူမှ ဘာမျှ မတတ်နိုင်တော့ပါ။ ရဟတ်ယာဉ်အလာကို စောင့်ကြရန်သာရှိသည်။ ဒေ့ဗ်ဂျင်ဆင်သည် စထရန့်အနီးသို့ လျှောက်သွားပြီး ဒူးထောက်ကာ ထိုင်လိုက်သည်။ ပြတ်နေသော ခြေထောက်သည် ရှုံ့တွန့်နေခြင်း မရှိတော့။ စထရန့် အသက်ရှိသေးသလောဟု တွေးမိကြသည်။ အတန်ကြာမှ သူ့မျက်လုံးများ ပွင့်လာပြီး ဒေ့ဗ်ဂျင်ဆင်ကို မော့ကြည့်ကာ . . .

'အို . . . ဘုရားသခင်'

ဟု ရွတ်ဆိုလိုက်သည်။ သူ ညည်းတွားသည်။ ထို့နောက် အနည်းငယ်ရွှေ့လျားလိုက်ပြီးနောက် . . .

'အို . . . ဘုရားသခင်၊ သူငယ်ချင်း ငါ့ကို မသတ်ပါနဲ့'

'ဆက်သာအော်နေပါ'

ဂျင်ဆင်က ပြောလိုက်သည်။

လီစထရန့်မှာမူ နောက်၌ မေ့နေဟန်ရှိသည်။ သူသည် တစ်စက္ကန့်လောက် ငြိမ်သက်နေပြီးနောက် သူ့ခြေထောက်ကို ညွှန်ပြကာ . . .

'ဒဏ်ရာက သိပ်မဆိုးပါဘူး၊ သိပ်မပြင်းပါဘူး၊ တကယ်ပါ၊ သူတို့ ကျုပ်တိုက်ရင် ပါသွားမှာပါ၊ တကယ်ပါ'

http://www.cherrythitsar.org



'အမှန်ပဲ သူတို့ ကျုပ်ကယ်လိုက်ရင် ပြီးသွားမှာပဲ'

'မင်းတကယ်ပြောတာလား'

'တကယ်ပေါ့'

စထရန့်သည် ကောင်းကင်ကို မျက်မှောင်ကုပ်ပြီး ကြည့်လိုက်သည်။ ထို့နောက် သတိလစ်သွားသည်။ ထို့နောက် သတိပြန်လည်လာသည်။

'ငါ့ကို မသတ်ပါနဲ့'

'မသတ်ပါဘူး'

ဂျင်ဆင်က ပြန်ပြောသည်။

'တကယ်ပြောတာလား'

'တကယ်ပေါ့'

'ဒါကို မင်းကတိပေးရမယ်၊ ကျိန်ရမယ်၊ ငါ့ကို မသတ်ဘူးဆိုတာ မင်း ကျိန်ပြီးပြောရမယ်'

ဂျင်ဆင် ခေါင်းညိတ်လိုက်ပြီး . . .

'ငါ ကျိန်ပြီးပြောပါတယ်'

အတန်ကြာသောအခါ ကျွန်တော်တို့သည် သူ့ကို ရဟတ်ယာဥ်ဆီသို့ သယ်သွားကြသည်။ ဂျင်ဆင်က အကောင်းပကတိရှိသော ခြေထောက်ကို လက်ဖြင့် တို့ပြီး ပြောလိုက်သည်။

'ကဲ သွားပေတော့'

နောက်ပိုင်းတွင် လီစထရန့် ကွယ်လွန်သွားကြောင်း ကျွန်တော်တို့ ကြားသိရသည်။ ထိုအခါမှ ဒေ့ဗ်ဂျင်ဆင်သည်လည်း ဝန်ထုပ်ဝန်ပိုးကြီး ကျသွားတော့သည်။

ပေဖူးလွှာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၉၀။

**Enemies and Friends by Tim O'Brien**

http://www.cherrythitsar.org



# ချယ်ရီမက်ဆောင်

ဘီစီ (၆၃) ခု၊ နှစ်ဦးပိုင်းတွင် ရောမမြို့တော်၌ လှိုင်းဂယက်တစ်ခု ရိုက်ပုတ်လျက်ရှိ၏။ ရောမအင်ပါယာ၏ အာဏာခိုင်ခန့်ရေးအတွက် စစ်သူကြီး ပွန်ပေသည် အာရှမိုင်းနားခေါ် အာရှအနောက်ပိုင်း နိုင်ငံများတွင် စစ်ပွဲများ ခင်းကျင်းလျက်ရှိ၏။ တစ်ပွဲပြီးတစ်ပွဲလည်း အောင်နိုင်လျက်ရှိ၏။

ပွန်ပေအဖို့ အာရှမိုင်းနား၏ အောင်ပွဲများသည် သူ့တန်ခိုးဩဇာကို တစ်ရှိန်ထိုး တွန်းတင်ပေးနေသကဲ့သို့ ရှိ၏။ ရောမမြို့တော်သို့ ပြန်ရောက်လျှင် အင်ပါယာ၏ တန်ခိုးအာဏာ ဆက်ခံမည့်သူအဖြစ်သို့ ရောက်ရှိလာမည် ဖြစ်ရာ ရောမမြို့တော်၏ ဩဇာအာဏာ လူကုံထံရပ်ကွက်တွင် လှုပ်လှုပ်ရှားရှားဖြစ်လျက် ရှိပေသည်။

ဤသို့သော အခြေအနေအတွင်း နေ့တစ်နေ့၌ တိုင်ဘာ မြစ်ကမ်းပေါ်ရှိ စံနန်းတော်တည်ရှိရာ ဥယျာဉ်ကြီးအတွင်းတွင် အရပ်နိမ့်ပြီး သေးသွယ်သော ပုဂ္ဂိုလ်တစ်ဦးသည် အထူးဧည့်သည်တစ်ဦးကို တွေ့ဆုံရန် စံနန်းတော်မှထွက်လာပြီး ကျောက်ဖြူလှေကားထစ်များအတိုင်း တောင်ဝှေးကို အားပြုရင်း တက်လာနေ၏။ ထိုပုဂ္ဂိုလ်ကား ရောမအင်ပါယာ၏ အမိပတိ ဗိုလ်ချုပ်ကြီး လူကားလပ်(စ်)ဖြစ်ပြီး တွေ့ဆုံမည့် အထူးဧည့်သည်ကား သဘာဝတ္တ ပညာရှင်နှင့် ကဗျာဆရာကြီး လူးကရီးရှပ် (LUCRETIUS) ဖြစ်ပေသည်။

(ရောမအင်ပါယာခေတ်တွင် ကျော်ကြားသော မင်းဆရာနှစ်ဦး ရှိခဲ့၏။ တစ်ဦးကား ယခုဖော်ပြသည့် ဆရာကြီး လူကရီးရှပ်ဖြစ်ပြီး သူ့ကို သမိုင်းဆရာများက အယ်ပီကြူးရပ် (EPICURUS) ဝါဒီဟု ရည်ညွှန်းလေ့ရှိကြ၏။ အခြား မင်းဆရာ၏အမည်မှာ စိနီကားဖြစ်ပြီး သူဆရာလုပ်ရသော မင်းမှာ ရောမသမိုင်းတွင် အလွန်တရာ ဆိုးရွားကြောင်းဖြင့် မှတ်တမ်းအတင် ခံရသူ နီရိုဘုရင်ဖြစ်၏။ ရောမမြို့ကြီး မီးဟုန်းဟုန်းတောက်၍ လူအများ ကယ်ပါယူပါဖြစ်နေချိန်တွင် နီရိုဘုရင်သည် တယောထိုးမပျက်သဖြင့် ကမ္ဘာကျော်သွားခဲ့လေသည်။ ယင်းဆရာကြီး စီနီကားသည်လည်း စတွိုက် (STOIC) ဝါဒီတစ်ဦးဖြစ်ကြောင်း ဖော်ပြကြ၏။)

ဗိုလ်ချုပ်ဟောင်းကြီး လူကားလပ်စ်သည် သူ့အချိန် ကာလများ တုန်းကလည်း အာရှအနောက်ပိုင်း စစ်ပွဲများဖြင့် ရောမအင်ပါယာ၏ ဩဇာ အာဏာ အထွဋ်အထိပ်သို့ ရောက်ခဲ့၏။ သို့သော် အောင်မြင်မှု၊ ကျော်ကြားမှု ဟူသည် အချိန်ကာလအားလုံးကို လွှမ်းခြုံစိုးမိုး ထားနိုင်ခြင်းမရှိဘဲ အနိစ္စ သဘောမျှသာဖြစ်ရာ ဉာဏ်ရက်များအတွင်း စိတ်များ ထွေပြားလေးလံလျက် ရှိသဖြင့် ဧည့်သည်များကို လက်ခံတွေ့ဆုံခြင်း မရှိခဲ့ပေ။

ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် ဧည့်ခန်းဆောင်အတွင်းသို့ ရောက်ရှိနေသော ကဗျာဆရာကြီး လူကရီးရှပ်ကို ဖော်ရွေစွာ နှုတ်ဆက်ပြီး အလ္လာပ သလ္လာပ စကားများ ပြောဆိုကြ၏။ ထို့နောက် စားသောက်ဖွယ်ရာများ ပြင်ဆင်ပေးထားသော အခန်းဆောင်ငယ်တစ်ခုသို့ ရှေ့ဆောင်ခေါ်လာခဲ့၏။

ကဗျာဆရာကြီး၏ ကျန်းမာရေးမှာ သိပ်မကောင်းလှပေ။ သူ့ကို ပန်းနာက ဒုက္ခပေးလျက်ရှိသဖြင့် စွတ်စိုထိုင်းမှိုင်းသော ရာသီဥတုဒဏ်ကို သိပ်မခံနိုင်ပေ။ သို့ဖြစ်၍ အခြားစားကောင်း သောက်ဖွယ်ရာများကို မသုံးနိုင်ဘဲ သစ်သီးဝလံကိုသာ စားသုံးလျက်ရှိ၏။

ကနဦးပိုင်းတွင် ၎င်းတို့ပြောဆိုနေသော အကြောင်းအရာမှာ အတွေး အမြင်ပိုင်းဆိုင်ရာများသာဖြစ်၏။ ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် သူနှင့် ယခု တွေ့ဆုံဆွေးနွေးနေသော လူကရီးရှပ်ရေးသည့် 'အရာအားလုံး၏ သဘာဝ' (ON THE NATURE OF THINGS) အမည်ရှိ ကဗျာကျမ်း တွင် နတ်ဘုရားများနှင့် ပတ်သက်၍ ဖော်ပြချက်များအပေါ် ဝေဖန်ဆွေးနွေး လျက်ရှိပေသည်။

နတ်ဘုရားများသည် လူတို့၏ ကိုးကွယ်ရာများဖြစ်၏။ နတ်ဘုရား များကို သဘာဝလောကကြီးတွင် မတွေ့ရှိ၍ လူတို့၏ အစွဲအလန်းအဖြစ်

http://www.cherrythitsar.org



ငြင်းပယ်လိုက်ခြင်းသည် ဝိညာဉ်ပိုင်းဆိုင်ရာ ခံစားချက်ကို ချေဖျက်လိုက် သကဲ့သို့ရှိကြောင်း ဆွေးနွေးလျက်ရှိ၏။

နတ်ဘုရားများ၏ ကူညီစောင်မမှုကို အားကိုးအားထား ပြုခြင်းဟူသော ခံစားချက်သည် လူ၏ရပ်တည်လုပ်ကိုင်မှု၊ လောကီကိစ္စများနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း၊ သို့ဖြစ်၍ လူတို့အတွက် မရှိမဖြစ် လိုအပ်ကြောင်း စသည်ဖြင့် ဆွေးနွေးဝေဖန်လျက်ရှိပေသည်။

ကဗျာဆရာကြီး လူကရီးရှပ်ကမူ သူ၏ ကဗျာကျမ်းကြီးတွင် ရေးသားထားသည့်အတိုင်း သဘာဝတ္ထ အသိအမြင်နှင့် ဆင်ခြင်တုံတရားဘက်ကသာ ပြန်လည်ဆွေးနွေးလျက်ရှိ၏။

ထို့နောက် ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် နတ်ဘုရားများ၏ ကူညီစောင်မမှုနှင့် ပတ်သက်၍ ဆက်စပ်ပြောကြားလိုဟန်ဖြင့် အိပ်မက်တစ်ခု အကြောင်း စတင်ပြောကြားလေတော့သည်။

'ဒါနဲ့ စကားမစပ် အိပ်မက်တစ်ခုအကြောင်း ပြောရဦးမယ်၊ ဂါဆူရာ စစ်ပွဲအပြီးမှာပေါ့ဗျာ၊ ကျွန်တော်တို့ဖက်က အရေးသိပ်မလှတဲ့အတွက် တိုက်ပွဲ အချို့ကို မြန်မြန်နိုင်ဖို့ လိုနေတယ်၊ လက်ထောက်ဗိုလ်ချုပ် ထရီးယပ်က အရံ တပ်တွေကို ထုတ်သုံးလို့ အချိန်မီ ပြန်ထိန်းလိုက်ရတယ်။ နို့မဟုတ်ရင် အား လုံး အခက်ပဲဗျို့၊ တပ်သားတွေကလည်း ရိက္ခာအခက်အခဲကြောင့် စိတ်ဓာတ် ကျနေတဲ့ အချိန်ပေါ့ဗျာ . . .။

'ကျွန်တော်ကလည်း သိပ်ပင်ပန်းနွမ်းနယ်နေပြီ၊ နေ့လည်ခင်းမှာ မြေပုံ ဖတ်တုန်း မြေပုံကားချပ်ပေါ်မှာပဲ မျက်နှာအပ်လျက် အိပ်မောကျသွားတယ်၊ အဲဒီမှာ အိပ်မက်မက်တယ်။

'ကျွန်တော်တို့တပ်ဟာ ဟာလီမြစ်ကြီးရဲ့ မြစ်ကမ်းပေါ်မှာ စခန်းချ ထားတယ်၊ မြစ်ရေကလည်း အင်မတန်ကြီးနေချိန်ပေါ့၊ ကျွန်တော်က တပ်စခန်း တဲ့အတွင်းမှာ စစ်ဆင်ရေးစီမံချက် ရေးနေတယ်လို့ အိပ်မက်ထဲမှာ တွေ့တယ်။ ရန်သူ မီသရီဒိတ်တွေဟာ ဟိုဘက်ကမ်းမှာ တစ်ချို့ စခန်းချနေတော့ မြစ်ရေ ကြီးနေတဲ့အတွက် တစ်ဖက်နဲ့တစ်ဖက် စစ်ကူမပေးနိုင်ဘူး၊ အလွယ်တကူနဲ့ တိုက်လို့ နိုင်မယ်လို့ မြင်တယ်။

'ဒါနဲ့ နောက်နေ့မနက်မှာ နတ်ဆရာတွေနဲ့ တိုင်ပင်တော့ အင်မတန် ကောင်းတဲ့ အတိတ်နိမိတ်ပဲလို့ ပြောကြတဲ့အတွက် စစ်အခင်းအကျင်း ပြုလုပ်ပြီး လုပ်နေကျ ယဇ်နတ်ပူဇော်ပွဲ လုပ်တယ်၊ ပြီးတော့ မိန့်ခွန်းပြော ကြားတယ်။

http://www.cherrythitsar.org



'နတ်ဘုရားများက ရန်သူတွေ ပျက်စီးအောင် ရေကြီးပေးနေပြီဖြစ်ကြောင်း၊ ရန်သူကို ချေမှုန်းဖို့ အခွင့်အရေးကြီးဖြစ်ကြောင်း၊ အတိတ်နိမိတ်များကလည်း အလွန်ကောင်းနေတဲ့အတွက် နတ်ဘုရာများက ဒီစစ်ပွဲကို အောင်နိုင်အောင် စောင့်ရှောက်နေကြတယ်ဆိုတာ သေချာကြောင်း စသည်ဖြင့် မိန့်ခွန်းပေးနေတာပေါ့ဗျာ၊ မိန့်ခွန်းပေးနေစဉ်မှာပဲ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုပေါ်လာတယ် . . .။

'ကျွန်တော်ရပ်နေတဲ့ နေရာက မြေအမြင့်ဆိုတော့ မြစ်ကမ်းတစ်လျှောက် ကွင်းပြင်တစ်ခုလုံးကို ထင်ထင်ရှားရှားကြီး မြင်နေရတယ်၊ ရန်သူ မီသရီဒိတ်တွေ စခန်းချနေတဲ့နေရာက မီးခိုးတွေ တလူလူတက်နေတာတောင် မြင်ရတယ်။ ရင်ဆိုင်တိုက်ခိုက်ကြမယ့် စစ်တပ်နှစ်တပ်ကြားမှာ အတော်ဖြစ်ထွန်းနေပြီဖြစ်တဲ့ ပြောင်းဖူးခင်းတွေရှိတယ်၊ မြစ်ကမ်းနဖူးကပ်လျက် ပြောင်းဖူးခင်းမှာဆိုရင် ရေလွှမ်းစပြုနေပြီ၊ အဲဒီမှာနေတဲ့ တောင်သူအိမ်ထောင်စုတစ်စုဟာ သူတို့ပစ္စည်းတွေ သိမ်းဆည်းရင်း အလုပ်ရှုပ်နေကြတယ်။

'အနီးအနားရှိ တောင်သူအချို့က ကျွန်တော်တို့ဘက်ကို အော်ဟစ်ရင်း လက်တွေ ဝှေ့ယမ်းပြကြတယ်။ ကျွန်တော့်တပ်ရဲ့ အစွန်အဖျားပိုင်းမှာရှိတဲ့ အချို့က သဲသဲကွဲကွဲကြားရလို့ ထင်တယ်၊ လေးငါးယောက်လောက် သူတို့ဆီကို ထွက်ခွာသွားတယ်၊ ပထမတော့ ဖြည်းဖြည်းပဲ၊ နောက်တော့ ပြေးသွားကြတာ လှမ်းမြင်ရတယ် . . .။

'ဒီနောက် တောင်သူတွေက သူတို့ရဲ့ ဟိုဘက်ကို လက်ညှိုးညွှန်လျက် ပြကြတယ်၊ သူတို့ဆိုလိုတာကို ကျွန်တော်သဘောပေါက်သွားတယ်၊ မြစ်ကမ်းကို မြေသားတမံ တုပ်ထားတာ ရေတိုက်စားပြီး ကျိုးစပြုနေပြီ၊ မကြာမီ ကျိုးပေါက်ထွက်တော့မယ်၊ ကျွန်တော် မိန့်ခွန်းပြောနေစဉ်မှာပဲ ဒါတွေအားလုံး မြင်နေရတယ်၊ အကြံတစ်ခု ရလာတယ် . . .။

'ကျွန်တော်က လက်နှစ်ဖက်မြှောက်ပြီး ရေကာတာဆီသို့ လက်ညှိုးထိုးပြတော့ အဲဒီဘက်ကို အားလုံး လှမ်းကြည့်ကြတယ်၊ ကျွန်တော်က အသံမြှင့်ပြီး တပ်သားတို့ ဒါဟာ နတ်ဘုရားများက စောင်မတာဖြစ်တယ်၊ သူတို့က ရန်သူရဲ့ ရေကာတာကြီး ကျိုးဖျက်အောင် မြစ်ကြီးကို အမိန့်ပေးလိုက်တာ ဖြစ်တယ်။ နတ်ဘုရားများရဲ့ တန်ခိုးတော်ဖြင့် တိုက်ကြ တိုက်ကြလို့ အော်ဟစ်ပြီး အမိန့်ပေးလိုက်တယ် . . .။

'အဲဒီအချိန်က ကျွန်တော့်အနေအထားက တပ်သားတွေအလယ်မှာ မတ်တတ်ရပ်နေတာ ဖြစ်တယ်။ တပ်သားတွေက ပြုံနေပြီဖြစ်တဲ့ တာတမံဆီ

http://www.cherrythitsar.org



ကို ခဏတော့ လှမ်းကြည့်နေကြတယ်။ ကျွန်တော်ကလည်း သူတို့ တုံ့ပြန်ချက်ကို အချိန်ပေးပြီး စောင့်ကြည့်နေတယ်၊ မကြာပါဘူး။ ရာပေါင်းများစွာ တပ်သားတွေက ရေကာတာဆီ ပြေးသွားကြတယ် . . .။

'ရှေ့ဆုံးက ရောက်သွားတဲ့ လေးငါးယောက်ဟာ နောက်က လိုက်လာတဲ့ တပ်သားတွေကို လှမ်းအော်ပြစ်ရင်း တောင်သူရဲ့ နွားတွေကို ကယ်တင်နေကြတယ်၊ ရေကာတာ ရေကာတာဆိုတဲ့ အသံတွေကို ကြားနေရတယ်။

'ထောင်ပေါင်းများစွာ တပ်သားတွေဟာ ပြေးလိုက်သွားကြတယ်။ ကျွန်တော့်နောက်ဘက်က တပ်သားထုကြီးကလည်း တိုးဝှေ့ပြီး လိုက်သွားကြတော့ ကျွန်တော်လည်း ရောပါသွားတော့တာပဲ။ ကျွန်တော့်အနေနဲ့ကတော့ ရေကာတာကျိုးရင် တစ်ဝက်အောင်မြင်နေပြီဖြစ်တဲ့ ပြောင်းဖူးခင်းတွေ ပျက်စီးတော့မှာပဲလို့ မြင်ပြီး ရောပါသွားတာပဲ။ ဒါဟာ အခြားလူတွေရဲ့ သိမြင် ခံစားချက်က ကျွန်တော့်ဆီကို ကူးစက်လာတာပဲ ဖြစ်မယ်၊ ကျွန်တော်ပါဝင်ရောက်လုပ်ကိုင်တော့တယ်။ တပ်သားတွေဟာ ကာဒိုင်းတွေကို ရေလျှံတာ ပိတ်ဆို့ရာမှာရော၊ မြေသားတွေ ကော်ပြီး ဖို့ရာမှာရော သုံးကြတယ်၊ မကြာမီ တာတမံ မကျိုးအောင် ထိန်းနိုင်ခဲ့ကြတယ်'

ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် ဤတွင် သူ့အိပ်မက်ကို အဆုံးသတ်လိုက်သည်။

'အလွန်လှပတဲ့ အိပ်မက်ပဲ'

ဟု ကဗျာဆရာက ဆို၏။

'အိပ်မက်ကတော့ လှသယောင်ရှိမှာပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော် အိပ်မက်မက်ပြီး နိုးလာတော့ တော်တော် မအီမသာဖြစ်မိတယ်၊ မရွှင်မပျလည်း ဖြစ်မိတယ်၊ အမိန့်အာဏာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခြင်းဟာ ကျွန်တော့်ရဲ့ ပျော့ညံ့မှုကို ဖော်ပြသလို ဖြစ်နေတယ်လို့ ထင်တာပဲ'

'အိပ်မက်ထဲတင်ပဲလား . . .'

'အပြင်မှာလည်း အလားတူပါပဲဗျာ'

ထို့နောက် ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် အစေအပါးများဆီသို့ လက်ခုပ်တီး၍ အချက်ပြလိုက်ရာ အစေအပါးများ ရောက်လာပြီး စားသောက်ဖွယ်ရာများကို လျင်မြန်စွာ သိမ်းဆည်းသွားကြ၏။ ကဗျာဆရာကို ပန်းပုပြခန်း ကြည့်ရှုရန် ဖိတ်ခေါ်ပြီး ခန်းဆောင်ငယ်မှ နှစ်ဦးသား ထွက်လာခဲ့ကြသည်။ ကျောက်ဖြူတိုင်များ စီတန်းနေသော အဆောင်ကူးလမ်းအတိုင်း လျှောက်လှမ်းခဲ့ကြ၏။

http://www.cherrythitsar.org



ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် လမ်းခင်းကျောက်ဖြူပြားများကို တောင်ဝှေးဖြင့် တဒေါက်ဒေါက် ထောက်၍ လျှောက်လမ်းလာရင်း စကား ဆက်လျက်ရှိ၏။ အာရှမိုင်းနားတွင် အရေးနိမ့်ခဲ့ရသည့် အချို့သော စစ်ပွဲများ အကြောင်းဖြစ်၏။

ကဗျာဆရာကြီး လူကရီးရှပ်သည် အတွေးတစ်ခုတွင် နစ်မျောလျက် ရှိသဖြင့် အကြောင်းအရာများမှာ တစ်ခါတစ်ရံသာ နားထဲဝင်၏။ ဤဗိုလ်ချုပ် ကြီးသည် အာရှအနောက်ပိုင်းအောင်ပွဲများ ရှိခဲ့ကြောင်း သူ နေထိုင်ရာနန်းတော် ကြီးက သက်သေပြလျက်ရှိ၏။ ရောမအင်ပါယာကို ထူထောင်ခဲ့သူဖြစ်ကြောင်း အများကလည်း သိရှိကြ၏။

ဤကိစ္စနှင့်ပတ်သက်၍ သိပ်စိတ်မဝင်စားလှပေ။ သူ့အတွေးများက ဗိုလ်ချုပ်ကြီး၏ အိပ်မက်တွင်ဖြစ်၏။ ဤဖြစ်ရပ်သည် ဗိုလ်ချုပ်ကြီး လူကား လပ်စ်၏ တပ်များက ဂရိနိုင်ငံ အေမစ်စပ်မြို့ကို တိုက်ခိုက်သိမ်းပိုက်စဉ်က တကယ့်ဖြစ်ရပ်နှင့် ဆင်တူလျက်ရှိသဖြင့် အိပ်မက်ကို စိတ်ဝင်စားလျက် ရှိ ခြင်းဖြစ်၏။

အေမစ်စပ်မြို့မှာ ဂရိနိုင်ငံ အေသင်မြို့တော်၏ ညီအစ်မမြို့ဖြစ်ပြီး အစားထိုးမရနိုင်သော ကျောက်ဆစ်ပန်းပုလက်ရာများဖြင့် ပြည့်လျှမ်း၏။ ဤ မြို့ကို သိမ်းစဉ်က မြို့ကို မီးတင်ရှို့ကြ၏။ ဗိုလ်ချုပ်ကြီးသည် မျက်ရည်များ ကျရင်း ကျောက်ဆစ်ပန်းပုအနုပညာ ပစ္စည်းများကို မဖျက်ဆီးရန် တားဆီး ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

သို့ဖြင့် တစ်ဦးက တောက်လျှောက်ပြောလျက် တစ်ဦးက အတွေး နစ်လျက်ဖြင့် ပန်းပုနှင့် အနုပညာပစ္စည်းပြခန်းသို့ ရောက်ရှိလာခဲ့ကြသည်။ ဗိုလ်ချုပ်ကြီးသည် အနုပညာပစ္စည်း အမွေအနှစ်များကို မြတ်နိုးသည်ဖြစ်ရာ ရောမအင်ပါယာ တဝှမ်းမှ လက်ရာများ စုဆောင်းပြသထားသည်။

ပန်းပုပြခန်းတွင် မကြာမီက စုဆောင်းရရှိထားသော ပစ္စည်းများ အနက် အကောင်းဆုံးမှာ ရွှံ့ဖြင့် ပြုလုပ်ထားသော (NIKE) နတ်သမီးရုပ် ဖြစ်၏။

ကဗျာဆရာကြီး လူကရီးရှပ်သည် ယင်းနတ်သမီးရုပ်ကို ကြံ့လှီ သော လက်ချောင်းများဖြင့် ခပ်ဖွဖွကလေး ကောက်ယူ၍ အပေါ်သို့ အသာ အယာကလေးပင့်ကာ ပြုံးလျက်ကြည့်နေ၏။

'လက်ရာမြောက်ပါပေတယ်ဗျာ . . .၊ သောကပရိဒေဝ ကင်းဝေးဟန် နဲ့ ချိုမြိန်တဲ့ အပြုံးပုံကို ဖော်ထားနိုင်ပါတယ်၊ ပန်းပုဆရာရဲ့ ရည်ရွယ်ချက်

http://www.cherrythitsar.org



ကတော့ အောင်နိုင်ခြင်းရဲ့ နတ်ဘုရားမကို ငြိမ်းချမ်းခြင်းရဲ့ နတ်ဘုရားမအဖြစ် ဖော်ပြလိုပုံပါပဲ။ ပန်းပုဆရာထုလုပ်တဲ့ အချိန်ကတော့ ဒီလူတွေ ပထမဦးဆုံး အကြိမ် မရှုံးနိမ့်ခင်က ဖြစ်ပုံရတယ်'

ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် ကဗျာဆရာကြီး အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သိပ်ဘဝင်ကျလှပုံ မရပေ။ နုနယ်လွန်းသည်ဟု ထင်ပုံရ၏။ ကဗျာဆရာထံမှ နတ်သမီးရုပ်ကို လှမ်းယူရင်း ပြောကြား၏။

'လူမျိုးနွယ်ဟာ သူတို့ ရရှိခဲ့တဲ့ ချစ်ခြင်းမေတ္တာထက် နာကြည်းမိတာတွေကို ပိုပြီး သတိရတတ်ကြတာဟာ ဓမ္မတာတစ်ခုလိုပါပဲ။ ပါးပြင်ပေါ်က အနမ်းတွေကြောင့် ဘာတွေ ကျန်ခဲ့သလဲ၊ ဘာမှ ကျန်လေ့မရှိပါဘူးဗျာ။ ရှုံးနိမ့်ခြင်းနဲ့အတူ ရရှိသွားတဲ့ ဒဏ်ရာဒဏ်ချက်တွေကတော့ အမာရွတ်များ သဖွယ် သမိုင်းဖြစ်ကျန်ခဲ့တာပါပဲဗျာ'

ကဗျာဆရာကြီး လူကရီးရှပ်သည် ဘာမှ ပြန်မပြောဖြစ်။ ဗိုလ်ချုပ်ကြီး၏ စကားမှာ ထူးဆန်းသလိုလိုရှိ၍ လှမ်းကြည့်လိုက်သည်။

'ဘယ်လိုလဲ ကဗျာဆရာကြီး၊ ကျွန်တော်ပြောတာတွေကို အံ့သြနေသလား'

'ရိုးရိုးသားသားနဲ့ ပွင့်ပွင့်လင်းလင်း စာအုပ်တွေမှာ ဗိုလ်ချုပ်ကြီး လူကားလပ်စ်ဆိုတဲ့ အမည်အစွန်းအထင်းနဲ့ ကျန်ရစ်ခဲ့မှာကို စိုးရိမ်နေပါသလား'

'ကိုယ့်ဟာကို ဆန်းစစ်ကြည့်တော့လည်း ရေရေရာရာ အဖြေထွက်မလာပါဘူးဗျာ၊ ဖြစ်ချင်လည်း ဖြစ်မယ်ဆိုတာလောက်ပဲ ပြောနိုင်မှာပါပဲ'

ဗိုလ်ချုပ်ကြီးသည် နိုက်နတ်သမီးရုပ်ကို သူ့နေရာသူ အသာအယာ ပြန်ချလိုက်ပြီး ဆက်လက်ပြောကြား၏။

'ကဗျာဆရာ ရှင်းပြနိုင်ပါလိမ့်မယ်၊ ကျွန်တော့်ရဲ့ ဆောင်ရွက်ချက်တွေ အားလုံးမဟုတ်တောင်မှ အချို့တစ်ဝက်တော့ သမိုင်းမှာ အသိအမှတ်ပြုခံချင်တဲ့ မျှော်လင့်ချက်တွေ အခုမှ ဘာကြောင့်ဖြစ်ပေါ်လာရသလဲ ဆိုတာပါပဲ'

'ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သမုဒယ တစ်မျိုးပါပဲ ဗိုလ်ချုပ်ကြီး'

ဗိုလ်ချုပ်ကြီး လူကားလပ်စ်သည် အနည်းငယ် စိတ်လှုပ်ရှားနေဟန်ရှိပြီး ပန်းပုပြခန်းတွင် အလင်းရောင်ရစေရန် မီးတုတ်ကိုင်၍ လိုက်ပါလာသော အစေအပါးကို အဝေးသို့ ထွက်ခွာသွားရန် အချက်ပြလိုက်သည်။ တစ်စုံတစ်ခု

http://www.cherrythitsar.org



ပြောဆိုရန် အနည်းငယ် ရှက်ရွံ့နေပုံလည်း ရ၏။ သို့ဖြစ်၍ ကဗျာဆရာကို လေသံဖြင့် ခပ်တိုးတိုး မေးမြန်းသည်။

'ကျွန်တော်ရဲ့ ထင်ရှားကျော်ကြားမှုဟာ ဘယ်မှာတည်ရှိတယ်လို့ ထင်ပါသလဲ ကဗျာဆရာ'

သူတို့နှစ်ဦးသည် ပန်းပုပြခန်းထဲမှာ ဥယျာဉ်ဘက်သို့ လျှောက်လှမ်းလာခဲ့ကြ၏။

တိုင်ဘာမြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော ညနေချမ်း လေပြည်လေညင်းကြောင့် ပန်းပင်ပန်းရုံများ လှုပ်ရှားမြူးတူးလျက် ရှိပေသည်။ ချယ်ရီပင်များမှာ ပင်ယံထက်တွင် အဆုပ်လိုက် ဖူးပွင့်လျက်ရှိပြီဖြစ်၍ ဥယျာဉ်တော်တွင် ချယ်ရီအလှများကသာ စိုးမိုးနေချိန်ဖြစ်၏။

ကဗျာဆရာကြီး လူကရီးရှပ်သည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး

'ဗိုလ်ချုပ်ကြီးရဲ့ ထင်ရှားကျော်ကြားမှုဟာ အာရှကို သိမ်းပိုက်နိုင်ခဲ့တာ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ အသေအချာတော့ မပြောနိုင်ဘူးပေါ့ဗျာ၊ အောင်ပွဲခံပြီးနောက် ကျင်းပလေ့ရှိတဲ့ ဘုရင်ခံတွေ၊ မှူးမတ်တွေ တက်ရောက်တဲ့ ဧည့်ခံပွဲကြီးတွေ၊ မင်းခမ်းမင်းနားတွေ ဖြစ်မယ်ဆိုရင်လည်း ဖြစ်နိုင်ပါတယ်'

ထိုသို့ပြောဆိုပြီးနောက် ကဗျာဆရာသည် စကားကို ရုတ်တရက် ရပ်နားလိုက်ပြီး လေပြည်လေညင်းတွင် ယိမ်းနွဲ့လျက်ရှိသည့် ချယ်ရီပင်ကို လက်ညှိုးညွှန်လျက် မေးမြန်း၏။

'ဒီ ချယ်ရီပင်ကို အာရှတိုက်က ဗိုလ်ချုပ်ကြီး ယူခဲ့တာပဲမဟုတ်လား . . .'

ဗိုလ်ချုပ်ကြီးက ခေါင်းညိတ်၏။

'ကျွန်တော် သဘောပေါက်ပြီ ထင်ပါတယ်၊ ချယ်ရီပင်ဟာ ဗိုလ်ချုပ်ကြီးရဲ့ ထင်ရှားကျော်ကြားမှုတည်ရာ ဖြစ်ပါလိမ့်မယ် ထင်ပါတယ်'

ဟု လေးနက်စွာ ပြောဆို၏။

'ချယ်ရီပင် . . . ဒီချယ်ရီပင်ကတော့ အာရှတိုက်က ခင်ဗျား ယူဆောင်လာလို့ ဒီကိုရောက်ရကြောင်း ဘယ်သူ့ကိုမှ လိုက်ပြောနေမယ်တော့ မဟုတ်ဖူးပေါ့၊ ဒါပေမဲ့ ဒါက အရေးကြီးတဲ့ အဓိကအချက် မဟုတ်ပါဘူးဗျာ၊ အာရှတိုက်ကိုလည်း နောက်တစ်ကြိမ် ထပ်ပြီး ဆုံးရှုံးချင် ဆုံးရှုံးမယ်၊ ဒါပေမဲ့ ဒီချယ်ရီပင်ကို အာရှတိုက်က ခင်ဗျား ယူလာခဲ့တာဆိုတာတော့ အနည်းဆုံး တစ်ယောက်နှစ်ယောက်တော့ သိမှာပေါ့ . . .။

http://www.cherrythitsar.org



'နောက်ဆုံး တစ်ယောက်တလေမှတောင် မသိဘူးထားတော့ဗျာ၊ ကိစ္စမရှိပါဘူး၊ အောင်ပွဲခံစစ်သူကြီးတွေ၊ မင်းဧကရာဇ်တွေရဲ့ ပြည်တော်ပြန်လက်ဆောင်တွေအားလုံး မြေမှုန့်ဖြစ်သွားကြသည့်တိုင်အောင် ဒီမှာ ဗိုလ်ချုပ်ကြီး လူကားလပ်စ်၊ အာရှတိုက်က ခင်ဗျားသယ်ဆောင်ခဲ့တဲ့ အလွန်နှစ်လိုဖွယ်ကောင်းတဲ့ ဒီချယ်ရီပင်တွေဟာ ဥယျာဉ်တွေ၊ တောင်ကုန်းတောင်တန်းတွေမှာ မိုးဥတုရောက်လာတိုင်း ဖူးပွင့်ဝေဝေနဲ့ ယိမ်းနွဲ့လှုပ်ရှားလို့ လှပနေကြပါလိမ့်မယ်'

ရွှေဝတ်ရည်မဂ္ဂဇင်း ၊ အမှတ် — ၆ ၊ ၁၉၉၀ ။

**BERTOLT BRECHT ၏ COLLECTED SHORT STORIES ဝတ္ထုတိုပေါင်းချုပ်မှ LUCULLUS'S TROP ကို ဘာသာပြန်သည်။**

http://www.cherrythitsar.org



# ရှက်ယှဉ်

မင်နိုလီတေးက ကမ္ဘာတွင် အထင်ရှားဆုံး နွားရိုင်းသတ်သမား တစ်ဦးဖြစ်သည်။

လူနှင့်နွားရိုင်းတို့ အသေတိုက်ကြသည့် ပွဲများကို အသွေးထဲ အသားထဲက စွဲလမ်းကြသည့် စပိန်လူမျိုးများ နေထိုင်ရာ ဥရောပနှင့် တောင်မြောက်အမေရိကတို့တွင်ကား သူက သူ့ရဲကောင်းတစ်ဦးပမာပင် လေးစား မြတ်နိုးခြင်း ခံခဲ့ရသည်။

မင်နိုလီတေးက တည်ငြိမ်အေးဆေးလှသူတစ်ယောက်။

သို့သော် ပီရူးရှိ စာရေးသူ၏ အခန်းမှာ ဆုံမိကြသည့် အဲသည့်နေ့ ကတော့ သူ အတော်စိတ်လှုပ်ရှားနေသည်။

'တော်ပြီဗျာ၊ ကျွန်တော် နားတော့မယ်၊ ကျွန်တော့်မှာ ငွေကြေးလည်း ဘိုးစဉ်ဘောင်ဆက် ရှာခဲ့တာထက်မက စုမိနေပြီ၊ ဒါတွေ သုံးစွဲဖို့တောင် အချိန် မပေးနိုင်ဘူး၊ အသက်နှစ်ဆယ့်ကိုးနှစ်ဆိုတာကြီးတော့ မကြီးသေးပါဘူး။ ဒါပေမဲ့ ကျွန်တော် အရိုးတခြား အသားတခြား ဖြစ်မသွားခင် ဒီကထွက်မှ ဖြစ်မယ်'

သည်စကား သူပြောသည့်အချိန်က အနီးမှာ သူ့ဇနီးလောင်း အန်တိုနီယာလည်း ရှိနေသည်။

http://www.cherrythitsar.org



'ဘယ်လိုလဲ၊ သူ တကယ်ထွက်မယ်ထင်သလား'

အန်တိုနီယာကိုမေးတော့ အမျိုးသမီးက ခေါင်းခါသည်။

'သူထွက်ချင်ပေမယ့် သူ့လူတွေက ဘယ်တော့မှ ထွက်ခွင့်ပြုမှာ မဟုတ်ဘူး၊ သူ့ကို အရင်သတ်ကြမှာ၊ သေမှ ထွက်ခွင့်ရမှာ'

အန်တိုနီယာပြောတာ အမှန်ပဲဖြစ်သည်။ အဲသည့်နှစ် နွေဦးရာသီမှာ သူ ပီရူးမှ စပိန်သို့ ပြန်သွားသည်။ ၁၉၄၇ ခုနှစ်။ သူ့ကို အုံးအုံးကျွက်ကျွက် ကြိုဆိုကြသည်။ စာနယ်ဇင်းများကလည်း သူ့အား လူစွမ်းကောင်းများ နောက်တွင် အကြီးကျယ်ဆုံး စပိန်ဂုဏ်ဆောင်ပုဂ္ဂိုလ်ဟူ၍ အမွှန်းတင် ရေးသားကြသည်။

သို့သော် သူတို့ အဲသလို အထွတ်အထိပ်ထိ ချီးမြှောက်ကြိုဆိုထားသောပုဂ္ဂိုလ်က မိမိ အနားယူပါတော့မည်ဟု ကျေညာလိုက်သည့်အခါ၌မူ အကြီးအကျယ် မကျေမနပ်ဖြစ်ကြလေသည်။

သူ့ကို အရှင်ထွက် ထွက်ခွင့်မရအောင် စီမံလာကြသည်။

မင်နိုလီတေးသည် သာမန်နွားရိုင်းသတ်သမား မဟုတ်။ နိုင်ငံတကာ မျက်နှာစာမှာ စပိန်တွေ ဂုဏ်ယူနေရသည့် ရှားရှားပါးပါးပုဂ္ဂိုလ်။ နိုင်ငံ သူရဲကောင်း။ သူရဲကောင်းအဖြစ် သူ့ကို ထိုက်တန်စွာ မြှောက်စားခဲ့ကြသည်။ သူ ကျော်ကြားလာသည့် ရှစ်နှစ်တာကာလအတွင်း သူ့အား ဒေါ်လာငွေ သန်းချီ၍ ပေးအပ်ခဲ့ကြပြီ။

နောက်ပိုင်းနှစ်များ၌ မင်နိုလီတေးသည် နွားရိုင်းသတ်ပွဲတစ်ပွဲလျှင် ဒေါ်လာနှစ်သောင်းကျော်မျှထိ ရရှိခဲ့သည်။ ပွဲစဉ်တွေကလည်း သတ်ပွဲရာသီ တစ်လျှောက်လုံး နေ့စဉ်ရက်ဆက်ဆိုသလို ရှိနေသည်။

သို့သော် ငွေအတွက် သက်သက်တော့ လူတွေ ကိုယ့်အသက်ကို အရင်းအနှီး ပြုခဲလှပါသည်။ မင်နိုလီတေးကို နွားဦးချိုများကြား အသက်ဆံဖျား ကစားရသည့်ဘဝမှ ထွက်မရအောင် ချည်နှောင်ထားသည့်အရာက ကြီးကျယ်ကျော်ကြားမှု၊ 'မင်နိုလီတေး' 'မင်နိုလီတေး' . . . ဟူသော ကြွေးကြော်ချီးမြှောက်မှု။ ထို့နောက် သည်အသံများ၏ စွန့်ပစ်ခြင်းခံရမှာကို စိုးရိမ်ပူပန်မှု။

မင်နိုလီတေးအမည်ဖြင့် ကျော်ကြားလာမည့် စပိန်လေး မင်နူယယ်ကို ၁၉၁၇ ခုနှစ်တွင် စပိန်ပြည် ကောဒိုဗာနယ်၌ မွေးသည်။ ကော်ဒိုဗာက နွားရိုင်းသတ်ကစားခြင်းကို အကြီးအကျယ် ဝါသနာပါသည့်နယ်။ မင်နူယယ့် အဖေကိုယ်တိုင်က နွားရိုင်းသတ်သမား။ သို့သော် သူ့အသက် ငါးနှစ်သား

http://www.cherrythitsar.org



မှာပင် အဖေ ကွယ်လွန်သွားခဲ့ရာ ဆင်းဆင်းရဲရဲ ငတ်ငတ်မွတ်မွတ်နှင့် ကြီးပြင်းရသည်။

ငယ်စဉ်တုန်းက သူက ခပ်ပျော့ပျော့။ သို့သော် ဖွဲ့ရှိသည်။ အလေးအပင် နည်းနည်းပါးပါး မ,နိုင်သည့်အရွယ်လောက်မှာပင် အုတ်သယ် သဲသယ် အလုပ်တွေ ဝင်လုပ်သည်။ သူ့စိတ်ထဲမှာ သူ့မိသားစု ယခုလို ဆင်းရဲပူပန်ရသည့် ဘဝမှ လွတ်မြောက်ရမည်ဟု စွဲမြဲထားသည်။ ငွေကြေးအတွက် မပူပင်ရမည့် အလုပ်က နွားရိုင်းသတ်သမား အလုပ်။ သူ တစ်နေ့ကျလျှင် နွားရိုင်းသတ်သမားလောကမှာ သရဖူဆောင်းသူ ဖြစ်ရမည်ဟု မင်နူယယ် သံန္နိဋ္ဌာန်ချခဲ့သည်။

မင်နူယယ် အသက် ၁၂ နှစ်၊ ပန်းရံဆရာဆီမှာ လက်ထောက်အဖြစ် လိုက်ပါနေစဉ် တစ်နေ့မှာ သူ့အတွက် အခွင့်အရေး စရသည်။ သတ်ပွဲသို့ သွင်းသော နွားရိုင်းကြီးတွေမွေးသော 'ဆိုတိုမေယာ' နွားခြံမှာ သူတို့ ပန်းရံ သွားလုပ်ရခြင်းဖြစ်သည်။ နွားခြံမှာ နွားရိုင်းပေါက်ကလေးတွေနှင့် ကြံုတိုင်း အပေါ်အင်္ကျီတိုကို ချွတ်၍ ဝှေ့ယမ်း ရန်စကာ လေ့ကျင့်ကစားသည်။

နောက်တော့ ခြံတစ်ဝိုက်က ဝါသနာအိုးတွေ စုဝေးလာကြပြီး သူ့ကို အားပေးကြ သင်ကြ ပြကြသည်။ ဆရာတွေက ကွင်းထဲဆင်းပြီး သင်ကြသည် တော့မဟုတ်။ လွတ်ရာကျွတ်ရာ ခြံစည်းရိုးနောက်က ဟစ်အော်လမ်းညွှန်ကြခြင်းသာဖြစ်၏။

နွားရိုင်းသတ်ပညာကို လျင်မြန်စွာ သူ တတ်မြောက်လာခဲ့သည်။ လူက ဟန်ပန်မူရာတော့ သိပ်မကောင်း။ သို့သော် သတ္တိကောင်းသည်။ ပြီး ရည်ရွယ်ချက်နှင့် အလေးအနက် ကြိုးစားလေ့ကျင့်နေခြင်းဖြစ်ရာ မျှားမကြာမီ တကယ့်သတ်ပွဲတစ်ပွဲ ဆင်နွှဲခွင့်ရသည်။

ကော်ဒိုဗာမြို့မှာပင် ကျင်းပသည့်ပွဲ။ လူသစ်ဆိုတော့ နွားခပ်ကားကားနှင့် တိုက်ရသည်။ နွားရိုင်းသတ်သမားအဖြစ် နာမည်ရွေးတော့ 'မင်နိ လီတေး' ဟူ၍ ပေးခဲ့သည်။

အဲသည်နောက်ပိုင်းတွင် နွားရိုင်းသတ်ပွဲ ခပ်သေးသေးလေးများမှာ ပါဝင်ကစားခွင့်ရလာသည်။ လူက ပိန်ပိန်၊ မျက်နှာက ခပ်ညှိုးညှိုးဆိုတော့ နွားရိုင်းသတ်သမား၏ ဝင့်ဝင့်ကြွားကြွားဝတ်စုံနှင့် သူက သိပ်မလိုက်ဖက်ချင်။ ပြီး နွားနှင့် အဝှေ့အရှောင်ကစားရာမှာ အချို့လူများလို ကိုယ်နေဟန် မသပ်ရပ် မလှပတော့ ပရိသတ်တချို့က သူ့ကို ရယ်ချင်ကြသည်။ သို့သော် နောက်ဆုံးပွဲသိမ်းအဖြစ် နွားကို အသေထိုးသတ်ချိန်တွင်တော့ ကြောက်စရာကောင်း

http://www.cherrythitsar.org



လှသည့် သူ့သတ်ပုံ သတ်နည်းကြောင့် မူလရယ်မောသူများပင် အသက်ရှူ မှားသွားရလေ့ရှိသည်။

ဦးခေါင်းအောက်စိုက်ကာ တစ်ဟုန်ထိုး ဝေ့ရန် ပြေးလာသည့် နွား ရိုင်း၏ ချိုဖျားပေါ်က လွှားခနဲ ခုန်ပျံကျော်လျက် ပခုံးနှစ်ဘက်ကြားသို့ ဓား သွားကို တအားစိုက်ထည့်တတ်သည့် သူ့သတ်ကွက်ကို ကြည့်ကာ

'ဒီကောင်လေး တစ်နေ့ကျရင် ဒီသတ်ကွက်နဲ့ သေမှာ'

ဟူ၍ ကျွမ်းကျင်သူများ မှတ်ချက်ချလေ့ ရှိခဲ့ကြသည်။

မင်နိုလီတေးအား အနိမ့်တန်း နွားရိုင်းသတ်သမားဘဝမှ ထိပ်တန်း အဆင့်သို့ရောက်အောင် ဆွဲတင်ပေးခဲ့သူက နည်းပြဆရာ ဟိုဆေးကာမာရာ ဖြစ်သည်။ ကာမာရာက ဝါရင့် နွားရိုင်းသတ်သမားဟောင်းကြီးတစ်ယောက် ဖြစ်သည်။ မင်နိုလီတေးကို ကြည့်ကာ အလားအလာရှိသူဟု မြင်သဖြင့် သူ ပင် ရွေးချယ်လေ့ကျင့်ကာ ပွဲကြီးများထဲ သွင်းပေးခဲ့သည်။

အဖေ့အရှောင် ကစားကွက်တွေကို လှလှပပ သပ်သပ်ရပ်ရပ် လုပ် တတ်အောင် သူ လေ့ကျင့်သင်ကြားပေးသည်။ သတ်ပွဲတိုင်းမှာလည်း သူ အမြဲလိုက်ပါကာ ကြီးကြပ်ပေးသည်။ နွားတစ်ကောင် သတ်ကွင်းထဲဝင်လာ သည်နှင့်တစ်ပြိုင်နက် အမူအရာကို သေသေချာချာ အကဲခတ်ကာ

'မင်နူယယ် သတိထား၊ အဲဒီကောင် ဘယ်ဝိုက်ဖေ့လိမ့်မယ်'

'ကွင်းလယ်မှာနေ၊ ဒီကောင် စည်းရိုးနဲ့နီးရင် ရုတ်တရက် ချိုးကွေ့ လိမ့်မယ်'

စသည်ဖြင့် လမ်းညွှန်ပေးတတ်သည်။

သည်လိုဖြင့် မင်နိုလီတေး တဖြည်းဖြည်း ပညာရည် ပြည့်ဝလာ သည်။ ပရိသတ်ကလည်း သူ့ကို ပညာသည်အဖြစ် ပို၍ပို၍ လေးစားသိမှတ် လာသည်။ နွားရိုင်းကို အပေါ်ရုံအင်္ကျီဖြင့် ဖေ့ယမ်းမြှူးခေါ်ပြီး တစ်ဟုန်ထိုး ဖေ့တိုက်သည့်အချိန် လူက ခြေလှမ်း လုံးဝမရွှေ့ဘဲ နွားကိုသာ ဘေးသို့ ဖေ့ သွားအောင် အင်္ကျီဖြင့် လမ်းလွှဲကစားပြသည့် အခါမျိုးတွင် သူ့လက်ထဲရှိ အင်္ကျီက နွားရိုင်းသာမက ပွဲကြည့်သူတွေပင် ယောင်မှားပြီး ဖေ့ချင်စရာကောင်း လောက်အောင် မျက်စိနောက်စရာ သတ္တဝါတစ်ဦးအသွင် အသက်ဝင် လှုပ် ရှားနေတတ်သည်။

အသာအယာလွင့်မြောသွားသည့် အင်္ကျီစနောက်တွင် ကပ်ပါလာ သည့် နွားဦးချိုဖျားက သူ့ပေါင်၊ သူ့ဝမ်းဗိုက်တို့နှင့် သီသီလေး ကပ်၍ကပ်၍ လွဲသွားပုံမှာ ကြည့်ရသူများအတွက် သည်းထိတ်ရင်ဖိုစရာ ကောင်းလှသည်။

သည့်အပြင် ပရိသတ်ကို ဖမ်းစားသည့် နောက်အချက်တစ်ခုက အေးစက်သော သူ့မျက်နှာပေးဖြစ်သည်။ လေးနက်တည်ငြိမ်သော သူ့အသွင်အပြင်က နွားရိုင်းသတ်ပွဲ ဟူသည် ပျော်စရာ ပါးစရာမဟုတ်၊ ကြေကွဲစရာသာဟု ညွှန်းဆိုနေသယောင်ပင်။

ကာမာရာနှင့် တွေ့သည့် ပထမနှစ်အတွင်း သူ တောက်လျှောက်တက်လာသည်။ ဒုတိယနှစ်မှာ နာမည်ကျော်လာပြီ။ အသက် ၂၂ နှစ်မှာ အကြီးတန်း နွားရိုင်းသတ်သမားအဖြစ် အကြီးစားနွားရိုင်းတွေနှင့် သတ်လာရပြီ။ သည့်နောက်မှာတော့ အောင်မြင်ကျော်ကြားမှုတွေ အတောမသတ်တော့။

၁၉၄၆ ခုနှစ် ရောက်သောအခါ၌မူ မင်နိုလီတေးက နွားရိုင်းတိုက်ပွဲလောက၏ ဧကရာဇ်ဖြစ်ခဲ့ပြီ။ စပိန်အနွယ်ဝင်များ အဓိကနေထိုင်ရာ မက္ကဆီကိုပြည်က သူတို့ဆီတွင် လာရောက်ကစားပြသရန်အတွက် ယခင် အစဉ်အဆက် မကြုံစဘူးသည့် အမြင့်ဆုံးဈေးပေး၍ ခေါ်သည်။ မက္ကဆီကို စီတီးမြို့တွင် မင်နိုလီတေး ကစားပြသည့် ပထမဆုံး ပွဲစဉ်၌ လက်မှတ်တစ်စောင်ကို ဒေါ်လာ ၁၀၀ အထိ ဈေးတင်ထားသည့်ကြားကပင် ပရိသတ်က တားမနိုင် ဆီးမရ။

မက္ကဆီကိုမှာ အဲသည်တုန်းက ဒေါ်လာ ၁၀၀ ဆိုတာ နည်းနည်းနောနော ငွေကြေးမဟုတ်။ သို့သော် ပရိသတ်အဖို့ ၁၀၀ ထက်မက တန်ဖိုးရှိလှသည့် ပွဲတစ်ပွဲ အဲသည်နေ့က ကြည့်ခဲ့ကြရသည်။

ပထမပိုင်း အဖော့အရှောင် ကစားကွက်ကို ပရိသတ် အသည်းယားအောင် ကစားပြရင်းက မင်နိုလီတေး ဒဏ်ရာရသွားသည်။ သတိမေ့သွားသော သူ့ကို ကွင်းဘေး အရေးပေါ် ဆေးခန်းဆီ သယ်လာစဉ် သူ သတိရလာပြီး အများတားဆီးနေသည့် ကြားထဲက ကွင်းထဲ ပြန်ဝင်သည်။ ဆက်ကစားသည်။ နွားရိုင်းကို အသေထိုးသတ်ပြသည်။ ပြီးတော့မှ သူပါ ပုံလျက်သား လဲကျသွားသည်။

သည်ပွဲမှ ဒဏ်ရာသက်သာသွားပြီးသည့်နောက် မက္ကဆီကို ပြည်နယ်တစ်ခွင်ရှိ မြို့များတွင် လှည့်လည်ပြသသည်။ မက္ကဆီကိုမှာ နှံ့ပြီးသောအခါ နောက်ထပ် စပိန်မျိုးတွေရှိရာ တောင်အမေရိကတိုက်သို့ လှည့်လည်သည်။

ပွဲစဉ်တွေ ဆက်တိုက်ဖြစ်လာတော့ လူက ပင်ပန်းလာသည်။ ရောက်ရာအရပ်မှာ ပရိသတ်က အုံးအုံးကျွတ်ကျွတ်ဆိုတော့ ပရိသတ် အားရကျေနပ်ကြအောင် သူက ပွဲစဉ်တိုင်းကို အစွမ်းကုန် အားထုတ်ပြီး ကစားပြနေသည်။ ကြာတော့ ခန္ဓာကိုယ်က မလိုက်နိုင်တော့။

http://www.cherrythitsar.org



သူ့အသက် ၂၉ နှစ်က ၄၀ အရွယ်လောက် အိုစာလာသည်။ စိတ်ပင်ပန်းလွန်းသဖြင့် အရက်တွေ ဖိသောက်ဖြစ်သည်။ အရက်နှင့် ပင်ပန်းမှု ပေါင်းစပ်လိုက်သည့်အခါ အချိန်အဆတွေ တိမ်းစောင်းချွတ်ချော်စပြုလာသည်။ ပီရူးမှာ ကစားပြသည့် ပွဲတစ်ပွဲ၌ နွားရိုင်းကို ဓားနှင့် ကိုးချက်တိတိထိုးမှ နွားရိုင်းကြီး လဲကျသွားသည်။ ကွင်းထဲက ထွက်လာတော့ သူ့ပါးပြင်မှာ မျက်ရည်တွေ စီးကျနေသည်။

သည်ပွဲမျိုးတွေ ကြုံပြီးသည့်နောက်မှာ သူကိုယ်တိုင်သာမက ဆရာကာမာရာကပါ သူ အနားယူသင့်ပြီဟု မြင်လာသည်။ သို့သော် စပိန်ပြည်ပြန်ရောက်၍ သူ အနားယူတော့မည့်အကြောင်း ကြေညာသည့်အခါ၌မူ ပရိသတ်က မကျေမနပ်ဖြစ်ကြသည်။ အနားမယူရန် တောင်းဆိုကြ ကန့်ကွက်ကြသည်။

အချို့က ပြစ်တင်ရှုတ်ချမှုတွေပင် ပြုလာကြသည်။

သည်ဒဏ်တွေကို သူ မခံနိုင်။ သည်အနေအထားမျိုးနှင့် အနားယူရန် မသင့်ဟု သူ ယူဆလာသည်။

သို့နှင့် နှုတ်ဆက်ပွဲအဖြစ် နောက်ဆုံးတစ်ရာသီ ပရိသတ်ကျေနပ်အောင် အကောင်းဆုံးကစားပြပြီးမှ ဂုဏ်သိက္ခာ ပြည့်ပြည့်ဝဝနှင့် အနားယူ မည်ဟု သူ ဆုံးဖြတ်လိုက်သည်။

နှုတ်ဆက်ပွဲစဉ်များအတွက် စပိန်ပြည်မှာ အကြီးဆုံး အထွားဆုံး နွားရိုင်းကြီးများကို ရွေးချယ်ကစားပြသည်။ ဘာစီလိုနာတွင် သတ်ပြသည့် ပထမပွဲမှာ သူ သက်တမ်းတစ်လျှောက် အကောင်းဆုံးပွဲဟု ဝေဖန်သူတို့ မှတ်ချက်ချခြင်း ခံရသည်။ ပမ်ပလိုနာမှာ ကစားသည့်အခါ၌ ပို၍ပင် ကောင်းနေပြန်သည်။ သည့်နောက် မက်ဒရစ်မြို့တော်မှာ ကစားသည့်ပွဲတွင်မူ သူ ဒဏ်ရာရပြန်သည်။

ဒဏ်ရာက မပြင်းထန်၊ သို့သော် ရှင်းရှင်းမပျောက်သေးမီပင် ပွဲစဉ်တွေ သူ ပြန်လက်ခံခဲ့သည်။ နွားရိုင်းသတ်ပွဲသမိုင်းတစ်လျှောက်မှာ သူသာ အတော်ဆုံး အကောင်းဆုံးဆိုတာ သူ ပြသွားချင်နေသည်။

သည်နောက်မှာတော့ လီနာရိစ်မှာ ကျင်းပသည့်ပွဲ။ ဩဂုတ်လ ၂၇ ရက်။

သည်ပွဲက အထူးအရေးကြီးသည့်ပွဲ။ သည်ပွဲမှာ အကောင်းဆုံးပြနိုင်ရမည်။ တစ်ချက်က သူ့ဇာတိမြို့တော် ကော်ဒိုဗာနှင့် နီးနေပြီဖြစ်သောကြောင့်။ နောက်တစ်ချက်က အဲသည်နေ့ ကစားပြမည့်သူများထဲတွင် ယခုနှစ်

http://www.cherrythitsar.org



နာမည်တက်လာနေသည့် လူငယ် လူသစ် ဒိုမင်ဂွင်လည်း ပါမည်ဖြစ်သော ကြောင့်။

အဲသည်နေ့က ပွဲစဉ် ၁ မှာ တစ်ယောက်ကစားသည်။ ဒုတိယက မင်နိုလီတေးပွဲ။

ပွဲစသည်နှင့် သူ အစွမ်းပြသည်။ နွားချိုဖျားနှင့် အလွန်အမင်း နီးကပ်စွာ အကြိမ်ကြိမ် တိမ်းရှောင်ကစားပြသည့်အခါ ယခင် သူ့ကို ဝေဖန်ရှုတ်ချနေသူများပင် အကြီးအကျယ် သဘောကျကာ ထိုင်ခုံမှထပြီး ဟစ်အော်အားပေးကြသည်။ သို့သော် ထိုးသတ်ရမည့်အချိန်၌ ပထမတစ်ချက်မှာ မအောင်မြင်လိုက်။ ဒုတိယအချက်ကျမှ မိမိရရထိုးမိကာ နွားရိုင်းလဲကျသွားသည်။ ပရိသတ်က ဩဘာပေးကြသည်။ ပွဲက ပွဲကောင်း။ သို့သော် သူ နားရွက်မရ။

နားရွက်က အကောင်းဆုံးတိုက်ခိုက်ကစားပြသွားနိုင်သည့် နွားရိုင်းသတ်သမားများအား ချီးမြှင့်လေ့ရှိသည့် ဆုလာဘ်။ တစ်နည်းဆိုရသော် သူ ခါတိုင်းရရှိနေကျ ဆုလာဘ်။

သည်အခိုက်မှာပဲ နောက်တစ်ပွဲအတွက် ခရာမှုတ်သံကြားရသည်။ ကွင်းထဲသို့ ဒိုမင်ဂွင် ဝင်လာသည်။ ရုပ်ရည်က သားသားနားနား၊ သွင်ပြင် မူရာက ဝင့်ဝင့်ကြွားကြွား၊ လူကလည်း ငယ်သေးသည်။ အသက် ၂၀။ အရှိန်တက်စအရွယ်။

ဒိုမင်ဂွင်အတွက်လည်း သည်ပွဲက အရေးကြီးသည့်ပွဲ။ လီနာရိစ်က သူ့ဇာတိနယ်ဖြစ်သည်။ ပြီး ဝါရင့်ဆရာကြီး မင်နိုလီတေးကိုလည်း မိမိသာလျှင် နွားရိုင်းသတ်ပွဲလောက၏ ရှင်ဘုရင်သစ်ဖြစ်ကြောင်း ပြရမည်။

ပရိသတ်ကလည်း အားပေးသည်။ အစပထမပိုင်း ဝတ်ရုံဖားဖားကြီးနှင့် မျှားပြီး ကစားပြသော အချိန်မှာပင် တစ်ကွင်းလုံး သောသောညံနေသည်။ နောက်ပိုင်း ဓားပေါ်အုပ်ထားသည့် ဝတ်ရုံသေးသေးလေးနှင့် ကစားသည့်အခါ၌မူ သူက ပရိသတ်ခိုက်သွားမည့်အကွက်တွေ စုံအောင်လုပ်ကာ အစွမ်းပြလေသည်။ အနီးကပ်ရှောင်ချိန်မှာ ဒူးပင်ထောက်ပြသည်။ တစ်ကြိမ်မှာ နွားရိုင်းနဖူးကိုပင် နမ်းပြသည်။ ပရိသတ်ဟစ်ကြွေးသံတွေက ကွင်းလုံးလျှံသွားသည်။ ပြိုင်ပွဲကြီးမှူးသည့် ပုဂ္ဂိုလ်က ဒိုမင်ဂွင်အား နားရွက်တစ်ခု ဆုချီးမြှင့်လိုက်လေသည်။

သည်နောက် မင်နိုလီတေးအတွက် ဒုတိယအလှည့်ရောက်လာသည်။ သူနှင့်သတ်ရန် ထွက်လာသည့် နွားရိုင်းက အနက်ရောင်၊ ရောမ

http://www.cherrythitsar.org



အကောင်ကြီး။ ဦးချိုကားကားကြီး၏ ထိပ်ဖျားနှစ်ဘက်က အပ်သွားလို ချွန်မြနေသည်။ သူက ဥမင်လမ်းမှထွက်ကာ သတ်ကွင်းထဲ ရောက်လာသည်နှင့် တစ်ပြိုင်နက် တစ်ကောင်တည်း ဒေါသကြီးစွာ ဖော့လိုက်တိုက်လိုက်လုပ်နေသည်။

သည်ကောင်မြင်သည်နှင့် ဆရာကာမာရာက သတိပေးသည်။

'ဆိုးတယ်နော်၊ ဆိုးတယ်၊ သတိထား၊ ညာဝိုက် ကြောက်စရာကောင်းတယ်၊ အနားသိပ်မကပ်နဲ့၊ နည်းနည်းခွာထား'

ဆရာသတိပေးသော်လည်း မင်နိုလီတေး သတိမထားနိုင်။ ခပ်ခွာခွာကစား၍ မဖြစ်။ သူ့တစ်သက်တာအတွက် အကောင်းဆုံးပွဲအဖြစ် ကစားပြသွားရန် သူ ဆုံးဖြတ်ပြီးဖြစ်နေပြီ။ စည်းရိုးတံခါးပေါက်မှနေ၍ သတ်ကွင်းထဲ သူ ဝင်သွားသည်။ နွားရိုင်းကြီးကို အသံပေးပြီး ခေါ်သည်။

အသံကြားတော့ နဂိုကတည်းက ဒေါမာန်ပွားနေသည့် အကောင်ကြီး လှည့်လာသည်။ အမြီးကို ဆတ်ခနဲ ထောင်ကာ ကွင်းထဲဖြတ်ပြီး တရကြမ်းပြေးချလာသည်။ မင်နိုလီတေးက နေရာမှာပင် ခြေမြဲမြဲရပ်ကာ ကြက်သွေးရောင်အပေါ်ရုံအင်္ကျီကို နွားနှာခေါင်းရှေ့က အသာလေး ဖော့ယမ်း လမ်းလွှဲပေးလိုက်သည်။

လူကို မိမိရရ မဖော့ရဘဲ နွားဦးခေါင်းကြီး အင်္ကျီစနှင့်အတူ ဘေးချော်ထွက်သွားသည်။ သို့သော် ဦးချိုဖျားတစ်ဖက်ကတော့ သူ့ပေါင်နှင့် တစ်ထွာသာသာလောက်ပဲ ကပ်လွဲသွားသည်။ နွားရိုင်းက ခေါင်းငုံ့ကာ ချိုနှစ်ဘက် ရှေ့သို့ တန်း၍ ထိုးလာခြင်းဖြစ်ရာ အကောင်ကြီးက မြင့်သော်လည်း ချိုဖျားကတော့ အောက်နားဆီတွင် ရောက်နေသည်။

နွားကြီး ဘေးချော်သွားပြီးနောက် သူက ခြေလှမ်းမရွေ့၊ နဂိုနေရာမှာပဲ ဆက်ရပ်ကာ နောက်တစ်ကြိမ် အဖော့ခံသည်။ သည်လိုပဲ အနီရောင်စနှင့် အဖော့အရှောင်ကစားခြင်းကို နောက်ထပ်ငါးကြိမ်မျှ သပ်သပ်ရပ်ရပ် လှလှပပ လုပ်ပြသည်။ နွားချိုဖျားက အသည်းယားစရာ။ တစ်ကြိမ်ထက် တစ်ကြိမ် နီးကပ်လာသည်။ နောက်ဆုံးတစ်ကြိမ် သည့်ထက် အဆင့်မြင့် ကစားပြသည့်အခါမှာတော့ ချိုဖျားနှင့် ကပ်လွတ်သော်လည်း လည်တိုင်ရင်းနှင့် ဒိုင်းခနဲ ဆောင့်မိသည်။ သို့သော် ဘာမှတော့မဖြစ်။

အဲသည်နောက်တွင် သူ အမြဲ ပညာစွမ်း ပိုပြနိုင်လေ့ရှိသည့် အင်္ကျီစအသေးနှင့် ကစားပြသည့် သည်အခန်းတွင် နွားနှင့်လူ လုံးလားထွေးလားဆိုရလောက်အောင်ပင် အနီးကပ် သည်းထိတ်ရင်ဖိုတွေ ကစားပြရာ ပရိသတ်

ကပင် မလုပ်နဲ့ မလုပ်နဲ့ဟု တားဆီးယူရသည်။ သူက တားဆီး၍မရတော့။ အင်္ကျီကို မဖြန့်ဘဲ တွဲလောင်းချထားသည့် အနေအထားလေးနှင့်ပင် နွားရိုင်းကို မျက်စိလှည့်ကာ ၁၅ ကြိမ်တိတိ အနီးကပ် အရှောင်အတိမ်း လုပ်ပြသည်။ အကြိမ်တိုင်းပင် ချိုဖျားမှာ အသက်ပါသွားတော့မလား အောက်မေ့ရသည့် အသက်စွန့်ပြကွက်တွေချည်း ဖြစ်သည်။

ပွဲသိမ်းချိန်ရောက်လာပြီ။

ဒေါသထွက်လုပြီဖြစ်သည့် နွားရိုင်းကြီးက သူ့ကို အသေချေမှုန်းရန် ခွာသံတဖြောင်းဖြောင်းနှင့် ကဆုန်စိုင်းပြေးချလာသည်။ သူက ထီမထင်သည့် အမူအရာနှင့် ပရိသတ်ရှိရာ စင်မြင့်များဆီသို့ လှည့်၍ကြည့်နေသည်။ ဒါက သူ့အမှတ်သင်္ကေတ။ ပွဲသိမ်းကာနီးအချိန် အမြဲလုပ်လေ့ရှိသည့် သူ့သရုပ်ဆောင်ချက်။ ပရိသတ်က ဟစ်အော်ပေးရလွန်းသဖြင့် အသံတွေ အက်ကွဲကုန်ကြပြီ။

နွားရိုင်းကို သူ သတ်ရတော့မည်။ ဓားကို အသင့်ချိန်ရွယ်သည်။ ခြေဖျားတစ်ဖက်မှာ အားပြုရပ်သည်။ ခုန်လွှားရန် အသင့်။

နွားရိုင်းကြီးက သူ့ကို ထိုးအဝေ့မှာ ညာချိုဖျားပေါ် လွှားခနဲ ပစ်ကျော်သည်။ နွားပခုံးသားထဲ ဓားသွားအဝင် ဦးချိုဖျားက သူ့ပေါင်ကြားမှ အဖြတ် နွားက ဆတ်ခနဲ ညာဘက်ပင့်ဝိုက်၍ ဝှေ့လိုက်သည်။ ချွန်မြနေသော ဦးချိုက ပေါင်ခြံထဲ ထိုးစိုက်ဝင်သွားသည်။ သူ လေထဲမြောက်သွားသည်။ နွားချိုမှ လွတ်အောင် ရုန်းကန်သည်။ ထို့နောက် သဲပြင်ပေါ် ပစ်ကျသည်။ နွားရိုင်းက မြေပေါ်ကျနေသော သူ့ကို မိုန်းခွချိုနှင့် နှစ်ကြိမ်ဆက်တိုက် ထိုးသည်။ ထို့နောက်တွင်မှ ဒယီးဒယိုင်ဖြစ်လာပြီး လဲကျသေဆုံးသွားလေသည်။

သူ့ဆရာ ကာမာရာနှင့် သူ၏ သတ်ပွဲလက်ထောက်များ ပြေးထွက်လာပြီး မေ့မြောနေသော သူ့ကို သယ်ကာ ဆေးခန်းဆီသို့ ပြေးကြသည်။ ခွဲစိတ်စားပွဲပေါ်ရောက်တော့ သတိလည်လာကာ လေသံသဲ့သဲ့လေး နှင့် ကြိုးစားပြီး သူမေးသည်။

‘ကောင်ကြီး သေသွားလား’

‘သေပါတယ်ကွာ၊ သေပါတယ်’

ဆရာကာမာရာက ဖြေသည်။ သူ့ပါးပြင်မှာ မျက်ရည်တွေ စီးကျနေသည်။

‘သေတာတောင် သူတို့ ကျွန်တော့်ကို ဘာမှ မပေးကြပါလား’

မင်နိုလီတေးက မေးသည်။

http://www.cherrythitsar.org



'ပေးပါတယ်ခင်ဗျာ၊ အားလုံးပေးပါတယ်၊ နားရွက်နှစ်ဘက်လုံးရော အမြီးပါ ပေးပါတယ်'

သူ့လက်ထောက်တစ်ယောက်က ပြောသည်။

မင်နိုလီတေး ပြုံးသည်။ ထို့နောက်မှ စိတ်အေးသွားသည့်ဟန်ဖြင့် လှဲနေလိုက်သည်။

နောက်နေ့မနက်မှာ သူ ကွယ်လွန်သည်။

အနီးမှာ စောင့်ကြည့်နေသည့် သူ့အဖွဲ့သားကြီးတစ်ယောက်က ကြေကွဲစွာ မှတ်ချက်ချသည်။

'သူတို့က သူ့ကို တစ်ဆင့်ထက် တစ်ဆင့်တက်ပြီး တောင်းဆိုကြတာကိုး။ သည့်ထက် တိုးတောင်းလာတဲ့အခါ သူပေးစရာဆိုလို့ အသက်ပဲ ရှိတော့တာပေါ့။ အဲဒါကို သူ နောက်ဆုံးပေးသွားခဲ့တာပဲ'

**ဗီးလှိုင်းမဂ္ဂဇင်း ၊ အတွဲ – ၁ ၊ အမှတ် – ၁ ၊ ၁၉၅၅ ၊ စက်တင်ဘာလ။**

**Barnaby Conrad ၏ Death of Manolete:**

http://www.cherrythitsar.org



# အပျော်တေးဆရာ ၂

တစ်နေ့က ကျွန်တော့်ကလေးများကို စာသင်ပေးနေသည့် ဆရာမ လေး ယူလီယာ ဗာဆီယက်ဗနာ့ကို ကျွန်တော့်စာကြည့်ခန်းအတွင်းသို့ အခေါ် ခိုင်းလိုက်သည်။

ပေးစရာ ငွေကြေးကိစ္စများကို ရှင်းလင်းပေးရန်ဖြစ်သည်။

'ထိုင်ပါ ဆရာမ'

ဟု ပြောလိုက်ရင်း . . .

'ပေးစရာရှိတာကလေးတွေကို ပေးမလို့ အခေါ်ခိုင်းတာပါ၊ ဆရာမ လည်း ငွေလိုရော့မယ်။ ဒါပေမဲ့ ဆရာမကလည်း မတောင်းဘူး၊ ကောင်းပြီလေ။ အခုပေးတာပေါ့။ ကလေးတွေကို စာသင်ပေးဖို့ ဆရာမ တစ်လ ရူဘယ်သုံး ဆယ်နဲ့ သဘောတူခဲ့တယ်နော်'

'တစ်လ လေးဆယ်ပါ'

'မဟုတ်ဘူး၊ သုံးဆယ်။ ဒီမှာ စာနဲ့ သေသေချာချာရေးထားတယ်၊ အိမ်မှာ ကလေးတွေကို စာလာပြပေးတဲ့ ဆရာမမှန်သမျှ တစ်လ ရူဘယ် သုံးဆယ်ပဲ အမြဲပေးခဲ့တယ်။ ဆရာမ ဒီမှာ စာသင်ပေးနေတာ အခုဆိုရင် နှစ်လရှိသွားပြီနော်'

'နှစ်လနဲ့ ငါးရက်ပါ'

'မဟုတ်ဘူး၊ ဒီနေ့ပါ ပေါင်းမှ နှစ်လတိတိ၊ အားလုံး ဒီမှာ စာနဲ့ ရေးမှတ်ထားတယ်၊ အခု ဆရာမကို ပေးရမှာက နှစ်လစာဆိုတော့ ရှုဘယ် ခြောက်ဆယ်။ အဲဒီအထဲက တနင်္ဂနွေကိုးရက်ကို နှုတ်ရဦးမယ်။ တနင်္ဂနွေနေ့ တွေမှာ ဆရာမဟာ ကိုလျာကို စာသင်မပေးခဲ့ဘူး။ ပြီးတော့ အားလပ်ရက်နဲ့ ပိတ်ရက်က သုံးရက်ပါသေးတယ်'

ဆရာမလေး ယူလီယာဗာ့ဆီလီယက်ဗနာသည် မျက်နှာကြီး နီရဲကာ စကတ်အနားစွန်းကလေးကို လက်ဖျားနှင့် စိတ်လှုပ်ရှားစွာ ကိုင်နေသည်။ စကားတစ်ခွန်းမျှ မပြော။

'အားလပ်ရက်က သုံးရက်၊ သုံးရက်အတွက် တစ်ဆယ့်နှစ်ရှုဘယ် ဖြတ်ရမယ်။ ကိုလျာ လေးရက် နေမကောင်းဖြစ်ပြီး စာမသင်ခဲ့ရဘူး။ ဆရာမ ဟာ ဗာယာနဲ့ပဲ နေခဲ့ရတယ်။ ဆရာမ သွားလိုက်တာက သုံးရက်။ အိမ်ရှင်မ က ဆရာမကို ညစာ စားပြီးချိန်ဆိုရင် အနားပေးတယ်။ တစ်ဆယ့်နှစ်ရှုဘယ် နဲ့ ခုနစ်ရှုဘယ်ပေါင်းတော့ တစ်ဆယ့်ကိုးရှုဘယ်၊ လစာထဲက တစ်ဆယ့် ကိုးရှုဘယ်ကိုနှုတ်တော့ လေးဆယ့်တစ်ရှုဘယ်ပဲ ကျန်တော့တယ်။ မှန်တယ် နော်'

ဆရာမလေး ယူလီယာဗာဆီလီယက်ဗနာ၏ ဘယ်ဘက်မျက်လုံး များသည် နီရဲသွားကာ မျက်ရည်များ ဝိုင်းစို့လာသည်။ မေးလည်း တဆတ် ဆတ်တုန်လာသည်။ ဆရာမလေးသည် ချောင်းတစ်ချက်ဆိုးလိုက်ကာ နှာ ခေါင်းကို ပွတ်သည်။ သို့သော် စကားတစ်ခွန်းမျှ မပြော။

'နှစ်သစ်ကူးပွဲ မတိုင်မီက လက်ဖက်ရည် အချိုခွက်နဲ့ ပန်းကန်ပြား ဆရာမကြောင့် ကွဲသွားခဲ့တယ်။ အဲဒါအတွက် နှစ်ရှုဘယ်၊ လက်ဖက်ရည်ခွက် က အတော် တန်ဖိုးကြီးပါတယ်။ မိသားစု အစဉ်အဆက် ထိန်းသိမ်းဆက်ခံ လာတဲ့ ပစ္စည်းမို့ အတော်ကလေး စိတ်မကောင်းဖြစ်ခဲ့ရတယ်။ ထားပါတော့ လေ။ ပိုပြီး ဆိုးဆိုးဝါးဝါး ဖြစ်ခဲ့တာ ရှိသေးတယ်။ ဆရာမရဲ့ ပေါ့ဆမှုကြောင့် ကိုလျာဟာ သစ်ပင်ပေါ်တက်လို့ အင်္ကျီတွေ စုတ်ပြဲသွားခဲ့တယ်။ အဲဒါအတွက် တစ်ဆယ်ရှုဘယ်။ ဆရာမရဲ့ ပေါ့ဆမှုကြောင့် အိမ်ဖော်မကလေးက ဗာယာရဲ့ ဘွတ်ဖိနပ်ကို ခိုးယူသွားခဲ့တယ်၊ ဒါတွေအားလုံးကို မျက်လုံးဒေါက်ထောက် ကြည့်ရမှာက ဆရာမအလုပ်။ ဒါ့အတွက် ဆရာမကို ပိုက်ဆံပေးပြီး ငှားထား တာကိုး။ အဲဒီအတွက် ငါးရှုဘယ်ဖြတ်မယ်။ ဇန်နဝါရီလ ၁၀ ရက်နေ့က ဆရာမ ကျုပ်ဆီက ငွေ ဆယ်ရှုဘယ် ချေးခဲ့တယ်'

'ဟင့်အင်း၊ ကျွန်မ ရှင့်ဆီက မချေးခဲ့ဖူးပါဘူး'

http://www.cherrythitsar.org



ဟု ဆရာမလေးက လေသံသဲ့သဲ့ဖြင့် ပြောသည်။

'ဒီမှာ အားလုံးကို စာနဲ့ရေးမှတ်ထားတယ်'

'ဒါဆိုလည်း ကောင်းပါပြီ၊ နောက်တော့ကော'

'လေးဆယ့်တစ်ရူဘယ်ထဲကနေ နှစ်ဆယ့်ခုနစ်ရူဘယ်ကို နှုတ်တော့ တစ်ဆယ့်လေးရူဘယ် ကျန်တယ်'

ဆရာမလေး၏ မျက်လုံးအစုံသည် မျက်ရည်များဖြင့် ပြည့်သိပ်နေကာ သွယ်တန်းလှပသော နှာတံစင်းစင်းပေါ်တွင် ချွေးသီးချွေးပေါက်များ ဝိုင်းစို့လာသည်။ သနားစရာ အတော်ကောင်းသည့် မိန်းကလေး . . .။

'ကျွန်မ တစ်ခါပဲ ပိုက်ဆံချေးခဲ့ဖူးပါတယ်၊ ရှင့်ဇနီးဆီက သုံးရူဘယ် တည်းရယ်ပါ၊ ဒါ့ထက် တစ်ပြားမှ မပိုခဲ့ပါဘူး'

ဟု အသံတုန်တုန်ဖြင့် ပြောသည်။

'အဲဒါကို ထည့်မပြောခဲ့ဘဲကိုး။ အဲဒါ ကျုပ်စာထဲမှာ မရေးမှတ်ရ သေးဘူး။ တစ်ဆယ့်လေးရူဘယ်ထဲက သုံးရူဘယ်ထပ်နုတ်တော့ တစ်ဆယ့် တစ်ရူဘယ်ပဲ ကျန်တော့တယ်။ ဒီမှာ သုံးရူဘယ်၊ နောက် သုံးရူဘယ်၊ နောက် သုံးရူဘယ်၊ တစ်ရူဘယ်၊ တစ်ရူဘယ် အားလုံး တစ်ဆယ့်တစ်ရူဘယ်၊ အဲဒါ ဆရာမ ပိုက်ဆံ'

ကျွန်တော်သည် ဆရာမလေးကို ငွေတစ်ဆယ့်တစ်ရူဘယ်ကို လှမ်း ပေးလိုက်သည်။ ဆရာမလေးသည် ငွေကို တုန်တုန်ရီရီဖြင့် လှမ်းယူကာ အင်္ကျီ အိတ်ကပ်ထဲသို့ ထည့်လိုက်သည်။

'ကျေးဇူးပါပဲ'

ဟု ခပ်တိုးတိုး ပြောသည်။

ကျွန်တော်သည် ဝုန်းခနဲထလိုက်ကာ အခန်းထဲတွင် လျှောက်နေမိ တော့သည်။ စိတ်လည်း အတော်ဆိုးသွားသည်။

'နေပါဦး၊ ဆရာမက ကျုပ်ကို ဘာ့အတွက် ကျေးဇူးတင်ရတာလဲ'

ဟု ခပ်ဆတ်ဆတ်မေးလိုက်သည်။

'ပိုက်ဆံပေးတဲ့အတွက်ပါ'

'ကျုပ် ခင်ဗျားကို ငွေလိမ်ပေးနေတာ၊ နေ့ခင်းကြောင်တောင်ကြီး အေးဓားပြတိုက်နေတာ၊ ဘာပြုလို့ ခင်ဗျားက ကျုပ်ကို ကျေးဇူးတင်တာလဲ'

'တခြားမှာဆိုရင် တစ်ပြားမှတောင် မရလို့ပါ'

'တစ်ပြားမှ မရဘူး ဟုတ်လား၊ ဖြစ်မှဖြစ်ရလေ၊ အေးလေ . . .၊ အံ့သြစရာတော့ မရှိပါဘူး။ ကျုပ် ခင်ဗျားကို ရက်စက်တဲ့ သင်ခန်းစာတစ်ခုကို

http://www.cherrythitsar.org



ပေးချင်လို့ပါ။ ခင်ဗျား လစာ နှစ်လအတွက် ရူဘယ်ရှစ်ဆယ်လုံးလုံး အပြည့်ပေးမှာပါ။ ဟောဟိုက စာအိတ်ထဲမှာ အပြည့်ထည့်ထားပါတယ်။ ဆရာမ . . . ဘာပြုလို့ ခင်ဗျား ဒီလောက် ပျော့ညံ့ရတာလဲ။ မဟုတ်တာကို ဘာပြုလို့ ပြန်မပြောရဲရတာလဲ။ မဟုတ်တာ ကို ပြန်ပြောရဲရမယ်။ ဒီလိုမှ မဟုတ်ဘူးဆိုရင် ဘဝမှာ ဘယ်လိုလုပ်ပြီး နေလို့ရတော့မှာပဲ။ ဒီလို ပျော့ညံ့လို့ ဘယ်ဖြစ်မလဲ'

ဆရာမလေးမျက်နှာ ပြုံးယောင်သန်းလာသည်။

ကျွန်တော်သည် ဆရာမလေးအား ဘဝနေနည်း သင်ခန်းစာတစ်ရပ်ကို ရက်ရက်စက်စက် ပေးမိလိုက်သည့်အတွက် ခွင့်လွှတ်ဖို့ တောင်းပန်ရင်း သူမ၏ လစာ ရူဘယ်ရှစ်ဆယ်ကို ပေးလိုက်ပါသည်။ ဆရာမလေးသည် အံ့အားသင့်၍ နေသည်။

'ကျေးဇူးတင်ပါတယ်'

ဟု ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြောရင်း အခန်းထဲမှ ထွက်သွားသည်။ သူ ထွက်သွားလေမှပင် သူ၏ ကျောပြင်ကို ငေးကြည့်ရင်း လောကကြီးမှာ ရက်စက်တယ်ဆိုတာ အလွန်လွယ်ကူတဲ့ အလုပ်ပါလားဟု တွေးနေလိုက်မိတော့၏။

**ပီတောက်ပွင့်သစ်မဂ္ဂဇင်း ၊ အမှတ် ၉ ၊ ၁၉၉၅ ၊ အောက်တိုဘာလ။**

**ရုရှစာရေးဆရာကြီး Anton Chekhoy ၏ ဝတ္ထုတို Softy ကို ပြန်ဆိုပါသည်။**

http://www.cherrythitsar.org



# ဘဝယှဉ်

'သူတို့သည် ကလေးငယ်များဖြစ်ကြသည် မှန်၏။ သို့သော် ကလေးငယ်များနှင့် မတူသောအချက် အတော်များများ သူတို့၌ ရှိကြသည်။'

ကျွန်တော်တို့သည် ဆွစ်ဇာလန်နိုင်ငံမှ အီတလီပြည်၏ ရှေးဟောင်းမြို့ ဖြစ်သည့်ပြင် လှလည်းလှပသော ဗာရိုနာမြို့သို့ ကားဖြင့် ပြန်လာခဲ့ကြသည်။ မြို့ထဲသို့ ဝင်ခါနီးတွင် ကလေးနှစ်ယောက်က ကားကို ရပ်ခိုင်းကြသည်။ သူတို့သည် စတော်ဘယ်ရီများကို ရောင်းချသူများဖြစ်ကြသည်။ ကလေးနှစ်ယောက်၏ ခြင်းတောင်းထဲရှိ စတော်ဘယ်ရီသီးများမှာ စားချင်စဖွယ် စိမ်းစိုလတ်ဆတ်နေ၏။ ကျွန်တော်တို့ ကားမောင်းသူက ကျွန်တော်တို့ကို ပြောလိုက်သည်။

'သူတို့ဆီက မဝယ်နဲ့၊ ဗာရိုနာမြို့ထဲမှာ ဒီထက်ကောင်းတဲ့ စတော်ဘယ်ရီတွေ ရနိုင်ပါတယ်၊ ဒါ့ပြင် ဒီကောင်လေးတွေက . . .'

သူ့မျက်နှာကလေးတွေ၏ ပုံသဏ္ဌာန်ကို မနှစ်သက်ကြောင်း ပြနေ၏။ သူ မနှစ်သက်လည်း မနှစ်သက်စရာပင်။ သူတို့၏ အဝတ်များမှာ စုတ်ပြဲနေပြီး ညစ်ပတ်နေ၏။ သို့သော် သူတို့၏ မသပ်ရပ်သော ဆံပင်များ၊ စိတ်လှုပ်ရှားကာ တက်ကြွနေသည့် မျက်လုံးများက ကျွန်တော့်ကို သူတို့အကြောင်း ပိုသိအောင် လှေ့လာချင်စိတ်ကို တိုက်တွန်းနေသည်။

http://www.cherrythitsar.org



ကျွန်တော်၏ သူငယ်ချင်းက ကလေးနှစ်ယောက်နှင့် စကားပြော ကြည့်သည်။ သူငယ်ချင်းက ကျွန်တော့်ကို သူတို့နှစ်ယောက်အကြောင်း ပြန် ပြောပြ၏။ သူတို့နှစ်ယောက်သည် ညီအစ်ကိုများ ဖြစ်ကြကြောင်း၊ နစ်ကိုလာ က ၁၃ နှစ်၊ ဂျကိုပိုက ၁၂ နှစ်ဖြစ်၍ အငယ်ဆုံးဖြစ်၏။ ကျွန်တော် သူတို့၏ စတော်ဘယ်ရီခြင်းထဲမှ အကြီးဆုံးခြင်းကိုဝယ်၍ ဗာရိနာမြို့သို့ ခရီးဆက်ခဲ့ သည်။

## နံနက်မှ ညအထိ

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့နှစ်ယောက် ဟိုတယ်မှ ထွက်လာစဉ် မနေ့ကတွေ့ခဲ့သော ကလေးနှစ်ယောက်ကို ထပ်မံတွေ့ရသည်။ မြို့၏ ရေပန်းနံဘေးတွင် ထိုင်လျက် အနားမှ ဖြတ်သန်းသွားသူတို့၏ ဖိနပ် များကို ဖုန်သုတ်ပေးခြင်း၊ အရောင်တင်ပေးခြင်းတို့ကို လုပ်ကိုင်လျက်ရှိ၏။ သူတို့နှစ်ယောက်သည် လက်မလည်အောင် အလုပ်များနေသည့် ကြားမှပင် ကျွန်တော်တို့ကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ရှာသည်။ ကျွန်တော်က သူတို့ကို မေးလိုက်၏။

'ဦးက မင်းတို့ စတော်ဘယ်ရီ ရောင်းနေတယ်လို့ ထင်နေတာ'

'ကျွန်တော်တို့ အလုပ်မျိုးစုံလုပ်ပါတယ်ခင်ဗျာ'

ဟု နစ်ကိုလာက တက်ကြွစွာ ပြန်ဖြေ၏။

သူသည် ကျွန်တော်တို့နှစ်ယောက်ကို မျှော်လင့်ခြင်းကြီးစွာဖြင့် ကြည့်ကာ ဆက်ပြောသည်။

'တစ်ခါတစ်ရံ မြို့ကို လာလည်တဲ့လူတွေကို စိတ်ဝင်စားဖို့ ကောင်း တဲ့နေရာကို လိုက်ပြတဲ့ လမ်းပြအလုပ်လည်း လုပ်ပါတယ်ခင်ဗျာ'

ကျွန်တော်က ပြုံး၍ပြောလိုက်သည်။

'ကောင်းပြီ၊ မင်းတို့ကို လမ်းပြအဖြစ် ငှားလိုက်ပြီ၊ တို့ မြို့အနှံ့ သွားကြရအောင်'

သူတို့က ကျွန်တော်တို့ကို မြို့အနှံ့ လိုက်လံပြသသည်။ ကျွန်တော် သူတို့ကို ဆက်၍ လေ့လာနေသည်။ သူတို့သည် ကလေးငယ်များဖြစ်ကြ သည် မှန်၏။ သို့သော် ကလေးငယ်များနှင့် မတူသောအချက် အတော်များများ သူတို့၌ ရှိကြသည်။ တစ်ခါတစ်ရံ ကလေးများတွင်မရှိသော ရည်မှန်းချက် အသွင်အပြင်တို့ ထူးခြားစွာ တွေ့ရ၏။

http://www.cherrythitsar.org



ရက်သတ္တတစ်ပတ်အကြာ သူတို့နှင့် မြို့အနှံ့ လျှောက်လည်ကြသည်။ နစ်ကိုလာနှင့် ဂျကိုပိုတို့ကို တစ်နေ့တည်းတွင် နေရာတိုင်း၌ အကြိမ်များစွာ တွေ့ရသည်။ အမေရိကန် စီးကရက် လိုအပ်လျှင်၊ စားသောက်စရာ အကောင်းစား၏ နာမည်၊ ပြဇာတ်လက်မှတ် လိုအပ်လျှင်လည်းကောင်း နစ်ကိုလာနှင့် ဂျကိုပိုတို့က ရောက်သည့်နေရာတိုင်းတွင် အမြဲ အကူအညီပေးလေ့ရှိသည်။

နွေရာသီ၏ နေပြင်းပြင်းအောက်တွင် သူတို့သည် သတင်းစာရောင်းခြင်း၊ ဖိနပ်တိုက်ခြင်း၊ စတော်ဘယ်ရီခြင်းများကို ရောင်းချခြင်း၊ ဗာရိနာမြို့ ရောက် ဧည့်သည်များကို လမ်းပြအဖြစ် လုပ်ဆောင်ခြင်းတို့ကို တစ်နေကုန် လုပ်ဆောင်ကြ၏။ သူတို့သည် အမြဲတမ်း အလုပ်များကို အမှီအခိုကင်းစွာဖြင့် စွမ်းဆောင်ကြသည်။

တစ်ည ကျွန်တော်က သူတို့ကို တွေ့လိုက်သည်။ နစ်ကိုလာသည် မြို့၏ ရေပန်းဘေးတွင် ထိုင်လျက်။ သူ၏မျက်နှာသည် ပင်ပန်းနွမ်းနယ်နေပုံရကာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ ဂျကိုပိုက သူ့အစ်ကို၏ ပခုံးပေါ်မှီ၍ အိပ်ပျော်နေသည်။

အချိန်ကား ညဆယ့်နှစ်နာရီခန့် ရှိမည်။

ကျွန်တော်က သူတို့နှစ်ယောက်ကို မေးလိုက်သည်။

'အိမ်မှာ ဘာကြောင့် ပြန်မအိပ်တာလဲ'

အကူအညီမလိုအပ်သော သဘောမျိုးနှင့် နစ်ကိုလာက ကျွန်တော့်ကို ကြည့်၏။ ထို့နောက် သူက ပြန်ဖြေ၏။

'နောက်ဆုံး ဘတ်(စ)ကားကို ကျွန်တော်တို့ စောင့်နေတာပါ၊ သတင်းစာတွေ ရောက်လာရင် လိုက်ရောင်းမလို့'

'မင်းတို့ကိုကြည့်ရတာ သိပ်ပင်ပန်းနေပုံရတယ်၊ မင်းတို့ အမြဲတမ်း အလုပ်ကို အရမ်းကြိုးစားတာပဲလား'

'ကျွန်တော် မပြောတတ်ပါဘူး'

သူ၏လေသံက ယဉ်ကျေးသိမ်မွေ့ကာ ပြေပြစ်လှသည်။ သို့သော် ကျွန်တော် နောက်မေးခွန်းများကို မမေးတော့ဘဲ ဟိုတယ်သို့ ပြန်လာခဲ့သည်။

**တနင်္ဂနွေနေ့တိုင်း**

နောက်တစ်နေ့နံနက်တွင် နစ်ကိုလာ ကျွန်တော့်ဖိနပ်တိုက်နေစဉ် ကျွန်တော် မေးလိုက်သည်။

http://www.cherrythitsar.org



'မင်းနဲ့ ဂျကိုပို အလုပ်သိပ်လုပ်ကြတယ်၊ ဒါပေမဲ့ အဝတ်ကျတော့ ကောင်းကောင်းဝယ်မဝတ်ဘူး၊ အစားကျတော့လည်း နည်းနည်းပဲ စားတယ် ဆိုတာ ငါသိတယ်၊ ငါ့ကို မှန်မှန်ပြောစမ်း၊ မင်းတို့ရတဲ့ ငွေတွေကို ဘယ်လို သုံးပစ်လိုက်သလဲ'

သူက ငြိမ်သက်နေ၏။ သူသည် လှုပ်ရှားသွားလာနေသော လူ များကို ကြည့်လိုက်၊ ရေပန်းကို ကြည့်လိုက်လုပ်နေ၏။ ထို့နောက် သူ၏ လွတ်လပ်စွာ ပြောဆိုတတ်သည့် သဘာဝအတိုင်း ပြန်ပြောလိုက်သည်။

'ကျွန်တော်တို့မှာ အကြံရှိပါတယ်ခင်ဗျာ'

'ကောင်းပြီ၊ ဦးတို့ ဇာရိုနာမြို့က တနင်္လာနေ့မှာ ပြန်မယ်၊ မပြန်ခင် မင်းတို့အတွက် ဦးတို့ တစ်ခုခုလုပ်ပေးခဲ့ဖို့ ရှိမရှိ သိချင်တယ်'

နစ်ကိုလာက စပြော၏။

'မရှိပါဘူး'

သို့သော် သူ့ညီက ကြားဝင်၍ ပြောလိုက်သည်။

'တနင်္ဂနွေ နေ့တိုင်း ဇာရိုနာမြို့နဲ့ မနီးမဝေး ရွာတစ်ရွာကို ကျွန် တော်တို့သွားရပါတယ်၊ ကျွန်တော်တို့ အမြဲတမ်း ဘတ်(စ်)ကားနဲ့ သွားပါ တယ်၊ ဒါပေမဲ့ မနက်ဖြန် ဦးလေးအားရင် အဲဒီရွာလေးကို လိုက်ပို့ပေးပါလို့'

ကျွန်တော့်ကားမောင်းသူသည် တနင်္ဂနွေနေ့တွင် အလုပ်မဆင်းပါ။ သို့သော် ကျွန်တော် သူတို့ကို ကတိပေးလိုက်သည်။

'အေးပါကွာ၊ ဦးကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့မယ်'

တနင်္ဂနွေနေ့တွင် ဇာရိုနာမြို့မှ ကားမောင်း၍ လာခဲ့ကြသည်။ ကျွန် တော့်စိတ်ကူးဝယ် ဆင်းရဲ၍ မသေသပ်သော အိမ်အချို့ရှိ ရွာတစ်ရွာဟု ထင်မိ သည်။ ဂျကိုပိုက ရတ်တရက် ပြောလိုက်၍ ကျွန်တော် လန့်သွားသည်။

'ဒီနားမှာရပ်ပါဦး'

အနီရောင် အမိုးနှင့် ကျောက်နံရံမြင့်မြင့်ရှိ၍ လှပသည့် အိမ်ကြီး တစ်လုံးရှေ့ဖြစ်သည်။

'ကျွန်တော်တို့ ဒီကို မရောက်တာကြာပါပြီ ဦးရယ်၊ တစ်နာရီတောင် မကြာစေရပါဘူး၊ ရွာထဲက စားသောက်ဆိုင်တစ်ဆိုင်ထဲမှာ ကျွန်တော်တို့ကို စောင့်နေပါဦးရယ်'

ပြောပြောဆိုဆို အိမ်ထဲဝင်၍ ပျောက်ကွယ်သွားသည်။

ကျွန်တော် မိနစ်အနည်းငယ်စောင့်ပြီး ကလေးများရှိရာသို့ လိုက် လာခဲ့သည်။ သူတို့ဝင်သွားသော အိမ်၏ ဝင်ပေါက်တစ်ခုကို ထောင့်နားတွင်

http://www.cherrythitsar.org



တွေ့၍ တံခါးခေါက်လိုက်သည်။ နောက်ဆုံးတွင် အမျိုးသမီးတစ်ယောက် တံခါး လာဖွင့်ပေးသည်။ သူမသည် သူနာပြုဝတ်စုံကို ဝတ်ဆင်ထားသည်။ ကျွန်တော်က သူမကို မေးလိုက်သည်။

'ကျွန်တော် ကလေးနှစ်ယောက်ကို လာရှာတာပါ'

သူမက ပြုံး၍ ပြန်ပြောသည်။

'သြော် . . . ဟုတ်ကဲ့ရှင်၊ နစ်ကိုလာနဲ့ ဂျကိုပိုလား၊ ကျေးဇူးပြုပြီး အထဲဝင်ပါဦး'

သူမက ဦးဆောင်၍ နွေးထွေးသော အခန်းများကို ကျွန်တော်တို့ ဖြတ်သန်းခဲ့ကြသည်။ အခန်းများကို သေချာစွာကြည့်မှ ဆေးရုံတစ်ခု၏ လူနာ ခန်းများဖြစ်ကြောင်း တွေ့ရသည်။ တံခါးတစ်ခုသို့ရောက်သော် သူမ ရပ်လိုက် ပြီး ပြုံး၍ သူမ နှုတ်ခမ်းပေါ် လက်ညှိုးတင်၍ တိတ်တိတ်နေရန် အချက်ပြ သည်။ ကျွန်တော် ဖွင့်ထားသောတံခါးမှ အတွင်းသို့ လှမ်းကြည့်လိုက်သည်။

အသက် နှစ်ဆယ်အရွယ်ရှိ မိန်းကလေးတစ်ယောက်၏ ခုတင် ဘေး တွင် သူတို့နှစ်ယောက် ထိုင်နေ၏။ သူမသည် လှပသော ပိုးဂျာကင်တစ် ထည်ကို ဝတ်ဆင်ထားပြီး သူတို့နှစ်ယောက် ပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေသည်။ သူမက သူတို့နှစ်ယောက်ကို ကြည့်နေပုံမှာ ဂရုတစိုက် ရှိ၍ သူတို့သည် သူမ၏ မောင်လေးများဖြစ်ဟန်တူသည်။

သူမ၏ ခုတင်ဘေးရှိ စားပွဲပေါ်တွင် သစ်သီးတစ်ပန်းကန်၊ စာအုပ် အများအပြားနှင့် ပန်းအိုးထဲတွင် တောရိုင်းပန်းများကို တွေ့ရသည်။

## ကြီးမားသောရည်ရွယ်ချက်

ဆေးရုံ၏ လှပ၍ နွေးထွေးသော အခန်းများကို ပြန်လည်ဖြတ်သန်း လာစဉ် သူနာပြုဆရာမက ကလေးနှစ်ဦး၏ ဘဝဇာတ်ကြောင်းကို ဤကဲ့သို့ ပြန်ပြောလေ၏။

'နစ်ကိုလာနဲ့ ဂျကိုပိုတို့ဟာ သူတို့အစ်မသာ မရှိရင် ကမ္ဘာပေါ်မှာ အထီးကျန်ဆုံး လူသားတွေအဖြစ်နဲ့ ကျန်ခဲ့မှာ။ သူတို့က သူတို့အစ်မအတွက် မျှော်လင့်ချက် သိပ်ထားကြတာ၊ သူတို့အားလုံး ငယ်ငယ်လေးတုန်းက သူ တို့အမေ ဆုံးသွားတယ်၊ ဒုတိယကမ္ဘာစစ် စစချင်း သူတို့အဖေလည်း ဆုံးသွား ရှာတယ်၊ သူတို့အဖေက နာမည်ကြီး ပြဇာတ် အဆိုတော်တစ်ယောက်ဖြစ် တယ်၊ ဒီနောက် ဗာရီနာမြို့လေးဟာ ဗုံးကြဲခြင်းခံရတယ်၊ သူတို့ရဲ့အိမ်လည်း ဗုံးကြဲတဲ့အထဲ ပါသွားခဲ့လို့ အိမ်ရဲ့ နံရံတစ်ချပ်တောင် မကျန်ရစ်ခဲ့ဘူး၊ ဒါနဲ့ပဲ

http://www.cherrythitsar.org



သူတို့တစ်တွေဟာ လမ်းမပေါ်မှာပဲ နေကြရတယ်၊ ဗာရိနာမြို့ထဲကို ရန်သူတွေ ဝင်လာတဲ့အခါ မျိုးချစ်ရဲဘော်တွေက သူတို့ကို သတင်းယူစေပြီး တောင်တန်းတွေကို ကျော်ပြီး သတင်းသွားပို့စေတယ်၊ ကလေးနှစ်ယောက်ဟာ တောင်တန်းဒေသမှာပဲ နေကြရတယ်၊ သူတို့ဟာ ညည သူတို့ရဲ့ ဖိနပ်အောက်မှာ လျှို့ဝှက်စာတွေ ထည့်ပြီး လှုပ်ရှားသွားလာကြရတယ်၊ ရှင် စဉ်းစားကြည့်ပေါ့၊ သူတို့ရဲ့ ဘဝဟာ ဘယ်လောက် ကြမ်းတမ်းတယ်ဆိုတာ၊ သူတို့ဟာ မြို့မှာ တစ်ယောက်တည်းထားခဲ့ရတဲ့ အစ်မအတွက်လည်း စိတ်ပူပင်ရသေးတယ်၊ ဒါနဲ့ပဲ စစ်ကြီးပြီးတဲ့အခါ ကလေးနှစ်ယောက်ဟာ ဗာရိနာမြို့ကို ပြန်လာပြီး သူတို့ရဲ့ အစ်မကို လိုက်ရှာကြတယ်၊ သူမကို သူတို့တွေ့တော့ သူမမှာ တီဘီရောဂါစွဲကပ်ပြီး နေမကောင်းဖြစ်နေတယ်၊ ဒါတွေဟာ စစ်အတွင်းက သူမရဲ့ ခါးသီးစက်ဆုပ်ဖွယ်ကောင်းတဲ့ ဘဝကြောင့်ပဲ'

ကျွန်တော်က သူမကို မေးခွန်းတစ်ခုမေးလိုက်၏။ သို့သော် သူမက ပြန်မဖြေဘဲ ကျွန်တော့်ကိုပါ မေးခွန်းထုတ်လိုက်သည်။

'ဒီနောက် ကလေးတွေ ဘာဆက်လုပ်ကြသလဲ'

'ရှင့်ဘာသာရှင် တွေးကြည့်ပေါ့၊ သူတို့ရဲ့ အစ်မကို ဆေးရုံတင်ပေးဖို့ ကျွန်မတို့ကို လာပြောတယ်၊ ဆေးရုံတင်ပြီးတော့ သူမရဲ့ အခြေအနေဟာ အတော်လေး ကောင်းမွန်လာတယ်၊ သူမဟာ နေကောင်းလာပြီး နာမည်ကြီး အဆိုတော်ဖြစ်တဲ့ သူမရဲ့ ဖခင်လိုပဲ သီချင်းတွေ ဘာတွေတောင် ဆိုလို့။

'ဟုတ်တာပေါ့၊ အခုတော့ အစစ အရာရာ သိပ်ဒုက္ခရောက်တယ်၊ အစားအသောက်ကလည်း ဈေးကြီး၊ ဆေးကလည်း ဈေးကြီးတာပါပဲရှင်၊ ဒါ့ကြောင့် ဆေးရုံကိုလာတဲ့ လူနာတိုင်းကို ပိုက်ဆံပေးဖို့ ပြောရတာပါ၊ ဒါပေမဲ့ ကလေး ငယ်နှစ်ဦးက အပတ်တိုင်း ကျွန်မတို့ကို ပိုက်ဆံလာလာပေးပါတယ်၊ သူတို့ ဘယ်လိုအလုပ်လုပ်ပြီး ငွေရှာတယ်ဆိုတာတော့ ကျွန်မ မသိဘူး။

'ဒါပေမဲ့ သူတို့ဟာ လူကောင်းလေးတွေပါ'

ကျွန်တော် သူနာပြုဆရာမကို ကျေးဇူးအထူးတင်ကြောင်း ပြော၍ 'ပွဒ်ဘိုင်' ဟု နှုတ်ဆက်ခါ ကားထဲ၌ ထိုင်စောင့်နေလေသည်။ ကလေးနှစ်ဦး ကားထဲဝင်လာသည်အထိ သူတို့နှစ်ယောက်အကြောင်းကို စဉ်းစားနေမိသည်။ ထို့နောက် သူတို့ကို မြို့သို့ ပြန်ခေါ်လာခဲ့သည်။

သူတို့သည် ကျွန်တော်၏ဘေးတွင် တိတ်ဆိတ်စွာ ထိုင်၍ လိုက်ပါလာပြီး ကားဖြတ်သန်းရာ ပတ်ဝန်းကျင်ကို စိတ်လှုပ်ရှားနေသော မျက်လုံးများဖြင့် ကြည့်ကြသည်။ သူတို့သည် ယခုကဲ့သို့ ကားစီး၍ မြို့ထဲ ပြန်လာရ

http://www.cherrythitsar.org



သည့်အတွက်လည်း ကျေနပ်နေသည့် အသွင်အပြင် သူတို့၏မျက်နှာ၌ တွေ့ရသည်။

ဩော် . . . ဗာရိုနာမြို့မှ ဘဝကို ရုန်းကန်လှုပ်ရှားရသည့် ကလေးငယ်နှစ်ဦးပင် မဟုတ်ပါလား။

**ရွှေဝတ်မှုန်မဂ္ဂဇင်း ၊ ၁၉၉၂ ၊ ဒီဇင်ဘာလ။**

**1949 ခု February လ Reader's Digest မှ A.J.Cronin ၏ Two Gentlemen of Verona ကို ဆီလျော်စွာ ပြန်ဆိုသည်။**

http://www.cherrythitsar.org



# မီးနူး

မီးနူး၏ သားဦးသည် မွေးပြီး မကြာခင် သေဆုံးသွားသည်။ ဒုတိယ ကလေးလည်း တစ်နှစ်လောက်သာ လူ့ဘဝတွင် နေရသည်။

မီးနူးသည် ပျိုမြစ်နုနယ်အရွယ်ငယ်တုန်းပင် ရှိသေးသည်။ မမှည့်သေးသော သစ်သီးသည် ညှာတံတွင် ကပ်နေသကဲ့သို့ပင် မီးနူး၏ စိတ်နှလုံးသည် ပထဝီမြေကြီးနှင့် ခွာမရပေ။ မီးနူးသည် ကမ္ဘာလောက၏ အစိမ်းရောင် အရာဝတ္ထုများကို၊ ဘဝအသက်ရှိသော အရာဝတ္ထုများကို ချစ်သည်။

မီးနူး၏ အိမ်ထောင်ဖက်၌ ခြံဥယျာဉ်ကလေး တစ်ခုရှိသည်။ မီးနူးသည် ထိုခြံဥယျာဉ်ကလေးကို မိခင်က ကလေးကို ပြုစုစောင့်ရှောက်သကဲ့သို့ပင် ပြုစုစောင့်ရှောက်နေသည်။ သို့ရာတွင် နွယ်ပင်များ အပွင့်ပွင့်မည်လုပ်တုန်း ကာလကတ္တားမှ ခေါ်သည့်စာ ရောက်လာသည်။

မီးနူးသည် အိမ်နီးနားချင်းအိမ်က ခွေးများကိုလည်း ချစ်သည်။ ထိုခွေးများထဲက အချစ်ဆုံးမှာ ‘ဘွန္တာ’ ခေါ် နှာခေါင်းပြားပြားနှင့် ခွေးကလေးဖြစ်သည်။ ထိုခွေးကလေးအတွက် ပုတီးစေ့လည်ပတ်တစ်ခု လုပ်ပေးသည်။ သို့ရာတွင် ပုတီးစေ့လည်ပတ် မပြီးတပြီးမှာပင် မီးနူး၏ ယောက်ျားသည် ကာလကတ္တားရှိ သူတို့၏ အိမ်သစ်ကို ပြောင်းရွှေ့နေရန် မီးနူးကို လာခေါ်သည်။

http://www.cherrythitsar.org



ခွေးပိုင်ရှင်က ခွေးကလေးကို မွေးရန် မီးနူးအား ပေးသည်။ သို့ရာတွင် မီးနူး၏ယောက်ျားက

'ဒုက္ခမရှာချင်စမ်းပါနှင့်'

ဟု ပြောပြီး မီးနူး၏ ဆန္ဒကို ဆန့်ကျင်ကန့်ကွက်သည်။

*

တစ်ည မီးနူးသည် သူ၏ အိမ်သစ်တွင် အိပ်၍မပျော် ဖြစ်နေသည်။ အိပ်ရာပေါ်၌ တလူးလူးတရွရွဖြစ်နေစဉ် အရုဏ်ရောင်သည် အိမ်ခန်းထဲ ဝင်လာသည်။ မီးနူးသည် တစောင်းထလျက် အပြင်ဘက် လှမ်းကြည့်လိုက်သည်။ ပြတင်းပေါက်ဝအထိမြင့်သော စကားဝါပင်ကြီးတွင် စကားဝါပွင့်တွေ ပွင့်နေသည်ကို တွေ့မြင်ရသည်။ ပန်းရနံ့သည် မီးနူး၏ နှာခေါင်းဝ ရောက်လာပြီးလျှင် . . .

'မီးနူး နေကောင်းရဲ့လား'

ဟု နှုတ်ဆက်နေသကဲ့သို့ ထင်ရသည်။

မီးနူးတို့၏ အိမ်နှင့် ဘေးကအိမ်၏ နံရံကြားထဲတွင် ညပ်ပြီးပေါက်နေသော စကားဝါပင်သည် နေရောင်ကို မျှော်လင့်တောင့်တနေသည်။ သဘာဝ မိခင်၏ ဆွံ့အနေသော ကလေးငယ်သည် မိမိအပိုင်မဟုတ်သောနေရာတွင် မိမိကိုယ်ကို ရှာနေသည်။

မီးနူးသည် နေမြင့်မှ အိပ်ရာထတတ်သည်။ နေအတော်မြင့်မှ အိပ်ရာကထပြီး စကားဝါပင်ကို ကြည့်လိုက်သောအခါ စကားဝါပင်ပေါ်၌ စကားဝါပွင့် တစ်ပွင့်မှ မရှိတော့ပေ။

'ဘယ်လိုဖြစ်ကုန်ကြတာလဲ'

သူ့ကိုယ်သူ မေးကြည့်နေသည်။ မီးနူးသည် အိမ်ဖော်အား စကားဝါပင်ကို ဂရုစိုက်ပြီး ရေလောင်းပေးဖို့ ပြောလိုက်သည်။ သို့ရာတွင် စကားဝါပင်ပေါ်တွင် စကားဝါပန်းများကို နောက်တစ်ကြိမ် မမြင်ရတော့ပေ။ နေ့ရက်အတန်ကြာသွားသောအခါ နံနက်တိုင်း စကားဝါပန်းတွေ မည်သို့မည်ပုံ ပျောက်သွားသည်ကို မီးနူး သိရှိသွားသည်။

အရုဏ်သည် မပွင့်တပွင့် ကြာပွင့်သဖွယ် ဖြစ်နေခိုက် မီးနူးသည် ဗြာဟ္မဏတစ်ယောက် ခြင်းတောင်းတစ်တောင်း ကိုင်လာပြီး စကားဝါပင်ပေါ် တက်လျက် စကားဝါကိုင်းများကို ခပ်ပြင်းပြင်း လှုပ်ချနေသည်ကို တွေ့ရ

သည်။ သူ့ကို ကြည့်ရသည်မှာ အိမ်ငှားများထံမှ အိမ်လခ လိုက်ယူနေသော အိမ်ရှင်နှင့်တူနေသည်။

မီးနူးက အိမ်ဖော်ကို ပြောလိုက်သည်။

'အိမ်အောက် မြန်မြန်ဆင်းသွားပြီး အဲဒီလူကို ငါ့ဆီခေါ်လာခဲ့'

ဗြာဟ္မဏရောက်လာသောအခါ မီးနူးသည် ဗြာဟ္မဏအား တရိုတသေ လက်အုပ်ချီ နှုတ်ဆက်ပြီးလျှင် မေးလိုက်သည်။

'ဘယ်သူ့အတွက် စကားဝါပန်းတွေကို ခူးနေတာလဲ ဗြာဟ္မဏကြီး'

ဗြာဟ္မဏက ပြန်ပြောသည်။

'ဘုရားသခင်အတွက် . . .'

'ဘုရားသခင်က ဒီပန်းတွေ ကျွန်မကို ပေးထားတယ်ဆိုတာ ဗြာဟ္မဏကြီး မသိဘူးလား'

'ညည်းကို ပေးထားတယ် ဟုတ်လား'

'ဟုတ်တယ်၊ ကျွန်မကို ပေးထားတာ၊ ပေးထားတဲ့ပစ္စည်းကို ဘုရားသခင်က ပြန်ယူသလား'

ဗြာဟ္မဏသည် ဘဝင်မကျသည့်မျက်နှာနှင့် ထွက်သွားသည်။ နောက်တစ်နေ့ နံနက်ချိန်၌လည်း စကားဝါပင်ကို လှုပ်ဖို့ ဗြာဟ္မဏ ရောက်လာပြန်သည်။ ဗြာဟ္မဏကို တွေ့သောအခါ မီးနူးသည် မျက်ရည်စက်လက်နှင့် အိမ်ဖော်ကို ပြောလိုက်သည်။

'ဒီစကားဝါပန်းတွေကို ခူးတာ ငါမကြည့်ချင်ဘူး။ ဒီအခန်းမှာ ငါ နောက် ဘယ်တော့မှ မအိပ်တော့ဘူး'

*

မီးနူး၏အိပ်ရာ အခြားအခန်းတစ်ခန်း ပြောင်းရွှေ့သွားသည်။ မီးနူး၏ ပြတင်းပေါက်သည် ချောက်ဒရီ၏ အိမ်ကြီးနှင့် တန်းနေသည်။ တစ်နေ့သ၌ မီးနူးက သူ့ယောက်ျားကို ပြောသည်။

'ဟိုမှာ ကြည့်စမ်း၊ ကလေးလေး ဘယ်လောက်ချစ်စရာကောင်းသလဲ၊ ကျွန်မ အဲဒီကလေးလေးကို တစ်ခါလောက် ချီချင်တယ်'

လင်ယောက်ျားက ပြန်ပြောသည်။

'သူတို့က သူဌေးတွေ၊ သူတို့ကလေးကို ဒီက ငမွဲစာရေးအိမ် လာခွင့် ဘယ်ပေးမှာလဲ'

http://www.cherrythitsar.org



'အဲဒီလို မပြောပါနှင့်၊ ကလေးနှင့်ပတ်သက်လို့က ဆင်းရဲချမ်းသာ ကွဲပြားခြားနားတာ မရှိပါဘူး၊ ကလေးငယ်တစ်ယောက်အတွက် မိန်းမတိုင်းရဲ့ ရင်ခွင်ဟာ ရာဇပလ္လင်နဲ့ အတူတူပါပဲ'

လင်ယောကျ်ား အိမ်အပြင်ဘက် ထွက်သွားသည်။ ထို့နောက် ချက်ချင်းပြန်လာပြီး ပြောပြသည်။

'ကျုပ်ကို သူတို့ လှည့်တောင် မကြည့်ကြဘူး'

နောက်တစ်နေ့၌ မီးနူးသည် အိမ်ဖော်ကို ခေါ်ပြီး ပြောသည်။

'ဟိုမှာကြည့်စမ်း၊ ကလေးလေး ခြံထဲမှာ တစ်ယောက်တည်း ကစားနေတယ်။ ခပ်မြန်မြန်ပြေးသွားပြီး ကလေးလေးကို ဒီသကြားလုံးထုပ် ပေးလိုက်ပါ'

ညနေချိန်၌ မီးနူး၏ ယောကျ်ားမျက်နှာ မကြည်မသာနှင့် အိမ်ပြန်ရောက်လာသည်။

'ကျုပ်တို့ကို သူတို့ အကြီးအကျယ် စိတ်ဆိုးနေတယ်'

'ဘာဖြစ်လို့လဲ'

'ကျုပ်တို့အိမ်ဖော် နောက်တစ်ကြိမ် သူတို့ခြံထဲဝင်ရင် ရဲတိုင်မယ်လို့ ပြောနေတယ်'

မီးနူး မျက်ရည်လည်လာသည်။ ရှိုက်ကြီးတငင်နှင့် ပြောလိုက်လေသည်။

'ကျွန်မ သိပါတယ်၊ ကျွန်မသိပါတယ်၊ ကလေးလက်ထဲက သကြားလုံးထုပ်ကို ဆွဲလုပြီး လွှင့်ပစ်တယ်၊ ကလေးကိုလည်း ရိုက်တယ်၊ ကျွန်မ ဒီနေရာမှာ ဆက်ပြီးနေရင် သေလိမ့်မယ်၊ ကျွန်မကို တစ်နေရာရာ ခေါ်သွားပါ'

**ချယ်ရီမဂ္ဂဇင်း ၊ စက်တင်ဘာလ ၊ ၁၉၉၅ ။**

**တဂိုး၏ 'The Golden Boat' မှ . . .**

http://www.cherrythitsar.org

မောင်မောင်လှမြင့်

# ပျောက်ခဲ့အနမ်း

ကျွန်တော်သည် ကိုယ်အနည်းငယ် နွေးသဖြင့် အိပ်ရာထဲတွင် ကွေး နေပါသည်။ သိပ်စိုးရိမ်စရာ အခြေအနေတော့ မဟုတ်ပါ။ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း အိမ်တွင် နားနေကျန်ရစ်သောအခါ လုံးဝပူစရာမလိုအောင် ကောင်းသွားပြီ ဖြစ်ပါသည်။ အကယ်၍များ ရုတ်တရက် အပူချိန် ထိုးတက် သွားပါက ဘယ်လိုဖြစ်မည်လဲ။

ကျွန်တော် တွေးကြည့်မိသည်။ ကျွန်တော် သေကောင်းသေသွား နိုင်ပါသည်။ ထိုသို့ဆိုလျှင် ကျွန်တော့်သူငယ်ချင်း အပေါင်းအသင်းများအား လုံး ယူကျုံးမရဖြစ်ရှာကြမည်။ ကျွန်တော်ကား မိတ်ဆွေသင်္ဂဟ အလွန်ပေါ ပြီး လူသိများ ထင်ရှားသူတစ်ဦးဖြစ်ပါသည်။ ကျွန်တော်ကွယ်လွန်သည့် အကြောင်း သတင်းစာများက မည်သို့မည်ပုံ ရေးကြမည်ကို တွေးကြည့်မိ ပြန်သည်။

သူတို့အနေဖြင့် ဘယ်လိုမှ မသိကျိုးကျွန်နေ၍ မရပါ။ 'ထရီပြွန်း' သတင်းစာက ဆိုလျှင် မျက်နှာဖုံး၌ ဓာတ်ပုံပါသုံးပြီး အထူးသတင်းဖြစ်အောင် ဖော်ပြဦးမည်။ သတင်းခေါင်းစီးကို 'ဆာဒါကူ့ရှဝမ့်ဆင်း ကွယ်လွန်အနိစ္စ ရောက်ခြင်း' ဟု စာလုံးမည်းကြီးများနှင့်စီပြီး အောက်ပါသတင်းကို ရေး သားမည်။

*'ယနေ့ညနေ ၆ နာရီအချိန်တွင် ဆာဒါကူ ရှဝမ်ဆင်း ကွယ်လွန်သွားကြောင်း ကျွန်ုပ်တို့ ဝမ်းနည်းစွာ ဖော်ပြအပ်ပါသည်။ ငယ်ရွယ်သည့် မုဆိုးမဇနီးနှင့် လူမည်ကလေးငယ်နှစ်ဦးအပြင် များပြားလှသော သူငယ်ချင်းများ၊ ကြည်ညိုလေးစားသူများ ပူဆွေးကြေကွဲကျန်ရစ်သည်။*

*ဆာဒါသည် လွန်ခဲ့သည့် ငါးနှစ်ကမှ သူ့ ဇာတိ ဒေလီမြို့မှ ယခုနေထိုင်လျက်ရှိရာ လာဟိုမြို့သို့ ပြောင်းရွှေ့အခြေချခဲ့ခြင်းဖြစ်သည်။*

*ဤနှစ်များအတွင်းမှာပင် သူသည် ဥပဒေလောကနှင့် နိုင်ငံရေးနယ်ပယ်၌ အောင်မြင်ထင်ရှားသည့် နေရာကို ရလာခဲ့သည်။ သူကွယ်လွန်ခြင်းအတွက် ပြည်နယ်တစ်ခုလုံး ယူကျုံးမရဖြစ်ကြမည်မှာ အမှန်ပင်ဖြစ်သည်။*

*ဆာဒါ၏ အသုဘသို့ လာရောက်ကြည့်ရှုသူများထဲတွင် ဝန်ကြီးချုပ်၏ အပါးတော်မြဲ၊ တရားသူကြီးချုပ်၏ အပါးတော်မြဲ၊ ဝန်ကြီးများနှင့် တရားရုံးချုပ် တရားသူကြီးများကို တွေ့ရသည်။*

*လေးစားအပ်သည့် ဂုဏ်သရေရှိ တရားသူကြီးချုပ်က*

*'ဒီပုဂ္ဂိုလ် ကွယ်လွန်သွားတဲ့အတွက် ပန်ဂျပ်ပြည်နယ်ဟာ ပိုပြီး ဆင်းရဲနွမ်းပါးသွားရတယ်လို့ ကျွန်တော် ခံစားရတယ်၊ ရက်စက်ကြမ်းကြုတ်တဲ့ သေမင်းရဲ့လက်က တောက်ပြောင်အောင်မြင်နေတဲ့ ဘဝတစ်ခုကို ရိုက်ချိုး ဖျက်ဆီးပစ်လိုက်တာပဲ'*

*ဟု ထုတ်ဖော်ပြောကြားခဲ့သည်။*

**စာမျက်နှာ၏အောက်ဆုံး၌ အောက်ပါကြေညာချက်ကိုလည်း ဖော်ပြထားမည်ဖြစ်သည်။**

*'ကြွင်းကျန်သည့် ရုပ်ကလာပ်ကို ယနေ့နံနက် ၁၀ နာရီတွင် သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်'*

http://www.cherrythitsar.org



ကျွန်တော်သည် ကိုယ့်ကိုယ်ကိုအတွက်ရော သူငယ်ချင်းများအတွက်ပါ အလွန်ဝမ်းနည်းသွားမိသည်။ ကွယ်လွန်ရသည့်အတွက် မိမိကိုယ်မိမိ စိတ်ထိခိုက်ပူဆွေးသဖြင့် ကျလာသော မျက်ရည်များကို မနည်းထိန်းချုပ်ထားရသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် လူအများက ကျွန်တော့်အတွက် ပူဆွေးကြေကွဲသည့်အဖြစ်ကို ကြည်နူးသာယာမိပါသည်။

သို့ဖြင့် ကျွန်တော် သေရန် ဆုံးဖြတ်လိုက်သည်။ နှစ်ခြိုက်ကျေနပ်ဖွယ်ရာ တစ်ခုအဖြစ် သို့မဟုတ် ထိုသို့ ဖြစ်နိုင်သည်ဟူသော ယုံကြည်ချက်ဖြင့် အစမ်းသေကြည့်လိုက်ပါသည်။ သတင်းစာများက ကျွန်တော့်သတင်းကို အချိန်မီ သိရှိထည့်သွင်းနိုင်ရန်အတွက် ညနေပိုင်း၌ သေမင်းထံ အပ်နှံဒူးထောက်လိုက်ပါသည်။ ကျွန်တော်သည် ရုပ်ကလာပ်အတွင်းမှထွက်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ထို့နောက် ကွယ်လွန်ပြီးနောက် ရရှိမည့် ချီးကျူးဂုဏ်ပြုမှုများကို အရသာခံရန် အိမ်တွင်းသို့ ဝင်သည့် အေးစက်သော ကျောက်သား လှေကားထစ်များပေါ်တွင် ထိုင်နေလိုက်ပါသည်။

နောက်နေ့မနက်၌ ကျွန်တော်က သတင်းစာကို ကျွန်တော့်မိန်းမထက် အလျင်ဦး၍ရသည်။ ကျွန်တော်က အောက်ထပ်တွင် ရှိနေသည်ဖြစ်၍ ခါတိုင်းလို သူမနှင့် သတင်းစာလုရန် အကြောင်းမပေါ်တော့။ ထို့ပြင် သူမမှာ ကျွန်တော့်ရုပ်အလောင်းအနီးတွင် ယောက်ယက်ခတ် အလုပ်များနေသည်။ 'ထရီပြွန်း' က ကျွန်တော့်ကို နှိမ်ပါသည်။ စာမျက်နှာ ၃၊ ကော်လံ ၁ ၏ အောက်ဆုံးနေရာ အငြိမ်းစားအရာရှိများ၏ နာရေးကြော်ငြာ ဖော်ပြသော အကွက်၌ မထင်မရှား ထည့်ထားသည်။ ဒါ့အပြင် တခြား ဘယ်နေရာမှမှ မပါ။

ဤသည်မှာ လူ့ကပ်ဖွဲ့ရှဖီး၏ လက်ချက်ဖြစ်မည်။ သူက သည်အတွက် အထူးသတင်းထောက်ဖြစ်သည်။ ကျွန်တော့်ကို သူ ဘယ်တုန်းကမှ သဘောမကျခဲ့။

သို့ရာတွင် ကျွန်တော် ကွယ်လွန်ပြီဖြစ်သည်ကိုပင် စာနာမှု မထားနိုင်လောက်အောင် သဘောထား ပုပ်လိမ့်မည်ဟုတော့ မထင်ခဲ့ပါ။ မည်သို့ပင်ဖြစ်စေ ပြည်နယ်တစ်ခုလုံးကို ရိုက်ခတ်သွားသည့် ဝမ်းနည်းကြေကွဲမှု လှိုင်းတံပိုးများ သူ့သတင်းစာထဲသို့ လိမ့်ဝင်လာမည်ကိုတော့ သူ ဟန့်တားနိုင်မည်မဟုတ်ပါ။ ကျွန်တော့်သူငယ်ချင်းများက အဖြစ်မှန်ကို ရိပ်စားမိကြမည်ဖြစ်ပါသည်။

http://www.cherrythitsar.org



တရားရုံးချုပ်ဝန်းကျင်ကား သတင်းစာ စောစောဝေသောနေရာဖြစ်ပါသည်။ ကျွန်တော့်သူငယ်ချင်း ကာသီးလ်၏အိမ်ဆိုလျှင် အရုဏ်မလင်းခင်ကပင် ရနေမည်ဖြစ်သည်။ ဤသည်မှာ ကသီးလ် လင်မယားသည် အိပ်ရာမှ စောစောထတတ်သောကြောင့် မဟုတ်ပါ။ အမှန်ပြောရလျှင် မနက် ၉ နာရီ မတိုင်မီ အိမ်ထဲ၌ လူရိပ်လူယောင် တွေ့ရခဲပါသည်။ သို့ရာတွင် ကသီးလ်က စည်းကမ်းကြီးသူတစ်ယောက်ဖြစ်သည်။ မဖတ်ဖြစ်တောင်မှ သတင်းစာကို စောနိုင်သမျှ စောစောမြင်ချင်သည်။

ထုံးစံအတိုင်း ကသီးလ် လင်မယားမှာ ၉ နာရီအထိ အိပ်ရာထဲတွင် ရှိနေကြသည်။ သူက ညဥ့်နက်သန်းခေါင် အလုပ်လုပ်လေ့ရှိသည်။ သူ့မိန်းမကတော့ အိပ်ပုပ်ကြီးသောကြောင့်ဖြစ်သည်။ သတင်းစာမှာ သံပုရာဖျော်ရည် ရောထည့်ထားသော ရေနွေးဖန်ချိုင့် တင်ယူလာသည့် လင်ပန်းပေါ်တွင် ပါလာသည်။ ကသီးလ်က စီးကရက်တစ်ဖွာနှင့် တစ်ဖွာအကြား ဖျော်ရည်ကို တစ်စုပ်ချင်း စုပ်သည်။ ဤသည်မှာ သူ၏ အစာအိမ်ဆိုင်ရာ အစိတ်အပိုင်းများ လှုပ်ရှားလာအောင်ဖြစ်သည်။

သူသည် အိပ်ရာထဲ၌ သတင်းစာ ခေါင်းစီးများကိုသာ ကြည့်သည်။ တကယ်ဖတ်သည့်အချိန်မှာ စီးကရက်နှင့် သံပုရာဖျော်ရည် တန်ခိုးပြလာသောအခါမှဖြစ်သည်။ ကျွန်တော့်မှာ ကိုယ့်သတင်းကို ဖတ်ဖြစ်ဖို့အရေး အိမ်သာထဲရောက်အောင် စောင့်ရသည့် ဆိုးလှသော ကံကြမ္မာကို တွေးလိုက်မိပါသည်။

အချိန်တိုင်သောအခါ ကသီးလ်သည် လက်တစ်ဖက်တွင် သတင်းစာကိုင်လျက် အောက်နှုတ်ခမ်း၌ စီးကရက်ချိတ်ကာ ရေချိုးခန်းဆီသို့ တစ်လှမ်းချင်း လျှောက်သွားသည်။ သက်သောင့်သက်သာ အကျအန ထိုင်ပြီးသည့်နောက် သတင်းစာကို သေချာစွာ ဖတ်တော့သည်။ သူ့မျက်လုံးများက များစွာအရေးမကြီးသော သတင်းအတိုအထွာများအပေါ် လျှောက်ကြည့်သည်။ စာမျက်နှာ ၃၊ ကော်လံ ၁ သို့ ရောက်သောအခါ စီးကရက် အဖွာ ခဏရပ်သွားသည်။ ခဏဆိုမှ တကယ့်ခဏလေးဖြစ်သည်။ ခုချက်ချင်းထပြီး မိန်းမကို အော်ပြောလိုက်ရမလား။ ဟင့်အင်း . . . မလုပ်ဘူး။ သူ ချက်ချင်း ဆုံးဖြတ်လိုက်သည်။

ဤသို့လုပ်လိုက်လျှင် မလိုအပ်သည့် အပိုအဖြစ်သည်းမှုဖြစ်သွားမည်။ သူက ဆင်ခြင်တုံတရား ကြီးမားသူဖြစ်သည်။ စိတ်လှုပ်ရှားမှုနှင့် ပေါက်ကွဲမှု တစ်ပုံကြီး သိမ်းထားသော သူ့မိန်းမကို လက်ထပ်ပြီး နောက်ပိုင်း

http://www.cherrythitsar.org



မှစ၍ သူသည် ပို၍ အဆင်ခြင်ကြီးသူဖြစ်လာသည်။ သနားစရာငနဲတော့ သွားရှာပြီ။ ဘာမှ မတတ်နိုင်တော့ဘူး။ သူ့မိန်းမကို ပြောလိုက်လျှင် အော်ကြီးဟစ်ကျယ် ထငိုမည်ကို သူကောင်းကောင်းသိသည်။ သည်အတွက် လောလောလတ်လတ် တရားခံမှာ သူဖြစ်နေတော့မည်။ တရားရုံးတွင် သူ လိုက်နေသည့် အမှုတစ်ခု ရှုံးသွားသည့်အကြောင်း ပြောသည့်အပြောမျိုးဖြင့် ပြောရမည်။

ကသီးလ်က သူ့မိန်းမအကြောင်း ကောင်းကောင်းသိသည်။ သို့ဖြင့် အမှတ်တမဲ့ ပုံစံဖြင့် သတင်းကို အသိပေးလိုက်သည်။ သူ့မိန်းမက တစ်ခါတည်း အော်ငိုတော့သည်။ သူမ၏ ဆယ်နှစ်အရွယ် သမီးငယ်ကလေးကလည်း အိပ်ခန်းထဲသို့ ပြေးဝင်လာသည်။ မအေလုပ်သူကို ခဏကြည့်လိုက်ပြီး သူမလည်း ရောငိုတော့သည်။ ကသီးလ်က ခပ်ပြတ်ပြတ်လုပ်ရန် ဆုံးဖြတ်လိုက်သည်။

'ဘာပြုလို့ ဒါလောက် ဆူညံပူညံ လုပ်နေရတာလဲ၊ ဒီလိုလုပ်လို့ သူက အသက်ပြန်ရှင်လာမှာတဲ့လား'

သူက လေသံထန်ထန်ဖြင့် ဟန့်လိုက်သည်။

သူ့မိန်းမက သူနှင့်ပြိုင်ငြင်း၍ အကျိုးမထူးသည်ကို ကောင်းစွာသိထားသည်။ ဘယ်ကိစ္စတွင်မဆို သူ့ကို အရှုံးပေးရသည်ချည်းဖြစ်သည်။

'ကျွန်မတို့ အခုချက်ချင်း သွားကြရင် ကောင်းမယ်ထင်တယ်၊ သူ့မိန်းမခမျာ သိပ်အားငယ်ရှာနေလိမ့်မယ်'

သူမက ပြောသည်။

ကသီးလ်က သူ့ပခုံးများကို တွန့်လိုက်သည်။

'အဲဒီလို မလုပ်နိုင်တဲ့အတွက် ငါစိတ်မကောင်းပါဘူး၊ သူ့မိန်းမ ဒါမှမဟုတ် မုဆိုးမ ပူပူနွေးနွေးကလေးကို အားပေးဖို့ ဝတ္တရားရှိသလို ငါ့အမှုသည်တွေရဲ့ အရေးကို ဦးစားပေးဆောင်ရွက်ရမယ့် တာဝန်ကလည်း ရှိနေတယ်၊ နောက် နာရီဝက်ဆို တရားရုံးကို ရောက်နေရမှာ'

ကသီးလ်သည် တရားရုံးတွင် တစ်နေကုန် ရှိနေပြီး သူ့မိသားစုလည်း တစ်နေ့လုံး ဘယ်မှ မထွက်ကြ။

မြို့တော်၏ ကျက်သရေဆောင် ပန်းခြံကြီးအနီး၌ အခြားသူငယ်ချင်းတစ်ယောက် နေထိုင်လျက်ရှိသေးသည်။ သူ့နာမည်က ခိုစလာ၊ သူ့ဇနီး၊ သားသုံးယောက်နှင့် သမီးတစ်ယောက် အပါအဝင်ဖြစ်သော သူ့မိသားစုသည် အထက်တန်းလွှာ ရပ်ကွက်ဖြစ်သော ထိုနေရာ၌ နေထိုင်လျက်ရှိသည်။ သူ

http://www.cherrythitsar.org



သည် တရားသူကြီးတစ်ယောက်ဖြစ်ပြီး အစိုးရ၏ ဗျူရိုကရေစီယန္တရားမှ အမြင့်ဆုံးရာထူးတစ်ခု ပိုင်ရှင်ဖြစ်၏။

ခိုစလာက စောစောထသူဖြစ်သည်။ သူ့အနေဖြင့် စောစောထရန်လည်း လိုအပ်သည်။ အကြောင်းမှာ ထိုအချိန်ကလေးကိုသာ သူပိုင်သောကြောင့်ဖြစ်သည်။ သူ့မှာ တစ်နေ့လုံး ရုံးတွင် အမှုများကို ကြားနာရသည်။ ညနေချိန်ရောက်သောအခါ တင်းနစ်ကစားရသေးသည်။ ထို့နောက် သူ့ကလေးတွေနှင့် အချိန်ကုန်ရ၊ သူ့ဇနီးနှင့် စကားစမြည် ပြောရသည်။ သူ့တွင် ဧည့်သည်က အလွန်များသည်။

သူသည် ထင်ရှားကျော်ကြားသူ တစ်ဦးဖြစ်ပြီး သည်လို လူသိများရသည်ကိုလည်း နှစ်ခြိုက်သဘောကျသည်။ သို့ရာတွင် ခိုစလာက ရည်မွန်ချက်ကြီးမားသည်။ လူပျိုပေါက်အရွယ်ကပင် သူ့ကိုယ်သူ ထက်မြက်သူတစ်ယောက်ဟု ယူဆထားသူ ဖြစ်သည်။ လူငယ်ဘဝ ခပ်စောစောမှာပင် သူ့ဆံပင်များ ကျွတ်စပြုပြီး နဖူးပြောင်ကြီး ဖြစ်နေသည်။ ဒါကိုပင် ခိုစလာက သူ့ကိုယ်သူ ထင်မြင်သည့်အတိုင်း မှန်ကန်ကြောင်း သဘာဝတရားက သက်သေထူခြင်းဖြစ်သည်ဟု ယုံကြည်သည်။

သူသည် ပါရမီထူးချွန်သူဖြစ်နိုင်ပါသည်။ မှန်ထဲမှ သူ့နဖူးပြောင်ကြီးကို ကြည့်လေ ကြည့်လေ ကံကြမ္မာက သူ၏ ထူးခြားသည့် ဘဝလမ်းကြောင်းကို ညွှန်ပြနေသည်ဟူသော ယူဆချက် ပို၍ ခိုင်မာလေဖြစ်သည်။ သို့ဖြင့် သူသည် အပြင်းအထန် ကြိုးစားတော့သည်။ သူသည် ပညာသင်ဆုများ ချီးမြှင့်ခံရကာ ပဋိညာဉ်ခံဝန်ထမ်း စာမေးပွဲအတွက် ထိပ်ဆုံးမှ ရွေးချယ်ခံရသည်။

နိုင်ငံ၏ အခက်အခဲ အကျပ်တည်းဆုံးသော ထိုစာမေးပွဲကို ဂုဏ်ထူးများဖြင့် အောင်မြင်သောအခါ သူ့ကိုယ်သူ ထင်ထားသည့်အတိုင်း မှန်ကန်သည်ဟု တစ်ထစ်ချ မှတ်ယူလိုက်သည်။

သူသည် နှစ်ပေါင်းအတော်ကြာမျှ ကျေနပ်ဖွယ်ရာကောင်းသည့် အရာရှိကြီးဘဝဖြင့် နေလာခဲ့သည်။ စင်စစ်အားဖြင့် သူ့ကိုယ်သူ လူအများက ပြောဆိုလေ့ရှိသည့် 'အောင်မြင်သောဘဝကို' ပိုင်ဆိုင်ရရှိထားသည်ဟု ယုံကြည်ထားသည်။

သို့ရာတွင် နှစ်အနည်းငယ်ကြာသောအခါ သူ့ဘဝအပေါ် ကျေနပ်နှစ်သိမ့်နေမှုများ ပျောက်ကွယ်သွားသည်။ သူ့နောက်စေ့မှ ဆံပင်ဖုတ်ကလေးကို လက်ဖြင့်သပ်သည့်အခါတိုင်း သူ့နဖူးပြောင်ပြောင်ကို လက်ဖြင့် သပ်သည့်

http://www.cherrythitsar.org



အခါတိုင်း မရေရာမသေချာသည့် ရှေ့ရေးမျှော်မှန်းချက်များကို စဉ်းစားလာမိသည်။

သူကဲ့သို့ အဆင့်မြင့်အစိုးရ အရာရှိကြီးများမှာ ရာနှင့်ချီပြီး ရှိနေသည်။ သူတို့အားလုံးသည်လည်း အောင်မြင်သောဘဝကို ပိုင်ဆိုင်ထားသူများ ဖြစ်ကြသည်။ အစိုးရ ရာထူးကြီးတစ်ခု ရရှိထားရုံနှင့် ပြီးပြည့်စုံသည် မဟုတ်။ သူ အလုပ်လုပ်ရဦးမည်။ စာရေးရဦးမည်။ သူ့ကိုယ်သူ စာရေးနိုင်သည်ဟု ယုံကြည်သည်။ ဤအချက်ကလည်း အရွယ်ပမာဏ ကြီးမားလှသည့် သူ့ခေါင်းက သက်သေပြနေသည်။

သို့ဖြင့် သူ စာ စရေးတော့သည်။ စာရေးနိုင်ဖို့အတွက် သူ စာဖတ်သည်။ မြောက်မြားလှစွာသော စာအုပ်များကို ဝယ်ယူစုဆောင်းကာ ကိုယ်ပိုင်စာကြည့်ခန်းလုပ်ပြီး ရုံးမသွားခင် အမြဲစာဖတ်လေ့ရှိသည်။

ကနေ့မနက်၌ ခိုစလာ စာရေးချင်စိတ် ပြင်းပြနေသည်။ သူ့ဘာသာ လက်ဖက်ရည်တစ်ခွက် ဖျော်သောက်ပြီး လျှပ်စစ်လေအေးစက်အနီးမှ ပက်လက်ကုလားထိုင်၌ ထိုင်သည်။ သူသည် ခဲတံဖင်ဖျားကို ပါးစပ်ဖြင့်ကိုက်ကာ ရေးရမည့်အကြောင်းအရာကို စိတ်ကူးထုတ်သည်။ သို့ရာတွင် ဘာရေးရမည်ကို တွေး၍မရဘဲ ရှိနေ၏။ နောက်ဆုံး၌ နေ့စဉ်မှတ်တမ်းရေးရန် ဆုံးဖြတ်လိုက်သည်။

မနေ့က သူသည် အရေးကြီးသည့် အမှုတစ်ခုကို ကြားနာရသည်။ ထိုအမှုမှာ ရက်ကြာကြာ စစ်ဆေးရမည့် အနေအထားရှိသည်။ တရားရုံးတစ်ခုလုံး လာရောက်နားထောင်သူများနှင့် ပြည့်နေကာ အားလုံးက သူ့ကို ဝိုင်း၍ အာရုံစိုက်နေကြသည်။ ဟုတ်ပြီ။ သည်အကြောင်းကလေးက ရေးဖို့ ကောင်းသည်။ သို့ဖြင့် သူ စာ စရေးတော့သည်။

ထိုစဉ်မှာပင် တံခါးခေါက်သံတစ်ခု၏ နှောင့်ယှက်မှုကို ခံရပြီး အိမ်စေတစ်ယောက်က သတင်းစာ ဝင်ပို့သည်။

သူက သတင်းစာကို ဖြန့်လိုက်ပြီး လောလောလတ်လတ် ကမ္ဘာလောက၌ အမှန်တကယ်ဖြစ်နေသည်များကို ဖတ်သည်။

ခိုစလာက လူမှုရေးကိစ္စများကို ပို၍ စိတ်ဝင်စားသည်။

မွေးဖွားခြင်း၊ လက်ထပ်ခြင်း၊ ကွယ်လွန်ခြင်း စသည်များကို ပြည်တွင်းပြည်ပ အရေးအခင်းများထက် ပို၍အလေးထားသည်။

သူသည် စာမျက်နှာ ၃၊ ကော်လံ ၁ ကို လှန်လိုက်သည်။ သတင်းကို တွေ့ရပြီး တစ်ကိုယ်လုံး တောင့်ခနဲ ဖြစ်သွားသည်။

http://www.cherrythitsar.org



သူသည် မှတ်စုစာအုပ်ကို ခဲတံဖင်ဖျားဖြင့် တစ်ချက်ခေါက်လိုက်၏။

ထို့နောက် သူ့မိန်းမကို ချောင်းဆိုးသံပြု၍ နှိုးလိုက်ပြီး သတင်းကို ပြောပြလိုက်သည်။

သူမက တစ်ချက်သမ်းလိုက်ကာ အိပ်ချင်မူးတူးဖြစ်နေသော မျက်လုံးများကို ဖွင့်လိုက်သည်။

'ဒါဖြင့် ရှင် ဒီနေ့ တရားခွင် နားရတော့မှာပေါ့'

သူမက ပြောသည်။

'တရားခွင်ဆိုတာ ဘယ်လို အထူးကိစ္စနဲ့မှ နားလို့ရတာမဟုတ်ဘူး၊ ပုံမှန်အတိုင်း စစ်ရမှာပဲ၊ အချိန်ရရင်တော့ ရုံးသွားရင်း ခဏ ဝင်လိုက်ပါ့မယ်၊ ဒါမှမဟုတ်လည်း တနင်္ဂနွေနေ့ကျရင် သွားလို့ရသားပဲ'

ခိုစလာ လင်မယား လုံးဝ မလာကြ။

အလားတူပင် ကျွန်တော်ကွယ်လွန်ခြင်းအတွက် ပူဆွေး ဝမ်းနည်းကြသဖြင့် ကျွန်တော် စိတ်ထိခိုက် ကြေကွဲရသော အခြားသူငယ်ချင်းများလည်း ပေါ်မလာကြပါ။

မနက် ၁၀ နာရီအချိန်တွင် ကျွန်တော့်တိုက်ခန်း အောက်ထပ် အိမ်ရှေ့ကွက်လပ်၌ လူအနည်းငယ် စုဝေးရောက်ရှိနေကြသည်။

အများစုမှာ ကျွန်တော် မျှော်လင့်မထားသူများဖြစ်ပြီး ရုံးတက်ဝတ်စုံ ဝတ်ထားသည့် ရှေ့နေအချို့နှင့် ဘာများဖြစ်ပါလိမ့်ဟု လာကြည့်ကြသူ အပြင်လူများ ဖြစ်သည်။

ကျွန်တော့် သူငယ်ချင်းများထံမှ နှစ်ယောက်လည်း ရောက်လာကြသည်။

သို့ရာတွင် သူတို့က ပရိသတ်နှင့် ခပ်ခွာခွာနေကြသည်။ တစ်ယောက်မှာ ပိန်ပိန်သွယ်သွယ်နှင့် အနုပညာရှင်တစ်ဦးပုံစံမျိုး ဖြစ်သည်။

လက်တစ်ဖက်တွင် စီးကရက် လက်ကြားညှပ်ထားပြီး ကျန်လက်တစ်ဖက်က သူ့နဖူးပေါ် ဝဲကျနေသည့် ဆံပင်ရှည်များကို သပ်၍သပ်၍ တင်နေသည်။

သူက စာရေးဆရာဖြစ်သည်။ သူက အသုဘအခမ်းအနားများကို လုံးဝ ယုံကြည်သူမဟုတ်။ သို့ရာတွင် လူမှုရေးအရ မလှမ်းမကမ်းမှ လူရိပ်လူယောင်တော့ သွားပြသင့်သည်ဟု ယူဆထားသည်။

သည်လို လုပ်ရသော်လည်း နည်းနည်းမှ ဘဝင်မကျ။ လူသေကောင်အနီးဝန်းကျင်တွင် ကူးစက်တတ်သော ရောဂါပိုးများ ရှိနိုင်သည်။

http://www.cherrythitsar.org



သို့ဖြင့် စီးကရက်ကို အဆက်မပြတ် ဖွာကာ သူနှင့် ပတ်ဝန်းကျင် ကမ္ဘာအကြား ဆေးလိပ်မီးခိုး ကန့်လန့်ကာ ခြားထားလိုက်သည်။

ကျန်သည့်တစ်ယောက်ကတော့ ကွန်မြူနစ်သူငယ်ချင်းဖြစ်သည်။ ဆံပင်ထူထူနှင့် လူညက်ကလေးဖြစ်ပြီး ပျာယီးပျာယာ အမူအရာရှိသည်။

အမှန်တော့ သူ့ခန္ဓာကိုယ်နှင့် သွင်ပြင်က သူ့တွင် တကယ်ရှိနေသည့် မီးတောင်လိုစိတ်ဓာတ်ကို ပုံဖျက်ထားခြင်းဖြစ်သည်။ သူသည် အရာရာကို အေးစက်သည့် မာက္ခစ်နည်းလမ်းဖြင့် ချဉ်းကပ်လေ့ရှိပြီး ခံစားတတ်သည့် အသည်းနှလုံးကင်းမဲ့သူဖြစ်သည်။

သေခြင်းတရားဆိုသည်မှာ ဘာမှ အရေးကြီးသည့် အရာမဟုတ်။ ဖြစ်ရိုးဖြစ်စဉ်ကိစ္စသာ ဖြစ်သည်။

သူက စာရေးဆရာကို ခပ်တိုးတိုးမေးသည်။

'ခင်ဗျား . . . ဘယ်ထိအောင် လိုက်ပို့မှာလဲ'

'ကျွန်တော် လက်ဖက်ရည်ဆိုင်ရှေ့ရောက်ရင် နေရစ်ခဲ့မယ်လို့ စိတ်ကူးတယ်၊ ခင်ဗျားကော အဆုံးအထိ လိုက်ပို့မှာလား'

စာရေးဆရာက ပြန်မေးသည်။

'ဟင့်အင်း . . . ဘယ်လိုမှ လိုက်မပို့နိုင်ဘူး'

ကွန်မြူနစ်က အလေးအနက်ပြန်ပြောသည်။

'တကယ်တော့ ခုမနက် ဆယ်နာရီမှာ ကျွန်တော် အစည်းအဝေး တစ်ခုတက်ရမှာ၊ ကိုးနာရီခွဲလောက်ကတည်းက ဒီကသွားဖို့ပဲ၊ ဒါပေမဲ့ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်တို့လူမျိုးတွေဟာ အချိန်ရဲ့တန်ဖိုးကို အလေးထားတတ်ကြတာ မဟုတ်ဘူး။ ကျွန်တော် အခုပဲ ပါတီရုံးကို သွားလိုက်မယ်၊ ပြီးရင် ဆယ့်တစ်နာရီခွဲမှာ လက်ဖက်ရည်ဆိုင်ကို လိုက်လာပြီး ခင်ဗျားနဲ့ဆုံမယ်၊ ဒါထက် တကယ်လို့များ အခြေအနေပေးရင် မသာရထားမောင်းတဲ့လူကို တစ်ဆိတ် မေးပေးစမ်းပါ၊ အဲဒီလူ မြင်းလှည်းသမားများသမဂ္ဂမှာ ဝင်ပြီးပြီလား လို့ . . . ကျေးဇူးပဲ'

အချိန်အနည်းငယ်အကြာတွင် အရိုးငေါငေါဖြင့် ညိုမွဲမွဲမြင်းတစ်ကောင် ဆွဲလာသည့် အသုဘရထားသည် ကျွန်တော့်အိမ်ရှေ့ တံခါးဝသို့ ရောက်လာသည်။ မြင်းနှင့် သူ့သခင် နှစ်ဦးစလုံးမှာ သည်လိုကိစ္စမျိုးဖြင့် အသားကျပြီးသည့် ပုံစံအပြည့်ဖြစ်သည်။ မြင်းလှည်းဆရာသည် ခပ်အေးအေးထိုင်ကာ ကွမ်းသီးစိတ်ကို ဝါးလျက် ဝါးလျက် ပရိသတ်အား အကဲခတ်နေသည်။ သူ့အတွက် အပိုဘောက်ဆူး အနည်းအကျဉ်းရနိုင်မည့် အလားအလာရှိမရှိ

http://www.cherrythitsar.org



မှန်းကြည့်နေသည်။ သန္တေပုပ်သည့် မြင်းက ရုတ်တရက် သေးပေါက်ချလိုက်ရာ လူအများမှာ သူတို့ကို လာ၍ မစဉ်အောင် ရှောင်ကြသဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ပရိသတ်အဖို့ ကြာကြာစောင့်ရန် မလိုတော့ပါ။ ကျွန်တော့် ရုပ်ကလာပ်ကို ယူချလာပြီး ဖျဉ်စအဖြူဖြင့် ရစ်ပတ်ကာ အသုဘယာဉ်ပေါ်မှ မှန်ခေါင်းထဲသို့ သွင်းလိုက်ကြသည်။ အဆင်အယင်အဖြစ် ကျွန်တော့်ကိုယ်ပေါ်သို့ ပန်းပွင့်အနည်းငယ် ဖြန့်ကြဲပေးကြသည်။ အသုဘချရန် အသင့်ဖြစ်ပေပြီ။

ရထားထွက်လုခါနီးတွင် အခြားသူငယ်ချင်းတစ်ယောက် ဘိုင်စကယ်နှင့် ရောက်လာသည်။ အသားညိုညို၊ လူပုံခပ်ပျော့ပျော့ဖြစ်သည်။ စက်ဘီးကယ်ရီယာပေါ်တွင် စာအုပ်များ အထပ်လိုက်နှင့် ပညာကို အလွန်တန်ဖိုးထားသော ပါမောက္ခတစ်ယောက်ဟန် အပြည့်ရှိသည်။

ရထားပေါ်သို့ ရုပ်ကလာပ်တင်ပြီး ဖြစ်နေသည်ကို တွေ့ရသောအခါ စက်ဘီးပေါ်မှ ဆင်းလိုက်သည်။ သူသည် သေခြင်းတရားကို အလွန်အလေးထားပြီး ထိုအချက်ကို ထင်ထင်ရှားရှား ပြသလေ့လည်းရှိသည်။ သူက စက်ဘီးကို အိမ်ခန်းတွင်းသွင်း၊ သော့ခတ်ပြီး လူအုပ်ကြားထဲသို့ ဝင်လာသည်။

ကျွန်တော့်မိန်းမက ရုပ်ကလာပ်ကို နောက်ဆုံးနှုတ်ဆက်ရန် ဆင်းလာသောအခါ သူက ခပ်သွက်သွက်လှုပ်ရှားသည်။ အိတ်အတွင်းမှ စာအုပ်ငယ်တစ်အုပ်ကိုထုတ်ပြီး စာမျက်နှာများကို တစ်ရွက်ချင်း လှန်သည်။

ထို့နောက် လူအုပ်ကြားမှတိုးပြီး ကျွန်တော့်မိန်းမဆီသို့ လျှောက်လာသည်။ မျက်လုံးထဲ၌ မျက်ရည်များဝဲရင်း စာအုပ်ကို သူမအား လှမ်းပေးသည်။

'ကျွန်တော် ခင်ဗျားအတွက် ဘဂဝါဂီတစာအုပ်တစ်အုပ် ယူလာပါတယ်၊ အဲဒီစာအုပ်က ခင်ဗျားရဲ့သောကကို ဖြေသိမ့်ပေးနိုင်ပါလိမ့်မယ်'

သူသည် ရင်တွင်းမှ ပြင်းထန်သည့် ခံစားမှုကို မထိန်းနိုင်သဖြင့် မူလနေရာသို့ ချက်ချင်းပြန်လာကာ မျက်လုံးများတွင် ခိုတွဲနေသော မျက်ရည်များကို သုတ်သည်။

'ဒါဟာ . . .'

သူက ပင့်သက်ကို ရှိုက်လိုက်သည်။

'ဘဝတစ်ခု တည်ရှိမှုရဲ့ နိဂုံးပဲ၊ ဒါဟာ အမှန်တရားပဲ'

သူက ရှေးဟောင်းအဆိုအမိန့်များကို အလွန်လေးစားသည်။ ထိုအဆိုအမိန့်များ၏ အခြေခံသဘောတရားများမှာ အမြဲ မှန်ကန်ပြီး အသက်ဝင်နေသည်သာဖြစ်သည်။

'ရေမြှုပ်ကလေးတွေပါပဲ'

သူက သူ့ကိုယ်သူ ပြောသည်။

'လူ့ဘဝဟာ တကယ့် ရေပွက်ပမာ ခဏတာကလေးပဲ'

သို့ရာတွင် သတ္တဝါတစ်ခုသည် သေပြီးနောက် လုံးဝ ပျောက်ကွယ်သွားသည်မဟုတ်။ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြောင်းသွားခြင်းသာဖြစ်သည်။

'ဘဂဝါဂီတ' ကျမ်းက သည်အကြောင်းကို အလွန်လှပစွာ တင်စားဖော်ပြထားသည်။

'လူတစ်ယောက်ဟာ အဝတ်သစ်တစ်ခု ဝတ်ဆင်ဖို့အတွက် အဝတ်ဟောင်းကို ချွတ်ချလိုက်သလိုပဲ၊ လူတွေရဲ့ ဝိညာဉ်တွေဟာလည်း ဒီအတိုင်းပဲ စသည် စသည်'

ပါမောက္ခမှာ သူ့အတွေးထဲတွင် နစ်မြုပ်နေသည်။ ကွယ်လွန်သွားပြီဖြစ်သည့် သူ့သူငယ်ချင်း ဘယ်လိုအဝတ်အစားမျိုး ပြောင်းလဲဝတ်ဆင်သွားပါလိမ့်ဟု မှန်းကြည့်နေမိသည်။

ထိုစဉ် ခြေထောက်နှစ်ဖက်အကြား ရုတ်တရက် ထိတွေ့လိုက်ရသည့် အနွေးဓာတ်အယုက်တစ်ခုကြောင့် သူ့အတွေးများ ပျက်သွားသည်။ ခွေးပေါက်စလေးတစ်ကောင်သည် ပါမောက္ခ၏ခြေထောက်အကြား၌ တိုးဝှေ့ပြီး သူ့ဘောင်းဘီစများကို လျှာဖြင့် လျက်ကာ သူ့ကို မော်ကြည့်နေသည်။ ပါမောက္ခက အကြင်နာတရားကြီးမားသူဖြစ်သည်။ သူသည် ခွေးပုကလေးကို ပွတ်ပေးပြီး သူ့လက်များကို အလျက်ခံသည်။

ပါမောက္ခ၏ အတွေးများမှာ ဟိုရောက်သည်ရောက် ရောက်နေသည်။ ထို့နောက် ရင်ထဲ၌ မအီမလည် ခံစားလိုက်ရသည်။ သူသည် ရုပ်ကလာပ်ကို တစ်လှည့် ခြေထောက်ကြားမှ ခွေးပေါက်စကလေးကို တစ်လှည့် ကြည့်သည်။

သူသည်လည်း ဘုရားသခင်က ဘဝတစ်မျိုးမျိုးမှ ပြောင်းလဲဖန်ဆင်းပေးခဲ့သည့် သတ္တဝါတစ်ကောင်ပင် မဟုတ်လား။

'လူတစ်ယောက်ဟာ အဝတ်သစ်တစ်ခု ပြောင်းလဲဝတ်ဆင်ဖို့အတွက် အဝတ်ဟောင်းတွေကို လဲလိုက်သလိုပဲ၊ လူတွေရဲ့ ဝိညာဉ်တွေဟာလည်း . . .'

http://www.cherrythitsar.org



မဟုတ်ဘူး၊ မဟုတ်သေးဘူး။ သူ့ပါးစပ်က ထွက်သွားသည်။ သူ့ခေါင်းထဲ၌ သည်လို လက်လွတ်စပယ် အတွေးများ အဝင်မခံသင့်သည်ကို ချက်ချင်းသတိရသည်။ သို့ရာတွင် သူ့စိတ်ကို အစိုးမရ။ ထိုအရာသည် မဖြစ်နိုင်သည်မဟုတ်။

'ဂီတ' ကျမ်းကလည်း သည်အတိုင်းဆိုထားသည်။ သူသည် ခွေးကလေးဆီသို့ ကိုယ်ကို တစ်ဖန်ပြန်၍ ကိုင်းလိုက်ပြန်သည်။ ထို့နောက် မိမိ၏ အပေါင်းအသင်း ရောင်းရင်းတစ်ဦးအပေါ် ရင်းနှီးမှုဖြင့် စောစောကထက် ပိုမိုကြင်နာစွာ ပွတ်ပေးနေလေသည်။

အသုဘချလေပြီ။ ကျွန်တော်က ရှေ့ဆုံးမှ ဖြစ်သည်။ မှန်ခေါင်းထဲတွင် မသက်မသာ လှဲချလိုက်ပါလျက် နောက်မှ လူဒါဇင်ဝက်လောက်သာ လိုက်ပို့သူရှိသည်။ ရထားသည် မြစ်ဘက်သို့ ဦးတည်၍ သွားနေလေသည်။

မြို့လယ်လမ်းမကြီးကို ဖြတ်ရသောအခါ ကျွန်တော့်မှာ အထီးကျန်ဖြစ်သွားတော့သည်။ ရှေ့နေအချို့သည် တရားရုံးချုပ်ရှေ့တွင် ကျန်ရစ်ခဲ့ကြသည်။ ကျွန်တော်၏ စာရေးဆရာ သူငယ်ချင်းသည်လည်း စီးကရက်ကလေးဖွာလျက် လက်ဖက်ရည်ဆိုင်ဘက်သို့ လျှောက်သွားသည်။

ဒေသဆိုင်ရာ ကောလိပ်ရှေ့သို့ ရောက်သောအခါ ပါမောက္ခသည် နောက်ဆုံးခွဲခွာသည့်အကြည့်ဖြင့် အတန်ကြာ ကြည့်နေပြီး သူ့စာသင်ခန်းဆီသို့ တစ်ဟုန်ထိုး ပြေးတက်သွားသည်။ မကြာမီ နောက်ဆုံးကျန်သည့် လေးငါးယောက်မှာလည်း ခရိုင်တရားရုံးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ကျွန်တော့်ရင်ထဲ၌ အတော်ကလေး သိမ်ငယ်သွားသည်။ ကျွန်တော့်လောက် အဆင့်အတန်းမရှိသူများ၏ အသုဘတွင်ပင် လိုက်ပို့သူ စည်စည်ကားကားရှိသည်။ မြူနီစီပယ် လက်တွန်းလှည်းဖြင့် ချသည့် သူတောင်းစား၏ အသုဘတွင်ပင် အလောင်းကိုစွန့်ပစ်ရန် သန့်ရှင်းရေးအလုပ်သမားနှစ်ယောက် ပါသေးသည်။

ကျွန်တော့်တွင်တော့ စုစုပေါင်း လက်ချိုးရေပါမှ တစ်ယောက်တည်းရှိသည်။ သူကား အတွင်းစိတ်ထား ကောင်းသည် ဆိုးသည် မရွေးဘဲ ပုပ်ဟောင်အနံ့ထွက်စပြုနေပြီဖြစ်သည့် ရုပ်ကလာပ်အလောင်းကို သူ့တာဝန်အတိုင်း နောက်ဆုံးခရီးသို့ ပို့နေသည့် မြင်းလှည်းသမားဖြစ်သည်။ သူသည် သူ့မြင်းအပေါ်တွင်တော့ ရက်စက်ကောင်း ရက်စက်ပါမည်။

http://www.cherrythitsar.org



မီးသင်္ဂြိုဟ်သည့်နေရာသို့ သွားသည့်လမ်းမှာ အမျိုးအမည် မခွဲခြားတတ်သော အနံ့ဆိုး အနံ့သက်ပေါင်းစုံ ကြီးစိုးလျက်ရှိသည်။ အဆိုးဆုံးမှာ လမ်းမကြီးမှ သင်္ချိုင်းကုန်းသို့ ချိုးဝင်သော လမ်းသွယ်ကလေး အစပ်တွင် ဖြစ်သည်။

ထိုနေရာ၌ တစ်မြို့လုံး၏ မိလ္လာအညစ်အကြေးများကို စွန့်ပစ်သည့်မြောင်းတစ်ခုရှိသည်။ အထဲတွင် မည်းညစ်ပုပ်သိုးသော ရေနောက်များ စီးဆင်းလျက်ရှိပြီး ရေမြှုပ်များ အမြဲထနေသည်။

ကံကောင်းထောက်မစွာပင် ကျွန်တော်သည် အတွက်အချက်မှားသော အစမ်းသေကြည့်ခြင်းအား ပြန်လည်သုံးသပ်ရန် အချိန်ရလိုက်ပါသည်။ မြင်းလှည်းဆရာသည် လမ်းနံဘေးမှ ကြီးမားသည့် ညောင်ပင်ကြီး တစ်ပင်အောက်၌ ခေတ္တနားသည်။ သုသာန်သို့ နောက်ဆုံးချိုးဝင်သည့် နေရာပင်ဖြစ်သည်။ သစ်ပင်ရိပ်၌ မြင်းလှည်းဂိတ်တစ်ဂိတ်ရှိပြီး မြင်းရေတိုက်ရန် သစ်သားဇလားတစ်လုံးလည်း ထားသည်။ မြင်းကို ရေဇလားတွင် ချည်ပြီး မြင်းလှည်းဆရာသည် သူ့အပေါင်းအသင်းများထံ ဆင်း၍ ဆေးလိပ်မီးတို့ပါသည်။

မြင်းလှည်းသမားများအားလုံး ခေါင်းဆီသို့လာပြီး ဝိုင်းအုံကြည့်ကြသည်။

'သူဌေးသူကြွယ်ထဲကပဲ'

တစ်ယောက်က ပြောသည်။

'ဒါပေမဲ့ လိုက်ပို့သူလည်း တစ်ယောက်မှ မရှိပါလား'

တစ်ယောက်က စူးစမ်းသည်။

'ဒါဟာလည်း . . . ငါတို့မသိတဲ့ အနောက်တိုင်း ထုံးစံတစ်ခုဖြစ်ရမယ်၊ အသုဘကို တစ်ယောက်မှ လိုက်မပို့ကြဘူး' သူကပင် ဆက်၍ မှတ်ချက်ချသည်။

ခုတော့ ကျွန်တော် အကြီးအကျယ် စိတ်ကုန်သွားပြီဖြစ်ပါသည်။ လမ်းသုံးသွယ်ရှိသည့်အနက် တစ်လမ်းလမ်းကို ကျွန်တော် ရွေးရတော့မည်။ မည်သူမဆို တစ်နေ့သောအခါတွင် လူတကာသွားရာ နောက်ဆုံးခရီးကို မလွဲမသွေ လိုက်ရမည်ဖြစ်ပါသည်။

ကျွန်တော်သည်လည်း သူတို့နည်းတူ ကိုယ့်ကိုယ်ကို မီးပုံပေါ်သို့ စွန့်ပစ်လိုက်မည်။ ထိုအခါ ယခုထက် ပိုမိုကောင်းမွန်သည့် ဘဝသို့ ပြောင်းလဲရောက်ရှိသွားမည်။ သို့မဟုတ် ဘာမှ ပြန်မဖြစ်တော့ဘဲ လုံးဝ ချုပ်ငြိမ်းသွားလျှင်လည်း သွားမည်။

http://www.cherrythitsar.org



သချိုင်းသို့ဝင်သည့် လမ်းနံဘေး၌ မြို့ဘက်သို့ ခွဲထွက်သည့် အခြား လမ်းသွယ်တစ်သွယ် ရှိနေပါသည်။ ထိုလမ်းအဆုံး၌ မိန်းမပျက်များနှင့် မကောင်းသတင်း ကျော်စောသူများ နေထိုင်လျက်ရှိသည်။ သူတို့သည် သေသောက်ကျူးကြ၊ လောင်းကစားကျူးကြ၊ ကာမဂုဏ်လွန်ကဲကြသူများ ဖြစ်သည်။ ငါးပါးသော ကာမဂုဏ်ကို ခံစား၍ မရောင့်ရဲနိုင်သူများ၏ ကမ္ဘာကလေး ဖြစ်သည်။

နောက်ဆုံး တတိယလမ်းကတော့ ယခု ကျွန်တော်လာခဲ့သည့်လမ်း ဖြစ်သည်။ ဘယ်လမ်းလိုက်ရမည်ကို ဆုံးဖြတ်ရန်မှာ အလွန်ခက်ခဲသောကိစ္စ ဖြစ်နေပါသည်။ သည်လိုအခြေအနေမျိုးတွင် ခေါင်းပန်းလှန်၍ ကံစမ်းခြင်းက အကောင်းဆုံးဖြစ်သည်။ သို့ဖြင့် ကျွန်တော်သည် ခေါင်းပန်းလှန်ပြီး အဆုံး အဖြတ်ယူရန် ပိုင်းဖြတ်လိုက်ပါသည်။

ခေါင်းကျလျှင် မျှော်ရမ်းမှန်းဆ၍ မရသည့် တစ်ဖက်ကမ္ဘာသို့ ကျွန်တော့်ဘဝကို ဘုံအပ်လိုက်ပါမည်။ ပန်းကျလျှင် မြို့တော်ကြီး၏ တစ်နေရာတွင် ရှိနေသည့် ကာမဂုဏ်လွန်ကျူးသူများနှင့် သွားရောက်ပူးပေါင်း လိုက်ပါမည်။ အကယ်၍ ခေါင်းလည်းမကျ၊ ပန်းလည်းမကျဘဲ ဒင်္ဂါးပြား သည် ဒေါင်လိုက်ထောင်နေသည် ဆိုလျှင်တော့ . . .

ကျွန်တော်သည် ငြီးငွေ့စရာအတိသာ ရှိသည့် မူလနေရာဟောင်း သို့ စိတ်လက်မပါ ခြေဦးပြန်လှည့်ပြီး အနှစ်သာရ လုံးဝကင်းမဲ့သော ဘဝ အပေါ် တွယ်တာနေမှုများကို စွန့်ပယ်ခွာချလိုက်ပါတော့မည်။

ပေဖူးလွှာမဂ္ဂဇင်း ၊ ဇန်နဝါရီ ၊ ၁၉၉၀ ။

**"POSTHUMOUS" By KUSHWANT SINGH.**

http://www.cherrythitsar.org



# အကပ်ရှင်းစောင်ရို

ကြီးကျယ်သော ဆိုးဆိုးဝါးဝါးဖြစ်ရပ်များက ကျွန်ုပ်ပေါ်တွင် တုန်လှုပ်ချောက်ချားမှု အနည်းငယ်သာ ဖြစ်စေခဲ့၏။ ကျွန်ုပ်သည် စစ်မြေပြင်သို့ ရောက်ဖူး၏။ စစ်ပွဲ၏ အနိဋ္ဌာရုံကို နီးနီးကပ်ကပ် တွေ့ကြုံဖူး၏။ လူသေအလောင်းများကို တုန်လှုပ်ခြင်းမရှိဘဲ ဖြတ်ကျော်ခဲ့ဖူး၏။ သဘာဝ၏ နှိပ်စက်မှုသည် ရက်စက်စွာ ဖြစ်ပေါ်လာသောအခါ လူတို့သည် တုန်လှုပ်ချောက်ချားစွာ အော်ဟစ်ငိုကြွေးကြ၏။ ထိုအရာများသည် ကျွန်ုပ်အား ထိတ်လန့်တုန်လှုပ်အောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

မိခင်တစ်ဦးအတွက် အကြီးမားဆုံးသော ကြေကွဲဝမ်းနည်းမှုသည် သားသမီးတစ်ဦးဦး ဆုံးရှုံးမှုသာ ဖြစ်ပေလိမ့်မည်။ ခံစားလိုက်ရသော ကြေကွဲဝမ်းနည်းမှုသည် ကြောက်ခမန်းလိလိပင် ဖြစ်လိမ့်မည်။ မိခင်ဖြစ်သူအား ခေတ္တမျှ ရူးသွပ်သည်အထိ ဖြစ်စေလိမ့်မည်။ သို့သော် သွေးထွက်၍ ဟပြဲနေသော ဒဏ်ရာသည် အချိန်တန်သောအခါ ကျက်သွားသကဲ့သို့ မိခင်သည်လည်း အချိန်ကြာမြင့်လာသောအခါ သောကဝေဒနာများ လျော့ပါးသွားပေလိမ့်မည်။

ထိုကဲ့သို့ ပြင်းပြင်းထန်ထန် မခံစားရသော်လည်း မပြေပျောက်နိုင်ဘဲ တငွေ့ငွေ့ ခံစားနေရသော ဝေဒနာမျိုးလည်း ရှိ၏။ အနည်းငယ်သာ ခံစား

http://www.cherrythitsar.org



ရသော်လည်း မမေ့ပျောက်နိုင်ပေ။ ထိုဝေဒနာအား နေ့ရက်ကာလ ကြာရှည်သော်လည်း မေ့မရပေ။ ကျွန်ုပ်သည် ထိုဝေဒနာမျိုးကို ခံစားခဲ့ဖူး၏။

အခြားသူများအတွက် ၎င်းဖြစ်ရပ်မှာ အပေါ်ယံမျှသာ ခံစားရမည်ဖြစ်သော်လည်း ကျွန်ုပ်အတွက် လှိုက်လှိုက်လှဲလှဲ ခံစားရ၏။ ကျွန်ုပ်၏ ရင်ကို ဖောက်ဝင်နေသော အဆိပ်ဆူးတစ်ချောင်းကဲ့သို့ ထိုဝေဒနာအား ဖယ်ရှား၍ မရခဲ့ပါပေ။

အချိန်တိုမျှသာ တွေ့ကြုံခဲ့ရသော ထိုဖြစ်ရပ်အတွက် အဘယ်ကြောင့် ကာလကြာရှည်စွာ တနုံ့နုံ့ ခံစားနေရခြင်းကို အသင်နားလည်ချင်မှ နားလည်ပေလိမ့်မည်။ ကျွန်ုပ်အား အသိရခက်သော လူထူးလူဆန်းသဖွယ် အသင် သဘောထားကောင်း ထားပေလိမ့်မည်။

ထိုဖြစ်ရပ်နှင့် တွေ့ကြုံခဲ့ရသည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း ကျွန်ုပ်၏စိတ်ထဲတွင် မနေ့ကဖြစ်ရပ်ဟု ထင်နေဆဲဖြစ်၏။ တကယ်တမ်းဆိုရလျှင် ကျွန်ုပ်ခံစားရသော စိတ်လှုပ်ရှားမှုသည် ကျွန်ုပ်၏ ကြံ့စည်စိတ်ကူးချက်ကြောင့်သာဖြစ်၏။

ယခုအခါ ကျွန်ုပ်သည် အသက်ငါးဆယ်ရှိပြီဖြစ်၏။ ထိုဖြစ်ရပ်ကို ကျွန်ုပ် ငယ်စဉ်က ကြုံတွေ့ခဲ့ရခြင်းဖြစ်၏။ ထိုစဉ်က ကျွန်ုပ်သည် စိတ်ကူးယဉ်တတ်သော ဥပဒေပညာသင် ကျောင်းသားတစ်ဦးဖြစ်ခဲ့၏။ ကျွန်ုပ်သည် ဆူညံလှသော လက်ဖက်ရည်ဆိုင်များအား နှစ်သက်ခြင်းမရှိပေ။ အပေါင်းအသင်းလည်း မရှိ။ မိန်းကလေးများအားလည်း စိတ်မဝင်စားခဲ့ပေ။

ကျွန်ုပ်သည် နံနက်စောစော အိပ်ရာထတတ်သူဖြစ်၏။ ကျွန်ုပ်အတွက် စိတ်ချမ်းသာစေသော အလုပ်တစ်ခုမှာ နံနက်စောစောထ၍ တစ်ကိုယ်တည်းလမ်းလျှောက်ကာ ဂျာဒင်းဒူးလူဇင်ဘိုးအရပ်ရှိ ပန်းခြံသို့ သွားရခြင်းဖြစ်၏။

ထိုပန်းခြံကို အသင် မီလိုက်ချင်မှ မီပေလိမ့်မည်။ ထိုပန်းခြံသည် ဆယ့်ရှစ်ရာစုနှစ်က ပန်းခြံမျိုးဖြစ်၏။ ထူထဲသော ပန်းပင်များအကြား ကျဉ်းမြောင်းသော လမ်းကလေးများပေါ်တွင် တိတ်ဆိတ်ငြိမ်သက်မှုက စိုးမိုးနေ၏။ ဥယျာဉ်စောင့် အလုပ်သမားက ထူထဲလှသော သစ်ရွက်များအား လှပနေစေရန် အစဉ် ရိတ်ဖြတ်၍ ပြုပြင်ထား၏။

ကြားကွက်လပ်များတွင် ပန်းပင်ငယ်များဖြင့် ပြည့်နှက်နေသော ပန်းမွေ့ရာများ ရှိနေ၏။ နှင်းဆီများဝေနေအောင် ဖူးပွင့်နေသော နှင်းဆီချုံများလည်းရှိ၏။ သစ်သီးပင်မျိုးစုံကိုလည်းတွေ့ရှိနိုင်၏။

http://www.cherrythitsar.org



ပန်းခြံ၏ ထောင့်တစ်နေရာတွင် ပျားအုံတစ်အုံ ရှိ၏။ ပျားအုံက စနစ်ကျနစွာ တည်ဆောက်ထားခြင်းဖြစ်၏။ သေးငယ်လှသော ဝင်ပေါက်များက နေရှိရာအရပ်သို့ ဦးတည်ထား၏။ လမ်းလျှောက်လာသူတစ်ဦးအဖို့ ၎င်းပျားကလေးများနှင့် မလွဲမသွေ တွေ့ဆုံရမည်ဖြစ်၏။ သာယာငြိမ်းချမ်းလှသော ပန်းခြံ၏ ပိုင်ရှင်များမှာ ထိုပျားကလေးများသာ ဖြစ်ပေတော့၏။

နံနက်တိုင်းလိုလိုပင် ထိုပန်းခြံသို့ ကျွန်ုပ် ရောက်ရှိသွားလေ့ရှိ၏။ ခုံတန်းလျားရှည်တစ်ခုပေါ်တွင် ထိုင်၍ စာဖတ်လေ့ရှိ၏။ တစ်ခါတစ်ရံ ကျွန်ုပ်သည် စိတ်ကူးယဉ်နေတတ်၍ စာအုပ်က ဒူးပေါ်တွင် ကျနေလျက် ရှိတတ်၏။ တိတ်ဆိတ်ငြိမ်သက်သော ပတ်ဝန်းကျင်ကို စိတ်ဝင်စားလျက် အတွေးရေယာဉ်ကြောတွင် နစ်မြောနေတတ်၏။

ရက်အနည်းငယ် ကြာသောအခါ ပန်းခြံဂိတ်ဝတံခါး ဖွင့်ဖွင့်ချင်း ရောက်ရှိသူမှာ ကျွန်ုပ်တစ်ဦးတည်းမဟုတ်မှန်း သိရှိလာရ၏။ ချုံထူထပ်သော ထောင့်ချိုးကွေ့တစ်ခုတွင် ထူးဆန်းသော ခန္ဓာကိုယ်သေးကွေးသည့် အဘိုးအိုတစ်ဦးအား တွေ့လိုက်ရ၏။

အဘိုးအို၏ ဝတ်စားဆင်ယင်မှုက လွန်စွာ ရှေးကျလှ၏။ ဆောင်းထားသော ဦးထုပ်ဆိုလျှင် ရှေးဟောင်းပစ္စည်းသေတ္တာထဲမှ ထုတ်ယူလာသည်ဟုပင် ထင်ရ၏။

အဘိုးအိုသည် လွန်စွာ ပိန်လှီသူတစ်ဦးဖြစ်၏။ အမြဲတစေ ပြုံးနေတတ်၏။ သူ၏ တောက်ပသော မျက်လုံးအစုံက မှိတ်တုတ်မှိတ်တုတ် လုပ်နေတတ်၏။ နှုတ်ခမ်းက အမြဲလိုလို တွန့်လိုက်ဖြောင့်လိုက် ဖြစ်နေ၏။ အဘိုးအိုသည် အမြဲလိုလိုပင် ရွှေဖြင့် အနားကွပ်ထားသော လက်ကိုင်ကြိမ်လုံးကို ကိုင်ဆောင်လာတတ်၏။ ၎င်းကြိမ်လုံးသည် တစ်ချိန်က ခမ်းနားကြီးကျယ်ခဲ့ဖူးခြင်း၏ သင်္ကေတဖြစ်ဖွယ်ရှိ၏။

စတင် တွေ့ရှိကာစက ကျွန်ုပ်သည် လွန်စွာ အံ့သြခဲ့၏။ ၎င်းနောက် အဘိုးအိုအား လွန်စွာ စိတ်ဝင်စားလာ၏။ သစ်ရွက်များ အကြားမှ သူ့အား ချောင်းကြည့်နေခဲ့၏။ လမ်းလျှောက်လျှင် နောက်မှ ခပ်ခွာခွာလိုက်၍ အကဲခတ်ဖူး၏။ ကျွန်ုပ်အား အဘိုးအို မမြင်စေရန် လမ်းချိုးများတွင် ခေတ္တနားနေလေ့ရှိ၏။

တစ်နေ့သောအခါ အဘိုးအိုသည် သူတစ်ဦးတည်းသာ ပန်းခြံအတွင်း၌ ရှိသည်ဟု ထင်မှတ်လျက် ထူးဆန်းသော လှုပ်ရှားမှုများကို တစ်ကိုယ်တည်း စတင်ပြုလုပ်လေ၏။

ဦးစွာ အဘိုးအိုသည် ခုန်ဆွခုန်ဆွ ပြုလုပ်နေ၏။ ၎င်းနောက် ဦးညွတ်ပုံမျိုးဖြစ်၏။ ပြီးသောအခါ ခြေထောက်များက ထူးဆန်းသော ကကြိုးကကွက်များဖြင့် က,နေလေ၏။ ၎င်းနောက် ကိုယ်ကို ချာလည်လှည့်၍ က,ပြနေပြန်၏။ မရှိသောပရိသတ်အား စိတ်ထဲတွင် အဘိုးအိုမြင်ယောင်နေဟန်ရှိ၏။

ပရိသတ်အား လက်နှစ်ဖက်ဖြင့် အမူအရာအမျိုးမျိုး လုပ်ပြပြန်၏။ သူ၏ ရုပ်သေးရုပ်သဖွယ် ခန္ဓာကိုယ်အား လှည့်ပတ်က,ပြနေပြန်၏။ ပရိသတ်အား ဝှေ့ယမ်း၍ လက်ပြနှုတ်ဆက်ပြန်၏။

ကျွန်ုပ်သည် စိတ်ပါလက်ပါ ကခုန်နေသော အဘိုးအိုအား ငေးကြည့်ရင်း လွန်စွာ အံ့သြနေ၏။ ကျွန်ုပ်နှင့် အဘိုးအိုနှစ်ဦးတွင် မည်သူက ရူးသွပ်နေသလဲဟု မေးခွန်းပုစ္ဆာ ထုတ်နေမိ၏။ စိတ်ပါလက်ပါ ကခုန်နေရာမှ အဘိုးအိုသည် ရုတ်တရက် ရပ်တန့်လိုက်၏။ ဇာတ်ခုံရှေ့သို့ ပရိသတ်အား နှုတ်ဆက်ရန် ထွက်လာသော ဇာတ်မင်းသားအမူအရာမျိုးဖြင့် အဘိုးအိုက မရှိသောပရိသတ်အား နှုတ်ဆက်နေ၏။ ဦးညွတ် အရိုအသေပေးပြီး နောက်ဆုတ်သွား၏။ မျက်နှာက ပြုံးပြနေ၏။ ပြီးလျှင် တုန်လှုပ်နေသော လက်များဖြင့် အနီးရှိသစ်ရွက်များအား ဆုပ်ကိုင်ရင်း နမ်းရှုပ်နေ၏။ ပြီးလျှင် ဆက်၍ လမ်းလျှောက်သွား၏။

ထိုနေ့မှစ၍ သူ့အား ကျွန်ုပ်သည် အလွတ်မပေးတော့ပေ။ အစဉ်လိုလိုပင် ချောင်းမြောင်းကြည့်ရှုခဲ့၏။ အဘိုးအိုကလည်း နံနက်တိုင်း ကခုန်မြဲကခုန်နေခဲ့၏။ ကြည့်ရှုနေရင်းမှ တစ်နေ့သောအခါ အဘိုးအိုအား စကားပြောလိုစိတ်ကို ချိုးနှိမ်၍ မရဘဲ ဖြစ်လာ၏။ ကျွန်ုပ်သည် ဦးထုပ်ကို မြှောက်ပြရင်း အဘိုးအိုအနီးသို့ ချဉ်းကပ်သွား၏။

'ချစ်စရာကောင်းတဲ့ နေ့တစ်နေ့ပါပဲ မွန်စီယာ'

အဘိုးအိုက ဦးညွတ်၍ တုံ့ပြန်နှုတ်ဆက်၏။

'ဟုတ်ပါတယ် မွန်စီယာ၊ ကျွန်တော်တို့ တွေ့ကြုံနေကျ ရာသီဥတုမျိုးပါပဲ'

ရက်သတ္တတစ်ပတ်ခန့်ကြာသောအခါ ကျွန်ုပ်တို့နှစ်ဦး မိတ်ဆွေများသဖွယ် ခင်မင်သွားကြ၏။ အဘိုးအိုက သူ့ဘဝဇာတ်ကြောင်းအား ကျွန်ုပ်ကို ပြောပြလေ၏။ ပြင်သစ်ဘုရင် လူဝီဆယ့်ငါး စိုးစံစဉ်ကာလက အဘိုးအိုသည် အော်ပရာဇာတ်အဖွဲ့တစ်ခုတွင် အကနည်းပြဆရာဖြစ်ခဲ့၏။ သူ၏ လုပသော ကြိမ်လက်တုတ်မှာ နယ်စားကြီးတစ်ဦးက လက်ဆောင်ပေးခဲ့ခြင်းဖြစ်

http://www.cherrythitsar.org



၏။ အကပညာရပ်နှင့် ပတ်သက်၍ အဘိုးအိုသည် မမောနိုင် မပန်းနိုင် ရှည်လျားစွာ ပြောပြ၏။

တစ်နေ့တွင် အဘိုးအိုသည် ကျွန်ုပ်အား ယုံကြည်စိတ်ချစွာဖြင့် သူ၏အတွင်းရေးတို့ကို ဖွင့်ဟပြောဆိုလေ၏။

'ကျွန်တော့်ဇနီးအမည်က လာကက်ထရစ်(စ်)လို့ ခေါ်ပါတယ်၊ မွန်စီယာ စိတ်ဝင်စားရင် သူနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ဇနီးသည်က ဒီနေရာကို နေ့ခင်းပိုင်းမှာ လာလေ့ရှိပါတယ်။ ဒီပန်းခြံကလေးက ကျွန်တော်တို့အတွက် တစ်ခုတည်းသော ဖျော်ဖြေစရာ နေရာကလေးပါ။ ဒါကို မွန်စီယာ နားလည်ပါလိမ့်မယ်။ ဒီနေရာကလေးမှာ ကျွန်တော်တို့ရဲ့ ဘဝတစ်ခုလုံး မြှုပ်နှံထားပါတယ်။ တကယ်လို့သာ ရှေးရှေး ဟိုယခင်ကဖြစ်ရပ်တွေ အခုနေအခါမှာ ဆက်မရှိနေဘူးဆိုရင် ကျွန်တော်တို့လည်း ဆက်ပြီး အသက်မရှင်ချင်တော့ပါဘူး။

'အဲဒီဖြစ်ရပ်တွေက ကြာလည်း ကြာလှပါပြီ။ ဒါပေမယ့် ထူးခြားချက်တွေ ရှိတယ်၊ ဒါကို မွန်စီယာ လက်ခံပါသလား။ ဒီနေရာမှာ ကျွန်တော်ရှုနေတဲ့ လေဟာ ကျွန်တော်ငယ်ငယ်က ရှူခဲ့ရတဲ့လေနဲ့ အတူတူပါပဲ။ ကျွန်တော်တို့ဇနီးမောင်နှံနှစ်ဦးဟာ ညနေခင်းတစ်ခုလုံး ဒီနေရာမှာပဲ အချိန်ဖြုန်းလေ့ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နှစ်ဦးအနက်က ကျွန်တော်တစ်ဦးပဲ နံနက်စောစော လာလေ့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အိပ်ရာစောစောထတတ်တဲ့ အကျင့်ရှိလို့ပါ'

ထိုနေ့က နေ့လည်စာ စားပြီးလျှင်ပြီးချင်း ကျွန်ုပ်သည် လူဇင်ဘိုးအရပ်သို့ ပြန်လာခဲ့၏။ ကျွန်ုပ်ရောက်ပြီး မကြာမီပင် အဘိုးအို ရောက်လာ၏။ အဘိုးအိုကို ကြည့်ရသည်မှာ အခမ်းအနားတစ်ခုသို့ ကြွရောက်လာသည့် လူကြီးလူကောင်း အမူအရာမျိုးဖြစ်၏။ ဝတ်စုံအနက်ရောင်ကို ဝတ်ဆင်ထားသော အဘွားအိုတစ်ဦးအား လက်ချင်းချိတ်၍ ဆွဲခေါ်လာ၏။

ကျွန်ုပ်အား အဘွားအိုနှင့် မိတ်ဆက်ပေး၏။ ခန္ဓာကိုယ် ကျုံ့လှီသေးကွေးသော အဘွားအိုသည် တစ်ချိန်က နာမည်ကြီးခဲ့သော ကချေသည်တစ်ဦးဖြစ်၏။ မင်းသားများအကြား ရေပန်းစားခဲ့၏။ ပြင်သစ်ဘုရင်က သဘောကျ၍ မြှောက်စားခဲ့၏။ ပရိသတ်၏ ချစ်ခင်မြတ်နိုးခြင်းကို ခံခဲ့ရ၏။

ခုံတန်းလျားရှည် တစ်ခုတွင် ကျွန်ုပ်တို့ ထိုင်ကြ၏။ ထိုစဉ်က မေလဖြစ်၏။ မွှေးကြိုင်လှသော ပန်းရနံ့က လူသွားလမ်းတစ်လျှောက် သင်းပျံ့လျက်ရှိ၏။ သစ်ရွက်များကြားမှ နွေးထွေးလှသော နေရောင်ခြည်က ဖြာကျလျက်ရှိ၏။ နေရောင်ခြည်အောက်တွင် ကျွန်ုပ်တို့သည် လင်းလက်လျက်ရှိ၏။

http://www.cherrythitsar.org



အဘွားအို၏ အနက်ရောင်ဝတ်စုံက နေရောင်ခြည်အောက်တွင် ပိုမိုတောက်ပနေ၏။ ပန်းခြံက တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ အဝေးမှ မော်တော်ယာဉ်များ သွားလာနေသံကို သဲ့သဲ့ကြားနေရ၏။

'ကျွန်တော့်ကို မီနူးဆိုတာ ဘာလဲဆိုတာ ပြောပြပါလား'

အိမင်းနေသော အကနည်းပြဆရာကြီးအား ကျွန်ုပ်က မေးလိုက်၏။ အဘိုးအိုက နှေးကွေးစွာ တုံ့ပြန်ဖြေကြား၏။

'မွန်စီယာ နားလည်ထားဖို့က မီနူးဆိုတာ အကပညာရပ်မှာ ဘုရင်မပါပဲ။ အကမျိုးစုံထဲမှာ သရဖူဆောင်းလောက်အောင် ကောင်းတဲ့ အကနည်းတစ်မျိုးဆိုပါတော့။ တစ်နည်းအားဖြင့် ဘုရင်မတွေကတဲ့ အကလို့လည်း ပြောလို့ရပါတယ်။ အခုနေအခါမှာ ကျွန်တော်တို့ ဘုရင်လည်း မရှိတော့ဘူးဆိုတော့ မီနူးဆိုတာလည်း ပျောက်ကွယ်သွားပါပြီ'

ဆက်လက်၍ အဘွားအိုက နားလည်ရန်ခက်ခဲသော ပညာရပ်ဆိုင်ရာ ဝေါဟာရများ သုံးစွဲလျက် မီနူးအကပညာအား ရှင်းပြလေ၏။ ကျွန်ုပ်သည် ပညာရပ်ဆိုင်ရာ ဝေါဟာရများအား အကျွမ်းတဝင်မရှိသဖြင့် နားလည်ရန် အခက်အခဲ ရှိနေ၏။ ကျွန်ုပ်သည် အဘိုးအိုအား ကကြိုးကကွက်များကို ရှင်းလင်းပြောကြားရန် တောင်းဆိုလိုက်၏။

အဘိုးအိုသည် ကျွန်ုပ်နားလည်အောင် ရှင်းမပြနိုင်ဘဲ ရှိ၏။ ကြိုးစား၍ ပြောပြရင်း သူကိုယ်တိုင် ရှုပ်ထွေးလာ၏။ နားလည်အောင် ရှင်းမပြနိုင်၍ သူ့ကိုယ်သူ မကျေမနပ်ဖြစ်လာ၏။ ကြာရှည်စွာ စကားပြောလိုက်ရ၍ ပင်ပန်းနွမ်းနယ်လျက် စိတ်ဓာတ်ကျသည့် အမူအရာမျိုး ဖြစ်ပေါ်လာ၏။

ရုတ်တရက် အဘိုးအိုသည် ဇနီးဖြစ်သူဘက်သို့ မျက်နှာမူလိုက်၏။ ဇနီးဖြစ်သူက တိတ်ဆိတ်စွာ ထိုင်နေ၏။ အဘိုးအိုပြောသမျှကို စိုးရိမ်စွာ နားထောင်နေ၏။ အဘွားအိုအား အဘိုးအိုက မေးလိုက်၏။

'အဲလစ်ရယ် ကူညီစမ်းပါဦး၊ မင်းသဘောတူမယ် မဟုတ်လား၊ ကူညီစမ်းပါကွာ။ ဒီအကဟာ ဘာနဲ့တူသလဲဆိုတော့ မွန်စီယာကို လက်တွေ့ပြဖို့ ကူညီစမ်းပါကွာ'

အဘွားအိုက ပတ်ဝန်းကျင်အား စိုးရိမ်စွာ လှည့်ပတ်လှေ့လာကြည့်ရှုလိုက်၏။ စကားတစ်ခွန်းမျှ မပြောဘဲ မတ်တပ်ရပ်လိုက်၏။ ပြီးမှ အဘိုးအို၏ ရှေ့တွင် နေရာယူလိုက်၏။

ကျွန်ုပ်သည် မည်သည့်အခါမျှ မမေ့နိုင်တော့သော ထူးဆန်းသည့် မြင်ကွင်းတစ်ရပ်ကို တွေ့မြင်ရလေ၏။ သူတို့နှစ်ဦးသည် ကလေးဆန်သော

http://www.cherrythitsar.org



အမူအရာမျိုးဖြင့် ရှေ့နောက် ရွေ့လျားလိုက်ကြပြီး သွားလိုက် ပြန်လိုက် ရွေ့လျားကြပြန်၏။ တစ်ဦးနှင့် တစ်ဦး ပြုံးပြနေ၏။ တစ်ဦးနှင့်တစ်ဦး ဦးညွှတ်နှုတ်ဆက်ကြ၏။ ပြီးလျှင် နောက်သို့ ခုန်ဆွခုန်ဆွ ရွေ့သွားကြ၏။

သူတို့နှစ်ဦးအား ကြည့်ရသည်မှာ သေးငယ်သော အရုပ်ကလေးနှစ်ရုပ်နှင့် တူနေ၏။ တစ်ချိန်တစ်ခါက နာမည်ကြီးခဲ့သော လက်မှုပညာရှင်တစ်ဦးက တီထွင်ထားခဲ့သည့် စက်ကိရိယာ အကူအညီဖြင့် ရွေ့လျားတတ်သည့် အရုပ်ငယ်နှစ်ရုပ်ကဲ့သို့ ရှေးဟောင်းခေတ်ကို ပြန်လည်တမ်းတ သတိရစေ၏။

အဘိုးအိုနှင့် အဘွားအိုတို့၏ ကကြိုးကကွက်များကို ကြည့်ရှုရင်း ကျွန်ုပ်၏ရင်တွင် ထူးဆန်းသော ခံစားချက်များ ဖြစ်ပေါ်လာ၏။ စိတ်လက်မသာမယာဖြစ်လာ၏။ ဖော်ထုတ်ပြောပြ၍ မရနိုင်သော ခံစားချက်များကို စိတ်ထဲတွင် ခံစားလာရ၏။ ရာစုနှစ်တစ်ခုက ပျောက်ကွယ်ခဲ့ပြီး ဖြစ်သော ကကြိုးကကွက်များကို ပြန်လည် ပြသ သကဲ့သို့ ရှိနေ၏။ တစ္ဆေများက အတိတ်မှ ကကြိုးကကွက်များကို ကခုန်ပြသနေသလားဟု ကျွန်ုပ် ကြံကြံဖန်ဖန် စိတ်ကူးယဉ် တွေးတောနေမိ၏။ ကျွန်ုပ်သည် တစ်ချိန်တည်းမှာပင် အော်၍ ရယ်ချင်စိတ်နှင့် အော်၍ ငိုချင်စိတ် နှစ်မျိုးစလုံး ဖြစ်ပေါ်နေ၏။

ရုတ်တရက် သူတို့ ရပ်တန့်လိုက်၏။ အဘိုးအိုနှင့် အဘွားအိုသည် ကကြိုး ကကွက်များကို စုံလင်စွာ ပြသသွားပြီးဖြစ်၏။ စက္ကန့်အနည်းငယ်ကြာမျှ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်၍ ရပ်နေကြ၏။ တစ်ဦးနှင့်တစ်ဦး အထူးအဆန်းသဖွယ် ငေးကြည့်နေကြ၏။ ပြီးလျှင် တစ်ဦးနှင့် တစ်ဦး တင်းကြပ်စွာ ပွေ့ဖက်လျက် သည်းထန်စွာ ငိုကြွေးကြ၏။

ထိုနေ့မှစ၍ နောက်သုံးရက်ခန့်ကြာသောအခါ ကျွန်ုပ်သည် ပါရီမြို့မှ တစ်နယ်တစ်ကျေးသို့ ပြောင်းရွှေ့ခဲ့ရ၏။ အဘိုးအိုနှင့် အဘွားအိုတို့အား ထိုအခါမှစ၍ ပြန်လည်တွေ့ဆုံခြင်း မရှိတော့ပေ။ နှစ်နှစ်ခန့်ကြာသောအခါ ပါရီမြို့သို့ ကျွန်ုပ် ပြန်လည်ရောက်ရှိလာ၏။ ထိုပန်းခြံကလေးသည် ကွယ်ပျောက်သွားပြီဖြစ်ကြောင်း တွေ့ရှိရ၏။

ထိုပန်းခြံကလေး ကွယ်ပျောက်သွား၍ ပန်းခြံကလေးအား လွန်စွာခင်တွယ်သော အဘိုးအို ဇနီးမောင်နှံ မည်သို့ ခံစားရမည်နည်းဟု ကျွန်ုပ် စဉ်းစားနေမိ၏။

အဘိုးအို ဇနီးမောင်နှံသည် ကွယ်လွန်အနိစ္စရောက်ပြီး ဖြစ်ကောင်းဖြစ်လိမ့်မည်။ သို့မဟုတ် မကွယ်လွန်သေးပါက မျှော်လင့်ချက် ကင်းမဲ့နေ

http://www.cherrythitsar.org



သော ပြည်ပြေးများကဲ့သို့ ခေတ်မီ လမ်းမများပေါ်တွင် လှည့်လည်သွားလာလျက် ရှိကောင်းရှိလိမ့်မည်။ သို့မဟုတ် ဖြူဖျော့နေသော တစ္ဆေများဘဝသို့ ရောက်ရှိသွားပြီး လရောင်ဖြင့် ရွှန်းမြနေသော ဘုရားရှိခိုးကျောင်းဝင်းအတွင်းမှ သချိုင်းဂူများအကြား ထူးဆန်းအံ့ဩဖွယ်ကောင်းသော မီနူး အကကို ကလျက် ရှိနေပေလိမ့်မည်။

အဘိုးအို ဇနီးမောင်နှံအား ယနေ့တိုင် ကျွန်ုပ် မမေ့နိုင်သေးပါ။ အတိတ်ကဖြစ်ရပ်သည် တစ္ဆေပမာ ခြောက်လှန့်နေဆဲ ဖြစ်၏။ မကျက်နိုင်သော အနာတစ်ခုသဖွယ် ခံစားနေရ၏။ အဘယ်ကြောင့် ထိုသို့ ခံစားနေရသည်ဆိုသည်ကို ကျွန်ုပ် ရှင်းလင်းမပြနိုင်ပါ။ ကျွန်ုပ်အား အူကြောင်ကြောင် လူတစ်ဦးဟု အသင် ထင်ကောင်းထင်ပေလိမ့်မည်။

မြားနတ်မောင်မဂ္ဂဇင်း ၊ အမှတ် – ၇၆ ၊ စက်တင်ဘာ ၊ ၁၉၉၈ ။

**မူရင်းဝတ္ထုတို - MINUET**
**မူရင်းစာရေးဆရာ - GUY DE MAUPASSANT**
**မူရင်းစာအုပ် - FRENCH STORIES AND TALES**

http://www.cherrythitsar.org



# ခွေ

**[ ၁ ]**

ဝေလီဝေလင်း နံနက်ခင်း။

မြို့စွန်တစ်နေရာမှ လမ်းကလေးပေါ်တွင် မိန်းမငယ်တစ်ဦး စိတ်အေးလက်လူ လမ်းလျှောက်နေသည်။ မိန်းမငယ်အပါး၌ လေးနှစ်သားအရွယ်ကလေးတစ်ဦးပါလာသည်။ တောင့်တင်း ဖျတ်လတ်သော မိန်းမငယ်သည် သူ့အပါးမှ သူ့သားဆီသို့ ချစ်စဖွယ် မျက်စောင်းကလေးကို ငဲ့ရင်း ငဲ့ရင်း နှစ်လိုစဖွယ် ပြုံးနေလေသည်။

သားငယ်သည် အဝါရောင် ခွေသစ်ကြီးကို ရိုက် ကာရိုက်ကာ အမေ့အပါး ဖြတ်ကျော်ပြေးလိုက်၊ ရွှင်ပျမြူးတူး အော်ဟစ်လိုက်၊ ခွေရိုက်တုတ်ကို ခေါင်းပေါ် ဝှေ့ယမ်းလိုက်နှင့် ပျော်ပါးနေလေသည်။

ဘယ်လောက်များ ပျော်စရာ ကောင်းလိုက်ပါသလဲ။ သူသည် တစ်ခါမှ ခွေ မလိမ့်ဖူး။ လိမ့် လိမ့်နေသော ခွေနောက်ကို အပြေးကလေး လိုက်ရသည်မှာ ပျော်စရာတည့် ပျော်စရာ။ နောက်ပြီး သူသည် နံနက်စောစော ထ၍ အမေနှင့်အတူ လမ်းလျှောက် မလိုက်စဖူး။

ထို့ကြောင့် တွေ့သမျှ အားလုံးသည် ကလေးငယ်အဖို့ အသစ်အဆန်းချည်း ဖြစ်နေသည်။ ဝေလီဝေလင်း နံနက်ခင်းထဲက လမ်းကလေး၊

တက်သစ်စ နေရောင်ခြည် နုထွေးထွေးနှင့် နေကလေး၊ နေနုထွေးထွေးတွင်ပင် အိပ်ရေးပြယ်ဟန် မတူသေးသည့် မြို့မှ အဆောက်အဦများ။ ဒါတွေ အားလုံးသည် ကလေးငယ်အဖို့ အသစ်အဆန်း ဖြစ်ရုံသာမက ပျော်စရာ အတိလည်း ဖြစ်နေလေသည်။

[ ၂ ]

လိမ့်၍လိမ့်၍လာသော ခွေကလေးကိုလည်းကောင်း၊ ခွေကလေး နောက်မှ ပြေးလိုက်လာသော ကလေးငယ်ကိုလည်းကောင်း လမ်းပေးသည့် အနေနှင့် အဘိုးအိုသည် လမ်းဘေးသို့ ကပ်ပေးလိုက်သည်။ အဘိုးအို၏ အဝတ်အစားသည် ညစ်ထေးထေး။ လက်များသည်လည်း ကြမ်းကြမ်းထော် ထော်။

အဘိုးအိုသည် ကလေးငယ်ကို ရီဝေသော မျက်လုံးအစုံဖြင့် ကြည့် ကာ ပြုံးမိသည်နှင့် တစ်ခဏ သူ့ခေါင်းပြောင်ပြောင်ထဲသို့ အတွေးစ အတွေးန များ စိမ့်ဝင်လာသည်။

'ကလေးငယ်နှယ်နော်၊ ခွေနောက်ကို ပြေးလိုက်ရင်း ပျော်နေလိုက် တာ'

အဘိုးအိုသည် စိတ်ထဲ၌ ပြောမိသည်။ ကလေးငယ်တစ်ယောက် ပျော်ရွှင်မြူးထူးတတ်သည် ဆိုတာကို အဘိုးအို နားမလည်နိုင်ပေ။ ကလေး ငယ် ပျော်နေသည်မှာ အဘိုးအိုအဖို့ အထူးအဆန်း ဖြစ်နေသည်။ သူနားလည် သော ကလေးငယ်ဆိုသည်မှာ ဆံပင်ဖုတ်စုကလေးကို ဆွဲ၍ မွေ့ယမ်းရိုက် နှက်စရာသာ ဖြစ်သည်။

ကလေးဆိုသည်မှာ ကစားတတ်၏။ သူတို့ ကစားသည်ဆိုသည် မှာ မျက်စိနောက်စရာ၊ စိတ်နောက်စရာ။ ထို့ကြောင့် ကလေးငယ်သည် မျက်စိ နောက်အောင်၊ စိတ်နောက်အောင် လုပ်တတ်သည့် သတ္တဝါကလေးများသာ ဖြစ်သည်။

ကလေးငယ်၏ မိခင်ကို ကြည့်ပါဦး။ သားငယ်ကို ဒီလောက် ဆော့ ရမလားဆိုပြီး မြည်တွန်တောက်တီးခြင်း မပြုရုံမက သားငယ်ဆော့သည်ကို ပီတိဝေလျက် ကြည့်နေသေးသည်။ အမေနှင့်သားသည် ချစ်ခင်ကြင်နာကြပုံ ရသည်။

အဘိုးအိုသည် သူ၏ ကလေးဘဝကို ပြန်တွေးမိသည်။ သူ့ကလေး ဘဝသည် တိရစ္ဆာန်ဘဝနှင့် သိပ်ပြီး ခြားနားသည်မဟုတ်။ ငတ်မွတ်သည်။

http://www.cherrythitsar.org



အဝတ်အစား မလုံသဖြင့် ခိုက်ခိုက်တုန်အောင် အချမ်းဒဏ်ကို အလူးအလဲ ခံရသည်။ အရိုက်အနှက် ခံရသည်။ ပင်ပင်ပန်းပန်း အလုပ်များကို လုပ်ရသည်။ သူသည် ကလေးဘဝတွင် ခွေလိုမ့်၍ တစ်ခါဆိုတစ်ခါမှ မကစားဘူး။ မပျော်ပါးဘူး။ အရုပ်လှလှလေးတွေနှင့် ကစားရဖို့ဆိုတာ ဝေလာဝေး။ သူ့ကလေးဘဝကို ပြန်တွေးကြည့်ပြန်တော့ ပျော်စရာ တစ်ကွက်မျှ မရှိ။

အဘိုးအိုသည် သွားမရှိသော ပါးစပ်ကို ဟကာ ကလေးငယ်ကို ပြုံးပြုံးကြီး ကြည့်မိလေသည်။ ပြုံးပြုံးကြီး ကြည့်နေမိစဉ်ခိုက်မှာပင် ကလေးငယ်အပေါ် ဝန်တိုစိတ် ပွားမိပြန်သည်။

'ခွေလိုမ့်တာများ ဘယ်လောက် ပျော်စရာကောင်းလို့လဲ'

အဘိုးအိုသည် ပြေရာပြေကြောင်း တွေးပါ၏။ သို့သော် ဝန်တိုစိတ်က မပြေဘဲ ပွားများဆဲ ပွားများလေသည်။

အဘိုးအိုသည် ခရီးဆက်လျှောက်သည်။ စက်ရုံ အလုပ်ရုံဝင်ရမည့် ခရီးဖြစ်သည်။ အဘိုးအိုကလေးဘဝကပင် စက်ရုံ၌ အလုပ်လုပ်ခဲ့သည်။ စက်ရုံအတွင်း၌ပင် အိုမင်းလာခဲ့သည်။ အလုပ်ခွင်တွင် အဘိုးအိုသည် ကလေးငယ်ကလေးကိုသာ မြင်ယောင်နေလေသည်။

ကလေးငယ်၏ ရုပ်ပုံသည် သူ့အတွေးဝယ် ခိုင်ခိုင်မြဲမြဲ အမြစ်တွယ်ထားသည်။ ကလေးငယ်ကို သူ့အတွေးထဲမှ ဖယ်ထုတ်ပစ်ကြည့်သော်လည်း မရ။ သူ့အာရုံထဲမှာ ကလေးငယ်သည် ပြေးနေ၏။ ရယ်မောနေ၏။ ခွေကို ရိုက်တံဖြင့် ရိုက်ကာ ရိုက်ကာ ပြေးလွှားနေ၏။

ဘောင်းဘီတိုကလေးနှင့်မို့ ဝဝကစ်ကစ် ပြည့်ပြည့်ဖြိုးဖြိုး ခြေထောက်ကလေးမှာ ချစ်စရာ။ ဆီချေးများနှင့် ညိုမှောင်နေသော စက်မောင်းတံ၊ စက်ဘီးများအကြားမှာပင် ကလေးငယ် ခွေလိုမ့်ကစားနေပုံကို သူ့အာရုံထဲ၌ တစ်နေကုန် တွေ့နေရလေသည်။ ညအိပ်သောအခါ အိပ်မက်ထဲမှာ ကလေးငယ် ရောက်နှင့်နေပြန်သည်။

## [ ၃ ]

နောက်တစ်နေ့ရောက်သော်လည်း ကလေးငယ်အကြောင်း အတွေး ရိပ်သည် အဘိုးအို၏ အာရုံကို စိုးထားဆဲ၊ မိုးထားဆဲ။

စက်သံများ ဆူညံသည်။ လုပ်ရသည်မှာ ညည်းငွေ့စဖွယ်။ လုပ်နေကျအလုပ်များကို စက်လက်တံသဖွယ် လက်များသည် လုပ်နေသည်။ စက်ရုံတွင်းမှ လေသည် ဖုန်မှုန့်များကို လိမ်းကျံထားသည်။ စက်ဘီးများ၌

http://www.cherrythitsar.org



ပတ်ထားသော သားရေပြားကြီးများသည် စက်ရုံခေါင်မိုးဆီမှ အရှိန်ဖြင့် ပြေးဆင်းလာနေကြသည်။ တစ်ဖန် အရှိန်ဖြင့် ပြန်တက်သွားကြသည်။ ရေနွေးငွေ့များ ဝေ့ပြန်နေသဖြင့် ခပ်ဝေးဝေးသို့ပင် မမြင်နိုင်။

လူများသည် တစ္ဆေများသဖွယ် ဟိုစက်ကြားမှ ပေါ်လာလိုက်၊ သည်စက်အကြားမှာ ပျောက်သွားလိုက်နှင့်။ စက်ရုံတွင်းဝယ် လူသားများ၏ နှုတ်မှထွက်သောအသံကို စက်ကိရိယာသံများက မြိန်မြိန်ရှက်ရှက် ဝါးမျိုစားသောက်နေလေသည်။

ဤလို စက်ရုံအတွင်း၌သာ အချိန်ကုန်ရသော အဘိုးအိုအဖို့ စိတ်ကူးချိန်၊ စိတ်ရူးပေါက်ချိန်သည်လည်း စက်ရုံအတွင်း အလုပ်ခွင်မှာသာ ရှိပေသည်။ သူ့စိတ်ထဲတွင် အဘိုးအိုသည် ကလေးငယ်ကလေးဖြစ်သည်။ သူ့အမေသည် သူ့ကို အင်မတန်ချစ်သော၊ နူးညံ့သိမ်မွေ့သော အမေဖြစ်လာသည်။

သူ့မှာ ခွေကလေးရှိသည်။ လှသော ခွေရိုက်တံကလေးလည်း ရှိသည်။ သည်ခွေရိုက်တံကလေးဖြင့် ခွေကလေးကို ရိုက်လိုက်၊ ခွေကလေးက ပြေးလိုက်နှင့် ကစားနေသည်။ သူသည် ဘောင်းဘီတို အဖြူကလေးကို ဝတ်ကြည့်သည်။ သူ့ပေါင်လုံး၊ ခြေသလုံးသားတွေမှာ ဖောင်းဖောင်းအိအိပြည့်ပြည့်ဖြိုးဖြိုးနှင့် ချစ်စရာ။

သည်လိုစိတ်ကူးမိသော နေ့ရက်များသည် များလှချေပြီ။ သည်စိတ်ကူးကား အီမသွား၊ ရိုးမသွား။ ပျော်စရာ စိတ်ကူး ဖြစ်မြဲပင်။

## [ ၄ ]

အဘိုးအိုသည် တစ်ညနေ စက်ရုံမှအပြန်တွင် လမ်းဘေး၌ စည်ပိုင်းဖြတ်တစ်ခုကို တွေ့လေသည်။ သံပတ်ခွေတစ်ခုသည် စည်းပိုင်းပြတ်ကို ပတ်လျက်ရှိသေးသည်။ သံပတ်ခွေတွင် သံချေး အလိမ်းလိမ်း ကပ်နေလေသည်။ မပျက်စီးသေးသော သံပတ်ခွေကို တွေ့ရသောအခါ အဘိုးအို သိမ့်သိမ့်ခါအောင် ပျော်သွားသည်။ ရီမှုန်သော မျက်လုံးအိမ်တွင် မျက်ရည်ကလေးတစ်စနှစ်စ စို့လာသည်။ မတားနိုင် မဆီးနိုင်သော လိုချင်ရမ္မက်သည် အဘိုးအိုကို ထိုးဆွနေသည်။

အဘိုးအိုသည် နံဘေးနံဘီကို လှည့်ပတ်ကြည့်လိုက်ပြီး တုန်ယင်သော လက်များဖြင့် သံပတ်ခွေကို ဖြုတ်လေတော့သည်။ ရှက်ပြုံးများ ဝေနေသောမျက်နှာနှင့် အဘိုးအိုသည် သံခွေကို အိမ်သို့ သယ်ယူသွားသည်။

http://www.cherrythitsar.org



သံပတ်ခွေး သယ်သွားသော အဘိုးအိုကို ဘယ်သူမျှ ဂရုမထားမိကြ။ ဘယ်သူများကတော့ ဂရုထားမှာမို့လို့လဲ။ သံချေး အလိမ်းလိမ်း ကပ်နေသော သံပတ်ခွေးကို သယ်ယူသွားသော အနုပ်စုတ်ကုပ်စုတ် အဘိုးကြီးကို ဘယ်သူက လာပြီး ဂရုစိုက်မှာတဲ့တုန်း။ သို့တိုင်အောင် အဘိုးအိုသည် မလုံမလဲရှိလှသည်။ သံပတ်ခွေးနဲ့ အဘိုးအိုကြီး အများမျက်စိထဲမှာ ကိုးလိုးကန့်လန့်များ ဖြစ်နေမလား။

သူ ဘာကြောင့် သံပတ်ခွေးကို အိမ်သို့ ယူသွားမိသနည်း။ သူ မပြောတတ်ပါ။ သံပတ်ခွေးသည် ခွေးလိုအရာမျိုးဖြစ်သည်။ ကလေးကစားစရာ ခွေးသည် အန္တရာယ်ပေးနိုင်သော အရာမဟုတ်ပေ။ ခွေးကို သူ့အာရုံထဲတွင်သာ မဟုတ်၊ တကယ်လည်း မြင်နိုင်ပြီ။ တွေ့ထိကြည့်လို့လည်း ကြည့်နိုင်ပြီ။ သံပတ်ခွေးကလေးကို မြင်တိုင်း၊ ထိတိုင်း ကလေးငယ်ကို ငြိစွဲနေသော အာရုံသည် လန်းဆန်းသထက် လန်းဆန်း၊ စိုပြည်သထက် စိုပြည်လာမည်။ ထိုရောအခါ ဆူညံလွန်းလှသော စက်သံများ တိတ်သွားမည်။ ရေနွေးငွေ့များ စက်ရုံထဲ၌ သိပ်သည်းဆများတော့မည် မဟုတ်။

သံပတ်ခွေးကလေးသည် အဘိုးအို၏ အိုမင်းသော အခန်းထဲမှ ခုတင်အောက်တွင် ရက်အတန်ကြာ ခိုအောင်းနေသည်။ အဘိုးအိုသည် ခုတင်အောက်မှ သံပတ်ခွေးကလေးကို မကြာခဏဆိုသလို ဆွဲထုတ်ကြည့်မိသည်။ သံပတ်ခွေးကလေးကလည်း ညစ်ပတ်ပတ်။ ချေးအလိမ်းလိမ်းကပ်လျက် ညိုမှောင်မှောင်။

သူကလည်း ညစ်ပတ်ပတ်။ သူ့ကိုယ်က ချေးအလိမ်းလိမ်းကပ်လျက် ညိုမှောင်မှောင်။ လိုက်ပဲ လိုက်ဖက်သေးရဲ့ဟု အဘိုးအို တွေးမိလေသည်။

သည်သံခွေးကလေးကို မြင်ရတိုင်း ထိရတိုင်း အဘိုးအို၏ အတွေးအာရုံထဲမှ ပျော်ပါးမြူးတူးနေသော ကလေးငယ်၏ဘဝသည် ပို၍ ပို၍ ခံမင်မြတ်နိုးဖွယ်ဖြစ်လာလေသည်။

**[ ၅ ]**

နွေးထွေးကြည်လင်သောနေ့၏ နံနက်ခင်းဖြစ်သည့် အားလျော်စွာ ငှက်ကလေးများသည် တေးသီချင်းကို အခါတိုင်းထက် သာယာစွာ သီဆိုနေလေသည်။ အဘိုးအိုသည် ခုတင်အောက်မှ သံပတ်ခွေးကလေးကို ထုတ်ယူပြီး မြို့ပြင်ရှိ သစ်တောအုပ်ဘက်သို့ ထွက်သွားလေသည်။ သစ်ပင်အိုကြီး

http://www.cherrythitsar.org



များ၊ ချုံပုတ်များအကြား လျှောက်သွားရင်း အဘိုးအိုသည် ချောင်းဆိုးနေလေသေးသည်။

သစ်ပင်အိုကြီးများသည် ခြောက်သွေ့မည်းရင့်သော အခေါက်ကြီးများကို ခြုံထားပြီး ဈာန်ဝင် ရသေ့ရဟန်းနယ် ဣန္ဒြေကြီးမား တိတ်ဆိတ်လှသည်။

သစ်တောနံ့သည် အဘိုးအိုအဖို့ ထူးဆန်းနေသည်။ ဤနေရာသည် စက်ရုံနှင့်မတူ။ ဖုန်မှုန့်များ ကင်းစင် ရှင်းသန့်နေလေသည်။ သစ်ပင်ကြီးများနောက်ဝယ် နူးညံ့အိလျသော မြူငွေ့ကလေးများသာ ရစ်သိုင်းဖွဲ့နေပေသည်။ အဘိုးအို၏ ခြေထောက်များသည် ရွက်ကြွေများအပေါ် လျှောခနဲ လျှောခနဲ ပွတ်တိုက်သွားနေသည်။

မြမြက်ပင်သစ်အပေါ်ဝယ် သီးနေသော နံနက်ခင်း နှင်းမြူရည်ကလေးများသည် တောက်ပလာသော နေရောင်ခြည်ဝယ် တလင်းလင်းလက်နေသည်ကိုလည်း အဘိုးအို သတိမမူမိလေသည်။

အဘိုးအိုသည် သစ်ကိုင်းတစ်ကိုင်းကို ချိုးကာ သစ်ကိုင်းကျိုးကလေးတွင် ခွေကို ချိတ်လျက် မြက်ခင်းပြင်ဘက်သို့ လျှောက်သွားလေသည်။ မြက်ခင်းပြင်သို့ ရောက်သောအခါ သစ်ကိုင်းတွင် ချိတ်လျက်ပါလာသော ခွေကလေးကို လျှောချလိုက်သည်။

အဘိုးအိုသည် ခွေကလေးကို သစ်ကိုင်းကလေးဖြင့် ရိုက်လိုက်ရာ ခွေကလေးသည် မြစိမ်းရောင် မြက်ခင်းကို လိမ့်၍လိမ့်၍ ဖြတ်ကျော်ပြေးလေသည်။

လိမ့်ပြေးသော ခွေကလေးကိုကြည့်ရင်း အဘိုးအိုသည် အားပါးတရရယ်မောလေသည်။ ထို့နောက် သူ့အာရုံထဲမှ ကလေးငယ်လုပ်သလို အဘိုးအိုသည် လိမ့်ပြေးသွားသော ခွေကလေးနောက်သို့ ကဆုန်ပေါက်လျက် ပြေးလိုက်သွားလေသည်။

သည့်နောက်တွင်မူ အဘိုးအိုသည် ခွေကလေးကို ရိုက်လိုက်၊ ခွေနောက်ကို ကဆုန်ပေါက်လိုက်လိုက်နှင့် မြူးတူးနေလေသည်။ တစ်ခါတစ်ရံ အဘိုးအိုသည် သူ့အာရုံထဲမှာ ကလေးငယ်လိုပင် ခွေရိုက် သစ်ကိုင်းခြောက်ကလေးကို ခေါင်းပေါ်၌ ဝှေ့ယမ်းပြန်သေးသည်။

ခွေကလေးကို လိမ့်ရင်း အဘိုးအိုသည် ကလေးပြန်ဖြစ်သွားသည်ဟု ထင်ရုံသာမက တကယ်ဖြစ်သလိုလည်း ခံစားမိလေသည်။ သူသည် အများ၏ အချစ်တော် ကလေးငယ်၊ ပျော်ရွှင်မြူးတူးသော ကလေးငယ်ဖြစ်နေ

http://www.cherrythitsar.org



၏။ သူ ခွေလိုမ့်ရာနောက်သို့ သူ့ကိုချစ်သော အမေသည် ပီတိဖုံးသော အပြုံး တွေပန်လျက် လိုက်လာသည်ဟုလည်း အဘိုးအို တွေးမိသည်။ အိမ်ပြင်သို့ ပထမဆုံး ထွက်ခွင့်ရသော ကလေးငယ်ပမာ အဘိုးအိုသည် လန်းဆန်းလျက် ရှိသည်။

ချောင်းသံနှောသော ရယ်သံသည် အဘိုးအို၏ သွားမရှိသော ပါးစပ်မှ အက်အက်ကွဲကွဲ ထွက်လာလေတိုင်း မီးခိုးရောင် မုတ်ဆိတ်မွေးတို့မှာ တုန်ခါလျက်ရှိလေသည်။

## [ ၆ ]

အဘိုးအိုသည် နံနက်စောစောထ၍ သစ်တောအုပ်ထဲတွင် ခွေလိုမ့်သည်ကို လူမိသွားလေမလားဟူသော အတွေးဝင်လာသောအခါ အဘိုးအိုသည် ရှက်နေမိပြန်သည်။ သည်အရှက်သည် အကြောက်နှင့် ခပ်ဆင်ဆင်တူသည်။

သူ ရှက်မိတိုင်း တစ်ကိုယ်လုံး ထုံသွားတတ်သည်။ ဒူးများချောင်ကာ တုန်လာသည်။ ဝန်းကျင်ကို ရှက်သော၊ ကြောက်သော မျက်လုံးဖြင့် ဖြန့်ကြက်မိသည်။

သို့သော် . . . သို့သော် အဘိုးအိုကို ကြည့်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိ။ အဘိုးအို၏ ခွေသံ၊ ပြေးသံ၊ ရယ်သံကို ကြားမည့်သူ တစ်ယောက်မျှ မရှိ။

အဘိုးအိုသည် သူ အားရသည်အထိ ခွေလိုမ့်ပြီးနောက် နူးညံ့ရွှင်ပျသောစိတ်ဖြင့် မြို့ဘက်သို့ ပြန်လာလေ့ရှိ၏။

## [ ၇ ]

အဘိုးအိုသည် နံနက်စောစော ထကာ တောအုပ်ထဲ၌ ခွေလိုမ့်သည်ဆိုသည်ကို ဘယ်သူမှ မသိကြ။ ထို့ကြောင့် အဘိုးအိုသည် အေးချမ်းစွာ သူ့စိတ်ကြိုက် အလုပ်ကို ရက်ပေါင်းများစွာ လုပ်နိုင်ခဲ့သည်။ မြူနှင်းများ ထူထပ်စွာ ကျနေသော တစ်မနက်ခင်းတွင် ခွေလိုမ့်ရင်း အဘိုးအို အအေးမိခဲ့လေသည်။

စက်ရုံက ဖွင့်ထားသော ဆေးရုံသို့ တက်ရသည်။ သူစိမ်းပြင်ပြင် အကြား၌ အဘိုးအိုသည် သေဆုံးခဲ့၏။ အဘိုးအို၏ ရုပ်ကလာပ်၌ အပြုံးပန်းကလေး ပွင့်နေလေသည်။

http://www.cherrythitsar.org



သူသည် မရခဲ့သော ကလေးဘဝကို ရခဲ့ပြီ။ မရခဲ့ဖူးသော ရယ်မောခြင်းကို တောအုပ်ညိုအုလယ် သစ်ပင်အိုကြီးများအကြား၌ သူ ဆွတ်ခူးရခဲ့ပြီ။ သူ့ကို မချစ်ဖူးသော အမေသည်လည်း သူ ခွေလိုမ့်ရာနောက်သို့ အချစ်ပြုံးတွေ တဝေဝေနှင့် တကောက်ကောက်လိုက်ခဲ့ပြီ။

ထို့ကြောင့် . . .

အဘိုးအို ပြုံးခဲ့ပါသည်။

**ဖဲယောင်းပြောင်းမွေးလာ၊ စက်တင်ဘာ၊ ၁၉၉၂။**

**နိုင်ငံရပ်ခြားဝတ္ထုတိုများ။**

http://www.cherrythitsar.org

ခင်မောင်တိုး (မိုးမိတ်)

# ရင်ကွဲအသည်းကြွေ

သူသည် သားရေကုန်သည်ဖြစ်သည်။ တောလက်ကျေးရွာများမှာ နေထိုင်ကြသော မုဆိုးများထံမှ သားရေတွေကို ဝယ်ယူကာ မြို့တက် ရောင်းချသည်။ တစ်ခါတစ်ရံ လယ်လုပ်သည်။ နွေဥတု၏ အစောပိုင်းရက်များမှာ သူ လယ်ဆင်းရတတ်လေသည်။ ကောက်စိုက်လည်း လိုက်သေးသည်။ ပျိုးပင်ကလေးများကို အလွန်ဖြောင့်ဖြောင့်တန်းတန်း စိုက်နိုင်စွမ်းရှိသဖြင့် လယ်သမားများက သူ့အကူအညီကို အမြဲပင် တောင်းခံတတ်ကြသည်။ သို့သော် မိသားစုအတွက် ဘယ်သောအခါကမှ မလုံလောက်ခဲ့။

နှစ်တွေ ကုန်လွန်လာသည်နှင့်အတူ ကြွေးမြီများလည်း ထူလာတော့၏။ သူ့ဘဝက ရင်မောစရာ ကောင်းလာ၏။ မျှော်လင့်ချက်မဲ့လာ၏။ သို့ဖြင့် ဘဝဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် သူ လမ်းရှာလေသည်။ အရက်စသောက်သည်။ လောင်းကစားသည်။ ကြာတော့ စိတ်ဓာတ်ပျက်ပြားလာသည်။ စိတ်တိုတတ်လာသည်။ ငွေတွင်းနက်သည်ထက် နက်လာသည့်အခါ သူ့ကို ငွေချေးဖူးသူများကပင် ငွေမချေးကြတော့။

သည်အထိ ကျန်းမာရေးက ချို့ယွင်းလာ၏။ အသားအရေတွေ မစိုပြေတော့။ အသားတွေ ဝါလာသည်။ မျက်နှာတစ်ပြင်လုံး ကြေးဝါရောင်သမ်းနေ၏။ မျက်လုံးများ ဝါထိန်လာ၏။ လူတွေက သူ အသားဝါရောဂါ

http://www.cherrythitsar.org



ဖြစ်နေပြီဟု ပြောကြသည်။ ကလေးတွေက သူ့ကို 'ကိုဝါကြီး' ဟုပင် နောက် ပြောင်ခေါ်လာကြလေသည်။

တစ်နေ့မှာ သူက အရွယ်ငယ်လှသေးသည့် ဇနီးကို ပြောလေသည်။

'မိန်းမရေ . . . ဟောဒီ ဆင်းရဲတွင်းထဲက လွတ်နိုင်ဖို့ လမ်းမရှိ တော့ဘူးထင်တယ်၊ အိုးခွက်တွေကိုတောင် ချရောင်းရမလို ဖြစ်နေပြီကွာ။ နောက်ပြီး . . . ဟို . . . ဘာလဲကွာ . . .၊ အင်း . . . အင်း . . . တို့နှစ်ယောက် အင်း . . . ခွဲရမယ့်အရေး တွေးပြီး ငါ သိပ်စိတ်ညစ်နေမိ တယ်။ နှစ်ယောက်သား ခုလို ထိုင်ငတ်နေလို့ကတော့ ဘာမှ အဓိပ္ပာယ်မရှိ ဘူး ထင်တယ်'

သုံးနှစ်အရွယ် သားငယ်ကလေးကို ပေါင်ပေါ်တင်၍ ချက်ပြုတ်နေ သော ဇနီးသည် မိန်းမငယ်က အံ့အားသင့်သလိုဖြစ်သွားပြီး . . .

'ဘယ်လို၊ ကျွန်မတို့နှစ်ယောက် ခွဲကြရမယ် . . .၊ အဟုတ်ကို ခွဲ ကြရမှာလား'

ဟု လှမ်းမေးမိလိုက်လေသည်။

'ဟုတ်တယ်၊ တို့နှစ်ယောက် ခွဲစရာဖြစ်လာပြီလေ . . .'

သူ့လေသံက တိုးညင်းလွန်းနေသည်။ အားပျော့လွန်းနေသည်။ သို့သော် ပြောစရာ ကျန်နေသေး၏။ သူ အားယူ၍ ကြိုးစားဆက်ပြောပြန် သည်။

'ယာယီမယားအဖြစ် မင်းကို ငှားချင်တဲ့လူတစ်ယောက် ရှိနေသတဲ့ ကွာ . . .'

'ဟင် . . . ဘယ်လို . . .'

မထင်မှတ်သည့်စကားကို ကြားလိုက်ရသဖြင့် မိန်းမငယ်ခမျာ မေ့ မျောသွားလုမတတ် ဖြစ်သွားရတော့၏။

အိမ်စုတ်ကလေးအတွင်း အတော်ကြာ တိတ်ဆိတ်သွားတော့၏။ ခဏကြာမှ မူမမှန်သော လေသံဖြင့် သူ ဆက်ပြောပြန်သည်။

'လွန်ခဲ့တဲ့ ၃ ရက်က 'ဝမ်လန်း' လာသွားတယ်။ သူ့ကြွေးပြန်ဆပ် ဖို့ လာပြောတာပေါ့ကွာ။ သူပြန်သွားတော့ ငါ အိမ်မှာ မနေချင်တော့တာနဲ့ ကန်ပေါင်ရိုးပေါ်က သစ်ပင်အောက်မှာ သွားထိုင်နေလိုက်တယ်။ စိတ်ဓာတ် ကျလွန်းလို့ သတ်သေဖို့တောင် စိတ်ကူးပေါက်မိလိုက်သေးတယ်။ ဒါပေမဲ့ ငါ့မှာ သတ္တိမရှိပါဘူး။ ဗိုက်ကွက်အော်သံကြားလိုက်တာနဲ့ သိပ်ထိတ်လန့် သွားပြီး အိမ်ပြန်ခဲ့တော့တာပဲ။

http://www.cherrythitsar.org



'လမ်းမှာ အောင်သွယ်တော်ကြီး 'ဒေါ်ရှင်း' နဲ့ တွေ့တယ်။ သူက 'ညကြီးမင်းကြီး ဘယ်ကလာပြီး ဘယ်ကိုသွားမလို့လဲ' တဲ့။ ငါက ဖြစ်ကြောင်း ကုန်စင်ပြောပြပြီး သူ့ဆီမှာ ငွေနည်းနည်းချေးတယ်။ 'ငွေမချေးနိုင်လည်း ပေါင်ဖြစ်မယ့် အဝတ်အစားဖြစ်ဖြစ်၊ လက်စွပ်ကလေး၊ နားကပ်ကလေးဖြစ်ဖြစ် ငှားပေးပါ၊ ဝမ်လန်းကို ကြွေးဆပ်စရာရှိလို့ပါ၊ ကြွေးဆပ်လိုက်မှသာ သူဟာ ကျွန်တော့်နောက်က ဝံပုလွေတစ်ကောင်လို တစ်ကောက်ကောက် လိုက်မနေ တော့မှာပဲ' လို့ ပြောပြလိုက်တယ်။ ဒါပေမဲ့ အဘွားကြီးက ဘာမှ ပြန်မပြော ဘူး။ ငါ့ကိုပဲ ပြုံးကြည့်နေတယ်။ နောက်မှ သူက ပြောတယ်။

'မင့်မိန်းမကို အိမ်မှာ ဘာအတွက် အလကား ထားနေမှာလဲ၊ မင်း ကလည်း မကျန်းမမာနဲ့၊ အသားတွေလည်း ဝါလို့' တဲ့။

'ငါ ဘာမှ ပြန်မပြောနိုင်ခဲ့ဘူး။ ခေါင်းငိုက် နားထောင်နေရတော့ တာပဲ။ သူကတော့ ဆက်ပြောတာပေါ့။

'သားသမီး သိပ်မမွေးရသေးတာမို့ မိန်းမနဲ့ ခွဲဖို့ မင်းမှာ သိပ်အခက် အခဲရှိမှာ အမှန်ပဲ၊ ဒါပေမဲ့ မင်းမိန်းမအတွက်ကျတော့ . . .'

'ငါသိလိုက်ပြီလေ . . .၊ မင်းကို ရောင်းသင့်တယ်လို့ ပြောနေတာပဲ မဟုတ်လားကွာ . . .၊ သူက ပြောပါသေးတယ်။

'မင်းရဲ့ တရားဝင်မိန်းမပဲ၊ ဒါပေမဲ့ . . . မင်းတို့က သိပ်ဆင်းရဲ ကြတယ်။ နောက်ပြီး . . . မင်းကလည်း ဘာမှကို မတတ်နိုင်တော့တဲ့ အခြေ မျိုး။ ဒီတော့ . . . မင်းမိန်းမကကို အိမ်မှာ ဘာအတွက် ထားနေမှာလဲ။ ငတ် သေအောင် မင်းလုပ်နေတာလား' တဲ့ကွာ . . .။

'နောက်ဆုံးတော့ကွာ . . . ရှင်းရှင်းပဲ သူပြောပြတယ်။ လူတစ် ယောက်ရှိတယ်။ သူက ပညာရှိတစ်ယောက်ပဲ၊ ငါကတော့ ဆရာလို့ပဲ ခေါ် တယ်။ သူ့အသက်က ၅၀ လောက်ရှိပြီ။ ဆရာကတော်က ကလေးမရနိုင် တော့တဲ့အတွက် မယားငယ်တစ်ယောက် လိုချင်နေတယ်။ ဒါနဲ့ ဆရာကတော် က တစ်ယောက်ယောက်ရဲ့မိန်းမကို ၂ နှစ်တန်သည်၊ ၃ နှစ်တန်သည် ငှားရမ်းဖို့ အကြံပေးတယ်။ ဒီအကြံကို အတည်ပြုကြပြီး သူတို့က အခု ငါ့ကို မိန်းမတစ်ယောက် ရှာခိုင်းထားတယ်။ အဲဒီမိန်းမဟာ အသက် ၃၀ လောက်ဖြစ်ရမယ်။ ကလေး ၃ – ၄ ယောက် မိခင်လည်းဖြစ်ရမယ်။ နောက်ပြီး ရိုးသားရမယ်။ အလုပ်ကြိုးစားရမယ်။ ဆရာကတော်ကို ရိုသေရမယ်။ သူတို့လိုချင်တဲ့ မိန်းမမျိုးသာရရင် ဒေါ်လာ ၈၀ ကနေ ၁၀၀ အထိ ပေးမယ်လို့ ဆရာကတော်က ပြောထားတယ်။ ငါလိုက်ရှာနေတာ ၄ – ၅ ရက်ရှိနေပြီ။

http://www.cherrythitsar.org



ခုထိ မတွေ့နိုင်သေးဘူး။ အေးလေ၊ မင်းမိန်းမကတော့ ငါရှာနေတဲ့ မိန်းမမျိုးဖြစ်နိုင်တယ်။ ကဲ . . . ဘယ်လိုလဲ’ တဲ့။

‘ငါ အဖြေမပေးနိုင်တော့ဘူး၊ စဉ်းစားကြည့်လိုက်ရုံနဲ့ ငါ ငိုချမိလိုက်တယ်၊ ဒီတော့လည်း သူက ငါ့ကို နှစ်သိမ့်ရှာပါတယ်ကွာ . . .၊ အားလုံးကောင်းဖို့ပါ့ကွယ် . . . တဲ့’

ပြောစရာ ကုန်သွားသည်တွင် သူ့ခေါင်း ငိုက်ကျသွားတော့သည်။ မိန်းမကလည်း ကြောင်စီစီ ဖြစ်နေသည်။ စကားပင်မပြောနိုင်။ နှစ်ဦးသား ခဏတာ နှုတ်ဆိတ်သွားကြလေသည်။

အတော်ကြာတော့ သူ ဆက်ပြောပြန်၏။

‘မနေ့က ဒေါ်ရှင်း ဆရာ့ကို သွားတွေ့ပြီး ငါ့ဆီကို ပြန်လာတယ်။ ငါနဲ့ တွေ့ခဲ့တယ်ဆိုတာ သူတို့ လင်မယားသိသွားကြလို့ သိပ်ပျော်နေကြသတဲ့။ ဒေါ်လာ ၁၀၀ ပေးမယ်တဲ့ကွာ၊ တကယ်လို့ သူတို့လင်မယားအတွက် မင်းက ကလေးတစ်ယောက် မွေးပေးနိုင်ရင် မင်းကို ၃ နှစ် သို့မဟုတ် ၅ နှစ် တိတိ ဆက်ငှားသွားမယ်တဲ့။ မင်းသွားရမယ့် ရက်ကိုတောင် သတ်မှတ်ပြီးပြီလို့ ဒေါ်ရှင်းက ပြောတာပဲ။ ဒီလ ၁၈ ရက်နေ့ပဲကွာ . . .၊ ၅ ရက်ပဲလိုတော့တာပေါ့၊ ကနေ့ စာချုပ်ကြလိမ့်မယ်’

မိန်းမငယ်တစ်ကိုယ်လုံး တုန်ခိုက်နေသည်။ စကားတစ်ခွန်း ထွက်ရန်ပင် အတော်ကြိုးစားနေရပုံ ပေါ်နေသည်။ ထွက်နိုင်တော့လည်း အသံက တိုးညင်းနေသည်။ အားအင်တွေ ကုန်ခမ်းနေသည်။

‘ဘာဖြစ်လို့ ဒီအကြောင်းတွေကို စောစောက မပြောတာလဲရှင်’

‘ပြောဖို့ မနေ့က မင်းအနားကို ငါ ၃ ကြိမ်တိတိ လာခဲ့ပါတယ်ကွာ . . .၊ ဒါပေမယ့် စပြောရမှာ ကြောက်နေတယ်။ ပြောလို့လည်း မထွက်ဘူး။ ဒါနဲ့ အထပ်ထပ်အခါခါ စဉ်းစားကြည့်ပါသေးတယ်။ မင်းကိုငှားဖို့က လွဲပြီး တခြားလမ်းမရှိတော့ဘူးလို့ ငါ သိလာရတယ်လေ . . .’

‘ရှင် . . . ဆုံးဖြတ်ပြီးပြီပေါ့’

မေးလိုက်သံက တုန်ခါနေပြန်သည်။

‘စာချုပ်မှာ လက်မှတ်ထိုးဖို့ပဲ ကျန်တော့တာပဲကွာ . . .’

‘အို . . . စိတ်ပျက်စရာကြီးပါလားနော်၊ တခြားနည်းလမ်း ကျွန်မတို့ မရှာနိုင်ကြတော့ဘူးလားဟင် . . .’

‘တုန်လှုပ်ချောက်ချားစရာအဖြစ်မှန်း ငါသိပါတယ်။ ဒါပေမဲ့ ငါတို့က သိပ်ဆင်းရဲတယ်။ ငါတို့ သေလည်း မသေချင်ကြဘူး။ ဒီတော့ ငါတို့

http://www.cherrythitsar.org



တခြား ဘာလုပ်ကြမှာလဲ၊ ဒီနှစ် ကောက်စိုက်လာငှားမယ့်လူတောင် ရှိပါဦး မလား မသိဘူး'

'သားကလေး 'ချွင်ပေါက်' အတွက်ရော ရှင် စဉ်းစားပြီးပြီလား။ သားကလေးဟာ ၃ နှစ်ပဲ ရှိသေးတယ်၊ ကျွန်မမရှိရင် သားကလေး ဘာတွေ များဖြစ်ဦးမယ် မသိဘူး။ အို . . . ဒုက္ခပါလားနော်'

'ငါ ဂရုစိုက်ပါ့မယ်ကွာ . . .၊ မင်း သူ့ကို ပြုစုယုယနိုင်တော့မှ မဟုတ်ဘဲ၊ ဒါတွေကို မင်းသိထားပြီးသားဖြစ်မှာပါ'

ပြောနေရင်းမှာ သူ စိတ်ဆင်းရဲလာသည်။ ထိုမှတစ်ဆင့် ဒေါသ ထွက်လာသည်။ သူ့မှာ ဆက်ပြောနိုင်အား မကျန်တော့။ သူ ထသွားလေ တော့သည်။

'အင်း . . . စိတ်ပျက်စရာ ကောင်းလွန်းလှတဲ့ ဘဝကြီးပါလား'

မိန်းမငယ်က သက်ပြင်းချပြီး နာနာကြည်းကြည်း ညည်းတွားလိုက် သည်။ မျက်ရည်ကား ကျမလာတော့။ ချွင်ပေါက်ကလေးက 'အမေ အမေ' ခေါ်ရင်း သူ့ကို ငေးစိုက်ကြည့်နေလေသည်။

*

အိမ်မှ မထွက်ခွာမီ တစ်ရက်မှာဖြစ်သည်။

မိန်းမငယ်သည် အိမ်စုတ်ကလေးအတွင်း အမှောင်ဆုံးတစ်ထောင့် တွင် ထိုင်နေသည်။ မီးဖိုရှေ့မှာ မှန်အိမ်ထွန်းထားသော်လည်း လင်းတစ်ခါ၊ မှောင်တစ်လှည့်ဖြစ်နေ၏။ မိန်းမငယ်သည် သားကလေး ချွင်ပေါက်ကို ရင် ခွင်မှာထားလျက် ဆံပင်ကလေးများကို သူ့ခေါင်းဖြင့် ဖိကပ်ပေးထားသည်။

အတွေးပင်လယ်ကြောမှာ မျောပါနေသဖြင့် ဝန်းကျင်ကိုပင် လုံးဝ မေ့နေသယောင်။ အတန်ကြာမှ သတိပြန်ဝင်လာကာ ပစ္စုပ္ပန်နှင့် သားကလေး ကို အမှတ်ရလာပုံ ပေါ်လာ၏။ မိန်းမငယ်က

'ချွင်ပေါက် ချွင်ပေါက်ကလေးရေ'

ဟု တိုးတိုးညင်းညင်း ခေါ်လိုက်သည်။

'အမေ . . . အမေ . . . ဘာလဲ အမေ'

သားငယ်က ပြန်ထူးသည်။

'မနက်ဖြန် သားကလေးနဲ့ အမေ ခွဲရတော့မယ် သားကလေးရယ်'

'ဘာပြောနေတာလဲ အမေ'

http://www.cherrythitsar.org



အမေ့စကား၏ အဓိပ္ပာယ်ကို သားငယ်ခမျာ သိရှာပုံမရ။ သားငယ်သည် အမေ့ရင်ခွင်ထဲ အလိုလိုပင် ပို၍ တိုးဝင်လိုက်သည်။

'အမေလေ . . . သားကလေးဆီကို နောက် ၃ နှစ်နဲ့ ပြန်လာရမှာ မဟုတ်ဘူးထင်တယ် သားကလေးရယ် . . .'

ချုပ်တည်းနိုင်စွမ်း ကုန်သွားပြီထင်၏။ ပြောရင်းမှာ မျက်ရည်ဖြိုင်ဖြိုင် ယိုစီးလာတော့သည်။ သည်တော့ သားငယ်က စပ်စပ်စုစုလုပ်လာ၏။

'အမေ ဘယ်ကိုသွားရမှာလဲ၊ ဘုရားကျောင်းကို သွားရမှာလား'

'မဟုတ်ပါဘူး သားကလေးရယ် . . .၊ 'လီ' မိသားစုနဲ့ အမေ သွားနေရမှာလေ။ ဒီကနေ လီပေါင်း ၃၀ လောက် ဝေးတာပေါ့ကွယ်'

'အမေနဲ့ လိုက်ခဲ့မယ်နော်'

'အို . . . သားကလေးရယ် . . .၊ လိုက်ခဲ့လို့ မဖြစ်ဘူးလေ'

'ဘာဖြစ်လို့လဲ'

'သားကလေး အဖေနဲ့ နေရစ်ပါ။ အဖေက သားကလေးကို သိပ်ချစ်ပါတယ်၊ သားကလေးနဲ့အတူ အိပ်မယ်။ သားကလေးနဲ့အတူ ကစားလိမ့်မယ်။ အဖေ့စကားကို သားကလေး နားထောင်နော် . . . ဟုတ်လား သားကလေး၊ ၃ နှစ်ကြာရင် . . .'

မိန်းမငယ် စကားမဆုံးလိုက်။ သားငယ်က အားငယ်သလို၊ ကြောက်လာသလို ပုံစံမျိုးဖြင့် ဖြတ်မေးလိုက်သည်။

'အဖေက ရိုက်မှာလား . . . ဟင် . . .'

'အို . . . မရိုက်ပါဘူးကွယ်၊ သားကလေးကို ဘယ်တော့မှ မရိုက်တော့ပါဘူး'

သည်လို ချော့မော့ပြောရင်းမှာ မိန်းမငယ်သည် သားငယ်နဖူးပေါ်က အမာရွတ်ကို စမ်းကြည့်နေသည်။ တစ်ချိန်တုန်းက သူ့ခင်ပွန်း ပေါက်ပြားရိုးဖြင့် ရိုက်လိုက်သဖြင့် ရလိုက်သော အမှတ်အသား အနာရွတ်ပင် ဖြစ်လေသည်။

မိန်းမငယ်နှင့် သားငယ်တို့ စကားပြောနေစဉ်မှာ ခင်ပွန်းသည် ဝင်လာ၏။ အိတ်ကပ်ကို စမ်းရင်း မိန်းမငယ်ထံ လျှောက်သွားပြီး

'သူတို့က ဒေါ်လာ ၇၀ ပေးလိုက်တယ်။ ကျန်တဲ့ ဒေါ်လာ ၃၀ ကို တော့ မင်းရောက်လာပြီး ၁၀ ရက်အရမှာ ပေးလိမ့်မယ်'

ဟု ပြောပြသည်။

ခဏတာ ရပ်နေလိုက်ပြီးမှ သူ စကားဆက်၏။

http://www.cherrythitsar.org



'မင်းကို ထမ်းစင်နဲ့ လာခေါ်မယ်လို့လည်း ကတိပေးလိုက်ကြတယ်'

ထပ်၍ ခဏတာ ရပ်သွားပြန်သည်။ အတော်ကလေး ကြာကာမှ ကြိုးစားဆက်ပြောသည်။

'ထမ်းစင်သမားတွေ မနက်စာ စားပြီးတာနဲ့ ရောက်လာကြလိမ့်မယ်၊ ခပ်စောစော ဖြစ်မှာပေါ့ကွာ . . .'

သူက ဘာမှ ဆက်မပြောတော့ဘဲ အပြင်သို့ ထွက်သွား၏။

ထိုနေ့ ညနေတွင် သူတို့နှစ်ယောက်စလုံးမှာ ညစာစားချင်စိတ်လုံးလုံး မရှိကြတော့ချေ။

*

နွေဦးဆန်းစ ဖြစ်သော်လည်း နောက်တစ်နေ့မှာ မိုးဖွဲဖွဲရွာနေသည်။

ထမ်းစင်သမားများက အရုဏ်ပျို့စမှာ ရောက်လာကြ၏။ မိန်းမငယ်သည် ညက တစ်မှေးကလေးပင် အိပ်မပျော်ခဲ့။ သားကလေး ချွင်ပေါက်၏ အကျီအဝတ်အစားကလေးများကို ဖာထေးနေခဲ့သည်။ ရာသီက နွေးထွေးသော်လည်း သားကလေး၏ ဂွမ်းကပ်ခံ အနွေးထည်ကို ထုတ်ယူပြီး ခင်ပွန်းအား ပေးထားချင်စိတ် ဖြစ်နေ၏။ သို့သော် ခင်ပွန်းသည်က အိပ်မောကျနေ၏။

သူသည် ခင်ပွန်းသည်ဘေးမှာထိုင်လျက် စကားပြောချင်နေ၏။ အိပ်မောကျနေသဖြင့် သည်ဆန္ဒလည်း မပြည့်ဝခဲ့။ တစ်ညလုံး ထိုင်စောင့်နေရုံကလွဲ၍ ဘာမှ မတတ်နိုင်ခဲ့။ စောင့်နေရချိန် ကြာလာသောအခါ အောင့်နိုင်စွမ်းမရှိတော့သဖြင့် ခင်ပွန်းသည် အနားကပ်သွားပြီး အရဲစွန့်လျက် စကားတစ်ခွန်းနှစ်ခွန်း ပြောကြည့်လိုက်သေး၏။ သို့သော် ခင်ပွန်းသည် နိုးမလာ။ သို့ဖြင့် သူပါ ခင်ပွန်းသည်ဘေးတွင် အလိုက်သင့် လှဲချလိုက်တော့၏။

ခဏချင်းပင် မှေးခနဲ တစ်ချက် ပျော်သွား၏။ သည်အချိန်မှာပင် ချွင်ပေါက်ကလေး နိုးလာ၏။ နိုးသည်နှင့် ကလေးက လူးလဲထလိုက်ကာ အမေ့ကို လှုပ်နှိုးတော့၏။ သူ ထိုင်လိုက်ကာ သားငယ်ကို အဝတ်ဖြင့် ထွေးပေးလေသည်။

'သားကလေး၊ အမေ အိမ်မှာမရှိတုန်း မငိုရဘူးနော်၊ ငိုရင် အဖေက ရိုက်လိမ့်မယ်၊ သားကလေးအတွက် သကြားလုံးတွေ အမေဝယ်ခဲ့မယ်၊ နောက်ဆိုရင် ဘယ်တော့မှ မငိုရဘူးနော် . . . ဟုတ်ရဲ့လား သားကလေး'

http://www.cherrythitsar.org



ဝမ်းနည်းပူဆွေးစရာမျိုးကို မသိတတ်သေးသည့်အရွယ်မို့ သားငယ်သည် ချက်ချင်း ပျော်မြူးသွားကာ သီချင်းတစ်ပုဒ် ဆိုလေတော့သည်။ သည်တော့ မိန်းမငယ်က သားငယ်ကလေးအား ကြည့်ကာ တစ်ချက် နမ်းရှုံ့လိုက်ပြီး . . .

'အို . . . ဒီအချိန်မှာ သီချင်းမဆိုရဘူးလေ၊ သားကလေးရယ် . . . နော် . . .၊ အဖေ နိုးသွားမှာပေါ့'

ဟု ချော့ချော့မော့မော့ ပြောပြလိုက်လေသည်။

ထမ်းစင်သမားများက အိမ်အဝင်ပေါက်ရှေ့ရှိ ခုံတန်းလျားများပေါ်တွင် ထိုင်နေကြသည်။ ဆေးတံသောက်ရင်း စကားဖောင်ဖွဲ့နေကြ၏။ မကြာခင် ဒေါ်ရှင်း ရောက်လာလေသည်။ အောင်သွယ်တော် ဒေါ်ရှင်းကား အသက်ကြီးလှပြီဖြစ်၏။ အတွေ့အကြုံလည်း အလွန်များ၏။ အိမ်တွင်းသို့ မဝင်ခင် ဒေါ်ရှင်းသည် အင်္ကျီပေါ်တင်နေသည့် မိုးရေများကို သပ်ချရင်း သူတို့လင်မယားကို လှမ်းစကားပြောလိုက်၏။

'မိုးရွာနေတယ်နော်၊ သိပ်ကောင်းတဲ့ နိမိတ်ပေါ့ကွဲ့၊ ကနေ့ကစပြီး မင်းတို့ ချမ်းသာတော့မှာ အမှန်ပဲ'

အောင်သွယ်တော်ကြီးသည် အိမ်စုတ်ကလေးအတွင်း ဟိုလျှောက်သည်လျှောက်လုပ်ကာ တတွတ်တွတ် ပြောနေသည်။ တစ်ကြိမ်တွင် သူသည် အိမ်ရှင်ယောကျာ်းနား ကပ်သွားပြီး တိုးတိုး တိုးတိုး လုပ်နေပြန်၏။ ယခုကိစ္စ အောင်အောင်မြင်မြင်ဖြစ်သွားသဖြင့် ဆရာက သူ့ကို ဆုချဦးမည့်အကြောင်းလည်း ပါ၏။

'အမှန်တော့ဟယ် . . . ငါ့ဆရာအနေနဲ့ နောက်ထပ် ဒေါ်လာ ၅၀ လောက် သုံးရုံနဲ့ မယားငယ်တစ်ယောက် ရနိုင်ပါတယ်'

ဒေါ်ရှင်းက သားငယ်ကို ပွေ့လျက် သက်မဲ့ရုပ်နယ် ထိုင်နေသော မိန်းမငယ်ဘက် လှည့်လိုက် ပြန်ကာ ခပ်ကျယ်ကျယ် ပြောလိုက်ပြန်၏။

'ဟော့ . . . ဟော့ . . .၊ ထမ်းစင်သမားတွေက နေ့လည်စာ စားအမီ ဟိုကို ပြန်ရောက်ရမှာနော်၊ ခပ်မြန်မြန်ကလေးလုပ်၊ သွားဖို့ အချိန်တောင် တန်နေပြီ'

မိန်းမငယ်က သူ့ကို တစ်လှည့်၊ ကလေးငယ်ကိုတစ်လှည့်အကြည့်မှာ . . .

'ကျွန်မ မသွားချင်ဘူး၊ ဒါပေမဲ့ သွားပါတော့မယ်'

အသံတွေ ရောဝင်နေသည်မှာ သိသာထင်ရှားနေပေသည်။

http://www.cherrythitsar.org



အောင်သွယ်တော်ကြီး ရိပ်မိသွားပုံရ၏။ ထို့ကြောင့် သူသည် မိန်းမငယ်နားကပ်သွားပြန်ကာ ပြုံးပြုံးချိုချို ဆွယ်ရပြန်၏။

'မင်းဟာ သိပ်မိုက်မဲတဲ့ မိန်းမငယ်ပါပဲကလား။ မင်းရဲ့ 'အသားဝါအကောင်' က မင်းကို ဘာတွေများ ပေးနိုင်လို့လဲ၊ ဟို . . . ဆရာ့အိမ်မှာကတော့ အားလုံး ဖောခြင်းသောခြင်းပဲ။ ဆရာက မြေ 'မြို' ပေါင်း နှစ်ရာလောက်ပိုင်ထားတာကွဲ့။ အိမ်တွေ၊ နွားတွေလည်း အများကြီး၊ ဆရာကတော်ကလည်းသဘောသိပ်ကောင်းပါတယ်အေ . . .၊ နောက်ပြီး ကြင်နာတတ်တာ အလွန်ပဲ။ သူ့အိမ်ဝင်လာတဲ့ လူတိုင်းကို တစ်ခုခုတော့ ပေးလိုက်တာပဲ။ ဆရာကတကယ်တော့ သိပ်မအိုသေးပါဘူး။

'အဲ . . . တစ်ခုတော့ ပြောစရာရှိရဲ့။ ခါးနည်းနည်းကိုင်းတယ်၊ ဒါလည်းဟယ် . . . မဆန်းပါဘူး။ ပညာရှိတိုင်း ခါးကိုင်းကြတာ မင်းအသိပဲမဟုတ်လား။ နောက်ပြီး ဆရာက လူကြီးလူကောင်း သိပ်ပီသတာ၊ အေးလေငါ အခုပြောနေလည်း အပိုပါပဲ၊ ထမ်းစင်ပေါ်က ဆင်းလိုက်တာနဲ့ မင်းမျက်မြင်ကိုယ်တွေ့ဖြစ်မှာပဲ။ မင်းသိပါတယ်လေ၊ ငါတို့လို အောင်သွယ်တော်ကြီးတွေဘယ်တော့မှ လိမ်မပြောတတ်ဘူးဆိုတာ'

မိန်းမငယ်သည် နားထောင်နေရင်း မျက်ရည်ကျလာပြန်သည်။ ကျလာသော မျက်ရည်များကို သုတ်ပစ်ကာ . . .

'သားကလေး ချွင်ပေါက်ရေ . . . မင်းကို အမေ ဘယ်လိုခွဲသွားနိုင်မှာလဲကွယ် . . .'

ဟု တီးတိုးရေရွတ်မိပြန်သည်။

'ချွင်ပေါက်အတွက် စိတ်ချစမ်းပါအေ'

အောင်သွယ်တော်ကြီးက မိန်းမငယ်၏ပခုံးကို တယုတယ ပွတ်သပ်ပေးနေသည်။ သူသည် မိန်းမငယ်နှင့် ကလေးအပေါ် ကိုယ်ကို ကိုင်းလိုက်ပြီး . . .

'သားကလေးက ၃ နှစ်ပြည့်ပြီပဲကွယ်၊ ၃ နှစ်အရွယ် ကလေးဟာလွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာနိုင်ပြီဆိုတဲ့ ဆိုရိုးတောင် ရှိသေးတာပဲကွဲ့။ ဒီတော့ ထားခဲ့လို့ ရပါပြီ။ အဓိက က မင်းပါကွဲ့။ ဟိုမှာ မင်းအနေနဲ့ကလေးတစ်ယောက်၊ နှစ်ယောက် မွေးပေးနိုင်ရင် အရာရာ အဆင်ပြေသွားမှာပါ'

သည်အချိန်မှာပင် အပြင်မှာ စောင့်နေကြသော ထမ်းစင်သမားများက မစောင့်နိုင်ကြတော့သည့်အတွက် လှမ်း၍ သတိပေးလိုက်ကြ၏။

'ဗျို့ . . . ဗျို့ . . . အမျိုးသမီး၊ ခင်ဗျားဟာ တကယ့် သတို့သမီး တစ်ယောက်လည်း မဟုတ်ပါဘူး၊ ဘာလို့ ဒီလောက် ငိုနေရတာလဲဗျာ'

အောင်သွယ်တော်ကြီးက ကလေးကို မိန်းမငယ်ရင်ခွင်တွင်းမှ ဆွဲယူလိုက်ပြီး . . .

'ကဲပါဟယ် . . . ချွင်ပေါက်ကို ငါပဲ ကြည့်ပေးပါ့မယ်'

ဟု ပြောလိုက်၏။

ကလေးက စူးစူးရဲရဲ ငိုနေသည်။ ခြေအစုံဖြင့် ကန်ကျောက်နေသည်။ ထို့ကြောင့် အောင်သွယ်တော်ကြီးက အပြင်သို့ ပွေ့ထုတ်သွားရတော့၏။

ထမ်းစင်ပေါ်၌ မိန်းမငယ် ထိုင်မိလေပြီ။ မိုးဖွဲဖွဲထဲမှာ ကလေးချီလျက် ရပ်နေသော အောင်သွယ်တော်ကြီး ဒေါ်ရှင်းကို သူ လှမ်းတွေ့လိုက်သည့်အခါ . . .

'ဒီမှာ . . . ဒီမှာ . . .၊ သားကလေးကို အိမ်ထဲ ပြန်ခေါ်သွားပါရှင် မိုးရွာနေပါတယ်'

အိမ်စုတ်ကလေးထဲတွင်မူ ချွင်ပေါက်၏ အဖေသည် ခေါင်းကြီးစိုက်လျက် မလှုပ်မယှက်၊ တုံဏှိဘာဝေ ထိုင်နေလေတော့၏။

*

ရွာ ၂ ရွာသည် လီ ၃၀ ဝေး၏။

အထမ်းသမားများသည် လမ်း၌ ခဏကလေးပင် မနားတော့ဘဲ ခရီးဆုံးအရောက်လာခဲ့ကြ၏။ ထမ်းစင်ကန့်လန့်ကာတွေကို ဖောက်ထွင်းဝင်လာသည့် နွေဦးကာလ မိုးစက်မိုးပေါက်များကြောင့် မိန်းမငယ်၏ အဝတ်အစားများ စိုရွဲကုန်၏။ ခြံထဲအရောက်မှာ အသက် ၅၀ အရွယ်ရှိ မျက်နှာဝိုင်းအစ်အစ်ပိုင်ရှင် အမျိုးသမီးကြီးတစ်ယောက် ထွက်လာကာ ခရီးဦးကြိုပြုလေသည်။

သူ့မျက်လုံးတွေက မေးစင်းနေ၏။ ဆရာကတော်ဖြစ်ကြောင်း သိလိုက်ရသည်တွင် မိန်းမငယ်သည် ရှက်သွေးဖြန်းသွားတော့၏။ တစ်ချက်သာ မော့ကြည့်လိုက်ပြီး ခေါင်းငုံ့လျက် ငြိမ်ငြိမ်ကလေး နေလိုက်တော့၏။ ဆရာကတော်ကိုယ်တိုင်ကမူ ထူးထူးခြားခြား ခံစားနေရပုံမပေါ်။ မိန်းမငယ်အား ဖော်ရွေကြင်နာစွာ အိမ်အဝင် တံခါးမကြီးဆီသို့ ခေါ်လာခဲ့လေသည်။ ယင်းသို့ ခေါ်လာစဉ် အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ ချောမွတ်သော မျက်နှာဝိုင်းဝိုင်း

နှင့် အမျိုးသားကြီးတစ်ယောက်သည် အိမ်ထဲမှ ထွက်လာခဲ့၏။ သူသည် မိန်းမငယ်အား ခြေဆုံးခေါင်းဆုံး စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး ကျေနပ်ခြင်းကြီးစွာ ပြုံးလျက် စကားပြောလေသည်။

'အစောကြီးကို ရောက်လာခဲ့တာပဲ၊ မိုးမိခဲ့တာလား'

ဆရာကတော်သည် သူပြောနေသည်များကို လုံးဝမကြားယောင်ဆောင်နေလိုက်ပြီး မိန်းမငယ်အား မေးလိုက်၏။

'ထမ်းစင်ထဲမှာ ဘာများကျန်ရစ်ခဲ့သေးလဲ'

'ဘာမှ မကျန်ပါဘူး'

သူတို့အားလုံး အိမ်တွင်းသို့ ဝင်လာခဲ့ကြသည်။ ဝင်းတံခါးကြီး အပြင်ဘက်မှာ အိမ်နီးချင်း အမျိုးသမီးများက တစ်စုတဝေးတည်း ရောက်လာကြကာ အိမ်တွင်းသို့ လှမ်း၍ စူးစမ်းနေကြ၏။

မိန်းမငယ်သည် သားကလေးချွင်ပေါက်နှင့် သူ့အိမ်ကို အမှတ်ရနေ၏။ တကယ် စဉ်းစားကြည့်လျှင် ယခုအနေမျိုး ရောက်လာသည့်အတွက် သူ့ကိုယ်သူ ချီးကျူးသင့် ဂုဏ်ယူသင့်၏။ ယခု အိမ်သစ်ကြီးကား လှပ၏။ လှပသာယာသော အိမ်သစ်ပိုင်ရှင် ယာယီလင်သားကလည်း သဘောဖြူ အူစင်း။ မိန်းမငယ်အတွက် ၃ နှစ်မျှ အခြေအနေကောင်းတွေ ရှိနေမည်ဖြစ်၏။ ဆရာက ကြင်နာတတ်သည်။ စကားပြောလျှင် တိုးတိုးကလေး။ ဆရာကတော်ကလည်း ဩ့ဝတ်ကျေပုံ၊ ဖော်ရွေပုံရပါ၏။ သို့သော် စကားများမည့်ပုံတော့ ပေါ်၏။

ဆရာကတော်သည် လွန်ခဲ့သော ၁၅ နှစ်က သားယောကျ်ားလေး တစ်ယောက် မွေးခဲ့၏။ သားကလေးသည် တကယ်လှ၏။ ဖျတ်လတ်မြူးရွှင်၏။ ၁၀ လအရမှာ ကျောက်ပေါက်ပြီး သေဆုံးသွားခဲ့လေသည်။ သည်ကတည်းက သူ့မှာ ကလေးမရနိုင်တော့။ ဆရာကတော်က သူ့ခင်ပွန်းအား မယားငယ်တစ်ယောက်ယူရန် တိုက်တွန်းခဲ့၏။ သို့သော် ဆရာက ခါးခါးသီးသီး ငြင်းပယ်ခဲ့၏။

ဆရာက လက်ထပ်မယားကိုသာ နှစ်နှစ်ကာကာချစ်၏။ နောက်ပြီး မယားငယ်အဖြစ် သင့်တော်သော မိန်းမတစ်ယောက်ကိုလည်း သူမတွေ့နိုင်သေး။

အကြောင်းစုံသိလာရသည်တွင် မိန်းမငယ်သည် အမျိုးမျိုး အထွေထွေ ခံစားရပေသည်။ စိတ်လက်ကြည်ရွှင် ဘဝင်ချမ်းမြေ့သည်။ ဝမ်းနည်းအားငယ်သည်။

http://www.cherrythitsar.org



ဆရာနှင့် ဆရာကတော်နှစ်ယောက်စလုံးမှ သူ့ထံမှ အမျှော်လင့်ဆုံး အရာတစ်ခုကို ရောက်စနေ့မှာပင် ဖွင့်ပြောထားလိုက်၏။ ဆရာကတော် ကဆိုလျှင် . . .

'ညီမမှာ ကလေး ၂ ယောက် ၃ ယောက် ရထားပြီဆိုတော့၊ ညီမ ဘာတွေ လုပ်ရမယ်ဆိုတာ မမထက် ပိုသိမှာပေါ့နော်'

ဟု ဖြောင်ကြီးပင် ပြောလိုက်၏။ မိန်းမငယ်မျက်နှာထက်မှာ ရှက်သွေးတွေ ဖြာလာတော့၏။

ဆရာကတော်က စကားမဆက်တော့ပဲ ထွက်ခွာသွားလေသည်။

ထိုညနေမှာပင် ဆရာက သူ့မိသားစုအကြောင်း မိန်းမငယ်အား အိတ်သွန်ဖာမှောက် ပြောပြသည်။ ပြောပြနေရင်းမှာပင် မိန်းမငယ်နှင့် တရင်းတနှီးဖြစ်သွားအောင် ကြိုးစားအားထုတ်နေပုံက သိသာလွန်းလှ၏။ မိန်းမငယ် ကမူ သူ့အိမ်မှာ မရှိဖူးခဲ့သည့် ဗီရိုနီကြီးဘေးမှာထိုင်လျက် မပြုံးမရယ် နားထောင်နေ၏။

ဆရာက ပြောလက်စကို ဖြတ်လိုက်ပြီး သူ့အနားလာ၍ ကပ်ထိုင်လိုက်သည့်အခါ မိန်းမငယ်က ဗီရိုနီကြီးကို စူးစိုက်ကြည့်နေလိုက်သည်။ ဆရာက အကြောင်းအရာသစ်ကို စလေသည်။

'နာမည်က ဘယ်လို'

မိန်းမငယ် နှုတ်ဆိတ်နေ၏။ မပြုံးမရယ်၊ တည်တည်ပင်။ ခဏကြာတော့ ထရပ်လိုက်ပြီး အိပ်ရာဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားလေသည်။ ဆရာနောက်က လိုက်သွား၏။ ဆရာ့မျက်နှာ ဖိုးလမင်းကြီးနှယ် ထိန်ထိန် ဝင်းနေ၏။

'မရှက်ပါနဲ့ကွာ၊ ဘာလဲ၊ မင်းယောကျ်ားအကြောင်း တွေးမိနေလို့လား၊ မလိုပါဘူးကွာ၊ ငါဟာ မင့်ယောကျ်ားပဲလေ ဟား . . . ဟား . . . ဟား . . .'

ဆရာက သူ့လက်မောင်းတွေကို ဆုပ်နယ်ရင်း ပြောနေသည်။

'ဘာမှ ပူပင်မနေပါနဲ့ကွာ . . .၊ ဟော . . . မင်းသားငယ်အကြောင်း စဉ်းစားနေပြန်ပြီထင်တယ်၊ မဟုတ်ဘူးလား . . . ဟင် . . .၊ ကဲပါကွာ'

ဆရာက ပြောရင်းမှာပင် သူ့ဝတ်ရုံရှည်ကြီးကို ချွတ်ပစ်လိုက်လေသည်။

ထိုအချိန်မှာ အခန်းအပြင်ဘက် တစ်နေရာ၌ ဆရာကတော်က တစ်စုံတစ်ယောက်ကို ဆူပူနေ၏။ ကျိန်းမောင်းနေ၏။ ဘယ်သူ့ကို ဆူပူကျိန်း

http://www.cherrythitsar.org



မောင်းနေကြောင်း တပ်အပ် သေချာမသိနိုင်သော်လည်း ထမင်းချက်မိန်းမ သို့မဟုတ် သူမကိုယ်တိုင် ဖြစ်နိုင်ကြောင်းကိုမူ မိန်းမငယ်က သိနေပေသည်။ ဆူပူကျိန်းမောင်းသံကို နားစွင့်ရင်းမှာ သူ့ရင် လှိုက်ဖိုလာသည်။ ဝမ်းနည်းစိတ် တရိပ်ရိပ်တက်လာသည်။

သို့ဖြင့် အဆူပူ၊ အကျိန်းမောင်းခံရသူသည် သူမကိုယ်တိုင်ပင် ဖြစ်တော့ကြောင်း ကောင်းကောင်းကြီးပင် သိရှိရတော့၏။ သို့သော် သူ့ဘေးမှာ လဲလျောင်းနေဆဲဖြစ်သည့် ဆရာကမူ

'ဘာမှ မပူနဲ့၊ ငါ့မယားက ဒီလိုပဲ၊ တို့ငှားထားတဲ့ သူရင်းငှားကလေးကိုလည်း သူခင်တာပါပဲ၊ ဒါပေမဲ့ ထမင်းချက်မိန်းမက သူရင်းငှားကလေးနဲ့ အကြာကြီး စကားပြောရင်တော့ အခုလို ဆူတော့တာပဲကွ'

ဟု ရှင်းပြလိုက်၏။

*

အချိန်တွေက မြန်မြန်ပင် ကုန်ဆုံးသွားခဲ့လေသည်။ အိမ်သစ်မှာ အနေကြာလာပြီး အရာရာတိုင်းနှင့် အကျွမ်းတဝင် ဖြစ်နေပြီမို့ မိန်းမငယ်၏ အိမ်ဟောင်းအလွမ်းသည် တစ်စတစ်စ လျော့ပါး မှေးမှိန်စပြုလာချေပြီ။ မည်သို့ပင်ဖြစ်စေ . . . တစ်ခါတစ်ရံမှာတော့ သားငယ်ကလေးငိုသံကို ကြားယောင်မိဆဲဖြစ်သည်။ လေးငါးခါလောက်လည်း အိပ်မက်မက်သည်။ သို့သော် ဘဝသစ်မှာ အနယ်ထိုင်ပြီမို့ ယင်းအိပ်မက်များပင် မှုန်ဝါးပျက်ပြယ်သွားတတ်ချေပြီ။

ဆရာကတော်သည် အပြင်ပန်းတော့ သူ့အပေါ် ကြင်နာမှုတွေ ပြနေပါ၏။ သို့သော် သူ့ကို နက်နက်ရှိုင်းရှိုင်းကြီးပင် မနာလို ဝန်တိုဖြစ်နေသည်ဟု ခံစားရ၏။ အဘယ်ကြောင့်ဆိုသော် ဆရာကတော်သည် ဆရာနှင့် သူ့ကို စုံထောက်နှယ် အမြဲထောက်လှမ်း စောင့်ကြည့်နေတတ်သည့်အတွက် ဖြစ်၏။ တစ်ခါတစ်ရံ အိမ်သို့ ဆရာပြန်အရောက်မှာ သူနှင့် စကားပြောနေခိုက် တွေ့သွားလျှင် တစ်ခုခု ဝယ်လာပေးသည်ဟု သံသယဝင်သည်။ ထိုသို့ သံသယဝင်ပြီဆိုလျှင် ဆရာ့အား သူ့အိပ်ခန်းတွင်းသို့ ဆွဲသွင်းကာ ဆူလေတော့၏။

'ရှင် . . . စုန်းမရဲ့ အပြုစားခံနေရပြီ၊ ဒီမှာ . . . ကြည့်ပါဦး၊ ရှင့်မယားကြီးလေ၊ ရှင် အဖက်မလုပ်ချင်တော့တဲ့ မယားကြီးလေ၊ နည်းနည်း

http://www.cherrythitsar.org



ကလေးများ ဂရုစိုက်စမ်းပါဦး၊ ဟင်း . . .၊ ရှင်ဟာ အဖြစ်ကို သည်းလွန်းတယ်'

ယင်းသို့သော် စောင်းသံချိတ်သံမျိုးကို မိန်းမငယ်သည် မကြာခဏ ကြားရတတ်သည်။ ထို့ကြောင့်လည်း ဆရာကတော်မရှိခိုက် ဆရာပြန်လာလျှင် ကြိုစားရှောင်ဖယ်နေလိုက်၏။ ဆရာကတော် အိမ်မှာ ရှိနေချိန် ပြန်ရောက်လာလျှင်တော့ ဆရာကတော့်နောက်နားမှာ ခပ်ရို့ရို့ကလေး နေသင့်သည်ဟုလည်း သဘောပိုက်ထားလိုက်၏။

သဘောပိုက်ထားသည့်အတိုင်း သူ ပြုကျင့်နေမိသည်။ သို့ဖြင့် အပြင်လူများက အိမ်တွင်းရေးကို မရိပ်မိကြမှာဖြစ်သည်။ အဆင်ခြင်မဲ့ ပြုကျင့်နေထိုင်လျှင် ဆရာကတော်က လူရှေ့သူရှေ့ မရှောင်၊ ဒေါသတကြီး ပြစ်တင်မောင်းမဲတတ်သည် မဟုတ်လား။ ခုပင်ကြည့်လေ . . .၊ စောင်းသံချိတ်သံတွေ ညံနေပြီ။

ရက်မှလ ကူးလာသည့် အခါ ဆရာကတော်၏ သဘောထားက ပိုဆိုးလာသည် ထင်ရ၏။ အစေခံအလုပ်ကိုပင် လုပ်စေချင်သည့်ပုံပေါ်လာ၏။ သို့ဖြင့် မိန်းမငယ်သည် ဆရာကတော်၏ အဝတ်အစားများကိုပင် ဖွပ်လျှော်ပေးဖို့ ပြင်ဆင်ရတော့၏။

'ငါ့အဝတ်အစားတွေ ဖွပ်ဖို့က မင်းအလုပ်မဟုတ်ပါဘူး၊ တကယ်တော့ မင်းရဲ့ အဝတ်တွေကိုတောင် ထမင်းချက်မက လျှော်ပေးရမှာပါ'

တစ်ကြိမ်မှာ သည့်နှယ် ပြောပြီး နောက်တစ်ကြိမ်ကျတော့ . . .

'ညီမရေ၊ ဝက်တဲမှာ ဝက်နစ်ကောင် တစ်ချိန်လုံး အော်နေတယ်။ ဘာဖြစ်လဲမသိဘူး၊ သွားကြည့်စမ်းပါဦး၊ ဟို . . . ထမင်းချက်ကောင်မကလည်း ဘယ်တော့မှ အစာမှန်မှန် မကျွေးဘူး။ ဆာနေကြတယ်ထင်ပါရဲ့'

ဟု 'ပြောခိုင်းကလေး' လုပ်တတ်ပြန်၏။

သည်ပုံသည်နည်းဖြင့် နေလာခဲ့ရသည်မှာ ယခုဆိုလျှင် ၈ လတာ ကြာခဲ့ပြီဖြစ်သည်။ ဆောင်းလည်းဝင်လာပြီ။ မိန်းမငယ်သည် အစားအသောက်နှင့် ပတ်သက်၍ စိတ်အလိုမကျ ဖြစ်လာသည်။ အရသာမပေါ်သလို ဖြစ်နေသည်။ ခေါက်ဆွဲ၊ အာလူးလို အစာမျိုးတွေ စားချင်လာသည်။ မကြာခင်မှာ စားချင်စိတ် ကုန်သွားပြန်သည်။ အသားသွပ်မုန့်တွေ ကျွေးခိုင်းသည်။ အစာနည်းနည်း စားလိုက်သည်နှင့် အပြင်းအထန် ဖျားတတ်သည်။

နောက်ပိုင်းမှာတော့ နွေရာသီမှ ပေါ်သည့် ဖရုံသီး၊ ဆီးသီးတွေကို ချင်ခြင်းတပ်ပြန်သည်။ ယင်းလက္ခဏာများ၏ သဘောကို ဆရာသိ၏။

ကျေနပ်ခြင်းဖြင့် သူသည် တစ်နေ့လုံး ပြုံးနေ၏။ မိန်းမငယ် စားချင်သည်များကို မရမက ရှာ၏။ သူကိုယ်တိုင် မြို့သို့ သွားကာ တုန်ချဉ်သီးတွေ ဝယ်ခဲ့၏။ ဒါ့အပြင် လိမ္မော်သီးတွေ ဝယ်လာပေးဖို့လည်း လူတစ်ယောက်ကို မှာနေပြန်၏။ မကြာခဏဆိုသလို ဆရာသည် ဝရန်တာမှာ လျှောက်ရင်း တီးတိုးရေရွတ်နေတတ်၏။

တစ်နေ့မှာ နှစ်သစ်ပွဲတော်အတွက် မုန့်လုပ်ရန် ဆန်မှုန့်ကြိတ်နေကြသော မိန်းမငယ်နှင့် ထမင်းချက်မိန်းမတို့ကို သူမြင်လိုက်သည်တွင် သူတို့အနား ခပ်မြန်မြန် လျှောက်သွားပြီး

'ကဲ . . . ကဲ . . . မင်း နားဖို့သင့်ပြီ၊ သူရင်းငှားကလေးကို ငါလုပ်ခိုင်းမယ်၊ မုန့်ဖြစ်တော့လည်း လူတိုင်းစားကြမှာမဟုတ်လား'

ဟု ဆိုပြီး မိန်းမငယ်ကို တားမြစ်လိုက်၏။

ညနေခင်း အိမ်သူအိမ်သားတွေ စကားစမြည် ပြောနေကြခိုက်မှာ ဆရာသည် မှန်အိမ်ဘေးမှာ ထိုင်လျက် စာဖတ်နေလေ့ရှိ၏။ တစ်ခါတစ်ရံမှာ သီချင်းစာအုပ်ကလေး တစ်အုပ်ကိုပင် အရသာခံ ဖတ်နေတတ်ပြန်၏။

*

စကားဝိုင်းမှာ တစ်ကြိမ်တော့ သူရင်းငှားကလေးက ဆရာ့ကို မေး၏။

'ဒီစာအုပ်ကို ဘာဖြစ်လို့ ဆရာ ဖတ်နေတာလဲ၊ အဆင့်မြင့် ဝန်ထမ်းစာမေးပွဲဖြေမှာကျနေတာပဲ'

ထိုအခါ ဆရာသည် မေးစေ့ပြောင်ချောကလေးကို ပွတ်သပ်ရင်း ခပ်ရွှင်ရွှင်ဖြေလေသည်။

'အေး . . . ဘဝရဲ့ ပျော်စရာတွေကို မင်း သိတယ်မဟုတ်လားကွ၊ ဆိုရိုးတစ်ခုတောင် ရှိပါတယ်ကွာ . . .၊ ဘဝရဲ့ ပျော်စရာအကောင်းဆုံးအချိန်တွေဟာ မင်္ဂလာဦးညတဲ့။ ဝန်ထမ်းစာမေးပွဲ အောင်တဲ့နေ့ . . . တဲ့။ ငါကတော့ နှစ်မျိုးစလုံး ကြုံခဲ့ဖူးပါပြီ။ ဒါပေမယ့် အခု ငါ့မှာ အဲဒီနှစ်မျိုးစလုံးထက်ပိုပြီး ပျော်စရာကောင်းတဲ့ တစ်မျိုး ကြုံရတော့မယ်ကွ။ ဟဲ . . . ဟဲ . . . ဒါပဲ . . . ဒါပဲ'

ဆရာက သည့်နှယ်ပြောလိုက်တော့ လူတိုင်း ရယ်ကြ၏။ သို့သော် ဆရာကတော်နှင့် မိန်းမငယ်ကမူ မရယ်ကြ၊ မပြုံးကြ။ ဆရာကတော်အဖို့

သူပြောသမျှ စိတ်ညစ်စရာတွေချည်းသာ ဖြစ်နေ၏။ မိန်းမငယ်မှာ ကိုယ်ဝန်ရှိကြောင်း သိကာစမှာ ဆရာကတော်သည် တကယ်ကျေနပ် ဝမ်းမြောက်ခဲ့၏။ သို့သော် နောက်ပိုင်းတွင် ယောက်ျားဖြစ်သူက မိန်းမငယ်အပေါ် လိုတာထက် ပိုဂရုစိုက်လာသည့်အခါ ကလေးမရနိုင်တော့သော သူ့ကိုယ်ကို အပြစ်ပုံဖို့မိတော့၏။

နွေဦးကာလ၏ တစ်နေ့မှာ မိန်းမငယ် အပြင်းဖျားလေသည်။ ခေါင်းကိုက်လွန်းသဖြင့် သုံးရက်ကြာအောင် အိပ်ရာထဲမှာ လဲနေရ၏။ ဆရာက အလွန်စိတ်ပူနေ၏။ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေ၏။ ကောင်းကောင်း အနားယူဖို့၊ စားချင်တာပြောဖို့ တဖွဖွမှာနေ၏။ ထိုအခါ ဆရာကတော် ဒေါသူပုန်ထတော့၏။

'ဟင်း . . . ကောင်မ၊ ဘဝမေ့သွားပြီလေ၊ သူ့ကိုယ်သူ တကယ့်မယားငယ်ထင်နေသလားပဲ၊ ကြည့်ပါဦး၊ ခေါင်းကိုက်ရတာနဲ့ ကျောအောင့်ရတာနဲ့၊ ဟင်း ရောက်စကနဲ့များ တခြားစီ။ ခွေးကလေးတွေ ကိုယ်ဝန်ဆောင်ထားတဲ့ ခွေးမနဲ့တောင် တူနေပြီ၊ ခွေးကလေးတွေက မွေးမလာသေးဘူး၊ ခွေးမမှာ အစာရှာလိုက်ရတာ အမော'

တစ်ညမှာလည်း ဆရာကတော်က ထမင်းချက်မိန်းမကို ပြောနေပြန်၏။

'ကလေးတစ်ယောက် မွေးရမယ့်ကိစ္စမှာ ဘာကြောင့် ဒီလောက်အထိ စိတ်အလိုမကျ ဖြစ်နေရတာလဲတဲ့။ ငါလည်း တစ်ခါက ၁၀ လ တိတိ ကလေးအမေဖြစ်ခဲ့ဖူးပါတယ်။ ဟင်း . . . ခုအဖြစ်က သည်းလွန်းတယ်။ မခံမရပ်နိုင်ဖြစ်နေတယ်ဆိုတာ ငါတော့ မယုံပေါင်။ သူ့ထဲကဟာ ဘာဖြစ်မယ်ဆိုတာ ဘယ်သူ သိနိုင်မှာလဲ။ အင်း . . . ဖားပြုတ်တစ်ကောင် ဖြစ်ချင်ဖြစ်နေမှာပေါ့။ အခုလို မမွေးခင်မှာ သူ့ကိုယ်ကြီး ဟိုဘက်လှည့်၊ ဒီဘက်စောင်းလုပ်ပြီး မူလကျီလုပ်နေတယ်လေ။ ငါ့ကို လိမ်နေတာဟဲ့ . . . သိလား၊ အထဲကဟာက သွေးကလေးတစ်စကလွဲပြီး ဘာမှ ဟုတ်သေးတာမဟုတ်ဘူး။ ဒီလောက် ဇီဇာကြောင်၊ အလိုမကျဖြစ်နေစရာ မလိုပါဘူး။ စောလွန်းလှပါသေးတယ်ဟယ်။ ငါပြောတာ မဟုတ်ဘူးလား . . .'

ဆရာကတော်၏ စောင်းချိတ်သံ၊ မဲ့ရွဲ့ပြောနေသံတွေကြောင့် ညစာမစားဘဲ အိပ်ရာဝင်ခဲ့သည့် မိန်းမငယ်သည် နိုးလာတော့၏။ အလွန်အမင်းစိတ်အနှောင့်အယှက်ဖြစ်သွားရကာ မထိန်းနိုင်တော့ဘဲ ငိုချမိလိုက်လေသည်။ ဆရာကိုယ်တိုင်လည်း စောင်းချိတ်သံများကို ကြားလိုက်ရသည်။ ချွေးစီးတွေ

http://www.cherrythitsar.org



ပျံလာကာ တဆတ်ဆတ် တုန်လာသည်အထိ ဒေါသဖြစ်တော့၏။ မိန်းမ အခန်းထဲ ပြေးဝင်ပြီး ဆံပင်ဆွဲ၍ စိတ်ရှိတိုင်း ရိုက်ပစ်လိုက်ချင်၏။

သို့သော် လက်တွေ့မှာ သူ့တွင် သတ္တိမဲ့နေ၏။ စိတ်အလို ကိုယ်မလိုက်နိုင်သည်တွင် လက်ချောင်းကလေးတွေ တုန်လာ၏။ လက်မောင်းတွေ ကိုက်ခဲလာ၏။

နောက်ဆုံးတော့ သက်ပြင်းတစ်ချက်ကိုသာ ချလိုက်နိုင်ပြီး . . .

'သူ့အပေါ် ငါသိပ်ကောင်းခဲ့တယ်။ ပေါင်းသင်းလာတဲ့ အနှစ် ၃၀ အတွင်း ပါးတစ်ချက် မရိုက်ခဲ့ဖူးဘူး။ အနာတရဖြစ်အောင် မလုပ်ခဲ့ဖူးဘူး။ ဒါတွေကြောင့်များ လေဝင်လေခတ်ပြီး အကန်းတက်နေသလား မသိဘူး'

ဟု ဖြစ်တောက်ဖြစ်တောက်ပြောရင်း အိပ်ရာထဲ ဝင်သွားတော့၏။ ထို့နောက် မိန်းမငယ်ကို တိုးတိုးကလေး နှစ်သိမ့်လိုက်လေသည်။

'တိတ်ပါတော့ကွယ် . . .၊ သူ ဘယ်လောက်အထိ ပြောနိုင်မှာလဲ၊ ပြောစမ်းပါစေ၊ ဥမဉနိုင်တဲ့ ကြက်မအမြုံဟာ အမြဲတမ်း မနာလို ဝန်တိုမြဲပဲ။ ကဲ . . . တိတ်တော့၊ တိတ်တော့။ ဒီမှာကွဲ့၊ ယောက်ျားကလေးမွေးရင်လေ အင်မတန် အဖိုးထိုက်တဲ့ လက်ဆောင်နှစ်ခု မင်းကို ငါပေးမယ်။ အပြာရောင် ကျောက်စိမ်းလက်စွပ်တစ်ကွင်း၊ အဖြူရောင် ကျောက်စိမ်း . . .'

ဆရာက စကားကို ဆုံးအောင် မပြောလိုက်ဘဲ အခန်းအပြင်ဘက်မှာ ဂျီတိုက်နေသည့် မိန်းမအသံကို နားစွင့်လိုက်၏။ စိတ်ချရမှ ဆရာသည် ကိုယ်ပေါ်က အဝတ်တွေကို ချွတ်လိုက်၏။ စောင်ဖြင့် ခေါင်းမြီးခြုံလိုက်ကာ မိန်းမငယ်အနား တိုးကပ်လိုက်ပြီး

'ငါ့မှာ အဖြူရောင် ကျောက်စိမ်းတစ်ပွင့်ရှိတယ်လေ'

ဟု ပြောပြကာ မိန်းမငယ်၏ခါးကို ဖက်လိုက်၏။

ခါးက တုတ်သည်ထက် တုတ်လာပြီဖြစ်လေသည်။

*

ဆရာကတော်သည် ဝမ်းဆွဲဆရာမနှင့်တိုင်ပင်ကာ လိုအပ်သော အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပေပြီ။ အိမ်မှာ လူဝင်လူထွက်တွေ များလာပြီ။ လူများရှေ့မှာ ပန်းရိုက်အဝတ်စများဖြင့် ကလေးအတွက် အင်္ကျီချုပ်ရသည်ကလည်း ဆရာကတော်အဖို့ မလုပ်မဖြစ်သည့် အလုပ်တစ်ခုလို ဖြစ်နေ၏။

http://www.cherrythitsar.org



နွေကာလ ကုန်ဆုံးသွားခဲ့ပြီဖြစ်သဖြင့် ဆောင်းလေညင်းက တသုန်သုန် သွေးလာသည်။ သည်အချိန်မှာပင် အိမ်သားအားလုံး မျှော်လင့်ထားသည့် နေ့တစ်နေ့က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့၏။ အိမ်ရှိ လူကုန် စိတ်လှုပ်ရှားနေကြရလေပြီ။ ဆရာ့နှလုံးသည် အခါတိုင်းထက် ပို၍ အခုန်မြန်နေ၏။

နေမရထိုင်မဖြစ်မို့ ခြံထဲ ဆင်းကာ ဟိုလျှောက်သည်လျှောက် လုပ်နေရ၏။ နက္ခတ်တာရာစာအုပ်များကို စူးစူးစိုက်စိုက်ဖတ်၏။ ဖတ်နေရိုက်မီးဖွားတော့မည့် မိန်းမငယ်အခန်းဆီ ပူပင်စိတ်နှင့် လှမ်းလှမ်းကြည့်၏။ တိမ်တွေဆိုင်းနေသော ကောင်းကင်ပြင်ကြီးကိုလည်း မကြာခဏ မော်၍ကြည့်၏။ သည်သို့ပြုလုပ်ရင်း ပူပင်စိတ်တွေ ငယ်ထိပ်တက်လာသည့်အခါ ဆရာသည် ထမင်းချက်မိန်းမထံသွား၍

'ဘယ်လိုအခြေအနေရှိသလဲ'

ဟု မေးပြန်၏။

'သိပ်မကြာတော့ပါဘူး၊ မွေးတော့မှာပါ'

သူ ခြံထဲသို့ ပြန်ဆင်းသွားကာ လမ်းသလား၍ စာအုပ်ဖတ်ပြန်၏။

သူ့ရင် တဒိတ်ဒိတ်ဖြစ်နေသည်မှာ ညနေစောင်းသည်အထိပင်။ အမှောင်ထု သမ်းလာသည့်အခါ နွေကာလမှာ ပန်းရိုင်းများ ပွင့်လာကြသည့် နယ် အိမ်တိုင်း၌ မီးရောင်ကလေးတွေ တလက်လက် ထွက်ပေါ်လာကြသည်။ သည်မီးရောင်ကလေးများနှင့် အတူပင် မွေးကင်းစကလေးငယ်၏ စူးစူးရဲရဲ ငိုလိုက်သံကလည်း ပေါ်ထွက်လာခဲ့တော့၏။ ဆရာ့မျက်လုံးအစုံ၌ ပီတိမျက်ရည်စများ ရစ်ဝဲလာလေသည်။

ထိုညက အိမ်သားတိုင်း ပျော်မြူးမဆုံး ဖြစ်နေသဖြင့် ညစာကိုပင် မေ့နေကြတော့၏။

*

ကလေးမျက်နှာကလေးသည် ဝင်းပနည်းက်နေသည်။ တစ်လစေ့သည့်နေ့မှာပင် ကလေးငယ်ကို အပြင်လောကသို့ ပထမဆုံးအကြိမ် ထုတ်လာခဲ့သည်။

လူမြင်ကွင်းမှာထွက်၍ နို့တိုက်နေသည့်အခိုက်မှာ အိမ်နီးချင်းအမျိုးသမီးတစ်သိုက်က ကလေးငယ်ကို လှမ်းကြည့်နေကြလေသည်။

http://www.cherrythitsar.org



အမျိုးသမီးအချို့က ကလေးငယ်၏ နှာတံကလေးက ချစ်စရာဟု ပြော၏။ အချို့က မိခင်ဖြစ်သူကို ချီးကျူးနေကြ၏။ အသားပိုဖြူလာသည်၊ ပို၍ ကျန်းမာသန်စွမ်းလာသည်ဟု ပြောနေကြသည်။ အမျိုးသမီး အချို့ကမူ ကလေးနားရွက်ကလေးတွေက လှလိုက်တာဟု ချီးမွမ်းခန်းဖွင့်နေကြသည်။

အဘွားတစ်ယောက်နှယ် သရုပ်ဆောင်နေသော ဆရာကတော်သည် အိမ်ထဲမှ ထွက်လာကာ

'ကဲ . . . ကဲ တော်လောက်ပြီ၊ ကလေးငိုအောင်တော့ မလုပ်နဲ့ဟေ့'

ဟု သတိပေးသလို ပြောလိုက်၏။

ဆရာကမူ ကလေးအမည်ပေးရန်သာ ဦးစားပေးစဉ်းစားနေသည်။ သို့သော် သင့်တော် ကောင်းမွန်သည့် အမည်တစ်ခုကို ခုတိုင် မရသေး။ ဆရာကတော်က 'အသက်ရှည်ခြင်း' အဓိပ္ပာယ်ကို ဆောင်သည့် 'ရှောင်' တော့ ကလေးနာမည်မှာ ပါသင့်သည်ဟု အကြံပြု၏။

သို့သော် သူမ မကြိုက်။ ရိုးစင်းလွန်းသည်ဟု ထင်နေ၏။ နာမည်တစ်ခုရနိုင်ဖို့ ဆရာသည် တရုတ်ဂန္ထဝင်များဖြစ်သည့် 'အပြောင်းအလဲများ' စာအုပ်၊ သမိုင်းဆိုင်ရာ စာအုပ်တွေကို ရက်သတ္တ ၃ – ၄ ပတ်ကြာမျှ လှန်လှောမွှေနှောက်၏။

သို့သော် သူ့ကြိုးပမ်းမှုများက အရာမထင်သေး။ နာမည်ကလေးတစ်ခုရဖို့ သူ့အတွက် တကယ့်ပြဿနာကြီးဖြစ်နေတော့၏။ ဖြစ်လည်း ဖြစ်သင့်သည်ဟု ယူဆထား၏။ အဘယ်ကြောင့်ဆိုသော် သူက နာမည်မှာ 'ကလေးအနာဂတ်ကောင်းမွန်ရေး အဓိပ္ပာယ်' နှင့် 'အရွယ်လွန်မှ ရသည့် သားအဓိပ္ပာယ်' နှစ်မျိုးစလုံး ပါဝင်ရမည်ဟု ဆုံးဖြတ်ထားခဲ့သည်ကိုး။

တစ်နေ့ သူသည် သုံးလအရွယ်သားငယ်ကို ချီထားရင်း မှန်အိမ်ဘေးမှာထိုင်လျက် စာတစ်အုပ်ကို ဖတ်နေသည်။ စာအုပ်အချို့ကလည်း သူ့ရှေ့မှာ ပြန့်ကျဲနေ၏။ သင့်တော်ကောင်းမွန်သည့် နာမည်တစ်လုံး ရလိမ့်နိုးဖြင့် ထပ်မံအားထုတ်နေခြင်း ဖြစ်လေသည်။

အခန်းထောင့်မှာတော့ မိန်းမငယ်က ငြိမ်ငြိမ်ကလေးထိုင်ကာ သူ့အား အကဲခတ်နေ၏။ မိန်းမငယ်အဖို့ သူသည် ပြုံးချင်စရာလည်း ဖြစ်နေတော့၏။ ထိုင်အကဲခတ်ခဲ့ချိန် ကြာလာသည်တွင် မိန်းမငယ်သည် အောင့်နိုင်ပုံမရတော့ဘဲ

'ကျွင်ပေါက်လို့ ပေးလိုက်ပါလားရှင်'

ဟု လှမ်းပြောလိုက်လေသည်။

http://www.cherrythitsar.org



ထိုအခါ အခန်းထဲရှိ လူအားလုံးက မိန်းမငယ်ဘက်သို့ တစ်ပြိုင်တည်း ကြည့်လိုက်ကြကာ စကားဆက်ကို နားစွင့်နေလိုက်ကြ၏။

မိန်းမငယ်က ဆက်ပြောလေသည်။

'ကျွင်ဆိုတာက 'ဆောင်းဦးကာလ' လေ၊ ပေါက်ဆိုတာက 'ရတနာ' မဟုတ်လား။ သားကို မွေးခဲ့တာကလည်း ဆောင်းဦးကာလမဟုတ်လား၊ ဒီတော့ 'ကျွင်ပေါက်' ဆိုတဲ့နာမည်မှာ 'ဆောင်းဦးကာလရဲ့ ရတနာ' အဓိပ္ပာယ် ပါနေတာပေါ့၊ ဒီအမည် ကောင်းမယ်ထင်တာပဲ'

ဆရာ ခေတ္တမျှ တွေသွား၏။ စဉ်းစားစရာမှန်သမျှ စက္ကန့်ပိုင်းအတွင်း စဉ်းစားကြည့်လိုက်၏။ သူ့မျက်နှာထက်မှာ ပြုံးယောင်သမ်းလာ၏။ အံ့သြရိပ်ထိုးလာ၏။

နောက်ဆုံး၌ အားရခြင်း၊ ကျေနပ်ခြင်းများမှ မြစ်ဖျားခံလာသည့် လေသံဖြင့် ပြောလိုက်လေသည်။

'အတွေးသိပ်ကောင်းတာပဲ။ ကြိုက်တယ်၊ သိပ်ကို ကြိုက်တယ်၊ အင်း . . . ငါ့မှာဖြင့် နာမည်ရဖို့ အချိန်တွေ သုံးလိုက်ရတာ မနည်းမနောပဲ၊ အေးလေ . . . အသက် ၅၀ ကျော်လာပြီဆိုတော့လည်း ဘဝရဲ့ ဆောင်းဦးကာလမှာ ငါရောက်ခဲ့ပြီပေါ့ . . .၊ သားကလေးကိုလည်း ဆောင်းဦးကာလမှာ မွေးတယ်။ ကောင်းတယ်။ ဟော . . . နောက်ပြီး ဆောင်းဦးကာလဆိုတာ အရာရာတိုင်း မှည့်ဝင်းချိန်၊ ကောက်ရိတ်သိမ်းချိန်ဖြစ်တယ်လို့ သမိုင်းစာအုပ်မှာ ရေးထားတာပဲ။ ကျွင်ပေါက်ဆိုတဲ့ အမည်ဟာ သားကလေးအတွက် တကယ့်ကို ကောင်းတဲ့ နာမည်ပါ။ အတိတ်ကောင်းတွေ အများကြီး ပါနေတယ်လေ . . .'

စကားအဆုံးမှာ

'မွေးကတည်းက တော်ပုံရတယ်'

ဟု မိန်းမငယ်ကိုကြည့်ပြီး ချီးကျူးဟန်ဖြင့် ပြောလိုက်ပြန်သည်။ တစ်ဆက်တည်းပဲ

'ငါ့လို စာဂျပိုးကတော့ အလကားပဲဟေ့၊ အသုံးမကျလှပါဘူးကွာ'

ဟု သူ့ကိုယ်သူ အပြစ်တင်လိုက်၏။

မိန်းမငယ်က မျက်နှာငုံ့ထားလိုက်သည်။ ရင်မှာ လှိုက်လှိုက် လှိုက်လှိုက် ဖြစ်လာသည်။ မျက်ရည်တွေ စီးကျလာသည်။

သို့သော် ကြိုးစား အားတင်းကာ စိတ်ကို ထိန်းသည်။ ပြီးမှ ရှိုက်ရင်း . . .

http://www.cherrythitsar.org



'ကျွန်မ ဒီနာမည်ပေးမိတာက သားကလေးချွင်ပေါက်ကို သတိရမိလို့ပါရှင် . . .'

ဟု သနားစဖွယ် ရှင်းပြလိုက်လေသည်။

*

ကျွင်ပေါက်ကလေးသည် တစ်နေ့တခြားပင် ချောသည်ထက် ချောလာသည်။ ပို၍ ချစ်စရာကောင်းလာသည်။ အမေကို ခင်တွယ်သည်ထက် ခင်တွယ်လာသည်။ လူစိမ်းများကို မျက်လုံးကလေးတွေပြူး၍ မငြီးမငွေ့ ကြည့်နေတတ်သည်။ ထိုသို့ ကြည့်နေရာမှာ အမေ့ကို လှမ်းမြင်လိုက်လျှင် မြူးထူးပျော်ရွှင်စွာ ပြေးဖက်သည်။ ခိုတွဲဆော့ကစားသည်။ တကယ်တော့ သူ့ကို အဖေက ပိုချစ်သည်။ သို့သော် သူက အမေ့ကို ပိုချစ်နေ၏။

အပြင်ပန်း အမြင်မှာတော့ ဆရာကတော်သည် ကျွင်ပေါက်ကလေးကို သားရင်းပမာ ချစ်ခင်ယုယဟန်ပြသော်လည်း တစ်ခါတစ်ရံမှာမူ ခပ်စိမ်းစိမ်းကြည့်တတ်၏။ သံသယစိတ်ဖြင့် စူးစူးစမ်းစမ်းလုပ်တတ်၏။ ထို့ကြောင့်လည်း ကလေးက မိခင်ကို ပိုမိုခင်တွယ်လာသည်ထင်၏။ ယင်းနှယ် ပိုခင်တွယ်လာခြင်းသည်ပင် မိန်းမငယ်အဖို့ ရင်ဆို့ဖွယ်ဖြစ်နေလေတော့သည်။ အဘယ်ကြောင့်ဆိုသော် မိခင်နှင့်သား ခွဲရတော့မည့်အချိန်က နီးသည်ထက် နီးနီးလာသည့်အတွက်ပင်တည်း။

*

နွေတကျော့ လည်လာပြန်ချေပြီ။ သည်အိမ်ကြီးမှာနေရန် ကုန်ဆုံးချိန်အဖြစ် သည်တစ်နွေက မိန်းမငယ်အား သတိပေးနေပြီဖြစ်ကြောင်း အိမ်ရှိလူတိုင်း သိထားပြီးဖြစ်ပေသည်။

ကျွင်ပေါက်ကလေးကို သနားသည်က တစ်ကြောင်း၊ မိန်းမငယ်ကို ဆက်ထားလိုသည့်အတွက်ကြောင့် တစ်ကြောင်း၊ တစ်နေ့မှာ ဆရာကတော်အား ဖွင့်ဟတိုင်ပင်ကြည့်လေသည်။

'သူ့ကို နောက်ထပ် ဒေါ်လာ ၁၀၀ ပေးပြီး ဆက်ငှားချင်တယ်၊ မင့်သဘောက ဘယ်လိုလဲ'

သည်တော့ ဆရာကတော်က အပြတ်ပြန်ပြောလိုက်၏။

http://www.cherrythitsar.org



'မဖြစ်ဘူး၊ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး၊ ရှင့်ဆန္ဒအတိုင်း လုပ်ချင်ရင် ကျွန်မကို အဆိပ်ကျွေးသတ်လိုက်'

ဆရာက အလွန်စိတ်ဆိုးသွား၏။ သို့သော် ကြိုးစား၍ စိတ်ကို အတည်ငြိမ်ဆုံးထားကာ ခပ်မဆိတ် နေနေလိုက်၏။ စကားပြန်ပြောနိုင်သည့် အနေအထားပြန်ရောက်မှ ဆရာသည် မချိပြုံးပြုံးလိုက်ပြီး

'ဒီလိုဆို အမိမဲ့ဖြစ်ရတော့မယ့် တို့သားကလေး သနားစရာပေါ့ကွယ်'

ဟု များစွာ စိတ်ထိခိုက်ခြင်းဖြင့် ဖြည်းဖြည်းပြောလေသည်။

ဆရာကတော် နှုတ်ခမ်းရွဲ့လိုက်ပြန်၏။ ပြီးလျှင် အေးစက်မာကြောသည့်လေသံဖြင့်

'ဩ . . . ကျွန်မက သူ့အမေ မဟုတ်ဘူးပေါ့'

ဟု ငေါ့တော့တော့မေး၏။

မိန်းမငယ်ကတော့ သားနှစ်ယောက်ကြား ဗျာများနေရရှာ၏။ မလူးလွန့်သာသည့် အခြေဆိုက်နေ၏။ ၃ နှစ်ပြည့်သောနေ့မှာ ထိုအိမ်ကြီးမှ ခွာရတော့မည့်အရေးကို သူ အမြဲတွေးမိနေ၏။ အတွေးကို မေ့ဖျောက်လို့ မရနိုင်လေ၊ ရက်တွေက အကုန်မြန်လေဟု သူထင်နေလေသည်။

နောက်ပြီး ရက်လတွေ ကြာလာသည်နှင့် ယာယီမယားဘဝမှ အစေအပါးတစ်ပိုင်းဘဝသို့ လျှောဆင်းခဲ့ရသည့် အဖြစ်ကိုလည်း သူ မေ့မရ။ မေ့မရလေ ထိုအိမ်ကြီးမှာ ဆက်နေချင်စိတ် ကုန်ခမ်းလာလေပင်။ သို့သော် ထိုအိမ်ကြီးမှာ သားကလေး ကျွင်ပေါက်ရှိနေသည်။ ကျွင်ပေါက်ကလေးကို သူ မခွဲနိုင်။

တစ်ဖက်မှာက သားကြီး ချွင်ပေါက်သည်လည်း သားငယ် ကျွင်ပေါက်လို ချစ်စရာကောင်းနေလိမ့်မည်။ သူ့အဖေကတော့ သက်ဆိုးရှည်ဖို့ လမ်းမရှိ။ ၄ – ၅ နှစ်အတွင်း ဆုံးပါးသွားလိမ့်မည်ဟု သူထင်နေ၏။ အကယ်၍သာ အထင်အတိုင်း ဖြစ်လာလျှင် . . .၊ အားကိုးစရာဆို၍ ဆရာတစ်ယောက်သာရှိတော့၏။

ထို့ကြောင့် ချွင်ပေါက်ကလေးကို ဆရာက ခေါ်ယူမွေးကျွေးမည့် အရေးမျှော်လင့်နေမိ၏။ ယင်းသို့သာဆိုလျှင်ဖြင့် သားနှစ်ယောက်စလုံးနှင့် သူ မခွဲမခွာ နေနိုင်ပေတော့မည်။ သို့သော် ဘဝဟူသည် ထင်ထားသည့်အတိုင်း ဖြစ်လာတတ်ပါသလား။ တကယ်တော့ ဘဝသည် မသေချာ မရေရာမှုများ၏ အပေါင်းအစုပင် ဖြစ်ချေသည်မဟုတ်ပါလား။

http://www.cherrythitsar.org



တစ်နေ့ မိန်းမငယ်သည် ကျွင်ပေါက်ကလေးကို ရင်မှာပိုက်လျက် ဝရန်တာမှာ စိတ်ပျက်အားငယ်စွာ ထိုင်နေမိသည်။

နွေပေါက်ပြီမို့ နေခြည်မျှင်တန်းကလေးများ ဖြာဆင်းနေကြသည်။ နွေနံနက်၏ နေ့လည်အိပ်မက်ထဲမှာ ချွင်ပေါက်ကလေးက သူ့ဘေးမှာ ရပ်နေသည်။

ကျွင်ပေါက်ကလေးကို ပွေ့ပိုက်ထားသလို ချွင်ပေါက်ကလေးကိုပါ ပွေ့ပိုက်ရန် သူလက်ကမ်းမိလိုက်သည်။ ချွင်ပေါက်ကလေး ရင်ခွင်ထဲ ရောက် အလာမှာ သားနှစ်ယောက်ကို ငုံ့၍ စကားပြောမည် ကြံကာမှ သူသည် နေ့လည် အိပ်မက်မှ လန့်နိုးလာတော့၏။

ဝရန်တာ တစ်ဖက်စွန်း၊ အဝင်တံခါးမကြီးနားမှာ ဆရာကတော်က ရပ်လျက် မိန်းမငယ်ကို စိုက်ကြည့်နေသည်။ မျက်နှာသွင်ပြင်က ကြင်နာသနား တတ်ပုံရသော်လည်း မျက်လုံးအကြည့်တွေကမူ ကြောက်စရာ ကောင်းလှ၏။ ဆရာကတော့် အနေအထားကို ရိပ်စားမိနိုင်ပြီဖြစ်သဖြင့် မိန်းမငယ်သည် 'အမြန်ဆုံးထွက်သွားနိုင်လေ ကောင်းလေပါပဲ၊ သူဟာ ငါ့ကို အမြဲပဲ လိုက် ချောင်းနေတော့တာပါကလား' ဟု တွေးပြီး ဆုံးဖြတ်ချက် ချမိလေသည်။

နောက်ပိုင်းရက်များတွင် ဆရာက သူ့အစီအစဉ်ကို အနည်းငယ် ပြောင်းလိုက်သည်။ ဒေါ်ရှင်းကို မိန်းမငယ် ခင်ပွန်းထံလွှတ်၍ သူ့မိန်းမကို နောက်ထပ် ၃ နှစ်ဆက်ထားနိုင်၊ မထားနိုင် စုံစမ်းခိုင်းရန် စိတ်ကူး၏။ ထား နိုင်လျှင် အများဆုံး ဒေါ်လာ ၅၀ အထိ ထပ်ပေးမည့်အကြောင်းကိုပါ ပြောပြ ရန်ဖြစ်သည်။

သည်ကိစ္စအတွက် ဆရာက ဆရာကတော်ကို နားသွင်းနေလေ သည်။

'ကျွင်ပေါက်ကလေး ၅ နှစ်အရွယ်ထိတော့ သူ့အမေ ဒီမှာ ရှိနေသင့် တယ်လို့ ငါယူဆတာပဲ'

သည်တွင် ပုတီးစိပ်နေသည့် ဆရာကတော်က . . .

'သူ့အိမ်မှာ သားအကြီးရှိတယ်။ တရားဝင် လင်ယောကျာ်းဆီ ရှင် ပြန်ပို့လိုက်ဖို့ ကောင်းနေပြီ'

ဆရာ ခေါင်းငိုက်ကျသွားရာက ပြောမိပြောရာတွေ ပြောမိတော့၏။

'စဉ်းစားပါဦးကွာ . . . ကလေးက ၂ နှစ်ပဲ ရှိသေးတယ်၊ အမေက မရှိ . . .'

ဆရာကတော်က ပုတီးကို လွှင့်ပစ်လိုက်၏။

'ကျွန်မ ဂရုစိုက်နိုင်တယ်၊ အုပ်ထိန်းနိုင်တယ်၊ ဘာလဲ . . . ရှင်က ရှင့်သားကို ကျွန်မ သတ်ပစ်မယ်ထင်နေလို့လား'

ဟု ဒေါသတကြီး ရန်တွေ့လေတော့၏။

ဆရာသည် ဆက်၍ နားထောင်မနေတော့ဘဲ မကျေမချမ်း ထွက်သွား၏။

ဆရာကတော်ကတော့ ဗျစ်တောက်ဗျစ်တောက် လုပ်နေဆဲ။

'ကျွန်မအတွက် ကလေးမွေးပေးခဲ့တာပါနော်၊ ကျွင်ပေါက်ဟာ ကျွန်မကလေး၊ ကျွန်မရဲ့သား၊ ရှင့်မှာ သားဆက်ပြတ်သွားရင် ကျွန်မလည်း ထိခိုက်တော့မှာမို့ ဒီလိုစီစဉ်ခဲ့ရတာ၊ ဒါတွေ ရှင်အသိ၊ ခုတော့ ရှင်က ကောင်မကို တန်းတန်းစွဲ၊ ရှင်ပြုစားခံနေရပြီ၊ ရှင်ဟာ ကျွန်မပြောတာကျတော့ ဘာမှ အလေး အနက်မထားဘူး၊ ဘယ်ဟာလုပ်ရင် ဘာဖြစ်မယ်ဆိုတာ မစဉ်းစားတော့ဘူး၊ ရှင်စဉ်းစားတာ တစ်ခုပဲရှိတယ်၊ ဒီကောင်မနဲ့ ဆက်နေဖို့ပဲ။ ဟင်း . . . ဘယ်ရ လိမ့်မလဲ . . .၊ မိသားစုမှတ်တမ်းထဲမှာ တခြားမိန်းမတစ်ယောက်ရဲ့ မှတ်တမ်း နဲ့ ကျွန်မမှတ်တမ်းကို ဘယ်တော့မှ တွဲထားခွင့်ပြုမှာမဟုတ်ဘူး။ တွဲမထား နိုင်ဘူး'

နာစရာကောင်းလှသော အဆိပ်ပြင်းသော စကားလုံးများဖြင့် ရန် တွေ့မဆုံးဖြစ်နေသော်လည်း ဆရာက မကြားနိုင်သည့် တစ်နေရာမှာ ရောက် နေလေပြီ။

ကျွင်ပေါက်ကလေးသည် အမြဲလိုလို တစ်ခုမဟုတ် တစ်ခုဖြစ်တတ် ၏။ ဦးခေါင်းတစ်နေရာမှာ နည်းနည်း ဖူးရောင်လာတတ်သည်။ ဖျားတတ် သည်။ တစ်စုံတစ်ခု ဖြစ်တိုင်း ဆရာကတော်သည် ဘုရားမှာ သွား၍ ဆု တောင်းပေးသည်။

ပြာကဲ့သို့သော ဘုရားဆေး၊ တရားဆေး တစ်မျိုးကို ယူလာကာ ဖူးရောင်သည့် နေရာကို လိမ်းပေးသည်။ ဖျော်၍လည်း တိုက်လိုက် သေးသည်။ ထိုအခါ ကလေးက တအားငိုတော့၏။ ငိုလွန်းမက ငိုသည်တွင် ချွေးတွေ ထွက်လာတော့၏။

ကလေးအနည်းငယ်ဖျားရုံဖြင့် သည့်နှယ် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေသည်ကို မိန်းမငယ်က သိပ်ဘဝင်မကျ။ ပြာရေလည်း မတိုက်စေချင်။ ထို့ကြောင့် ဆရာကတော်ကွယ်ရာမှာ ပြာတွေကို လွှင့်ပစ်လိုက်၏။ တစ်ကြိမ် မှာတော့ ဆရာကတော်က မိန်းမငယ် အပြုအမူကို ရိပ်မိသွားလေသည်။ သူ့ ခင်ပွန်းကို တိုင်သလိုနှင့် ကုန်းချောတော့၏။

http://www.cherrythitsar.org



'ကဲ . . . သိပြီမဟုတ်လား၊ တကယ်တော့ ကျွန်မတို့ သားကလေးကို သူ လုံးလုံး ဂရုမစိုက်ပါဘူး၊ ကလေး ဒီလောက်ပိန်ကျသွားတာတောင်မှ မပိန်ပါဘူးလို့ ပြောသေးတာပဲ၊ အလကားကောင်မ၊ ကလေးကို ချစ်ဟန်ဆောင်နေတာ'

မိန်းမငယ်အနေဖြင့် သည်အကြောင်းအရာမျိုး၊ သည်အသံမျိုးကို မကြာခဏ ကြားရတတ်သည်။ လူပုံအလယ်မှာ မငိုမိသော်လည်း ထီးတည်းဖြစ်နေသည့်အခါများတွင်မူ ကြေကြေကွဲကွဲ ငိုမိလေတော့သည်။

နှစ်သိမ့်ဖို့ စကားကို ဆရာ ရှာတွေ့ပုံမပေါ်။ နှုတ်ဆိတ်လျက်သာ။

*

ကျွင်ပေါက်ကလေး၏ ပထမဆုံး မွေးနေ့ပွဲကို တစ်နေ့လုံး ကျင်းပလေသည်။ ဧည့်သည် ၄၀ လောက် လာကြ၏။ ယူလာသော မွေးနေ့လက်ဆောင်များထဲတွင် ကလေးအတွက် အင်္ကျီများ၊ ငွေခြသေ့ခေါင်း လော့ကတ်သီး၊ ကလေးဦးထုပ်မှာ ထိုးထားဖို့ ဘုရားပုံတော် ရွှေပလိပ်ပြားကလေးတစ်ခု ပါဝင်၏။

ယင်းဘုရားပုံတော်သည် ကလေးအသက်ရှည်ရန် ကူမ,ပေးနိုင်သည်ဟု အယူရှိကြလေသည်။ ဧည့်သည်များက ဆုမွန်ကောင်းများ တောင်းပေးကြသည်။ အသက်ရာကျော် ရှည်ပါစေ ဟုလည်း ဆုပေးကြသည်။ ထို့ကြောင့် ဆရာ့မျက်နှာသည် ကျနေရဲရဲကြီး၏ ရောင်ခြည်တွေ အပက်ခံထားရသည့်နှယ် နီမြန်းဝင်းပနေလေ၏။

နေ့ခင်းပိုင်း ထမင်းစားပွဲ မစခင်ကလေးမှာ ခြံတွင်းသို့ ဖိတ်ကြားမထားသည့် ဧည့်စိမ်းတစ်ယောက် ဝင်လာသည်။ ဧည့်သည်အားလုံး စိတ်ဝင်တစား ကြည့်နေကြ၏။ ဧည့်စိမ်းသည် အလွန်ပိန်ချိသော လယ်သမားတစ်ဦးဖြစ်လေသည်။ ဖာတစ်ရာ အဝတ်အစားကို ဆင်မြန်းထား၏။ ဆံပင်တွေက ရှုပ်ပွနေ၏။ ဧည့်စိမ်းသည် အထုပ်တစ်ထုပ်ကို ချိုင်းမှာ ညှပ်လာခဲ့၏။

ဆရာသည် အံ့အားသင့်ခြင်း၊ မတွေးတတ်နိုင်ခြင်းဖြင့် ဧည့်စိမ်းထံ လျှောက်သွားကာ အားတောင့်အားနာ မေးမြန်းစုံစမ်းရ၏။ သည်တော့ ဧည့်စိမ်းက စကားပြောရန် မဝံ့စားသလို အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေတော့၏။ သည်တွင် ဆရာသိသွားလေတော့၏။ တခြားလူမဟုတ်၊ မိန်းမငယ်၏ ခင်ပွန်း၊ သားရေကုန်သည်ပင်တည်း။

http://www.cherrythitsar.org



အိမ်ရှင်ဆရာက အသံကို တမင်နှိမ့်လျက် ပြောလိုက်သည်။

'ဘာဖြစ်လို့ လက်ဆောင်တွေ ဘာတွေ ယူလာတာလဲဗျာ၊ မဟုတ်တာပဲ၊ မလိုပါဘူး'

ညော့စိမ်းသည် အနည်းငယ် ရှိုးစိတ်ပြေသွားပုံရ၏။ ဖြည်းဖြည်း ပြန်ဖြေလေသည်။

'ကျွန်တော် ဒီအရောက် . . . ကြိုးစားလာခဲ့ပါတနယ်၊ ကလေး အသက်ရှည်ဖို့ . . . ကျွန်တော် . . . လာ . . . ဆုတောင်း . . . ပေးတာပါ'

ပြောနေခိုက်မှာပင် သူက အထုပ်ကို ဖွင့်လေသည်။ အထုပ်ဖွင့်နေသည့် လက်ချောင်းကလေးတွေ တုန်နေ၏။ တုန်နေသော ထိုလက်ချောင်းကလေးများဖြင့်ပင် သူက တစ်လက်မပတ်လည်အရွယ်ရှိ ငွေရောင်စာလုံး ၄ လုံး ရေးထိုးထားသော ကြေးဝါရောင်အပြားကလေးတစ်ခုကို ထုတ်ယူ၏။ စာလုံးများ၏ အဓိပ္ပာယ်မှာ 'ကလေးသည် ဒိက္ခဏတောင်တန်းနှယ် သက်တန်းရှည်စေသတည်း' ဖြစ်၏။

ညော့သည်နှင့် စကားပြောနေရာသို့ ဆရာကတော် ရောက်လာသည်။ သားရေကုန်သည်မှန်း သိလိုက်သည်တွင် သူ များစွာ မနှစ်မြို့ပုံဖြစ်သွား၏။ မည်သို့ပင်ဖြစ်စေ . . . သားရေကုန်သည်ကို ဆရာသည် ညော့စိမ်းအကြောင်း တီးတိုးပြောနေကြသည့် ညော့သည်များ ထိုင်နေရာ စားပွဲကြီးဆီသို့ ခေါ်လာခဲ့၏။

ညော့သည်များသည် ၂ နာရီကြာမျှ သောက်ကြ စားကြလေသည်။ အားလုံး ပျော်နေကြသည်။ စိတ်လှုပ်ရှားနေကြသည်။ ဆူဆူညံညံ သောက်စားနေကြရင်း ဝိုင်အရက်ခွက်တွေ အပြန်အလှန် ကမ်းကြသည်။ ဝါးခနဲ ဝါးခနဲ ရယ်လိုက်သံကြောင့် အိမ်ကြီးပင် သိမ့်ခါသွားသည် ထင်ရ၏။ သားရေကုန်သည်ကိုတော့ ဘယ်သူကမှ အရေးမစိုက်။ သူကလည်း ဝိုင်နှစ်ခွက်လောက် သောက်ပြီး ငြိမ်ငြိမ်ကလေး ထိုင်နေလိုက်တော့၏။

အရက်ကို တစ်ဝကြီး သောက်ပြီးကြသည်တွင် ညော့သည်များ ထမင်းစားကြ၏။ စားပြီးသည်နှင့် အချင်းချင်း နှုတ်ဆက်ကာ မီးအိမ်ကလေးများ ဆွဲလျက် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ထွက်ခွာသွားကြလေသည်။

သားရေကုန်သည်သည် အစေခံများက စားပွဲတွေကို လာရှင်းကြလေမှ ဝရန်တာဘက်သို့ ထွက်လာခဲ့၏။ ဝရန်တာ၏ မှောင်ရိပ်ထိုးနေသော တစ်ထောင့်မှာ သူ့ဇနီးမိန်းမငယ်က ထိုင်နေလေသည်။

http://www.cherrythitsar.org



'ရှင် ဘာကိစ္စနဲ့ ဒီကိုလာတာလဲ'

စိတ်လက်မကြည်မသာ ဖြစ်နေပုံဖြင့် မိန်းမငယ်က မေးလိုက်သည်။

'ငါ မလာချင်ပါဘူး၊ ဒါပေမဲ့ မလာဘဲလည်း မနေနိုင်ဘူး'

'ဒီလိုဆိုလည်း စောစောကလေး လာရောပေါ့၊ ခုတော့ . . .'

'လာမလို့ပဲ၊ မွေးနေ့လက်ဆောင်ဝယ်ဖို့ ငွေရှာမရနိုင်တာနဲ့ နောက်ကျသွားတာ၊ ငွေရှာရတာ တစ်မနက်လုံးပဲ၊ ငွေရတော့ မြို့သွားပြီး လက်ဆောင်ဝယ်ရသေးတယ်၊ ငါ သိပ်မောတယ်ကွာ . . .။ သိပ်လည်း ဆာတာပဲ။ ဒါကြောင့် နောက်ကျသွားရတာပါ'

မိန်းမငယ်က ဖြတ်၍

'ချွင်ပေါက်ရော နေကောင်းရဲ့လား'

ဟု မေးလိုက်သည်။

'အေး . . . ချွင်ပေါက်ကိစ္စကြောင့်လည်း ငါလာခဲ့ရတာပဲ'

'ဘယ်လို၊ ချွင်ပေါက်ကိစ္စ . . . ဟုတ်လား'

'ဟုတ်တယ်၊ နွေပေါက်ကတည်းက သိပ်ပိန်ကျသွားတယ်။ ဆောင်းဝင်တော့ ဖျားပြန်ရော၊ ငွေမရှိလို့ ငါ ဘာမှ မလုပ်ပေးနိုင်ခဲ့ဘူး။ ဒီတော့လည်း အခြေအနေက ပိုဆိုးလာတာပေါ့ကွာ . . .၊ သူ့ကို ကယ်တင်ဖို့ တို့မကြိုးစားနိုင်ရင် သေသွားမှာတောင် စိုးရိမ်ရတယ်'

သူ ခဏရပ်ထားလိုက်သည်။ ပြီးမှ ပြန်ဆက်ရန် အားယူလိုက်သည်။

'မင်းဆီက ငွေနည်းနည်း လာချေးတာပဲ . . .'

သတင်းစုံ ကြားလိုက်ရသည်တွင် ရင်တွင်း အနက်ရှိုင်းဆုံး တစ်နေရာကို ကြောင်ရိုင်းများက ဝိုင်း၍ ကုတ်ခြစ်နေကြသလို ကိုက်ခဲနေကြသလို မိန်းမငယ် ခံစားနေရလေသည်။ အော်ဟစ်ငိုမိလုနီးဖြစ်သွားရ၏။ သို့သော် ကျွင်ပေါက်ကလေး မွေးနေ့ပွဲကျင်းပသည့် ထိုနေ့မျိုးမှာ ခံစားမှုတွေကို ထိန်းချုပ်ဖိနှိပ်ထားရမည်။ ပူဆွေးသော မျက်ရည်တွေ မကျသင့်ဟု ထင်မှတ်ထားသဖြင့် ကြွေလုလုနီး မျက်ရည်စများကို အံခဲ၍ သတ္တိရှိရှိ ပြန်လည်သိမ်းဆည်းလိုက်၏။

'ကျွန်မမှာ ငွေဘယ်လိုလုပ် ရှိနိုင်မှာလဲ။ သူတို့ပေးတဲ့ မုန့်ဖိုး တစ်လဆင့် ၂၀ လည်း ကလေးအတွက် သုံးလို့ ကုန်ပြီလေ။ ကဲ . . . ဒီတော့ ကျွန်မတို့ ဘာလုပ်ကြမလဲ'

အတွေးလည်းခမ်း လူလည်းနွမ်းသွားကြသည်။ စကားဝင်မပြောနိုင်ကြတော့။ အတော်ကလေး ကြာသွားလေမှ . . .

'ဒါထက် . . . ရှင် ဒီကိုလာတော့ ချွင်ပေါက်ကို ဘယ်သူနဲ့ ထားခဲ့သလဲ'

'အိမ်နီးချင်းတစ်ယောက်နဲ့ ထားခဲ့ရတယ်၊ ကနေ့ည အိမ်အရောက်ပြန်ရမှာ၊ အခုတောင် ပြန်ချိန်တန်နေပြီလေ'

ယောက်ျားတန်မယ့် ဖြေနေရင်းမှာ မျက်ရည်ဝဲလာသည်။

'ခဏစောင့်လေ . . . သူ့ဆီမှာ နည်းနည်း သွားချေးကြည့်မယ်'

မိန်းမငယ်ကလည်း မျက်ရည်စက်လက်ဖြင့် ပြန်ပြောကာ ထသွားလေသည်။

*

မွေးနေ့ပွဲကျင်းပပြီးနောက် ၃ ရက်အကြာ တစ်ညနေ၌ ဆရာက မိန်းမငယ်ကို အမှတ်မထင် မေးလိုက်လေသည်။

'ငါပေးထားတဲ့ အပြာရောင် ကျောက်စိမ်းလက်စွပ် မမြင်ပါလား။ ဘယ်ရောက်သွားသလဲ'

'ဟိုနေ့က သူ့ကို ပေးလိုက်ရတယ်၊ သူပေါင်ထားမှာပေါ့'

'နေစမ်းပါဦး၊ အဲဒီနေ့က ငါ မင်းကို ငါးဒေါ်လာ ချေးပေးလိုက်တယ် မဟုတ်လား'

မိန်းမငယ် ခေါင်းငိုက်ကျသွားလေသည်။ ချက်ချင်း ပြန်မဖြေနိုင်လောက်အောင်ပင် စိုးရိမ်စိတ်တွေ ဝင်လာတော့၏။ အတန်ကြာမှ ကြိုးစား၍ ဖြေလေသည်။

'ငါးဒေါ်လာနဲ့ မလောက်လို့ပါ'

ဆရာက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း . . . ကောင်းတယ်၊ သိပ်ကောင်းတယ်၊ မင်းအပေါ် ငါက ဘယ်လောက်ပဲ ကောင်းကောင်း၊ မင်းကဖြင့် မင်းယောက်ျားနဲ့ မင်းသားကြီးကို ပိုချစ်နေတုန်းပဲကိုးကွ။ တော်ပါပြီလေ ငါ သံယောဇဉ်ဖြတ်ပါတော့မယ်၊ တကယ်တော့ နောက်ထပ် ၃ နှစ် မင်းကို ဆက်ငှားထားချင်တယ်၊ ခုတိုင်းဆို ဘယ်ဖြစ်တော့မလဲ၊ ဒီတော့ နွေဦးပေါက်ရင် မင်းပြန်တော့'

မိန်းမငယ် အံ့အားသင့်သွား၏။ ရုတ်တရက် ဆွံ့အနေသလို ဖြစ်သွားတော့၏။ တစ်ခွန်းမှ သူ ပြန်၍ စောဒက မတက်နိုင်ခဲ့။ ဆရာ ပြန်ထွက်သွားသည့်တိုင် နှုတ်ဆိတ်နေဆဲ၊ မလှုပ်မယှက် ငြိမ်သက်နေဆဲ။

http://www.cherrythitsar.org



'အဲဒီအပြာရောင် ကျောက်စိမ်းလက်စွပ်ဟာ သိပ်တန်ဖိုးကြီးတဲ့ ရတနာကွ၊ မင်းကို အဲဒီလက်စွပ်ပေးတဲ့ ရည်ရွယ်ချက်က ကျွင်ပေါက်ကလေး အမွေဆက်ခံနိုင်အောင်လို့ပဲ။ ဒီအချက်ကို မင်း သဘောပေါက် နားလည်လိမ့် မယ်လို့ ငါ ထင်မှတ်ခဲ့တယ်။ ပေါင်စားလိမ့်မယ်လို့ လုံးလုံး မမျှော်လင့်ခဲ့ဘူး။ အေးလေ . . . ဒီအကြောင်း ငါ့မိန်းမ မသိတာ မင်းအတွက် ကံကောင်းတယ် သာမှတ်တော့'

နောက်ပိုင်းရက်များမှာတော့ မိန်းမငယ်သည် ပို၍ ပိန်ချုံးလာသည်။ ဖြူဖပ်ဖြူလျော် ဖြစ်လာသည်။ မျက်နက်ဝန်းမှာ ညှို့အားတွေ ပျက်ပြယ် သွားသည်။ မျက်မှန်းကျိုးချင်စရာ၊ ကျိန်ဆဲချင်စရာ သတ္တဝါ ဖြစ်ခဲ့ရလေသည်။ သည်အထဲ မိန်းမငယ်သည် ချွင်ပေါက်ကလေးကို သတိရနေပြန်သည်။ သူသည် အသိ ရွာသားတစ်ယောက်ယောက်ကို တွေ့ရနိုးဖြင့် စောင့်ကြည့် နေမိသည်။

တစ်ခါတစ်ရံတော့ ရွာသို့ သွားမည့်သူတစ်ဦးဦးကို ရှာကြည့်နေမိ သည်။ တစ်ချိန်တည်းမှာပင် ချွင်ပေါက်ကလေး ပြန်လည်ကျန်းမာလာသည့် သတင်းကို တစ်စုံတစ်ယောက်က သူမအား လာရောက်ပြောကြားလိမ့်မည်ဟု ထင်နေပြန်သည်။

သို့သော် ဘယ်လိုသတင်းမျိုးမှ ရောက်မလာခဲ့။

ထို့ကြောင့် ၂ ဒေါ်လာလောက် ထပ်မံချေးယူပြီး ချွင်ပေါက်ကလေး ထံ သကြားလုံးတွေ ဝယ်ပို့ချင်စိတ် ပေါက်လာ၏။ သို့သော် လူကြုံမရှိ။ လူကြုံကို တွေ့နိုင်ရန် သူသည် ကျွင်ပေါက်ကလေးကို ချီလျက် ခြံဝင်းထဲမှ ထွက်လာကာ မျက်စိကစားကြည့်သည်။ လူကြုံကို မမြင်သည့်အခါ အားငယ် စိတ်ဖြင့် ရွာသို့သွားရာလမ်းကို ငေးစိုက်ကြည့်နေလိုက်သည်။

မိန်းမငယ်၏ ယင်းအပြုအမူကို မြင်ရဖန်များလာသည့်အခါ ဆရာ ကတော်သည် စိတ်အနှောင့်အယှက်များစွာ ဖြစ်ရတော့၏။ ထို့ကြောင့် တစ်နေ့ မှာ ဆရာ့ကို ပြောလိုက်တော့၏။

'သူ ဒီမှာ ဆက်မနေချင်တော့တာ သေချာပါတယ်၊ ကြည့်ရတာ သူ့အိမ်ကို အမြန်ဆုံး ပြန်ချင်နေပုံပါပဲ'

တစ်ခါတစ်ရံတွင်လည်း မိန်းမငယ်သည် ကျွင်ပေါက်ကလေးကို ရင် ခွင်ထဲမှာ ထားသိပ်ရင်း အိပ်ပျော်သွားတတ်သည်။ ယင်းသို့ အိပ်ပျော်သွား ပြီး မကြာခင် ရုတ်တရက် အိပ်မက်ထယောင်တတ်၏။ စူးစူးရဲရဲ အော်မိလိုက် ၏။

http://www.cherrythitsar.org



ထိုအခါမျိုးဆိုလျှင် ကလေးကပါ လန့်နိုးလာပြီး ကျယ်ကျယ်လောင်လောင် ငိုပါလေတော့သည်။ တစ်ည ထိုကဲ့သို့ အဖြစ်တွင် ဆရာက . . .

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

ဟု ထိတ်ထိတ်ပြာပြာ မေး၏။

မိန်းမငယ်က ပြန်မဖြေသေးပဲ ကျွင်ပေါက်ကလေး အငိုတိတ်အောင်သာ ပွတ်သပ်ချော့မော့နေ၏။

ဆရာ စိတ်နည်းနည်းတိုသွားပုံရ၏။

'ဘာလဲ . . . မင့်သားကြီး သေတယ်လို့ အိပ်မက်လို့လား၊ မင်း အသံကုန်အော်လိုက်တယ်လေ၊ ငါတောင် လန့်နိုးလာတယ်'

သည်တော့မှ မိန်းမငယ်က ပြာပြာသလဲဖြေ၏။

'အို . . . မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်မ ရှေ့မှာ သင်္ချိုင်းသစ်တစ်ခုကို မြင်လိုက်တယ်ထင်လို့ အော်တာ'

ဆရာ စကားပြန်မပြောတော့။ မကောင်းသော အာရုံရိပ်ကမူ မိန်းမငယ်ရှေ့မှာ ထင်နေဆဲ။ သင်္ချိုင်းသည် သူနှင့် တဖြည်းဖြည်း နီးနီးလာသည်ဟုပင် ထင်နေပြန်၏။

*

ဆောင်းဥတု ကုန်ဆုံးတော့မည်ဖြစ်သည်။ ငှက်ကလေးများက ပြတင်းဝမှာ လာနားကြပြီး တကျီကျီ တစာစာ အော်နေကြပြီ။ ထိုအခါ မိန်းမငယ်သည် ငှက်ကလေးများကပင် သူ့ကို နှင်နေကြပြီဟု ထင်မိလိုက်၏။

ယခုဆိုလျှင် ကျွင်ပေါက်ကလေးကို နို့ဖြတ်လိုက်ပြီ ဖြစ်သည်။ ယင်းသို့ နို့ဖြတ်လိုက်ခြင်းသည်ပင် သူနှင့် ကျွင်ပေါက်ကလေးကို ထာဝရဖြတ်လိုက်ခြင်းဖြစ်တော့သည်ဟု သူ နားလည်ထားပြန်၏။

မိန်းမငယ် ထွက်ခွာသွားရတော့မည်နေ့တွင် ထမင်းချက် မိန်းမက ဆရာကတော်နားကပ်၍ တီးတိုးမေးလေသည်။

'သူ့အတွက် ကျွန်မတို့က ထမ်းစင်ငှား ပေးရဦးမလား'

ထိုအခါ ပုတီးစိပ်နေသော ဆရာကတော်က . . .

'မလိုဘူး၊ သူ့ဘာသာ ခြေလျင်ပြန်သွားတာ ပိုကောင်းတယ်၊ ထမ်းစင်ငှားရင် သူ ပိုက်ဆံကုန်ရဦးမယ်လေ၊ သူ့မှာ ပိုက်ဆံမှမရှိတာ။ အင်း . . . သူ့ယောကျ်ားလည်း တစ်နေ့ ထမင်း ၃ နပ်စားဖို့တောင် မတတ်နိုင်တော့တဲ့

အခြေပဲ့။ ဒါကြောင့် သူ့အနေနဲ့ သိပ်ဟန်ရေးပြချင်နေလို့ မဖြစ်တော့ဘူး။ သိပ်လည်း မဝေးလှပါဘူးဟယ်။ ငါတောင် တစ်နေ့ထဲ လီ ၄၀ လောက် လျှောက်နိုင်သေးတာ။ ငါ့ထက် သူက ခရီးဝေးလျှောက်ကျင့် ရှိပြီးသားပဲ၊ နေ့ဝက်လောက်နဲ့ ရောက်သွားမှာပါ'

ထိုနေ့မနက်မှာ မိန်းမငယ်သည် ကျွင်ပေါက်ကလေးကို အင်္ကျီလဲပေးသည်။ တရှုံ့ရှုံ့လည်း သူငိုနေသည်။ ကလေးက

'ဒေါ်ဒေါ် . . . ဒေါ်ဒေါ်'

ဟု တစာစာ ခေါ်နေသည်။ (ဒေါ်ဒေါ်ဟု ခေါ်ရန် ဆရာကတော်က ကလေးကို သင်ထားခြင်းဖြစ်သည်။) စကားပြောမဖြစ်နိုင်လောက်အောင် ငိုရှိုက်နေရသဖြင့် သူ ပြန်မထူးနိုင်ခဲ့။ တကယ်တော့ ကလေးကို ပြောပြချင်သည့် စကားတွေက ရင်နှင့်အပြည့်ရှိနေသည်။

'သွားရတော့မယ် ကလေးရေ . . .၊ ကလေး မေမေက ယုယမှာပါကွယ် . . .၊ ကလေးကလည်း မေမေ့အပေါ် တစ်လျှောက်လုံး ကောင်းပါနော်။ မေမေ့ . . . အို . . . ဒေါ်ဒေါ့်ကိုတော့ သား . . . သားကလေး . . . မေ့ . . . မေ့လိုက်ပါတော့ . . .'

စကားလုံးတွေ ထွက်မလာနိုင်၊ ရင်ဝ၌သာ တစ်ဆို့နေကြသည်။ အကယ်၍ ပြောထွက်နိုင်တောင်မှ ကလေး နားလည်နိုင်မည်မဟုတ်။ တစ်နှစ်ခွဲသာရှိသေးသည် မဟုတ်လား။

မိန်းမငယ် ကျောနောက်မှာ ဆရာက တိတ်တဆိတ် လာရပ်သည်။ သူလည်း စကားပြောနိုင်ဖို့ ကြိုးစားအားယူနေရပုံပင်။ ဆရာက မိန်းမငယ် လက်ထဲသို့ ဆင့် ၂၀ တန် ငွေ ၁၀ ပြား ထည့်လိုက်သည်။ ပြီးမှ တိုးတိုး ကလေး ပြောလေသည်။

'ဟောဒါက မင့်အတွက် ၂ ဒေါ်လာနော်'

မိန်းမငယ်သည် ကျွင်ပေါက်ကလေး၏ အင်္ကျီကြယ်သီးကို တပ်ပေးပြီး ငွေ ၁၀ ပြားကို အိတ်ကပ်ထဲ ထည့်လိုက်သည်။

ထိုအချိန်မှာ သူတို့အနားသို့ ဆရာကတော် ရောက်လာသည်နှင့် ဆရာက ထွက်သွားတော့၏။ ထွက်သွားသည့် ဆရာ့ကျောပြင်ကြီးကို ဆရာကတော်က စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်ပြီး မိန်းမငယ်ဘက် မျက်နှာမူလိုက်သည်။

'ကဲ . . . ကလေးကို ငါ့ပေးတော့၊ ဒါမှ မင်းထွက်သွားတဲ့အခါ သူ မငိုမှာ'

http://www.cherrythitsar.org



မိန်းမငယ်က မလှုပ်မယှက်၊ နှုတ်ဆိတ်နေ၏။ ကလေးကို ပေးချင်ပုံမရ။ ဆရာကတော်က အပေးမစောင့်ဘဲ ဆွဲယူလိုက်၏။ ကလေးက အတင်းဆွဲယူရာ လိုက်ပါသွားရင်း ဆရာကတော့်မျက်နှာကို သူ့လက်ကလေးဖြင့် ရိုက်ပစ်၏။ ဆရာကတော် ကသိကအောင့် ဖြစ်သွားရတော့၏။ စိတ်လက်မကြည်မသာ ဖြစ်ရတော့၏။

'ကဲ . . . ကဲ . . . ရော့၊ မနက်စာ စားချိန်အထိ မင်းပဲချီထားတော့'

မနက်စာ ကျွေးသည့်အခါ ထမင်းချက်မိန်းမက အဝစားသွားဖို့ တဖွဖွပြောနေ၏။

'အစ်မ ထမင်းကောင်းကောင်းမစားတာ ၂ ပတ်လောက်ကို ရှိနေပြီ၊ ရောက်စကလို မဝတော့ဘူး၊ မှန်ထဲမှာ မကြည့်မိဘူးလား၊ ကနေ့ဆိုရင် အစ်မ လီ ၃၀ လောက် လျှောက်ရမှာနော်၊ ဒီတစ်ပန်းကန်တော့ ကုန်အောင် စားဦး။ ဟုတ်လား အစ်မ'

စိတ်မပါလှသော်လည်း လူမှုရေးအရ

'အေးပါကွယ် . . . မင်းက သိပ်ကြင်နာတတ်တာပဲနော်'

ဟု မိန်းမငယ်က ပြန်ပြောရလေသည်။

ထိုနေ့မှာ နေသာနေသည်။

ကျွင်ပေါက်ကလေးက သူ့ဆီမှာ ကပ်နေဆဲ။ ဆရာကတော် စိတ်မရှည်ပုံ ပေါက်လာ၏။ စိတ်ဆိုးမာန်ဆိုး ဆွဲယူလိုက်၏။ ကလေးက အသံကုန်ငိုတော့၏။ ဆရာကတော့်ဖိုက်ကြီးကို ကန်ကျောက်၏။ ဆံပင်တွေကို ဆွဲ၏။

မိန်းမငယ် စိတ်ထိခိုက်လာသည်။ ကြေကွဲလာသည်။

'နေ့လည်စာ စားပြီးချိန်အထိ ကျွန်မ ဆက်နေပါရစေရှင် . . .'

ရှိုက်သံသဲ့သဲ့ဖြင့် ဖွင့်ဟတောင်းပန်မိတော့၏။

သူ့ဘက်သို့ ဆရာကတော် ဆတ်ခနဲ လှည့်လိုက်၏။

'သွား . . . သွား၊ အဝတ်အစားတွေ မြန်မြန်သွားထုပ်ချေတော့၊ ထုပ်ပြီး အမြန်ဆုံး ထွက်သွားပေတော့'

မနာခံ၍ မဖြစ်။ နာခံရတော့မည်။ ထွက်ခွာရတော့မည်။ လေးလံနေသည့် ခြေအစုံကို ခွန်အားစိုက်ရွေ့ရ၏။

တစ်လှမ်း . . .၊ နှစ်လှမ်း . . .၊ သုံးလှမ်း . . .။

ကျွင်ပေါက်ကလေး ငိုသံနောက်မှာ ကျန်ခဲ့ပြီ။ ထမင်းချက်မိန်းမက အနားကပ်လာပြီး အားပေးစကားပြောနေသည်။ နှစ်သိမ့်နေသည်။ အထုပ်ထဲ

http://www.cherrythitsar.org



ထည့်နေသည့် ပစ္စည်းပစ္စယများကိုလည်း မှတ်သားနေသည်။ ထွက်ခွာသွားသည့်အခါ ပစ္စည်းဟောင်းများသာပါသော အထုပ်ဟောင်းကလေးသာ ပြန်ပါသွားလေသည်။

ခြံဝင်းတံခါးမှ အထွက်တွင် ကျွင်ပေါက်ကလေး ငိုသံက နားတွင်းသို့ တိုးကပ်လာပြန်သည်။ ထိုငိုသံသည် လီ ၃၀ ခရီးပေါက်သည့်တိုင် နားဝမှာ ခွဲတွဲနေလိမ့်မည်ဟု မိန်းမငယ် နားလည်ထားလိုက်လေသည်။

ရှေ့မှာတော့ နေရောင်သောက်နေသည့် ရွာလမ်းမကြီး။ ကောင်းကင်ပြင် အဆုံးအစမရှိသည့်နှယ် သည်လမ်းမကြီးသည်လည်း ဆုံးစမထင်။

လမ်းနှင့်အပြိုင်မှာ မြစ်တစ်ခု စီးဆင်းနေသည်။ မိန်းမငယ်က မြစ်ကမ်းနံဘေးက လမ်းကလေးအတိုင်း ချီချီနဲ့နဲ့ လျှောက်နေ၏။ ကြည်လင်သည့်မြစ်ရေပြင်မှာ သူ့အရိပ်ထင်နေမည်ဟု တွေးမိလိုက်သည်။ သူ ခဏ ရပ်လိုက်သည်။

မြစ်ထဲခုန်ချပြီး ဘဝကို အဆုံးသတ်လိုက်ရန် စိတ်ကူးပေါက်လာသည်။ သူ ကမ်းစပ်နား ကပ်လာခဲ့သည်။

သို့သော် . . .

စိတ်နောက်ကိုယ်ပါ မလုပ်ရဲ။ ထို့ကြောင့် ကမ်းစပ်မှာ ခဏတာ အပန်းဖြေပြီး ခရီးဆက်ခဲ့၏။

မွန်းတည့်ချိန်ရောက်ခဲ့ပြီ။ အဘိုးအိုတစ်ယောက်နှင့် လမ်းမှာ တွေ့သည်။ အဘိုးအိုက မိန်းမငယ် ရွာသို့ရောက်ရန် ၁၅ လီမျှ လိုသေးကြောင်း ပြောပြလေသည်။

မိန်းမငယ် ပိုမောလာသည်။ အားပြတ်ပြီး မတ်တပ်က လဲမည်လို ဖြစ်လာသည်။ ခြေအစုံက တုန်လာသည်။

'အဘိုးရယ် . . . အထမ်းသမား ရှာမပေးနိုင်ဘူးလား၊ ကျွန်မ ဆက်မလျှောက်နိုင်တော့ဘူး၊ သိပ်မောတာပဲ အဘိုးရယ် . . .'

'ကလေးမ ဖျားနေသလားကွဲ့'

'ဟုတ်ကဲ့ . . .၊ ဖျားနေပါတယ်'

'ဒါထက် . . . ကလေးမက ဘယ်ကလာခဲ့တာလဲ'

'အိမ်ပြန်မှာပါ အဘိုးရယ် . . .၊ မနက်တုန်းကတော့ အိမ်အရောက် လျှောက်နိုင်မယ်လို့ ထင်ခဲ့တာ အဘိုးရဲ့'

အဘိုးအိုသည် မိန်းမငယ်အား များစွာသနားမိသည်။ စိတ်မကောင်းလွန်းလှသဖြင့် စကားပင် ဆက်မပြောနိုင်တော့။

http://www.cherrythitsar.org



အဘိုးအိုကပင် ထမ်းစင်တစ်ခုရအောင် ရှာ၍ ငှားပေးလိုက်လေသည်။

ညနေ ၄ နာရီလောက်မှာ ရွာလမ်းထဲ ဝင်ခဲ့သည်။ မိန်းမငယ်မျက်နှာက ရှုံ့တွနေသည့် ဟင်းရွက်လို ညှိုးရော်တွန့်ခွေနေသည်။ ဖျော့တော့နေသည်။ ရွာသူရွာသားများက အံ့အားသင့်ခြင်း၊ သနားခြင်းဖြင့် ကြည့်နေကြသည်။ ကလေးတွေက အုပ်စုဖွဲ့အော်ဟစ်ပြီး ထမ်းစင်နောက်က လိုက်လာကြသည်။ တိတ်ဆိတ်သည့် ရွာကလေး ပွက်လောညံနေ၏။ အော်သံများကြောင့် လှုပ်ခါနေ၏။

ကလေးအုပ်စုထဲမှာ ချွင်ပေါက်ကလေးပါလာသည်။ သူ့အိမ်ရှိရာလမ်းထဲသို့ အထမ်းသမားများ ချိုးဝင်လိုက်တဲ့အခါ ကလေးတွေက ဝက်များလို အော်လိုက်ကြသည်။ ချွင်ပေါက်ကလေးက အများနည်းတူ လိုက်မအော်နိုင်။ အံ့အားသင့်ခြင်းဖြင့် မျက်လုံးကလေးတွေ ပြူးသွားကာ ရပ်နေမိလိုက်သည်။ ထမ်းစင်ကို သူ့အိမ်ရှေ့မှာ ချလိုက်သည့်အခါတွင်တော့ သူက အိမ်အရောက်ပြေးသွားပြီး အိမ်တိုင်ကိုမှီလျက် ထမ်းစင်ကို စူးစူးစိုက်စိုက် အကဲခတ်နေလိုက်၏။

တခြားကလေးများကမူ ထမ်းစင်ပတ်လည်မှာ ရပ်ပြီး လည်တိုင်ကလေးတွေ ဟိုဘက်ယိမ်း၊ သည်ဘက်ယိမ်းကာ မရွံ့မရဲ ကြည့်နေကြသည်။

ထမ်းစင်ထက်မှ အဆင်းတွင် မိန်းမငယ်သည် နောက်ကျိုမူးဝေသွားလေသည်။ သူ့ရှေ့မှာ ရပ်နေသော ဆံပင်ဘုတ်သိုက်နှင့် အဝတ်အစား စုတ်ပြတ်ပြတ်ဝတ်ထားသည့်ကလေးကို ချွင်ပေါက်မှန်း ပထမတော့ မသိလိုက်။ ကလေးအရပ်အမောင်းကလည်း လွန်ခဲ့သော ၃ နှစ်ကထက် ပို၍မြင့်မလာသလို။ နောက်ပြီး အရိုးပေါ် အရေတင်။ အမူးအနောက် အနည်းငယ်ပြေသွားလေမှ ချွင်ပေါက်ကလေးမှန်း သိနိုင်တော့သည်။ သည်အခါ မိန်းမငယ်က

'ချွင်ပေါက် . . .'

ဟု လွှတ်ခနဲ ခေါ်မိလိုက်တော့၏။

ကလေးတွေ လန့်ပြီး ပြေးထွက်သွားကြ၏။ ချွင်ပေါက်ကလေးလည်း အလွန်ကြောက်ရွံ့သွားကာ အိမ်ထဲသို့ ပြေးဝင်ပြီး သူ့အဖေကို ရှာလေတော့၏။

မိန်းမငယ်သည် ညစ်ပတ်မည်းမှောင်နေသည့် အခန်းတွင်းသို့ ဝင်လာကာ ထိုင်ချလိုက်သည်။ သူ့ယောကျ်ားက ခေါင်းငိုက်ချလျက် လျှောက်လာပြီး အနားမှာ ထိုင်သည်။ မိန်းမငယ် စကားမပြောနိုင်။ ယောကျ်ားက

http://www.cherrythitsar.org



လည်း နှုတ်ပိတ်။ ညနေ ဆည်းဆာရိပ်များ သမ်းလာချိန်ကျမှ သူ ခေါင်း ထောင်လာကာ . . .

'ညစာ ချက်တော့လေ'

ဟု ပြောလေသည်။

မိန်းမငယ်က မထချင်ထချင်ဖြင့် ထလိုက်ရကာ မီးဖိုထဲဝင်သွားပြီး ဆန်အိုးကိုဖွင့်သည်။

'စဥ့်အိုးထဲမှာ ဆန်လည်း မရှိပါလား'

လေသံပျော့ကလေးဖြင့် လှမ်းပြောလိုက်သည်။ သည်တွင် ယောက်ျားက ဟန်လုပ်ပြုံးဖြင့် မိန်းမငယ်ကို ပြန်ကြည့်ကာ . . .

'အင်း . . . မင်းက သူဌေးအိမ်က အကျင့်တွေပါနေသေးတာကိုး။ တို့က ဆန်ကို စဥ့်အိုးနဲ့ ထည့်မစားနိုင်ဘူးလေ။ ကဒ်စက္ကူပုံးနဲ့ ထည့်စားရ တာပေါ့ကွာ . . .'

ည အိပ်ချိန်ရောက်သည့်အခါ သားရေကုန်သည်က ချွင်ပေါက် ကလေးကို ပြောလေသည်။

'ကဲ . . . ချွင်ပေါက်၊ ကနေ့ည မင့်အမေနဲ့ အိပ်ပေတော့'

ချွင်ပေါက်ကလေးက ကြောက်ရွံ့သလို ဝမ်းနည်းသလို ဖြစ်သွားကာ ငိုလေတော့သည်။

သည်အခါ မိန်းမငယ်က အနားကပ်သွားပြီး

'အိုး . . . သားကလေး . . . ချွင်ပေါက်ကလေး . . . မငိုပါနဲ့ကွယ်'

ဟု ပြောရင်း ပွတ်သပ်ချော့မြူရန် လက်လှမ်းလိုက်သည်တွင် ချွင် ပေါက်ကလေးက ရှောင်လိုက်သည်။

သည်တော့ ဖအေက

'ဟော့ကောင် ချွင်ပေါက်၊ မင်းက အမေကိုတောင် မေ့သွားပြီပေါ့၊ မင်း အရိုက်ခံရမယ်နော် . . . သတိထား'

ဟု ခြောက်လိုက်သည်။

မိန်းမငယ်သည် ကျဉ်းမြောင်းညစ်ပေသည့် ပျဉ်ခင်းအိပ်စင်ထက်မှာ လဲနေသည်။ စိမ်းနေသေးသော ချွင်ပေါက်ကလေးက နံဘေးမှာ အိပ်ပျော်နေ သည်။

အိပ်မပျော်သေးသော မိန်းမငယ်၏ ဝိုးတဝါးအာရုံရိပ်တွေထဲမှာ ဝဝ ကစ်ကစ်၊ ဖြူဖြူဖွေးဖွေး၊ ချစ်စရာ သားငယ်ကလေးကို မြင်နေမိသည်။ သား ငယ်ကလေးက သူ့နံဘေးမှာ ကွေးကွေးလေး အိပ်နေသည်။

http://www.cherrythitsar.org



သားငယ်ကလေးကို ဖက်ထားချင်စိတ်ဖြင့် လက်ကို ဆန့်ထုတ်လိုက်မိသည်တွင် . . . သားကြီးချင်ပေါက်ကိုသာ မြင်တွေ့လိုက်ရသည်။ ချင်ပေါက်၏ အသက်ရှူသံက တိုးညင်းလှသည်။ မျက်နှာကလေးကို မိန်းမငယ် ရင်ခွင်ထဲမှာ မြှုပ်ထားသည်။ မိန်းမငယ်သည် ချင်ပေါက်ကလေးအား တင်းတင်းကျပ်ကျပ် ဖက်ထားမိလိုက်တော့သည်။

တိတ်ဆိတ် အေးစက်သော ညတာကား ရှည်လျားလွန်းလှပါကလား . . .။

**မြားနတ်မောင်မဂ္ဂဇင်း ၊ အတွဲ – ၅ ၊ အမှတ် – ၄ ၊ ဖေဖော်ဝါရီ ၊ ၁၉၉၆ ။**

**STORIES FROM THE THIRTIES ဝတ္ထုတိုပေါင်းချုပ် အတွဲ (၁) ပါ ROU SBI ၏ A SLAVE MOTHER ဝတ္ထုတိုကို ပြန်ဆိုပါသည်။**

စဒေးချမ်း

# [illegible]

ကျွန်တော်သည် မော်စကိုတွင် ကျောင်းတက်နေစဉ်က ကျွန်တော်နှင့် အခန်းနီးချင်း မိန်းကလေးတစ်ဦး ရှိပါသည်။ သူမသည် အိမ်ထောင်ပရိဘောဂများကို ပေါလစ်သုတ်သော အလုပ်ကြမ်းသမားတစ်ဦးဖြစ်သည်။ သူမ၏ အမည်မှာ 'တာရီဆာ' ဖြစ်သည်။ အရပ်ရှည်ရှည် သန်မာထွားကြိုင်း၍ အသားမည်းပြီး ထူထဲသော မျက်ခုံးမွေးရှိသည်။ ပုံစံမှာ ညှင်းသိုးသိုးပုံစံမျိုးဖြစ်သည်။

သူမ၏မျက်လုံးများသည် တောက်ပခြင်းမရှိ၊ မှုန်မှိုင်း၍ နေသည်။ အသံမှာ အသံနက်ကြီးဖြစ်ပြီး ဟန်အမူအရာမှာ ဘဝတိုက်ပွဲဝင်နေရသူတစ်ဦး၏သဏ္ဌာန် ပေါ်နေပေသည်။ ကိုယ်လုံးမှာ တုတ်ခိုင်၍ တစ်ကိုယ်လုံး ခြုံ၍ ပုံဖော်ကြည့်လျှင် အရုပ်ဆိုး၍ ကြောက်စရာ အသွင်သဏ္ဌာန်မျိုး ဖြစ်သည်။

သူမအခန်းနှင့် ကျွန်တော့်အခန်းမှာ အပေါ်ဆုံးထပ်တွင် မျက်နှာချင်းဆိုင်ဖြစ်သည်။ သူ့အခန်းတွင် သူရှိနေကြောင်းသိလျှင် ကျွန်တော်သည် အခန်းတံခါးကို ဘယ်တော့မှ မဖွင့်ပါ။ တစ်ခါတစ်ရံ လှေကားတွင်သော်လည်းကောင်း၊ အခန်းအနီးတွင်လည်းကောင်း ကျွန်တော်နှင့် ဆုံမိပါသည်။ ထိုအခါမျိုးတွင် သူမသည် ကျွန်တော့်ကို မလှမပသော အပြုံးဖြင့် ပြုံးပြတတ်ပါသည်။ မသေသပ်သော ဆံပင်ဖြင့် ရှုပ်ပွပြီး မျက်ထောင့်နီဖြင့် သူမ အိမ်အပြန်လမ်း

http://www.cherrythitsar.org



တွင် မကြာခဏ ဆုံတတ်ပါသည်။ ထိုအခါ သူမကပင် ကျွန်တော့်ကို စတင်နှုတ်ဆက်တတ်ပါသည်။

'ဟော့ ကျောင်းသားကြီး'

သူမ၏ သာယာနာပျော်ဖွယ်မရှိသော ရယ်မောသံသည် စိတ်ပျက်ဖွယ်ကောင်းလှသည်။ သူမကို ရှောင်နိုင်ရန် ဒီအခန်းက ပြောင်းသွားရန် စိတ်ကူးမိပါသည်။ သို့သော် ကျွန်တော့်နေရာလေးမှာ သိပ်ကောင်းပြီး တစ်မြို့လုံး၏ မြင်ကွင်းကို စီးမြင်နေရသည်။ လမ်းကလေးမှာ တိတ်ဆိတ်ငြိမ်သက်မှု ရှိသည်။ ဒါကြောင့်လည်း ဒီအခန်းက မပြောင်းဖြစ်ပဲ ဆက်နေမိသည်။

တစ်ခုသော နံနက်ခင်းတွင် ကျွန်တော်သည် ရေမိုးချိုး အဝတ်အစားလဲပြီး အိပ်ရာပေါ်လှဲနေစဉ် အခန်းတံခါး ရုတ်တရက် ပွင့်လာပါသည်။ တာရီဆာ၏ သဏ္ဍာန်သည် တံခါးပေါက်၌ ပေါ်လာသည်။ သူမ၏ အသံနက်ကြီးဖြင့် ကျွန်တော့်ကို နှုတ်ဆက်ပါသည်။

'ဟော့ ကျောင်းသားကြီး'

'မင်း ဘာအလိုရှိလို့လဲ'

ကျွန်တော်က ပြန်မေးလိုက်ပြီး သူမကို ကြည့်လိုက်သည်။ သူမမျက်နှာမှာ တစ်လောကလုံး မကျေနပ်သည့်ပုံစံ ပေါ်နေပါသည်။ ယခင်ကတော့ သူမကို ကျွန်တော် သတိမထားမိခဲ့ပေ။

'ရှင် ကျွန်မကို တစ်ခုကူညီပါ၊ ကျွန်မတောင်းတဲ့ အကူအညီကို မငြင်းပယ်ပါနဲ့လို့ ကြိုတင်တောင်းပန်ပါတယ်'

ကျွန်တော် ဘာမှ ပြန်မပြောဘဲ သူမပြောသမျှကို နားထောင်နေလိုက်ပါသည်။

'ကျွန်မကို စာတစ်စောင်လောက် ရေးပေးပါ'

သူမတွင် တကယ်လိုအပ်၍ အကူအညီတောင်းသည်ကို ကျွန်တော်လုပ်မပေးနိုင်စရာ အကြောင်းမရှိဟု တွေးလိုက်မိပါသည်။ အိပ်ရာမှ ရုတ်တရက်ထ၍ စားပွဲတွင် နေရာယူလိုက်ပါသည်။ စာရွက်နှင့် ဖောင်တိန်ကိုယူပြီး သူမရေးလိုသော အကြောင်း ပြောဖို့ တိုက်တွန်းလိုက်ပါသည်။

'လာ ဝင်ထိုင်ပါ၊ မင်းရေးချင်တဲ့ အကြောင်းအရာကိုပြောပါ'

သူမသည် ကျွန်တော့်စားပွဲတွင် ဝင်ထိုင်ပြီး ကျွန်တော့်မျက်လုံးကို တစ်ချက် စူးစိုက်ကြည့်လိုက်ပါသည်။

'ပြောပါ၊ ကျွန်တော် ဘယ်သူ့ဆီ ရေးပေးရမှာလဲ'

'ဘိုးလ်စလော့ဆီကိုပါ၊ သူကတော့ ဆွမ်ဇီယာနီမှာ နေပါတယ်'

http://www.cherrythitsar.org



'ကျွန်တော် သူ့ဆီ ဘာတွေ ရေးပေးရမလဲ ပြောပါ'

'ချိုသဲ၊ ကျွန်မအချစ် ကျွန်မဝိညာဉ်ဖြစ်သော ချစ်တဲ့ ဘိုးလ်ရေ၊ မင်းကို ဘုရားသခင် စောင့်ရှောက်နိုင်ပါစေကွယ်၊ ချစ်တဲ့ဘိုးလ်ရေ ဘာကြောင့် မင်းရဲ့ ချိုးငှက်ကလေး တာရီဆာဆီ အကြာကြီး စာမရေးဘဲ နေရသလဲကွယ်၊ တို့ ဝမ်းနည်းကြေကွဲစွာ ခံစားနေရပါတယ်ကွယ်'

သူမ စကားဆုံးသောအခါ ကျွန်တော့်မှာ မရယ်ဘဲ မနေနိုင်တော့ပါ။ သူမ၏ ဝမ်းနည်းကြေကွဲနေသော ချိုးငှက်ကလေးဟူသော စကားကြောင့် အားပါးတရ ရယ်မိပါတော့သည်။ သူမပြောသော ချိုးငှက်ကလေးမှာ အရပ်ခြောက်ပေကျော် အားကောင်းမောင်းသန် သန်မာထွားကျိုင်းလျက် မျက်နှာမှာ မည်းနက်၍ နေသည်။

ချိုးငှက်ကလေးသာ ဆိုလျှင် ဒါလောက် မည်းနက်ရန်မရှိ။ မီးခိုးရောင်လောက်တော့ ဖြစ်သင့်သည် မဟုတ်လား။ ဒါပေမဲ့ ကျွန်တော် မျက်နှာ ပိုးသတ်၍ သူမကို တည့်တည့်ကြည့်၍ မေးလိုက်သည်။

'ဘိုးလ်စလော့ဆိုတာ ဘယ်သူလဲ'

သူမက အံ့သြစွာ ပြန်ပြောပါသည်။ သူမပြောသော ဘိုးလ်သည် ဘယ်သူဖြစ်သည်ဆိုတာကို မည်သူတစ်ဦးတစ်ယောက်မျှ သိနိုင်မည် မဟုတ်ပါ။

'ကျွန်မက ဘိုးလ်နဲ့ လက်ထပ်တော့မလို့'

'လက်ထပ်မယ် ဟုတ်လား'

'ရှင် ဘာကြောင့် ဒါလောက် အံ့သြသွားရတာလဲ၊ ကျွန်မလို အသည်းနှလုံးဖြူစင်တဲ့ မိန်းမငယ်လေးတစ်ယောက်ကို လက်မထပ်နိုင်ဘူး ထင်လို့လား'

'မိန်းမငယ်ကလေးတဲ့လား၊ ရယ်စရာပါပဲ၊ ဖြစ်နိုင်ပါတယ်လေ၊ အရာရာတိုင်းဟာ ဖြစ်နိုင်တာပဲ၊ မင်း သူနဲ့စေ့စပ်ထားတာ ဘယ်လောက်ကြာပြီလဲ'

'ဆယ်နှစ်ရှိပြီ'

ကျွန်တော်လည်း သူမက ဘိုးလ်ထံ ရေးတဲ့ စာတစ်စောင်ကို ကြင်နာခြင်း၊ ချစ်ခြင်းများ ပြည့်လျှမ်းစွာ ရေးပေးလိုက်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ဘိုးလ်ရဲ့နေရာမှာ ဝင်ရောက်ခံစားမိပါသည်။ ဒီစာအတွက် ဘယ်သူတစ်ဦးတစ်ယောက်ဆီကမှ စာပြန်မလာခဲ့လျှင် ဟာရီဆာတစ်ယောက်တော့ဟု ကျွန်တော် တွေးနေစဉ် . . .

http://www.cherrythitsar.org



'ရှင့်ကို ကျွန်မ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်၊ ဒါအတွက် ကျွန်မ ရှင့်ကို တစ်ခုခု ဆောင်ရွက်ပေးခွင့် ပြုနိုင်မလား'

'ဘာမှ လုပ်ပေးစရာ မလိုပါဘူး၊ ကျေးဇူးတင်ပါတယ်'

'ကျွန်မ ရှင့်အင်္ကျီအဝတ်အစားတွေ ပြင်ဆင်ပေးရမလား'

သူမ ဘယ်လိုပြောပြော သူ့ရဲ့ ဆောင်ရွက်ပေးမှုတွေကို မခံယူလိုပါ။ ကျွန်တော့်အတွက် အနှောင့်အယှက်လို ဖြစ်နေပါသည်။ ဒါကြောင့် ကျွန်တော် လက်မခံပါ။ သူမလည်း ကျွန်တော့်အခန်းထဲက ထွက်သွားပါသည်။

ရက်သတ္တနှစ်ပတ်ကြာသော တစ်ညနေမှာတော့ ပြတင်းပေါက်မှာ ထိုင်နေရင်း ကျွန်တော့်ပျော်ရွှင်မှုအတွက် ဘာလုပ်ရလျှင် ကောင်းမလဲဟု လေးလေးတချွန်ချွန်နှင့် စဉ်းစားနေမိပါသည်။ အပြင်ဘက်မှာကလည်း ရာသီဥတုက ဆိုးရွားပြီး အပြင်ထွက်လိုစိတ်မရှိပါ။

ထိုအချိန်တွင် ရုတ်တရက် ကျွန်တော့်တံခါးပွင့်လာပါသည်။ တံခါးပေါက်မှာတော့ တာရီဆာ ပေါ်လာပြီး . . .

'ဟော့ မင်းအလုပ်များနေသလား'

အကြောင်းတစ်စုံတစ်ရာ ရှိလိမ့်မည်ဟု ကျွန်တော် ထင်လိုက်မိပါသည်။

'ဘာအလုပ်မှ မရှိပါဘူး၊ ဘာကိစ္စရှိလို့လဲ'

'ကျွန်မအတွက် စာတစ်စောင် ထပ်ရေးပေးပါဦး'

'ကောင်းပါပြီ၊ ဘိုးလ်ဆီကိုပဲ မဟုတ်လား'

'ဘိုးလ်ဆီကို မဟုတ်ပါဘူး၊ ကျွန်မ သူ့အဖြေကို လိုချင်တာပါ'

'ဗျာ . . .'

ကျွန်တော် အံ့သြခြင်းကြီးစွာနှင့် အော်လိုက်မိသည်။

'ခွင့်လွှတ်ပါရှင်၊ ဒါဟာ ကျွန်မရဲ့ မိုက်မဲမှုပါပဲ။ ကျွန်မကိုယ်တိုင် ရှင်းအောင် မပြောပြတတ်အောင်ပါပဲ။ အဲဒီစာက ကျွန်မအတွက် မဟုတ်ပါဘူး၊ ကျွန်မမိတ်ဆွေတစ်ယောက်အတွက်ပါ၊ သူကတော့ ကျွန်မသိနေတဲ့သူတစ်ယောက်ပါပဲ၊ သူ ဘယ်လိုစာပြန်ရေးမယ်ဆိုတာတော့ ကျွန်မ မသိနိုင်ပါဘူး၊ သူကတော့ ကျွန်မလို ချစ်တတ်တဲ့ အသည်းနှလုံး ရှိသူတစ်ယောက်ပါပဲ'

ကျွန်တော် သူမကို တစ်ချက် မော့ကြည့်လိုက်ပါသည်။ သူမ ရှက်နေပါသည်။ သူ့လက်တွေ တုန်နေပြီး စိတ်ရှုပ်နေပါသည်။ ကျွန်တော် ထင်ပါသည်။ သူမကို ကျွန်တော် နားလည်တယ်လို့ . . .

http://www.cherrythitsar.org



'ဒီမှာ မိန်းကလေး၊ ငါပြောတာ နားထောင်ပါ၊ ငါ့ကို မင်းပြောပြတဲ့ မင်းနဲ့ ဘိုးလ်အကြောင်း အပါအဝင် အကြောင်းအရာအားလုံးဟာ တကယ့် စိတ်ကူးယဉ်တွေပဲ၊ မင်း ညာနေတယ်၊ ဒီကိုလာဖို့ အကြောင်းရှာတာ သက်သက်ပဲ၊ မင်းနဲ့ငါ ဘယ်လိုမှ မပတ်သက်ချင်ဘူး၊ မင်း နားလည်ရဲ့လား'

ကျွန်တော့်စကားဆုံးသည်နှင့် သူမ ကြည့်ရသည်မှာ အလွန် ကြောက်နေပုံရသည်။ သူမမျက်နှာ နီလာပြီး ကျွန်တော့်ကို တစ်ခုခုပြန်ပြောဖို့ ကြိုးစားပါသည်။ သူမအပေါ် ကျွန်တော့်ဆုံးဖြတ်ချက်မှားသွားကြောင်း သိရှိ ခံစားလာရပါသည်။ ဒါပေမယ့် ဘယ်လိုပြောမလဲ၊ လွန်ကုန်ပါပြီ။

'ဒီမှာ . . . ရှင်'

သူမ ကျွန်တော့်ကို စတင်ပြောဖို့ ကြိုးစားပါသည်။ ဒါပေမဲ့ ဆက် မပြောနိုင်။ ခေါင်းကို ရမ်းပြီး ရုတ်တရက် ကျွန်တော့်အခန်းထဲက ထွက်သွား ပါတော့သည်။ ကျွန်တော့်ရင်ထဲမှာ စိတ်မချမ်းမြေ့စွာ ခံစားရသည်။ ထို့နောက် တံခါးဆောင့်ပိတ်သံ ကြားလိုက်ရသည်။ သူမ စိတ်ဆိုးသွားပါပြီ။ သူမကို ပြန်ခေါ်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။ ကျွန်တော် စိတ်မကောင်းနိုင် တော့ပါ။

သူမအတွက် စာတစ်စောင် ရေးပေးရပါလိမ့်မည်။ သူမအခန်းဘက် ကို ကူးသွားသောအခါ သူမ လက်နှစ်ဘက်ဖြင့် မျက်နှာကို အုပ်ကာ စားပွဲ တွင် ထိုင်နေပါသည်။

'မိန်းကလေး . . . မင်း . . .'

ဒီအကြောင်းအရာကို ပြန်ပြောလို့ ဒီနေရာရောက်တိုင်း ကျွန်တော် အမြဲပဲ ပြင်းပြင်းထန်ထန် ခံစားရပါသည်။ သူမ မော့ကြည့်ပြီး မတ်တတ်ရပ် လိုက်ပါသည်။

တောက်ပသော မျက်လုံးအစုံနှင့် ကျွန်တော့်ဆီ တည့်တည့်လျှောက် လာပြီး ကျွန်တော့်ပခုံးနှစ်ဖက်ကို သူမရဲ့ လက်များဖြင့် သိုင်းဖက်လာပါသည်။ အသည်းကွဲမတတ် ခံစားရသည့် နာကျင်မှုမျိုးနှင့် သူမ၏ ရင်ခုန်သံတွေ မြန်နေပါသည်။ သူမက ဆက်ပြောလာပါသည်။

'ဘာများ ကွာခြားလို့လဲကွယ်၊ ရှင်ပဲ ဒီစာကို ရေးလိုက်ပါတော့၊ စာကြောင်းနည်းနည်းလေးပဲ မဟုတ်လား၊ အို ရှင်ဟာ သိပ်ပြီး ကြင်နာ နားလည်တတ်သူတစ်ယောက်မဟုတ်လား၊ ဟုတ်ပါတယ်၊ ဒီနေရာမှာ ဘိုးလ် လည်း မရှိဘူး၊ တာရီဆာလည်း မရှိဘူး၊ ကျွန်မ ကျွန်မတစ်ယောက်တည်းပါ'

'ဘာပြောတယ်၊ ဘိုးလ် တကယ်မရှိဘူးလား'

http://www.cherrythitsar.org



သူမစကား ကြားရသောအခါ ကျွန်တော့်မှာ များစွာအံ့သြလျက် သူမကို ကြည့်ပြီး ပြန်မေးမိပါသည်။

'ဟုတ်တယ် တကယ်မရှိဘူး'

'ဒါဖြင့် တာရီဆာကော တကယ်မရှိဘူးလား'

'ဒီလိုမဟုတ်ပါဘူး၊ ဒါကတော့ တကယ်ရှိတာပါ၊ ကျွန်မ တာရီဆာပါပဲ'

ကျွန်တော် သူမကို အံ့သြစွာ ပြန်ကြည့်မိပါသည်။ ကျွန်တော်နှင့်သူ နှစ်ယောက်အနက် တစ်ယောက်ယောက်တော့ ရူးနေသည်မှာ သေချာသည်။

သူသည် စားပွဲသို့ ပြန်သွားပြီး စာရွက်တစ်ရွက် ယူလာသည်။ ကျွန်တော့်ဆီ ပြန်လျှောက်လာသည်။

'ဒီမှာ စာရွက်ပြန်ယူသွားပြီး ကျွန်မအတွက် ရေးပေးပါ၊ ဒုတိယစာတစ်စောင် ရေးရမှာ မဟုတ်ဘူးနော်၊ တစ်ခြားတစ်ဦးက ကြင်နာတဲ့ အသည်းနှလုံးနဲ့ ရေးသလို ရေးပေးရမှာနော်'

ပြောပြောဆိုဆို သူမက ဘိုးလ်ဆီ ရေးသည့်အနေနှင့် ကျွန်တော်ရေးပေးခဲ့သောစာကို သူမလက်ထဲမှာ ကိုင်ထားတာ တွေ့ရပါသည်။ ဒါကြောင့် ကျွန်တော်က . . .

'ဒီမှာ တာရီဆာ၊ ဒါတွေအားလုံးက ဘာသဘောလဲ၊ ရေးပေးထားတဲ့ စာကို ထည့်လိုက်ရင် ပြီးတာပဲမဟုတ်လား၊ တခြားသူ တစ်ယောက်အနေနဲ့ မင်းဆီကို ဘာကြောင့် စာပြန်ရေးဖို့ လိုသေးလဲ'

'ကျွန်မက ဒီစာကို ဘယ်သူ့ဆီ ထည့်ရမှာလဲ'

ကျွန်တော် လက်မြှောက် အရှုံးပေးပါပြီ။ ကျွန်တော် ဒီနေရာက အမြန်ဆုံး ထွက်သွားရုံမှတစ်ပါး မရှိတော့ပါ။ သူမက ထပ်ပြောပြန်ပါသည်။

'မဟုတ်ဘူးလေ၊ သူက တကယ်မှ မရှိတာ၊ ဘိုးလ်ဆိုတာ တကယ်မှ မရှိတာ၊ ဒါပေမဲ့ ကျွန်မကတော့ သူ့ကို တကယ်ပဲ ရှိနေစေချင်ပါတယ်၊ ကျွန်မအကြောင်း ကျွန်မသိပါတယ်၊ ကျွန်မက သူများတွေနဲ့ မတူပါဘူး၊ ကျွန်မ ဘယ်လိုလူစားလဲဆိုတာ ကျွန်မကိုယ်ကျွန်မ သိတယ်၊ ကျွန်မအနေနဲ့ သူ့ဆီ ဒီလိုစာရေးလိုက်လို့ ဘယ်သူ့ကိုမှ မထိခိုက်နိုင်ပါဘူး'

'မင်း ဘာကိုဆိုလိုတာလဲ၊ ဘယ်သူ့ဆီကို ဆိုလိုတာလဲ'

'ဘိုးလ်ဆီကိုပေါ့၊ ဟုတ်တယ်လေ'

'ဒါဖြင့် မင်းပြောတော့ အဲဒီလူ တကယ်မရှိဘူးဆို'

http://www.cherrythitsar.org



'တကယ်မရှိမှန်း ကျွန်မ သိပါတယ်၊ ဘယ်သူမှ မရှိပါဘူး၊ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာတော့ ဘိုးလ်ဟာ ရှိနေတာပဲ၊ သူ အမှန်တကယ်ရှိနေတယ်ဆိုပြီး ကျွန်မ သူ့ဆီ စာရေးတာပဲ၊ နောက်ပြီး သူက စာပြန်မယ်၊ ကျွန်မ စာထပ်ရေးမယ်၊ သူက တစ်ခါ ထပ်ပြန်မယ်ပေါ့'

နောက်ဆုံးမှာတော့ ကျွန်တော် နားလည်လိုက်ပါပြီ။ ကျွန်တော့် အမှားကို ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ နာကျင်စွာ ခံစားမှုနှင့်အတူ ရှက်လည်း ရှက်မိသည်။

လောကအလယ်တွင် မိဘဆွေမျိုး အပေါင်းအသင်း မိတ်ဆွေရယ်လို့ တစ်ယောက်တလေမျှ ပြစရာမရှိလောက်အောင် အဓိပ္ပာယ်မဲ့စရာဖြစ်လာရသော သူမအတွက် ကျွန်တော် စာနာမိပါသည်။

ဒါကြောင့်လည်း သနားစရာကောင်းတဲ့ သတ္တဝါတစ်ယောက်အနေနှင့် သူမအတွက် လူတစ်ယောက်ကို သူမကိုယ်တိုင် ဖန်တီးခဲ့ခြင်းပင်။ သူမက လေးလေးနက်နက် ဆက်ပြောပြန်ပါသည်။

'ဒီစာက ကျွန်မအနေနဲ့ ဘိုးလ်ဆီကို ရေးတဲ့စာပါ၊ ရှင် ရေးပေးထားတဲ့ စာပါပဲ၊ ဒီစာထဲမှာ ဘယ်လိုရေးထားတယ်ဆိုတာ ကျွန်မကို အသံထွက်ပြီး ဖတ်ပြဖို့ တောင်းပန်ပါတယ်၊ ကျွန်မ နားထောင်ပြီး ဘိုးလ်တစ်ယောက် တစ်နေရာရာမှာ အမှန်တကယ် ရှိနေတယ်ဆိုတာ စိတ်ကူးကြည့်ချင်လို့ပါ။ နောက်ပြီး ရှင့်ကို ကျွန်မ တောင်းပန်ပါတယ်၊ ဘိုးလ်က တာရီဆာဆီ ရေးတဲ့ စာတစ်စောင် ပြန်ရေးပေးပါ။ ဘိုးလ်ဟာ တကယ်ရှိနေတယ်လို့ ကျွန်မ ခံစားကြည့်ချင်တယ်၊ ဘယ်နေရာမှာလဲတော့ ကျွန်မမသိဘူး။ ဒါပေမဲ့ သူ တကယ်ပဲ ရှိနေတယ်ဆိုတာတော့ စိတ်ကူးကြည့်နိုင်မှာပါ။ ဒါတွေဟာ ရှင့်အတွက် သိပ်ခက်ခဲဒုက္ခရောက်မယ့် ကိစ္စတွေ မဟုတ်ပါဘူး၊ ကျွန်မဘဝက အထီးကျန်လွန်းလို့ပါ'

ထို့နောက် ကျွန်တော်လည်း တစ်ပတ်လျှင် နှစ်ကြိမ်ကျ တာရီဆာမှ ဘိုးလ်ထံသို့လည်းကောင်း၊ ဘိုးလ်ထံမှ တာရီဆာထံသို့လည်းကောင်း ရေးပေးပြီး ဖတ်ပြခဲ့ပါသည်။ အထူးသဖြင့် သူမထံပြန်သောစာတွေမှာ ကျွန်တော်ကိုယ်တိုင် ခံစားမှု စကားစုများဖြင့် ဖွဲ့နွဲ့၍ ရေးပေးခဲ့ပါသည်။

ဒီစာတွေကို ကျွန်တော် ဖတ်ပြ၍ သူနားထောင်သောအခါ သူမ၏ ရင်ခုန်သံတွေ မမှန်။ ရယ်မောပြီး ပျော်နေပါသည်။ သူမ ပြန်တော့မည်ဆိုလျှင် ကျွန်တော့်အကျီအဝတ်အစားများ၊ ခြေအိတ်များ ပြင်ဆင်ပေးခြင်း၊ ဦးထုပ်များ၊ ဖိနပ်များ တိုက်ပေးခြင်းများ ပြုလုပ်ပေးခဲ့တတ်ပါသည်။

http://www.cherrythitsar.org



စိတ်မချမ်းမြေ့ဖွယ် ကောင်းလှပါသည်။ သုံးလလောက် အကြာတွင်တော့ မသက်ာမှုဖြင့် သူမ အဖမ်းခံရပြီး အချုပ်ထဲ ရောက်သွားကြောင်း ကြားရပါတယ်။

(သူမကို ဘယ်တော့မှ ကျွန်တော်မြင်လို့ မရတော့ပါ။ တာရီဆာ တစ်ယောက်တော့ သေမှာပါပဲလေ။)

ရွှေဝတ်ရည်မဂ္ဂဇင်း ၊ အမှတ် – ၅ ၊ ၁၉၉၀ ။

**MIXIM GORKY ၏ BOLESLOV ကို ဘာသာပြန်သည်။**

http://www.cherrythitsar.org

သော်တွန်း

# ပထမဆုံးကမ္ဘာ

ပွန်၏ ယာတောကလေးသည် တောင်ကုန်းငယ်လေးများ၏ အလယ်တွင် တည်ရှိသည်။ တောင်ကုန်းငယ်ကလေးများမှာ နိမ့်တစ်ခါ မြင့်တစ်လှည့်ဖြင့် ဟိုးအဝေးတောင်ကုန်းကြီးများဆီကို မျှောလွင့်နေလျက်။ တောင်ကုန်းလေးပေါ်မှာကား ယာတဲလေးတစ်လုံး၊ လယ်ယာသုံး တိရစ္ဆာန်များထားသည့် တင်းကုပ်တဲတစ်လုံး။

နွားအုပ်ကြီးကို ကွင်းပြင်ထဲ မောင်းသွားတိုင်း ပွန်သည် တောင်တန်းကြီးများကို နှစ်နှစ်သက်သက်ကြီး ငေးမောနေလေ့ရှိ၏။ တောင်ကုန်းလေးပေါ်မှ ဖြတ်ကျော် ပြန်လာရသောအခါတိုင်းလည်း၊ ဟိုး ခရီးဝေးကြီးမှ ပြန်လာရသလို ခံစားရလေ့ရှိလေသည်။

ပွန်၏ အရင်းနှီးဆုံးမိတ်ဆွေ ကလင့်ဟတ်မှာ ပွန်နှင့် နှစ်မိုင်ခန့်ဝေးသော အရပ်တွင်နေသည်။ ပွန့်အဖေဆုံးတော့ ကလင့် တစ်ခေါက်လာသည်။

'မင်းအခု ဘာတွေလုပ်နေသလဲ . . .၊ အိမ်မှာတစ်ယောက်တည်းပေါ့ ဟုတ်လား'

'ဘာလုပ်ရမလဲ သူငယ်ချင်းရယ်၊ ယာပေါ့ . . .၊ တစ်ယောက်တည်းပဲ လုပ်ရမှာပဲ၊ လုပ်စရာကလည်း ဒါပဲ ရှိတာပဲ'

http://www.cherrythitsar.org



'ငယ်ငယ်ရှိသေးတာ မိန်းမယူဖို့ ကောင်းတယ်ကွ . . .'

'အေး . . . ငါလည်း တွေးတော့ တွေးတာပါပဲကွာ'

ဂျွန်က ပြန်ပြောသည်။

'ဒါပေမဲ့ . . . ဒီလယ်တောကို ကိုယ်ပိုင်ဖြစ်အောင် ဘဏ်ကြွေးတွေ ဆပ်ရဦးမယ်'

'အိုး . . . မင်းအသက်ရှစ်ဆယ်ပြည့်တောင်မှ ဘဏ်ကြွေးကြေမှာ မဟုတ်ဘူး'

'ကဲ . . . လုပ်မနေနဲ့ . . . စနေနေ့ညကို တို့ဆီ အလည်လာခဲ့ဦး၊ ဆယ်လီဖို့လည်း ဓာတ်ပြားအသစ်တစ်ချပ် ရောက်နေတယ်။ တခြား ဓာတ်ပြား အသစ်တွေလည်း မင်း နားထောင်လို့ရအောင်လို့ . . .'

ကလင့်ပြန်သွားသည်။

ဂျွန်က နို့ညှစ်ဖို့ လုပ်ငန်းခွင်စဝင်၏။ ဆယ်လီ့အကြောင်းကို သူ တွေးနေမိသည်။

နောက်တစ်နှစ်အကြာ၌ကား ဆယ်လီနှင့် သူတို့ လက်ထပ်ဖြစ်ကြလေသည်။

ဆယ်လီကား သူလက်ထပ်ခဲ့သူမှာ ယာသမား၊ ကိုင်းသမား တစ်ယောက်မျှသာမက ကဗျာဆရာတစ်ယောက်လည်း ဖြစ်နေသည်ကို မသိခဲ့။ ထိုအချက်ကို လက်ထပ်ပြီး နှစ်ပတ်ခန့်အကြာမှ သိလေသည်။ ဂျွန်က တောကအပြန် သူမဖို့ တောပန်းလေးတွေ ယူ ယူလာသည်။

'အဖိုးတန်လက်ဆောင်ကြီးတွေတော့ . . . ကိုယ်မတတ်နိုင်ဘူး အချစ်ရယ်၊ ဒါပေမယ့် . . . တောပန်းလေးတွေ ယူလာခဲ့တယ်၊ သဘောကျရဲ့လား'

သူမက သူ့ပါးပြင်ကို တယုတယ ပွတ်သပ်ပြီး . . .

'ဂျွန်ရယ် . . . အဖိုးတန် လက်ဆောင်ကြီးတွေထက် . . . အဲဒီ တောပန်းလေးတွေကိုပဲ ကျွန်မ ပိုသဘောကျပါတယ်'

'ပြီးတော့ . . . မင်းဖို့ ကဗျာတစ်ပုဒ်လည်း ပါသေးတယ် . . . နားထောင်နော်'

ဂျွန်က ဆက်ပြောသည်။

'လူဆိုတာ အသေးအမွှားမျှသာ

အချစ်သိလေသလား

ဒါကို . . . ကိုယ်စိတ်နှစ်ပါးနဲ့ ကြိုးစားသိပါ။

http://www.cherrythitsar.org



နှလုံးသားသေဆုံးခဲ့ရင်

ကျန်သမျှအားလုံး လွတ်ဖွယ်မမြင်။'

'ဆိုလိုတာကတော့'

ဂျွန်က ဆက်ရှင်းပြသည်။

'ကိုယ်တို့ရဲ့ အချစ်တွေကို အစွန့်ရှည်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမယ်။ ကိုယ်ပိုင်ဆိုင်နိုင်သမျှလေးနဲ့ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြရမယ်။ ဘာကြောင့်လဲဆိုတော့ . . . နှလုံးသားမှာ အချစ်ဆိုတာ ကင်းမဲ့သွားတာနဲ့ ငါတို့ဘဝဟာလည်း သေဆုံးသွားမှာမို့လို့ပဲ'

သူမ အကြီးအကျယ် အံ့အားသင့်သွားသည်။

'ဘယ်လို . . . ဂျွန် . . .၊ အို . . . သိပ်လှတဲ့ ကဗျာလေးပဲရှင်၊ ဒီကဗျာကို ရှင်ရေးတာမဟုတ်လား . . .'

သူက ပြုံးနေလျက် . . .၊ မျက်နှာတစ်ခုလုံး ရှက်သွေးဖြန်းသလို နီနေသည်။

'အင်း . . .'

'ရှင်ရေးတာဟုတ်လား၊ ရှင် ကဗျာရေးတတ်တာ ကျွန်မ မသိခဲ့ပါလား၊ ဒီနေ့ည ညစာစားပြီးရင်တော့ နောက်အပုဒ်တွေ နားထောင်ဦးမယ်နော်'

သူက သူမကို ထားခဲ့ပြီး တင်းကုပ်ဆီသို့ ထွက်သွားသည်။ မြက်ခြောက်များအောက်တွင် အိုမင်းဟောင်းနွမ်းနေသော အင်္ဂလိပ်ကဗျာစာအုပ်လေးတစ်အုပ်။

ထိုစာအုပ်လေးကို တစ်နေ့ . . . အိမ်ရှင်းရင်း တွေ့ခဲ့တာဖြစ်သည်။ သူတို့ လက်မထပ်ခင်ကတည်းက ဂျွန်သည် ကဗျာစာအုပ်လေးကို အမြတ်တနိုး ထွေးပွေ့ထားလိုက်သည်။ ထိုစာအုပ်လေးကား သူ့အတွက် အများကြီး အဓိပ္ပာယ်တွေ ပြည့်ဝလို့နေသည်။

သူ တွေးနေမိ၏။

ဆယ်လီကို ပေးနိုင်တာ ဘာများရှိမလဲ။ သူကိုယ်တိုင်လား။ သူကား ဘာမှ ဟုတ်ဟုတ်ငြားငြားကောင်း တစ်ကောင်မဟုတ်။ သူ့ယာတောကကော . . .၊ ဒါလဲ ပြောစမှတ်ပြုစရာ မရှိလှ။ ဘဏ်ကြွေးတောင် မကြေသေး။ ဒါပေမယ့် . . . အလွန်အံ့သြဖွယ်ကောင်းသော ဒီစာအုပ်ကလေးထဲက ကဗျာတွေတော့ရှိသည်။ ဒါဟာ သူ့အနေနဲ့ ဆယ်လီ့ကို ပေးနိုင်တဲ့ တစ်စုံတစ်ခုသော အရာပါပဲ။

http://www.cherrythitsar.org



သို့သော် ဆယ်လီက ထိုကဗျာများကို သူကိုယ်တိုင်ရေးသည်ဟု ထင်နေရှာသည်။ ဒီလိုမျိုး ယုံကြည်နေတာကို သူ ခွင့်ပြုခြင်းမှာ မှားသည် ဟုတော့ သူသိပါသည်။ ဒါဟာ မရိုးသားမှုပါပဲ။ ပထမတော့ ဒီလိုဖြစ်လာ လိမ့်မယ်လို့ သူမထင်။

ဒါပေမဲ့ သူ့မိန်းမက ဒီကဗျာတွေ သူရေးတာလို့ ယုံနေရှာပြီ။ သူ့ကိုတောင် အရင်ကထက် ပိုချစ်လာလေသည်။ ဒီအချက်ကတော့ သူ့ကို အလွန်ပျော်ရွှင်စေခဲ့ပါ၏။ ကဗျာတွေနဲ့ ပတ်သက်လို့ သူမ ဘယ်တော့မှ အမှန် အတိုင်း မသိပါစေနဲ့တော့။

သူကား နောက်ထပ်ကဗျာတစ်ပုဒ်ကို ကျက်နေပြန်သည်။

နောက်တစ်နေ့ လယ်ကွင်းထဲ ဆင်းတော့ ထပ်တလဲလဲ ကျက်ပြန် ၏။ ညခင်းမှာ လရောင်အောက်၌ လမ်းလျှောက်ရင်း တောင်တန်းကြီးများကို ငေးမောနေကြဆဲမှာပင် သူက ကဗျာတချို့ကို ရွတ်ပြလိုက်သည်။

မြေပြင်က စိမ်းမြ

ကောင်းကင်ပြာလဲ့ . . .။

နေရောင်လွင်တဲ့ မနက်ခင်းလို

ငါမြင်ရ

နားဆင်ရပေ့ . . .။

မြေပြင်နဲ့ ကောင်းကင်ကြား တေးငှက်တို့ပျံဝဲ . . .။

ဂျုံခင်းများပေါ် တေးသီ အစက် ငယ်တစ်ခု . . .။

ထိုကဗျာများသည် သူမကို ပျော်ရွှင်စေခဲ့ပါ၏။ ထိုပျော်ရွှင်စရာမှာ သူ့အဖို့တော့ အစားကောင်း၊ အသောက်ကောင်းတွေထက် ပို၍ အဓိပ္ပာယ်ရှိ နေပါသည်။

သူတို့ သားအကြီးဆုံးကို မွေးပြီးသောအခါ၌ကား သူသည် ကဗျာ များကို ပို၍ ကျက်ရလေတော့သည်။

သူက ကဗျာများကို ရွတ်ပြပြီးသောအခါတိုင်း သူမက

'အိုး . . . ဘယ်လောက်လှတဲ့ ကဗျာလဲ . . . ဂျွန်ရယ်'

ဟု ပြောစမြဲ။

သမီးငယ်လေး ဂျွန်နာလို မွေးတော့ လယ်တောက အထွက်နှုန်း သိပ်မကောင်းလှတော့။ ဂျွန်နှင့် ဆယ်လီတို့အား ဘဏ်ချေးငွေများဆပ်ရန် အလုပ်များကို ပို၍ပြင်းပြင်းထန်ထန် လုပ်ကြရ၏။ ဆောင်းညများတွင်မူ ကလေးတွေအိပ်ပြီဆိုသည်နှင့် ဆယ်လီက မီးလင်းဖိုနားတွင် အစုတ်အပြဲများ

http://www.cherrythitsar.org



ချုပ်လုပ်နေလျက် ဂျွန်က ဆယ်လီ၏အနီးတွင် ကိုင်နေတတ်သည်။ ထိုအခါတိုင်း ဆယ်လီက ဂျွန်ကို ပြုံးကြည့်နေရင်း

'ဂျွန် နောက်ကဗျာတစ်ပုဒ်လောက် ဆိုပါဦး'

ဟု ပြောတတ်သည်။

'ကိုယ်ကဗျာအသစ် မစပ်ရသေးဘူးကွဲ့ . . .'

'ဒါဆို . . . အချစ် . . . အမှန်အဖြစ် ယူရအောင်' ဆိုတဲ့ ကဗျာကို ဆိုပြ'

'အချစ် . . . အမှန်လို့ ယူဆရအောင်
ဟောဒီကမ္ဘာကြီးမှာ
ပျော်ရွှင်စရာ အချစ်နဲ့ အလင်းပွင့်တို့
အမှန်တကယ် ဆိတ်သုဉ်းခဲ့ရင်တောင်မှ
အိပ်မက်တို့ဝေဆာ၊ လှပ၊ သစ်လွင်လွန်းတဲ့
နယ်မြေတစ်ခုလို့ယူဆ . . .။
အချစ် . . . အမှန်ယူရအောင် . . .။

နှစ်ကာလများ တဖြည်းဖြည်း လွန်မြောက်သွားခဲ့သည်။ ဂျွန်နှင့် ဆယ်လီတို့ကား သူတို့လယ်ကွင်းကိုဆပ်ရန် တပင်တပန်း ရှာဖွေကြရဆဲ။ သားဖြစ်သူ ဘတ် အထက်တန်းကျောင်းအောင်တော့ သူ့အဖေကို ပြောသည်။

'အဖေ ကျွန်တော်ကောလိပ် တက်ချင်တယ်၊ ကျွန်တော် အင်ဂျင် နီယာလုပ်မယ်'

နောက်တစ်နှစ်ကျပြန်တော့ သမီး ဂျွန်နာက

'အဖေ သမီး ကျောင်းဆရာမလုပ်တော့မယ်၊ အဖေခွင့်ပြုမယ်ဆိုရင် ဆရာမအနေနဲ့ပဲ ဝင်ငွေရှာချင်တယ်'

'သမီးက ဘာတွေသင်မလို့လဲ'

'အင်္ဂလိပ်ကဗျာ'

ဂျွန်နာက ဖြေသည်။ ဂျွန်က ပြုံး၏။

'အင်း . . . မင်းအမေကတော့ သဘောကျမယ်ဟေ့ . . .'

ထို့နောက်ကား ခရစ်စမတ်ကာလတွင် ကလေးနှစ်ယောက် အိမ် ပြန်လာကြသည်။

သူတို့အိမ်ကလေးမှာ ခရစ်စမတ် အရောင်အသွေးများဖြင့် စိုပြည် ရွှန်းလက်နေတော့၏။ မိသားစုတစ်ခုလုံး စိတ်အားကိုယ်အားဖြင့် နွေးထွေး နေကြသည်။

http://www.cherrythitsar.org



ခရစ်စမတ် မတိုင်မီညမှာတော့ ဂျွန်နာက သူ့အမေကို ပြောသည်။

'မေမေရေ . . . သမီး အခန်းကို ခဏလာပါဦး၊ ပြောစရာရှိလို့ . . .'

ဂျွန်နာက သူ့ကျောင်းလွယ်အိတ်ထဲမှ စာအုပ်ငယ်လေးတစ်အုပ်ကို ထုတ်ပြသည်။

'ဘာများလဲ သမီးရဲ့ . . .'

ဆယ်လီက မေးလိုက်၏။

'မေမေ နှစ်ပေါင်းများစွာ နားထောင်နေတဲ့ ကဗျာတွေက . . .'

'အင်း . . .'

'ဒီစာအုပ်ထဲမှာ အကုန်လုံးပါနေတယ်'

'သမီး ဘာဆိုလိုချင်တာလဲ'

'သမီးပြောချင်တာက အဲဒီကဗျာတွေကို ဖေဖေရေးတာမဟုတ်ဘူး၊ အင်္ဂလိပ်ကဗျာဆရာကြီးတွေ ဟိုးနှစ်ပေါင်းများစွာထဲက ရေးခဲ့တာ၊ အဲဒါ မေမေ မသိဘူးလား၊ ဖေဖေ ရိုးရိုးသားသားမပြောဘူး။ ဒီကဗျာတွေကို သူရေးတာ လို့ မေမေ့ကို ပြောတယ်မဟုတ်လား'

'မဟုတ်ဘူး'

ဆယ်လီက ဖြေလိုက်ရင်း . . .

'ဒီကဗျာတွေကို သူရေးတာဆိုတာ မေမေက ပြောခဲ့တာ၊ သူက တစ်ခါမှ မပြောဖူးပါဘူးကွယ်၊ အင်း . . . ကဗျာတွေ ရွတ်ပြတာပဲရှိတယ်၊ ဂျွန်နာ . . . သမီးလေး . . . ဒီအကြောင်း မေမေသိသွားတာ သူ့ကို မပြော လိုက်ပါနဲ့နော်၊ သူ စိတ်ထိခိုက်သွားပါလိမ့်မယ်ကွယ်'

သမီးက သူ့အမေမျက်နှာကို အကြာကြီး စိုက်ကြည့်နေသည်။ ပြီးမှ

'သမီးတွေ့ခဲ့ဖူးသမျှ လူပုဂ္ဂိုလ်တွေထဲမှာ မေမေတို့ နှစ်ယောက် လောက် စိတ်ကောင်းနှလုံးကောင်း ရှိတဲ့သူ မတွေ့ဖူးသေးဘူး။ ဒီအကြောင်း တွေ သမီးစကားမစဖြစ်ခဲ့ရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့'

'အခုမှ မေမေလည်း သမီးဖေဖေက မေမေ့ကို ဘယ်လောက်ချစ်သလဲ ဆိုတာ သိရတော့တာပဲ သမီးရေ၊ မေမေ့အနေနဲ့ သူ့အပေါ် အထင်ကြီးအောင် ဂုဏ်ယူချင်အောင် နှစ်ပေါင်းများစွာ လုပ်ထားတာပေါ့၊ ဒါတွေထောက်ပြီး သမီးဖေဖေလည်း အမှန်အတိုင်းပြောဖို့ ဝန်လေးနေတယ်နဲ့တူပါရဲ့ သမီးရယ်'

သည်လိုနဲ့ ကလေးများပင် ဘွဲ့အသီးသီး ရခဲ့ကြပြီ။

နွေဦးရာသီတစ်ခုသို့ပင် ပြန်လည် ချဉ်းနင်းဝင်ရောက်ခဲ့ပြန်ပြီ။ ဂျွန် နှင့် ဆယ်လီတို့ပင် အသက် (၆၀) ပြည့်ခဲ့ကြပေပြီ။ ဂျွန်ကား တစ်နေ့ ကျေး

http://www.cherrythitsar.org



ရှာဘက်သို့ ကြွေးဆပ်ဖို့သွား၏။ နောက်ဆုံးမှာတော့ သူပိုင်ဆိုင်သော ယာတောလေးဖြစ်ခဲ့ပါပြီ။

ထိုရက်များက ရာသီဥတု တော်တော်ဆိုးဝါးပြင်းထန်လှ၏။

ဆယ်လီကျန်းမာရေး ချို့တဲ့စပြုလာသည်။ ရောဂါက ပိုပို၍သာသည်းထန်လာလျက်၊ ဂျွန်က ရှာရှိ ဆရာဝန်ပြေးပင့်သည်။ ဆရာဝန်ကတော့ အဆုတ်အအေးမိရောဂါဟု ဆိုသည်။ ကိုယ်အပူချိန် တော်တော်ပြင်းသည်။ ဂျွန်က သူမအနီး အိပ်ရာပေါ်မှာ ထိုင်နေ၏။ သူမ၏ ပူပြင်းလှသော လက် ဖျားများကို ဆုပ်ကိုင်ထားရင်း သူ့မျက်နှာမှာလည်း ဖြူဖျော့ဖျော့ . . .။

'ဂျွန်'

သူမ၏ အားနည်းလွန်းလှသောအသံ။

'ကဗျာအသစ်'

ဂျွန် ဒုက္ခရောက်သွား၏။

သူ့တွင်ရှိသမျှ ကဗျာအားလုံး သူမကို အထပ်ထပ် ရွတ်ပြခဲ့ဖူးပြီ။

'အင်း ကောင်းပါပြီ အချစ်ရယ်'

သူကား ကျားကုပ်ကျားခဲ အားစိုက်ပြီး စကားလုံးများကို ဆက်စပ်ဖွဲ့သီနေသည်။ ဖြည်းဖြည်းချင်း . . . ။

နောက်ဆုံး၌ သူမဖို့ ကဗျာတစ်ပုဒ် ရေးစပ်နိုင်ခဲ့ပါပြီ။ သူ့ကိုယ်ပိုင်ကဗျာ။ ဘဝတစ်လျှောက်လုံးမှာ သူကိုယ်တိုင် စပ်ခဲ့သည့် ပထမဆုံးကဗျာပါပဲ။

ငါတို့ သေဆုံးကြသည့်တိုင် . . .၊
တောင်တန်းများ ငါတို့ရဲ့ ထာဝရဖြစ်ခဲ့။
ငြိုဟ်များရဲ့ မျောလွင့်ပန်းပွင့်များစွာ
ကောင်းကင်မှာ လွင့်ပါးဆဲ။
အမှောင်ထုရဲ့ စကားလုံးများစွာနဲ့
ညကို စကားဆိုကြပေရဲ့။
အတောင်ပံတပ် တောင့်တင်းကြံ့ခိုင်မှု သံဖိနပ်များနဲ့
တောင်တန်းများ ထပျံကြ။
ချစ်သူနဲ့ငါ . . .
အဲဒီ မာကျောတောင်ပံများနဲ့ . . . အာကာတစ်ခွင်လိုက်ပါ။
ချစ်သူဦးခေါင်း ငါ့ရင်ခွင်မှာပွေ့
အချစ်မျက်နှာ ငါနမ်းရှိုက်ရပေါ့။

http://www.cherrythitsar.org



ထိုကဗျာကို ဂျွန်ကိုယ်တိုင် ရေးသည်ဆိုတာကို ဆယ်လီကတော့ သိပ်မယုံချင်လှ။

သို့သော် ဂျွန်ခမျာ ထိုအချက်ကို မသိရှာ။ ဘယ်လောက်များ ဆိုးလိုက်သလဲလို့ . . .။

ဂျွန်က သူမအနေဖြင့် တောင်တန်းများကို ဆီး၍ ငေးမောကြည့်နိုင်သော နေရာ၌ မြှုပ်နှံခဲ့သည်။ သူမနှင့်အတူ . . . အင်္ဂလိပ်ကဗျာစာအုပ်လေးပါ ထည့်ပေးလိုက်သည်။

ပြီးတော့ . . . တောပန်းရိုင်းပွင့်ကလေးများ။

**မြားနတ်မောင်၊ အတွဲ – ၃၊ အမှတ် – ၁၁၊ ၁၉၆၄။**

**AMERICAN MOSAIC မဂ္ဂဇင်းမှ FIRST POEM ကို ပြန်ဆိုပါသည်။**

http://www.cherrythitsar.org



# ဈေးမှုကို မချက်ပါဘူးအစဉ်

ကျွန်ုပ်တို့အတွက် နေ့ထူးရက်မြတ် တစ်နေ့။

အမေရိကန် လူမျိုးအားလုံး ဇာတိရပ်ရွာ နေအိမ်ဟောင်းကို ပြန်သွားပြီး ခမ်းနားထည်ဝါသော ညစာစားပွဲတစ်နပ် ပြုလုပ်လေ့ရှိသောနေ့။

ဘုရားသခင်က ကောင်းချီးမင်္ဂလာပေးတော်မူသောနေ့။

နှစ်တိုင်းပင် ထိုနေ့မှာ သမ္မတကြီးက ကျွန်ုပ်တို့အားလုံးကို နှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားလေ့ရှိသည်။ ရုံဖန်ရံခါဆိုသလို သမ္မတကြီးက ကျေးဇူးတော်မင်္ဂလာ ညစာစားပွဲကို ပထမဆုံးကျင်းပခဲ့ကြသော ရှေးခေတ်အခါက ပုဂ္ဂိုလ်များအကြောင်း ရှင်းပြပြောဆိုတတ်သည်။ ထိုသူများသည်ကား ပူရီတန် မျိုးနွယ်စုဝင်များဖြစ်ကြပြီး ကျွန်ုပ်တို့၏ အတ္တလန်တစ်ကမ်းခြေမှာ အခြေစိုက်နေထိုင်ခဲ့ကြသူများဖြစ်သည်။ သူတို့အကြောင်းကို သည်ထက်ပို၍လည်း အမှန်တကယ် မသိခဲ့ကြ။

သို့ရာတွင် ထိုလူများသည် ပထမဦးဆုံးသော ကျေးဇူးတော်မင်္ဂလာ ညစာစည့်ခံပွဲမှာ ကြက်ဆင်ဟုခေါ်သော ငှက်ကြီးကြီးတစ်ကောင်၏ အသားဟင်းလျာကို စားသုံးခဲ့ကြသည်ဟူ၏။ သို့ဖြစ်၍လည်း ကြက်ဆင်ကို ဝယ်နိုင်လောက်အောင် ငွေကြေးပြည့် ပြည့်စုံစုံရှိကြလျှင် ကျေးဇူးတော်မင်္ဂလာ ညစာစည့်ခံပွဲအတွက် ကြက်ဆင်သား ဟင်းလျာကို စီစဉ်လေ့ရှိကြသည်။

http://www.cherrythitsar.org



ဤသည်ကား ရွေးမှုမပျက် ထုံးတမ်းစဉ်လာ ဓလေ့တစ်ရပ်ပင်တည်း။

ဟုတ်ပါသည်။

ကျေးဇူးတော်မင်္ဂလာ ညစာစည်းခံပွဲသည် တစ်နှစ်မှာ တစ်ခါသာ ကြုံရသော အမေရိကန်လူမျိုးစစ်စစ်တို့၏ အစဉ်အလာ နေ့ထူးတစ်ရက်ဖြစ်သည်။

သို့ဖြစ်၍လည်း ဤနယ်မြေသစ်မှာ ရွေးမှုထုံးတမ်းစဉ်လာတစ်ခုကို ထိန်းသိမ်းစောင့်ရှောက်သည့် သက်သေသာဓကတစ်ခုအဖြစ် ယခု . . . သည် ဇာတ်လမ်းပေါ်ပေါက်လာခဲ့ရခြင်းပင်။

ထိုအစဉ်အလာဟောင်းများသည် သက်တမ်းကြာမြင့်ပြီဖြစ်သော ကျေးရွာဟောင်းများက အချို့သော အစဉ်အလာများထက်ပင် ပို၍ ရွေးကျပြီး စောလျင်စွာ ပေါ်ပေါက်လာခဲ့သည်။

နယူးယောက်စီတီ၊ ယူနီယံစကွဲယား ပန်းခြံထဲက ထိုင်ခုံတစ်လုံးပေါ်မှာ စတပ်ဖီပီတီ ထိုင်နေသည်။ ပန်းခြံထဲသို့ အရှေ့ဘက်ဝင်ပေါက်မှ ဝင်လာလျှင် လက်ယာဘက် တတိယမြောက်ထိုင်ခုံမှာ ဖြစ်သည်။

လွန်ခဲ့သော ကိုးနှစ်ကတည်းက ကျေးဇူးတော်နေ့ ညနေချိန်တိုင်းမှာ သည်ခုံတွင် သည်လိုပင် ထိုင်နေကျဖြစ်သည်။ အချိန်တိုင်း အရာရာတိုင်းသည် သူ့အတွက် ဖြစ်ပျက်ရည်ညွှန်းနေခဲ့ကြသည်။

လူတွေသည် အတော့်ကို အံ့ဩစရာကောင်းသည်။

သူတို့သည် စတပ်ဖီ၏ နှလုံးသားမှာ ပျော်ရွှင်မှုအပေါင်းနှင့် ပြည့်စုံခံစားရအောင် ပြုလုပ်ကြသည်။ ပြီးတော့ စတပ်ဖီလိုအပ်သော အခြားကဏ္ဍလေးများကိုလည်း ဆောင်ရွက်ပေးကြသည်။

သူ့နှလုံးအိမ်၏ အောက်ခြေပိုင်း အစာအိမ်သို့ပင် လှိုက်လှဲကျေနပ်စွာ ခံစားရအောင် ကူညီမှုပေးကြသည်။

ဟိုးအရင် ကျေးဇူးတော်နေ့များကမူ သူ ဆာလောင်မွတ်သိပ်နေခဲ့ရသည်။ (အတော်တော့ ဆန်းသည်၊ ချမ်းသာကြွယ်ဝသူများသည် ဆင်းရဲသူများကို ကူညီထောက်ပံ့လိုသော စေတနာကောင်းရှိကြသည်။ သို့ရာတွင် သူတို့ထဲက အများစုသည် ကျေးဇူးတော်နေ့ တစ်နေ့တည်းမှာသာ ဆင်းရဲသားများ ဆာလောင်မွတ်သိပ်တတ်ကြသည်ဟု ထင်မှတ်ယူဆထားကြဟန်တူသည်။)

သို့ပင်ငြားလည်း ယနေ့တော့ဖြင့် စတပ်ဖီအနေနှင့် ဆာလောင်မွတ်သိပ်မှု မရှိတော့။ သူ၏ ခန္ဓာကိုယ်ကို မလှုပ်ချင် မသယ်ချင်တော့လောက်

http://www.cherrythitsar.org



အောင် ညစာပွဲတော်ကြီးတစ်ခုနှင့် တိုးခဲ့ပြီးပြီပဲ။ သူ၏ မှုန်မှိုင်းသော မျက်နှာပြင်ပေါ်က တောက်ပနေသော မျက်လုံးစိမ်းနေသည် စားခဲ့ပြီးဖြစ်သော စားသောက်ဖွယ်ရာများကို မြင်ယောင် တွေးထင်နေမိသည်။

သူ၏အသက်ရှူသံက မြန်လွန်းလှသည်။

သူ၏ ခန္ဓာကိုယ်သည် သူ၏ အဝတ်အစားများနှင့် မတော်တော့လောက်အောင် တင်းကြပ်လာပြီး ရုတ်တရက် ပေါက်ကွဲလုတော့မတတ် ပြည့်အင့်နေသည်။

ရှပ်အင်္ကျီရှေ့ပိုင်းက အပေါက်အပြဲများအောက်မှ အတွင်းအရေပြားသို့တိုင်အောင် ထွင်းဖောက်မြင်နိုင်သည်အထိ အဝတ်အစားများက စုတ်ပြဲနေပြီဖြစ်သည်။

ဆီးနှင်းနှင့် အေးမြသောလေ၏ အထိအတွေ့က အင်္ကျီအပေါက်အပြဲများကြားမှ တိုးဝှေ့ဝင်ရောက်လျက် သူ့စိတ်ကြိုက် အအေးဓာတ် ပေးထားသည်။

စတပ်ဖီအတွက်တော့ စားပြီးသမျှ အာဟာရ၏ အပူဓာတ်ကြောင့် နွေးထွေးနေသည်။ ပြီးခဲ့သော ညစာစားပွဲကလည်း တခမ်းတနားရှိလွန်းလှသည်။

တစ်ကမ္ဘာလုံးမှာရှိသော စားသောက်ဖွယ်ရာအားလုံးနှင့် ကြက်ဆင်သားဟင်းလျာ အားလုံးပါဝင်သော ညစာစားပွဲကြီးသည် သူတစ်ယောက်တည်းအတွက်သာ လျာထားဟန်တူပုံရသည်။

ထို့ကြောင့် သူ အလွန့်အလွန် ပြီးပြည့်စုံ ဖူလုံခဲ့ပြီဖြစ်သည်ပေ့ါ။

ဒါကြောင့်လည်း ဘာကိုမှ ထပ်မလိုချင်တော့သည်အထိ စိတ်ဝင်စားမှုကင်းမဲ့စွာဖြင့် လောကကြီး၏ အပြင်ဘက်ကို ငေးမောကြည့်နေသည်။

ညစာစားပွဲကလည်း အမှတ်မထင် ကြုံကြိုက်ခဲ့ရခြင်းပင်။

ပဉ္စမရိပ်သာဟု အမည်ရသော လမ်းကျယ်ကြီး၏ ထိပ်နားက အိမ်ကြီးတစ်လုံးနားသို့ စတပ်ဖီ ဖြတ်လျှောက်ခဲ့သည်။ ထိုအိမ်ကြီးသည် သက်ကြီးမိသားစုထဲက အဖွားကြီးနှစ်ယောက်၏အိမ် ဖြစ်သည်။ ထိုအဖွားကြီးနှစ်ဦးသည် ရှေးထုံးစဉ်လာကို အလေးအနက် တန်ဖိုးထားတတ်သူများ ဖြစ်ကြသည်။ အစဉ်အလာအတိုင်းလည်း အမြဲတစေ လုပ်ခဲ့ကြသည်သာ။

ကျေးဇူးတော်နေ့၏ မွန်းလွဲပိုင်းမှာ အစေခံတစ်ဦးကို အိမ်တံခါးဝမှာ နေစေခဲ့သည်။ ထိုအစေခံက လမ်းသွားလမ်းလာများထဲမှ ပထမဦးဆုံး ဆာလောင်မွတ်သိပ်သူတစ်ဦးကို စောင့်ကြိုခိုင်းထားသည်။ ထိုဆာလောင်နေ

http://www.cherrythitsar.org



သူ့အားလည်း အိမ်တွင်းသို့ ခေါ်ဆောင်စေခဲ့ပြီး ထပ်မစားနိုင်တော့လောက် အောင် တစ်ဝတပြဲ ကျွေးရန်လည်း အစေခံအား မှာကြားစေခိုင်းထားသည်။

စတပ်ဖီသည် ပန်းခြံသို့အလာ ထိုအိမ်နားမှ ဖြတ်လျှောက်မိလျက် သား ဖြစ်ခဲ့သည်။ ဆိုတော့ကာ အစေခံက သူ့အား အတွင်းသို့ ခေါ်ဆောင် လာပြီး ရှေးမူကို မပျက်ရအောင် ဆောင်ရွက်စီစဉ်တော့သည်။

စတပ်ဖီသည် ရှေ့တူရူသို့ ဆယ်မိနစ်မျှ ငေးနေသည်။

ထို့နောက် အာရုံအပြောင်းအလဲ ဖြစ်စေရန် အခြားတစ်နေရာသို့ ကြည့်လိုသော ဆန္ဒဖြစ်လာသည်။ အလွန်တရာကြီးမားသော ကြိုးပမ်းအား ထုတ်မှုမျိုးဖြင့် သူ၏ ဦးခေါင်းကို ဘယ်ဘက်သို့ ဖြည်းညင်းစွာ အသာအယာ လှည့်ကြည့်သည်။

မျက်လုံးအစုံ ပြူးကျယ်သွားပြီး အခိုက်အတန့်မျှ အသက်ရှူရပ် သွားသည်။

တိုတောင်းလှသော ခြေတံ၏ အဆုံးမှာရှိသည့် ရှူးဖိနပ် အစုတ် အပြဲအတွင်းက ခြေအစုံသည် မြေပြင်ပေါ်မှာ အယောင်ယောင်အမှားမှား ရွေ့ လျားမိသည်။

အဘိုးအိုကြီးတစ်ယောက်က ပဉ္စမရိပ်သာလမ်းသို့ ဖြတ်လျက် စတပ်ဖီရှိရာ ထိုင်ခုံဆီသို့ တန်းတန်းမတ်မတ် လာနေသည်။

လွန်ခဲ့သော ကိုးနှစ်ကတည်းက နှစ်စဉ် ကျေးဇူးတော်နေ့ရောက် တိုင်း အဘိုးကြီးက သူရှိရာသို့ ရောက်လာလေ့ရှိသည်။ ဒါကလည်း ထုံးတမ်း စဉ်လာအတိုင်း ရှေးမူကိုမပျက်အောင် ဆောင်ရွက်လိုသည့် အဘိုးကြီး၏ ကြိုးပမ်းနေကျ အမှုကိစ္စတစ်ရပ်ပင်တည်း။

ကိုးနှစ်လုံးလုံး ကျေးဇူးတော်နေ့အခါ သမယသို့ ရောက်တိုင်း အဘိုး ကြီးက စတပ်ဖီကို တွေ့အောင်ရှာသည်။ ပြီးတော့ စားသောက်ဆိုင်တစ်ခုသို့ ခေါ်သွားပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြုစုရင်း ဘေးမှ စောင့်ဆိုင်းကြည့်ရှု နေခဲ့သည်။

သူတို့အတွက် ထိုကိစ္စက အင်္ဂလန်ပြည် ရှေးဟောင်းဒေသများမှာ လို လုပ်ရိုးလုပ်စဉ် ဖြစ်နေပေပြီ။

ရှေ့လျှောက်၍လည်း ကာလကြာရှည်စွာ ထပ်တလဲလဲ ကြုံတွေ့ ပြုလုပ်ရဦးမည်သာ။ အဘိုးကြီးက သူ၏ ဇာတိဌာနေကို ချစ်မြတ်နိုးသည်။ အမေရိကန်တို့၏ မဟာရှေးထုံးစဉ်လာ တစ်ရပ်ကို ထူထောင်ရာတွင် သူ့အနေ နှင့် တစ်တပ်တစ်အား ပါဝင်ကူညီ ထိန်းသိမ်းနေရသည်ဟု လှိုက်လှိုက်လှဲလှဲ

http://www.cherrythitsar.org



ခံယူထားသည်။ သည်ကိစ္စက အစပထမ နိဒါန်းမျှသာ ဖြစ်သည်။ အမေရိကမှာ တတ်နိုင်သ၍ အနည်းဆုံး စတိပင်ဖြစ်စေ ပြုလုပ်လေ့ရှိသည့် ရိုးရာအစဉ်အလာတစ်ရပ်ကို သက်သေထူပြခြင်းပင်။

အဘိုးကြီးသည် ပိန်ပိန်ပါးပါး အရပ်ရှည်ရှည်ဖြစ်ပြီး အသက်မှာ ခြောက်ဆယ်ခန့်ဖြစ်သည်။ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားပြီး မျက်မှန်တစ်လက်ကိုလည်း တပ်ဆင်ထားသည်။ ဆံပင်များမှာ ဖြူဖွေးနေပြီး မနှစ်ကထက်စာလျှင် ဆံပင်အတော်ပါးသွားသည်။ ခြေထောက်များသည် မနက်က တွေ့စဉ်တုန်းကလောက် သန်သန်မြန်မြန် မရှိလှတော့။

အဘိုးကြီး သူ့ဆီသို့ ရောက်လာသည်တွင် စတပ်ဖီက အသက်ကို မောဟိုက်စွာ ကြိုးစားရှူရင်း လက်ဆွဲနှုတ်ဆက်သည်။ ဖြစ်နိုင်လျှင်တော့ အတောင်ပေါက်ပြီး အဝေးဆီသို့ပင် ပျံပြေးချင်သည့်ဆန္ဒ ပေါ်လာသည်။ သို့ရာတွင် သူ့အနေဖြင့် ထိုင်ခုံပေါ်မှ လှုပ်တောင်မလှုပ်နိုင်တော့သော အနေအထားမျိုး။

အဘိုးကြီးက ဝမ်းသာအားရ နှုတ်ဆက်သည်။

'ဂွဒ်မောနင်း၊ တစ်နှစ်တာလုံးမှာ ဘေးမသီရန်မခ ပြန်လည်ဆုံတွေ့ခွင့်ရတာကို ဝမ်းသာပါတယ်ကွာ။ လုပသော ကမ္ဘာကြီးထဲမှာ ကျန်းမာရွှင်လန်းစွာနဲ့ ဆက်လက်ရှင်သန်နေနိုင်ပါစေ။ အခုလို ကျေးဇူးတော်မင်္ဂလာ အခါသမယမှာ ငါက မင်းကို ကျေးဇူးပြု ကျွေးမွေးခွင့်ရနိုင်တဲ့အတွက် ဘုရားသခင်က မင်းကို ကောင်းချီးပေးမှာပါ။

'ကိုင်း . . . ကိုယ့်လူကလေး ငါနဲ့အတူ မင်းလိုက်နိုင်မယ်ဆိုရင် မင်းစိတ်ထဲမှာ တွေးထားတဲ့အတိုင်း စိတ်တိုင်းကျဖြစ်အောင် အသေအချာပြုစုပေးမယ့် ညစာစားပွဲတစ်ခု ငါ ဖန်တီးပေးပါရစေ'

ကိုးနှစ်လုံးလုံး ကျေးဇူးတော်နေ့တိုင်းမှာ အဘိုးကြီးပြောနေကျစကားများဖြစ်သည်။

ဝေါဟာရများကလည်း မဲပြာပုဆိုး သမားရိုးကျ ခေါက်ရိုးကြေတမျှရိုးအီနေသော စကားလုံးများဖြစ်သည်။

အရင်နှစ်များတုန်းကတော့ ထိုစကားလုံးများသည် စတပ်ဖီ၏ နားတွင်းမှာ သာယာငြိမ့်ငြောင်းသော ဂီတသံစဉ်များပမာ ဖြစ်ခဲ့သည်။

သို့သော် . . . ယခုမူ . . .။

စတပ်ဖီသည် ဝေဒနာတစ်ရပ်နှင့်အတူ ရစ်ဝဲနေသည့် မျက်ရည်စများဖြင့် အဘိုးကြီး၏မျက်နှာကို မော့ကြည့်သည်။

http://www.cherrythitsar.org



သူ၏ ပူနွေးသော မျက်နှာပြင်ပေါ်သို့ ကျရောက်လာသည့် နှင်းမှုန်များသည် အရည်အဖြစ်သို့ လျင်မြန်စွာ ပြောင်းလဲသွားကြသည်။ သို့သော် မသိသာဆိုးဝါးလှသည့် အဘိုးကြီးက သူ့အား အအေးဓာတ်ကြားမှပင် အားရပါးရ လှိုက်လှိုက်လှဲလှဲ လက်ဆွဲနှုတ်ဆက်နေသေးသည်။

လေတိုက်ရာကို ကျောခိုင်းလှည့်ထားသဖြင့် စတပ်ဖီ၏ မျက်ဝန်းထဲမှာ မိုးရွာပြီညိုဆိုသည့် အနေအထားကို အဘိုးကြီး သတိမပြုမိခဲ့။

အဘိုးကြီး စကားပြောသည့်အခါတိုင်းမှာ တစ်စုံတစ်ရာကို တွေးတောဝမ်းနည်းနေဟန် ပေါက်နေ၍ စတပ်ဖီ တအံ့တဩ ဖြစ်မိသည်။ အဘိုးကြီးမှာ သားတစ်ယောက် လိုချင်နေသည့်ဆန္ဒကြောင့် များလားတော့ စတပ်ဖီ အတပ်မသိခဲ့။

အဘိုးကြီးမရှိတော့သည့် နောက်ပိုင်းတွင် သူ့ကိုယ်စား သားတစ်ယောက် ဆက်လက်ရှိစေချင်စေလို၍ပဲလား။

စတပ်ဖီနှင့် မတွေ့မီ ဂုဏ်ယူစရာကောင်းသော ကြံ့ခိုင်တောင့်တင်းသော သားတစ်ယောက်ရှိခဲ့သည်ကိုပဲ အမှတ်ရနေ၍လား။

တကယ်တော့ အဘိုးကြီးမှာ မိသားစုဟူ၍ မရှိခဲ့။ ပန်းခြံနားက အိမ်ဟောင်းကြီးတစ်လုံး၏ ကျဉ်းမြောင်းသော အခန်းကလေးတစ်ခုထဲမှာ အထီးကျန်နေရသူဖြစ်သည်။

ပန်းခြံထဲတွင် ဆောင်းအခါ၌ ပန်းပင်ငယ်ကလေးများကို စိုက်သည်။ နွေဦးကာလမှာ ပဥ္စမရိပ်သာသို့ လမ်းလျှောက်လေ့ရှိသည်။ နွေရာသီတွင် နယူးယောက်မြို့ပြင်က တောင်ကုန်းများတွင်ရှိသည့် မွေးမြူရေးခြံတစ်ခြံမှာ နေရပြန်သည်။

သို့နှင့် ယခု စတပ်ဖီကို ညစာဧည့်ခံပွဲတစ်ခု ပေးရမည့်ကာလ ကျရောက်လာပြန်သည်။ ဒါတွေက အဘိုးကြီး၏ ဘဝတစ်လျှောက်မှာ ကြုံတွေ့နေသည့် သမိုင်းကြောင်းကဏ္ဍများ။

စတပ်ဖီသည် သူ့အတွက် ကယ်မည့်သူ မရှိတော့သည့်အလားအလွန်တရာ ကြေကွဲသောအကြည့်ဖြင့် အဘိုးကြီးကို မိနစ်ဝက်မျှ မော့ကြည့်သည်။

အဘိုးကြီး၏ မျက်လုံးများကမူ နှစ်သက်မှုကို ပေးအပ်ခြင်းနှင့်အတူ အရောင်တောက်နေသည်။ အဘိုးကြီး၏ မျက်နှာသည် ယခင်နှစ်များထက်ပို၍ အိုစာလာသော်လည်း အဝတ်အစားများက အလွန်သန့်ရှင်းသပ်ရပ်နေသည်။

http://www.cherrythitsar.org



စတပ်ဖီက ထူးဆန်းသောအသံဖြင့် ညည်းတွားပြီး တစ်စုံတစ်ရာကို ပြောဆိုရန် ကြိုးစားသည်။ ဟိုးယခင် ကိုးကြိမ်ကိုးခါတုန်းက ကြားဖူးသော အသံမျိုးဖြစ်၍ အဘိုးကြီးက နားလည်ခဲ့သည်။ သူ၏ဖိတ်ခေါ်မှုကို စတပ်ဖီ လက်ခံပြီဖြစ်မှန်း အဘိုးကြီးသိလိုက်သည်။

'ကျေးဇူးပါပဲဗျာ၊ ကျွန်တော် ဗိုက်သိပ်ဆာနေတယ်'

စတပ်ဖီအနေဖြင့် ဗိုက်ပြည့်နေပြီဖြစ်သော်ငြားလည်း ယဉ်ကျေးမှုအစဉ်အလာထိန်းသိမ်းမှု တစ်စိတ်တစ်ပိုင်းအနေဖြင့် သူ၏ ကဏ္ဍသည်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်နေမှန်း သိထားနှင့်သည်။

ကျေးဇူးတော်နေ့၏ စားသောက်ဖွယ်ရာများအပေါ် သူ၏ အာသီသရှိမရှိက သူ၏ ကိုယ်ပိုင်ကိစ္စမဟုတ်တော့။ အဘိုးကြီး၏ ကိုယ်ရေးကိုယ်တာကိစ္စဖြစ်သွားပြီ။

သူ့အနေနှင့်ကတော့ အဘိုးကြီး၏ သဒ္ဓါတရားကို ပြည့်ဝ ပြီးမြောက်စေရန် အလို့ငှာ စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ပါရမီဖြည့်ပေးရတော့မည်သာ။

အဘိုးကြီးက စတပ်ဖီအား စားသောက်ဆိုင်သို့ ဦးဆောင်ခေါ်လာခဲ့ပြီး နှစ်စဉ်ထိုင်နေကျစားပွဲမှာ နေရာယူလိုက်ကြသည်။ သူတို့ကို ဆိုင်ဝန်ထမ်းများက မှတ်မိနေပြီဖြစ်သည်။

ညွှဲ့ကြိုဝန်ထမ်းက အော်ပြောသည်။

'ဟော့ . . . သည်မှာ တို့အဘိုးကြီးလာတယ်ဟေ့'

စတပ်ဖီနှင့် အဘိုးကြီးက စားပွဲ၏ တစ်ဖက်တစ်ချက်ထိပ်မှာ နေရာယူသည်။

စားပွဲထိုးကောင်လေးက စားစရာများ တစ်မျိုးပြီးတစ်မျိုး မရိုးရလေအောင် ယူလာ၍ စားပွဲတွင်ချပေးသည်။

သည်တော့ စတပ်ဖီကလည်း တာဝန်ကျေစွာ စတင်သုံးဆောင်ရတော့သည်ပေါ့။

ရန်သူတစ်ဦးကို အပြင်းအထန် ဆန့်ကျင်တိုက်ခိုက်၍ အောင်နိုင်သူများသည် မြင့်မြတ်ကျော်ကြားသော စစ်သည်တော်များချည်း မဟုတ်ကြပါ။ စတပ်ဖီသည်လည်း ထိုသို့သော နှလုံးသွင်း၍ အပြင်းအထန် စားသုံးနေရသည်။

ကြက်ဆင်သားဟင်းနှင့် အခြားစားစရာဟူသ၍သည် လျင်မြန်စွာရောက်ရှိလာပြီး လျင်မြန်စွာ ပျောက်ကွယ်သွားကြတော့သည်။ စတပ်ဖီသည်

http://www.cherrythitsar.org



အဘိုးကြီး၏ မျက်နှာပြင်ပေါ်မှာ သဒ္ဓါအဟုန်ကြောင့် ဖြစ်ပေါ်လာသည့် ကျေနပ်အားရသော ဒါနပီတိကို မြင်တွေ့နေရသည်။

စားစရာများကို သိမ်းဆည်းသွားဖို့ စေခိုင်းလာသည်အထိ စတပ်ဖီက မနားတမ်းစားသည်။

သို့နှင့် ဆင်နွှဲနေသော စစ်ပွဲကြီးကို တစ်နာရီခန့်အကြာ အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက် ပြီးစီးနိုင်ခဲ့သည်။

'ကျွန်တော့်အတွက် ပြုလုပ်တဲ့ ကျေးဇူးတော်နေ့ အခမ်းအနားအတွက် ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်'

ထို့နောက် ခန္ဓာကိုယ်ကို လေးလံစွာသယ်ရင်း ထရပ်လျက် တံခါးပေါက်မှား၍ ထွက်သွားရန် ဟန်ပြင်သည်။

စားပွဲထိုးက မှန်သော တံခါးပေါက်ဘက်သို့ သူ့ကို လမ်းပြန်တည့်မတ်ပေးသည်။

အဘိုးကြီးက ကျသင့်ငွေ တစ်ဒေါ်လာနှင့် ဆင့်သုံးဆယ်ကို သတိကြီးစွာ ရေတွက်ပြီး စားပွဲထိုးအတွက် အပိုဘောက်ဆူး ဆယ့်ငါးဆင့်ကို ထပ်ဆောင်းကာ ပေးခဲ့သည်။

အဘိုးကြီးက တောင်အရပ်သို့ သွားပြီး စတပ်ဖီက မြောက်အရပ်သို့ ဦးတည်ခရီးနှင်သည်။

စတပ်ဖီသည် ပထမဆုံး လမ်းထောင့်တစ်ဆစ်ချိုးအထိ လျှောက်သွားပြီး တစ်မိနစ်ခန့် ရပ်နေခဲ့သည်။ ထို့နောက် မဟန်နိုင်တော့ဘဲ မြေပြင်ပေါ်သို့ ပစ်လဲကျသွားတော့သည်။ သူ့ကို တွေ့သူများက နီးရာဆေးရုံသို့ ပို့ပေးကြသည်။

သူ့ကို ခုတင်ပေါ်မှာ လဲလျောင်းစေလျက်၊ သူပုံလျက်သား ပစ်လဲကျသွားလောက်စေသော ထူးဆန်းသည့် ရောဂါဇစ်မြစ်ကို ရှာဖွေရန် ကြိုးစားစမ်းသပ်မှုကို စတင်သည်။

နောက်ထပ် တစ်နာရီလောက်အကြာတွင် ထိုဆေးရုံသို့ပင် အဘိုးကြီးသည်လည်း လူနာအဖြစ် ရောက်လာသည်။

သူ့ကိုလည်း အခြားခုတင်တစ်လုံးပေါ်မှာ တင်၍ ဖြစ်နိုင်သော ရောဂါကို ရှာဖွေစမ်းသပ်ရန် လုပ်ငန်းစတင်သည်။

အချိန်အနည်းငယ်မျှ ကြာပြီးသည့်နောက်တွင် . . .

ဆရာဝန်များထဲမှ တစ်ဦးသည် အခြားဆရာဝန်တစ်ဦးနှင့် စကားစပ်မိကြသည်။

http://www.cherrythitsar.org



'ဟိုဘက် ခုတင်ပေါ်က အဘိုးကြီး ဘာရောဂါဖြစ်တာလဲ၊ ခင်ဗျား သိပြီလား'

'အာဟာရပြတ်လို့ သေလုမတတ် ဖြစ်သွားတာဗျ၊ အတော်မာနကြီးတဲ့ အဘိုးကြီးလို့ ကျွန်တော်ထင်တယ်'

'သူ အစာမစားရတာ သုံးရက်လောက်ရှိပြီလို့ ကျွန်တော့်ကို ပြောတယ်'

မြားနတ်မောင်မဂ္ဂဇင်း ၊ အတွဲ – ၃ ၊ အမှတ် – ၅ ၊ နိုဝင်ဘာ ၊ ၁၉၉၃ ။

**Two Thanksgiving Day Gentlemen by O.Henry ဝတ္ထုတိုကို ဆီလျော်အောင် ပြန်ဆိုသည်။**

# ကြင်ယာတော်အမှတ် တေးအတိုတစ်

အက်ကွာစင်ဘုရင် နာနာအဒါကူဟာ သူ့ရဲ့ ထီးနန်းသက် အနှစ်နှစ်ဆယ်မြောက် မွေးနေ့ပွဲကို ကျင်းပနေလေရဲ့။

ရာသီကလည်း ကိုကိုးရာသီဆိုတော့ ငွေစက္ကူတွေ ပလူပျံနေတယ်။ လယ်သမားတွေက စိတ်တိုင်းကျ သုံးဖြုန်းနေကြတယ်။ မတွေ့ရတာ ကြာပြီဖြစ်တဲ့ မိတ်ဆွေတွေက ခင်မင်ရင်းနှီးမှုကို အသစ်ပြန်ပျိုးနေကြတယ်။ မိတ်ဟောင်းဆွေဟောင်းတွေက ဂျင်ဖြစ်ဖြစ်၊ ရှန်ပိန်ဖြစ်ဖြစ်၊ ဝီစကီဖြစ်ဖြစ် တစ်ခုခု လက်ဆောင်ယူလာကြတယ်။

ရှေးဟောင်းနှောင်းဖြစ်တွေကို အားရပါးရ စားမြုံ့ပြန်ကြတယ်။ ပြီးတော့ မခွဲခွာခင်မှာ လက်ဆောင်အဖြစ် ယူလာတဲ့ အရက်တွေကို အကုန်လုံးလိုလို သောက်ပစ်လိုက်ကြတော့တာပဲ။ စိတ်ညစ်ညူးနေသူရယ်လို့ တစ်ယောက်မှမရှိ။ အားလုံးပျော်ရွှင်နေကြတယ်။ လူနည်းနည်းလောက်သာ ဥရောပဝတ်စုံ ဆင်ယင်ထားပြီး ကျန်တဲ့ အားလုံးနီးပါးဟာ ရွှေနားကွပ်ဝတ်စုံတွေ ဆင်ယင်ထားကြတယ်။

ယောကျ်ားတွေဟာ ခြေထောက်မှာ ဖိနပ် အကောင်းစားတွေ၊ ကိုယ်လုံးမှာလည်း အရောင်အသွေးစုံ တောက်ပတဲ့ ပိုးထည်၊ သိုးမွေးထည်တွေ ဝတ်ဆင်ထားကြတယ်။ မိန်းမတွေကလည်း ရွှေနားကွင်းတွေ၊ ရွှေဆွဲကြိုးတွေ၊

http://www.cherrythitsar.org



ရွှေလက်ကောက်တွေ တစ်တွဲလွဲလွဲနဲ့။ သူတို့ရဲ့ အရောင်စုံ အဝတ်အစားတွေ နဲ့အတူ ကြွားဝါနေလေရဲ့။

ဘင်တီးသံဟာ မြူးမြူးကြွကြွ ထွက်ပေါ်လာတယ်။

ညနေလေးနာရီမှာ လူတွေဟာ ဘုရင်ခံလာမယ့် ပန်းခြံထဲကို ရောက် လာကြတယ်။ ပန်းခြံတစ်ခုလုံးမှာ အုန်းလက်၊ အုန်းရွက်တွေ ဆင်ယင်ထား တယ်။

ဘုရင်ခံဟာ ဝေါယာဉ်နဲ့ ရောက်လာတယ်။ တောက်ပတဲ့ အကွက် တွေ ဖော်ထားတဲ့ ထီးကို မိုးလို့။ ခေါင်းပေါ်မှာ ရွှေသရဖူနဲ့၊ သူ့ရင်ဘတ်ပေါ် မှာ ဘယက်တွေ၊ လည်ဆွဲတွေ အထပ်လိုက်ဆွဲလို့။ ရွှေလက်ကောက်တွေကို လည်း တံတောင်ဆစ်ထိအောင် ဝတ်လို့။ ညာဘက်က ဆင်မြီးယပ်ကို ချီး မွမ်းသြဘာပေးနေတဲ့ ပရိသတ်ဘက်လှည့်ပြီး ဝှေ့ယမ်းလို့။ သူ့ရဲ့ရှေ့မှာတော့ ဝိညာဉ်အဖြစ် ဆယ့်နှစ်နှစ်အရွယ် ကောင်လေးတစ်ယောက်ဟာ သန်လျက် ကို ကိုင်ပြီး ထိုင်နေတယ်။

အဲဒီနောက်မှာ တခြားအကြီးအကဲတွေလည်း ထီးရောင်စုံဆောင်း ပြီး တစ်ယောက်ပြီးတစ်ယောက် ရှည်လျားလှချည်ရဲ့။ ဝေါယာဉ်တစ်ခုစီ ချ လိုက်တိုင်းမှာ လူထုကြီးက သြဘာပေးနေကြရဲ့။ ပျော်ရွှင်မြူးကြွဖွယ် ဘင်သံ ဟာ ပွဲတင်ထပ်မျှ ဆူညံနေတာပါပဲ။

ဘုရင်ခံက စင်မြင့်ထက်မှ ထိုင်ခုံပေါ်မှာ သူ့အကြီးအကဲတွေနဲ့ အတူ ထိုင်နေတယ်။ ပျော်တော်ဆက် ဆာဆာဟာ သူ့ရဲ့ ကြောင်ကြောင် ကျားကျား ဘောင်းဘီရှည်နဲ့ မျောက်သားရေဦးထုပ်ကြောင့် ရယ်စရာကောင်း နေတယ်။

သူက ဘုရင်ခံနဲ့ မျက်နှာချင်းဆိုင်ကနေ ဆက်ကပ်လူပြက် လူပု လေးတွေလို လုပ်ပြနေတယ်။ ဘုရင်ခံကတော့ မရယ်ပါဘူး။ ရယ်လိုက်က ထုံးတမ်းစဉ်လာကို ဆန့်ကျင်ရာရောက်မယ်လေ။ လူကြီးလူကောင်းဆိုတာ လူအုပ်ကြားထဲမှာ မရယ်ရဘူးတဲ့။

စင်မြင့်ပေါ်မှာ လူရိုင်းခေတ် ပြကွက်တစ်ကွက်ကို တင်ဆက်နေ တယ်။ အရာရှိတွေနဲ့ သူတို့ရဲ့ နောက်လိုက်ငယ်သားတွေဟာ အရောင်အသွေး မတူတဲ့ ထီးတွေရဲ့အောက်မှာ ထိုင်ခုံတွေနဲ့ ထိုင်နေတယ်။ နေရောင်အောက်မှာ ရာထူးတံဆိပ်တွေက ပြိုးပြိုးပြက်ပြက် ရွှေရောင်လက်လို့။ မိန်းမတွေကတော့ အရောင်စုံ ပိုးသားဘရိုကိတ်တွေ၊ သိုးမွေးဝတ်စုံတွေနဲ့ အပူပိုင်းဒေသက လိပ် ပြာလေးတွေလို နှစ်သက်မက်မောဖွယ် ကောင်းလှတယ်။

http://www.cherrythitsar.org



လူငယ်တွေက ကွင်းပြင်ထဲမှာ စစ်ရေးပြနေတယ်။ အဝတ်အစားတွေက လေမှာ လွင့်မျောပြီး သူတို့နောက်မှာ သွယ်တန်းနေတယ်။ သူတို့ခေါင်းက ပိုးသားတွေဟာ နေရောင်အောက်မှာ အရောင်တောက်နေတယ်။

ဘင်တီးသံက ဆက်လက်ထွက်ပေါ်နေတယ်။

နောက်ခံအပြင်အဆင်အဖြစ် ချိတ်ဆွဲထားတဲ့ ဘူးခြောက်တွေက သံစဉ်တွေ ဖန်တီးနေတယ်။ မိန်းမပျိုတချို့ ထွက်ပြေးလာပြီး တဖြည်းဖြည်းဘေးတိုက်ရွေ့လျားသွားကြတယ်။ သူတို့ ပခုံးတွေကို ယိုင်ပြီး ညွတ်ပြီး ကကြတယ်။

မင်းသမီးတစ်လက်ကတော့ သူများထက်ထူးပြီး ဖမ်းစားနိုင်စွမ်းရှိတယ်။ အစိမ်းရောင်၊ အပြာရောင်နဲ့ အနီရောင်အကွက်ကလေးတွေပါတဲ့ ဝတ်စုံကို ဝတ်ထားတယ်။

ရိုးသားတဲ့ လူရိုင်းမလေးဟန်နဲ့ ကပြနေတာဟာ ကျက်သရေရှိပြီး စွဲမက်ဖို့ ကောင်းတယ်။ ဘုရင်ခံဟာ သူမကို မျက်တောင်မခတ် စိုက်ကြည့်နေလေရဲ့။

ပြီးတော့ ကချေသည်မင်းသမီးအုပ်ထဲကို ငွေဒင်္ဂါးတစ်ဆုပ် ပက်ကြဲလိုက်တယ်။ သူမပြုံးတယ်။ သူမအပြုံးက ကိုယ်ပေါ်ကို ဒင်္ဂါးတွေ ကျလာပြီး မြေပေါ်ကို ဆက်ကျသွားသလို တချွင်ချွင်မြည်တယ်။ သူမအနားမှာ လူတွေ ရှုပ်ရှက်ခတ်လာတယ်။ သူမကတော့ ဘာကိုမှ ဂရုမစိုက်ဘဲ ကမြဲ ဆက်ကတယ်။

ဘုရင်ခံက သူ့လူယုံဘက် လှည့်ပြီး . . .

'အဲဒီ မင်းသမီး လှလှလေးက ဘယ်သူများပါလိမ့်'

'ခွင့်လွှတ်ပါသခင်၊ သူ့ကို ကျွန်တော် မသိပါဘူး'

'သူ့ကို ငါလိုချင်တယ်'

နာနာအဒါကူဟာ အသက်ငါးဆယ့်ငါးနှစ်ရှိပြီး မိန်းမ အယောက်လေးဆယ်ရှိတယ်။ ဒါပေမယ့် အလှအပအသစ်တစ်ခုဟာ သူ့အတွက် ခံစားမှုအသစ် တစ်ခုခုကို ပေးတတ်ကြတာပဲ မဟုတ်လား။ ဆန္ဒတွေဟာ အဒါကူရဲ့ သွေးကြောထဲမှာ အလျှံတငြီးငြီးနဲ့ မီးလို တောက်လောင်လာပြန်ပြီ။

သူ့အတွက် မယားလေးဆယ်ဟာ ငြီးငွေ့စရာ ကောင်းနေပြီလေ။ သူ့စိတ်ထဲမှာ မယားလေးဆယ်ဟာ အမြဲ ရောထွေးနေတယ်။ နောက်ပိုင်းမှာ သူဟာ မယားတွေရဲ့ နာမည်ကို မှားခေါ်မိလာတတ်တယ်။ မယားအသစ်ကလေးကို အိုဒါလို့ သူက ခေါ်မိလို့ ငိုလိုက်တာမှ အသည်းအသန်ပဲ။ အိုဒါ

http://www.cherrythitsar.org



ဆိုတာ အသက်ကြီးရုပ်ဆိုးတဲ့ မယားငယ်ကြီးတစ်ယောက်ရဲ့ နာမည်ဖြစ်နေတာကိုး။

'ဒီမင်းသမီးလေးကတော့ တခြားသူတွေနဲ့ လုံးဝကို မတူဘူး'

ဘုရင်ခံက တွေးတယ်။

'သူမဟာ နန်းတော်ထဲမှာ ပျော်စရာလေး ဖြစ်လာမှာပဲ'

သူ့လူယုံဘက်လှည့်ပြီး . . .

'သူ့အတွက် ငါ ပေါင်တစ်ရာ ပေးမယ်ကွာ'

'နာနာ၊ သူဟာ လင်ရှိမယား တစ်ယောက်လည်း ဖြစ်နိုင်ပါတယ်'

'သူ့ယောကျ်ားကို လိုချင်သလောက် ပိုက်ဆံပေးလိုက်ကွာ'

လူယုံတော်ဟာ သူ့ဘုရင်အကြောင်း ကောင်းကောင်းသိတယ်။ မိန်းမတစ်ယောက်ကို သူလိုချင်ပြီဆိုရင် ဒီလိုလုပ်နေကျပဲ။

'ပေါင်ငါးဆယ်ကို ဘဏ္ဍာစိုးဆီက ထုတ်ယူ၊ ကောင်မလေးရဲ့ ဆွေမျိုးတွေကို ရှာပြီးပေးလိုက်၊ ကျန်တဲ့ငါးဆယ်ကို ဒီနေ့ည ငါ့နန်းတော်ထဲမှာ ကောင်မလေး ရောက်တဲ့အခါ ပေးမယ်။ ကဲ မင်းတာဝန်တွေကို ကိုဂျိုနဲ့ လွှဲခဲ့ပြီး စုံစမ်းတဲ့အလုပ်ကို ခုချက်ချင်း စချေတော့'

နာနာအဒါကူဟာ စိတ်မြန်တဲ့ လူတစ်ယောက်ဖြစ်တယ်။ သူလည်း တစ်ကမ္ဘာလုံးက ယောကျ်ားတွေလိုပဲ မသတ္တဝါရဲ့ စွဲမက်ဖွယ်တွေကို ကြုံရတဲ့အခါ စိတ်လှုပ်ရှားလာတယ်။ မသတ္တဝါရဲ့ အချိုးကျလှပတဲ့ ခြေထောက်၊ တောက်ပဝင်းလက်တဲ့ မျက်စေ့၊ လှုပ်ရှားတုန်ရီနေတဲ့ နှာခေါင်း၊ ချိုသာကြည်အေးတဲ့ အသံတွေရဲ့ စွဲမက်ဖွယ်ကောင်းမှုကြောင့် ဖိုသတ္တဝါဟာ မာန်ဖီနေတဲ့ သတ္တဝါတစ်ကောင် ဖြစ်လာတယ်။

ယောကျ်ားအများစုဟာ သူတို့လိုချင်တာ မရမချင်းမှာ အဲဒီလို ရူးသွပ်မှု ဝေဒနာကို ခံစားကြရတယ်။ အဆိုးမြင်တတ်တဲ့ လူတစ်ယောက်ဟာ တောင်မှ မိန်းမနဲ့ ကျတော့ မသိမသာ မြှောက်ပင့်တာတို့၊ နူးနူးညံ့ညံ့ သည်းခံဆက်ဆံတာတို့၊ ဒုက္ခအသွယ်သွယ်က အကာအကွယ်ပေးတာတို့ ဖြစ်လာကြတယ်။

မိန်းမတွေမှာလည်း ဒီလို အပြုအမူမျိုးတွေ ရှိတာပါပဲ။ ဒါပေမဲ့ မိန်းမတွေကို အဓိက ဘဝင်ခိုက်စေတာက ယောကျ်ားတစ်ယောက်ရဲ့ စွဲမက်ဖွယ် ခန္ဓာကိုယ် မဟုတ်ဘူး။ ယောကျ်ားတစ်ယောက်ရဲ့ အိတ်ကပ်က ဖောင်းနေမယ်၊ သူ့ဝင်ငွေဟာ သေချာတယ်ဆိုရင် သူဟာ အိမ်ထောင်ဖက်ကောင်းဖြစ်ပြီပေါ့။

http://www.cherrythitsar.org



ဒါပေမဲ့ လက်တွေ့သိပ္ပံကျတဲ့ ခေတ်မီ အမျိုးသမီးများလည်း ပေါ်ပေါက်လာပါတယ်။ ဝင်ငွေနဲ့ တခြားလိုအပ်ချက်တွေ ပြီးပြည့်စုံတဲ့အပြင် ချစ်တဲ့သူလည်း ဖြစ်ဖို့ကို အတင်းအကြပ် တောင်းဆိုတတ်သူတွေပေါ့။ ဒီလိုမဟုတ်ရင် လက်ထပ်ပွဲကတည်းက ရောက်လာတဲ့ စိတ်သောကဟာ တစ်သက်လုံး မခွာတော့ဘူးဆိုပဲ။

ညနေ ခြောက်နာရီထိုးတဲ့အခါ နာနာအဒါကူဟာ လူထုပရိသတ်ကြီးကို ငြိုးငွေ့လုပြီ။ ဝေယာဉ်ပေါ် တက်ရတဲ့အခါ သူ့မှာ ဝမ်းသာနေတယ်။ ထီးတန်းကြီးတွေ ကကြပြန်ပြီ။ အကြီးအကဲတွေ အားလုံး ဝေယာဉ်ပေါ် ပြန်တက်ကြတယ်။ ပရိသတ်တွေက အုတ်အုတ်သောင်းတင်း ဩဘာပေးကြတယ်။ ဘင်တီးသံက အဆက်မပြတ်။ မကြာခင်မှာ ညနေဟာ အရိပ်ထိုးလာပြီး အုန်းလက်၊ အုန်းရွက်တွေ ဆင်ထားတဲ့ ပန်းခြံတစ်ခုလုံးဟာ ဟာလာဟင်းလင်းနဲ့ ခြောက်သွေ့သွားတယ်။

ဘုရင်ခံဟာ မိုးချုပ်ပြီးတာတောင် ရေချိုးလိုက်သေးတယ်။ ပြီးတော့ ရွှေရောင်နဲ့ အစိမ်းရောင် ရောယှက်ထားတဲ့ ဘရိုကိတ်ဝတ်စုံကို လဲလိုက်တယ်။ ကျွန်ယောကျ်ားနှစ်ယောက်က တစ်ဖက်တစ်ချက်မှာ ရပ်ပြီး ကြီးမားတဲ့ ငှက်ကုလားအုတ်မွေးကြီးတွေနဲ့ ယပ်ခပ်ပေးနေတယ်။

သူက သူ့ကိုယ်ပိုင် အခန်းထဲက ကူရှင်ခင်းထားတဲ့ ဆက်တီပေါ်မှာ မှီထိုင်နေတယ်။ ရွှေဒင်္ဂါးငါးဆယ်ပါတဲ့ အိတ်တစ်အိတ်လည်း သူ့နံဘေးမှာ ရှိတယ်။ စကားအပြောကောင်း အကြံအစည်ကောင်းတဲ့ သူ့ရဲ့ လူယုံတော်ဟာ အကွာစင်နယ်မြေမှာ သူ့ရဲ့ နန်းစံသက် အနှစ်နှစ်ဆယ်မြောက်ဖြစ်တဲ့ ဒီညမှာ သူ့အတွက် မယားတစ်ယောက်ယောက်ကို ရအောင် ခေါ်လာမယ် ဆိုတာ သေချာပေါက်သိနေတယ်။

သူ အိပ်ငိုက်သွားတယ်။ ပြန်နိုးလာတော့ သူ့ခြေရင်းမှာ ကောင်မလေး ဒူးထောက်ခစားနေတာ တွေ့ရတယ်။ ကောင်မလေးကို ဆက်တီပေါ် ပွေ့ယူလိုက်တယ်။

'မင်း ဒီကိုလာရတာ ကျေမှ ကျေနပ်ရဲ့လားကွယ်'

'နာနာရဲ့အမိန့်ကို ဖြည့်ဆည်းခွင့်ရတဲ့အတွက် ကျွန်မ ကျေနပ်ပါတယ်'

'သိပ်လိမ္မာတဲ့ ကောင်မလေးပါလား၊ ဒါနဲ့ မင်းနာမည်က ဘယ်လိုခေါ်သလဲဟင်'

'အီဖူဝါလို့ ခေါ်ပါတယ်သခင်'

http://www.cherrythitsar.org



'သိပ်လှတဲ့ နာမည်လေးပါလား။ လူကလည်း လှတာပါပဲလေ။ ကဲ . . . ဟောဒီမှာ ရွှေဒင်္ဂါးငါးဆယ်၊ ပေးဖို့ ကျန်သေးတဲ့ လက်ထပ်ကြေး။ ဒီနေ့ညတော့ တို့ဘာသာလက်ထပ်ပြီး နောက်တော့မှပဲ လိုအပ်တဲ့ ထုံးတမ်းအစဉ်အလာတွေကို စီစဉ်ကြတာပေါ့ကွယ် နော်'

ဒီအတတ်ပညာကို အသုံးချတာဟာ နာနာအကူဒါက ပထမလူမဟုတ်ပါဘူး။

တစ်ကမ္ဘာလုံးမှာရှိတဲ့ ယဉ်ကျေးသော၊ တစ်ဝက်တစ်ပြက် ယဉ်ကျေးသော၊ မယဉ်ကျေးသေးသော ပုရိသအားလုံးဟာ ဒီလိုအကြောင်းအရာကို ဒီလိုစကားလုံး သုံးခဲ့ကြတာချည်းပါပဲ။

'ကျွန်မ အမေကို ပိုက်ဆံတွေ သွားပေးလိုက်မယ်'

သိတတ်လိမ္မာတဲ့ မိန်းကလေးက ပြောလိုက်တယ်။

'အမေ ကော်ရစ်ဒါထဲမှာ စောင့်နေတယ်၊ သွားပေးလိုက်ရမလားဟင်'

ဘုရင်က ခေါင်းညိတ်ခွင့်ပြုလိုက်တယ်။

အီဖူဝါ ပြန်လာတယ်။

'နာနာ၊ ကျွန်မအမေနဲ့ အမျိုးတွေက ငွေတစ်ရာအတွက် ကျေးဇူးတင်နေကြတယ်'

'မလိုပါဘူး အချစ်ရယ်'

ဘုရင်က သူမရင်ဘတ်ပေါ်မှာ သက်သောင့်သက်သာ လဲလျောင်းပြီး ဆင်စွယ်ပုတီးစေ့ကလေးတွေကို ဆော့ကစားနေတယ်။

'ကျွန်မအတွက် ငွေတွေ ဒီလောက် အများကြီးသုံးတာဟာ ကျွန်မမှာ ထူးခြားတဲ့ ဆွဲဆောင်မှုတစ်ခုခု ရှိလို့ပဲလို့ သူတို့က ထင်နေတယ်'

ဘုရင်ခံကို ရှက်ရွံ့စွာ ပြုံးကြည့်ပြီး ပြောတယ်။

'အေးလေ၊ မင်းဟာ ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးပဲ မဟုတ်လား။ သူတို့မှာ မျက်စိမပါကြဘူးလား'

'ဒါပေမဲ့ နာနာရယ်၊ ကျွန်မတော့ ဘယ်လိုမှ နားမလည်နိုင်ဘူး'

'လွယ်ပါတယ် မိန်းမချောလေးရယ်၊ ဟောဒီ ကိုယ်လုံးပေါ်မှန်ကြီးထဲမှာ မင်းကိုယ်ကို ကြည့်လိုက်ပါလား'

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်ပြီး မှန်ဆီ ထသွားတယ်။ သူမကိုယ်ကို ပြန်ကြည့်တယ်။ ပြီးတော့ ဆက်တီပေါ်ပြန်ထိုင်ပြီး သူ့ရင်အုံပေါ်မှာ ခေါင်းကို မှီထားလိုက်တယ်။

'မင်းဟာ သိပ်ချစ်ဖို့ ကောင်းတာပဲ အီဖူဝါရယ်'

http://www.cherrythitsar.org



တောက်ပမည်းနက်တဲ့ ဆံပင်ကို ညင်ညင်သာသာ ပွတ်သပ်ပေးရင်း ပြောလိုက်တယ်။

'ဒါပေမဲ့ သခင်ရယ်၊ ကျွန်မဟာ အမြဲတမ်း ဒီလိုပါပဲ၊ မဟုတ်ဘူးလား'

'ဟုတ်မှာပါ၊ ဒါပေမဲ့ ငါကတော့ မင်းကို ဒီနေ့မှ မြင်ဖူးရတာကိုး'

'ဒီနေ့မှ မြင်ဖူးရတာကိုး'

'ဒီနေ့မှ မြင်ဖူးတယ် ဟုတ်လား'

'အေးလေ၊ ဒီနေ့ပဲပေါ့'

'အရှင်မေ့နေပြီလား'

'မေ့နေတယ် ဟုတ်လား၊ ဘာကိုများပါလိမ့်'

'လွန်ခဲ့တဲ့ နှစ်နှစ်က အရှင်ဟာ ကျွန်မကို ပေါင်ငါးဆယ်နဲ့ ဝယ်ပြီး လက်ထပ်ခဲ့တယ်လေ'

သရဖူမဂ္ဂဇင်း ၊ အမှတ် – ၂၀ ၊ ဒီဇင်ဘာ ၊ ၁၉၉၆။

**ဂါနာစာရေးဆရာမ Mobel DoveDanquah ရဲ့ Anticipation ကို ဘာသာပြန်ပါတယ်။**

http://www.cherrythitsar.org

မြသန်းတင့်
ဇော်လှ
သိတာထွင်
ဒေါက်တာ ဇော်သန်း
မောင်တင်မွန်
ဗိုလ်သာခွန်း (မှတ္တာ)
ကြည်သာဦး
အောင်ခင်စိုး
ကောင်းအောက်နိုင်
နတ်နွယ်
ဝင်းမောင်စိုး
ဇေမြင့်
လင်းဇေမြင့်
နေမင်းမြတ်
ပိရှု
မောင်မောင်တုမြင့်

# ခံစားသူအာဖြက်

(၁၀ နှစ်တာ မဂ္ဂဇင်း ဘာသာပြန်ဝတ္ထုတိုများ)

ဇအောင် (ဆေး ၁)
မင်းလူသွန်းမြူ
ခင်မောင်တိုး (မိုးမိတ်)
မအေးအေးချမ်း
ဓေသက်ထွန်း
နီတာဦး (ဥတ္တာမြ)
ဇော်ကျွန်မြူ

graphic design: Nyi Taw Maung :383664